www.burmeseclassic.com

# လရောင်ကျူးရင့်

## နှစ်ဖက်လှ စာပန်းချီ



www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်နိုင်ယုဝင်း (၀၁၆၆၀)
ရွှေငွေ့ပိုင်းစာပေ၊ အမှတ်(၃၉)၊ ၄၄-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သဃ်ာန်းကျွန်း
ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

လရောင်ကျူးရင့် ၈၉၅.၈၃
နှစ်ဖက်လှ စာပန်းချီ/ လရောင်ကျူးရင့်၊
ရန်ကုန်၊ ရွှေငွေ့ပိုင်းစာပေ၊ ၂၀၁၆။
၂၃၂ စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။
(၁) နှစ်ဖက်လှ စာပန်းချီ


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"ကိုအေးသောင်း .. ခင်ဗျား ကျွန်တော့်သမီးလေး ပြန်ရောက်လာရင် ကိုယ့်သမီးလေ "လိုသဘောထားပြီး ဂရုစိုက်စောင့်ရှောက်ပါဗျာ၊ သူ ပြန်မရောက်မချင်း ဒီကိစ္စတွေကို မသိပါစေနဲ့"

စီရင်ချက်ချပြီးသည့်အချိန်မှာ တရားခွင်မှာ နားကြားကြသည့်လူတွေ အားလုံး လှုပ်လှုပ်ရွရွအွားလာနေကြသည်။ ဒီအမှုနဲ့ပတ်သက်တာတွေ ကို တီးတိုးပြောဆိုဝေဖန်ကြ၏။

ထို့ပြင် လက်ထိပ်တန်းလန်းနှင့် ဒေါက်တာဦးစိန်ဝင်း ကို အံ့သြ သောအကြည့်တွေနဲ့ သိသာစွာကြည့်ရှုဝေဖန်နေကြတာ ပေါ်တင်။

ဦးအေးသောင်း က ဦးစိန်ဝင်း ရဲ့ လက်နှစ်ဖက်ကို ဆုပ်ကိုင်ဖျစ် ညှစ်လိုက်ပြီး ခေါင်းညိတ်၏။

"စိတ်ချပါ၊ သမီးကို ကျွန်တော့်သမီးလေးလို ဂရုစိုက်ပါ့မယ်၊ ခင်ဗျား ဖြစ်စေချင်သလိုလည်း ဖြစ်စေရပါ့မယ်၊ ထောင်ကျသွားတဲ့ လူကြီးပိုင်းတချို့လို ခင်ဗျား မဖြစ်အောင်သာ ဂရုစိုက်ပါ"

အထူးကုဆရာဝန်ကြီးနှစ်ယောက်၏ အကြည့်တွေက ဟန်ဆောင် မာကြောနေကြပေမယ့် ကြေကွဲခြင်းတွေက သိသာစွာ ဖြစ်ထွန်းကြ၏။

"စိတ်ကိုတင်းထားပါ၊ ဂုဏ်သိက္ခာတွေ ပကာသနတွေကို ခေါင်း ထဲကထုတ်ပြီး ကိုယ့်သမီးအတွက် အသက်ရှင်ရမယ်လို့တဲ့ မာနနဲ့ ရပ်

www.burmeseclassic.com



တည်စမ်းပါ”

ထောင်ထဲမှာပဲ သေဆုံးသွားကြသည့် လူကြီးတွေကို နမူနာယူပြီး ဒီလိုမဖြစ်ဖို့ သတိပေးနေတာမှန်း ဦးစိန်ဝင်းလည်း နားလည်သည်။

“ဆရာဝန်တွေဖြစ်ဖြစ်၊ ဘယ်လောက်ကြီးကျယ်မြင့်မားတဲ့လူပဲ ဖြစ်ဖြစ် ကံတရားကိုတော့ ရှောင်လွှဲလို့မရဘူး၊ ကျုပ်တို့က ဗုဒ္ဓဘာသာဝင်တွေပဲဗျာ၊ ကံ့ကံ၏အကျိုးကို လက်ခံနားလည်ရမှာပေါ့ဗျာ၊ တရားကို နတ်စောင့်ပေမယ့် ကံကြမ္မာကို စောင့်ရှောက်မပေးနိုင်ဘူး”

“ခင်ဗျားစေတနာကို ကျွန်တော် နားလည်ပါတယ်”

“ကျွန်တော်ကတော့ ကိုယ် ရင်ဆိုင်ရမယ့် လက်ရှိဘဝကို ပိုပြီး နားလည်စေချင်တာ၊ ခံနိုင်ရည်မွေးစေချင်တာ၊ ကိုယ်မှားတာမှန်တာ ကိုယ့်ကိုယ်ကိုယ် သိတယ်၊ အထူးဖြင့် ကိုယ် က[illegible]ပေးနေရတဲ့ ပေးရှင့်ကို ပြန်ပြီး ဆေးထိုးသတ်တယ်ဆိုတာ ...”

BURMESE CLASSIC

ပြောရင်း ဦးအေးသောင်း မျက်နှာမဲ့သွားပြီး ခေါင်းခါ၏။

“လူတွေအမြင်မှာ အတော်မဖွယ်မရာတဲ့အဖြစ်ပဲ၊ ဒါပေမယ့် ဆရာဝန် တစ်ယောက်ရင်ထဲမှာတော့ ဘဝပျက်မတတ်ထိခိုက်ရတဲ့ စွပ်စွဲမှုပါ၊ ခင်ဗျားရင်ထဲမှာ ဒီထိခိုက်မှုကို ခံနိုင်ရည်မရှိမှာ ကျွန်တော်က စိုးရိမ်တာ၊ ထောင်ထဲမှာ ကိုယ့်ကိုယ်ကို ပစ်စလက်ခတ် အဖြစ်မခံပါနဲ့”

မျက်ရည်ဝဲနေသည့် ဦးစိန်ဝင်း က ပြုံးနိုင်အောင်ကြိုးစားရှာသည်။ ပြီးတော့ ခေါင်းညိတ်ပြ၏။

“အမှန်တရားက ဘယ်တော့မှပေါ်မလာဘဲလည်း ပျောက်ဆုံးနေတတ်တယ်၊ အဲဒီလိုဖြစ်လာခဲ့ရင်လည်း စိတ်ဓာတ်မကျနဲ့၊ အဲဒီလိုဖြစ်လာမလားဆိုတဲ့ စိုးရိမ်စိတ်နဲ့လည်း ကိုယ့်ကိုယ်ကိုယ် မနှိပ်စက်နဲ့ဗျာ၊ ခလုတ်တိုက်လဲတဲ့လူတိုင်း အကျမလှကြဘူး၊ ငါ့လောက်ကံဆိုးတာ မရှိဘူးလို့ တွက်လိုက်ရင်တော့ ခင်ဗျား သူများတွေလမ်းစဉ်ကိုလိုက် သွားရလိမ့်မယ်”

“စိတ်ချပါ၊ ခင်ဗျားရဲ့စကားတွေကို ကျွန်တော် ပေးချာမှတ်ထား

www.burmeseclassic.com

www.burmeseclassic.com


ပါ့မယ်"

ရဲတွေရဲ့ထိန်းချုပ်မှုနဲ့ အချုပ်ကားဆီကိုလျှောက်လှမ်းခဲ့စဉ် အမျိုးမျိုးသောအကြည့်တွေနဲ့ ဝေဖန်စကားတို့သည် ..

"သေတဲ့ကောင်လေးက ဆင်းရဲရှာတယ်၊ ဒါပေမယ့် ကိုယ့်သားသမီးအရွယ်လေးအေ"

"ငါတို့ကြားတာတော့ သူ့သမီးကို နှောင့်ယှက်ခဲ့ဖူးတယ်ဆိုလားပဲ၊ ခုထိ နှောင့်ယှက်နေလို့ သူ့ရှေ့ရောက်လာတာနဲ့ ဆေးထိုးသတ်ပစ်တာနေမှာပေါ့"

"ဟုတ်မှာပဲ၊ ကောင်လေးမှာ နောက်ကလိုက်မယ့်လူမှ မရှိတာ"

"ဒါပေမယ့် တရားကို နတ်စောင့်တယ်လေ၊ သူ့ကို တရားစွဲမယ့်သူတော့ ပေါ်လာမှာပဲ"

ဦးစိန်ဝင်း ငြိမ်သက်နေဆဲပေမယ့် ကားနားအရောက်မှာ ရှေ့မှာပေါ်လာသည့် လူရိပ်ကြောင့် ခြေလှမ်းတွေ ရပ်တန့်သွားခဲ့၏။

အသားနီစပ်စပ်မျက်နှာရှည်သယောင်နှင့် အသက်သုံးဆယ်ကျော်လေးဆယ်ဝန်းကျင် လူတစ်ယောက်ဖြစ်သည်။ ဂျာကင်အနက်ကိုဝတ်ထားကာ ဘောင်းဘီရှည် ကော်ဖီရောင်နှင့် မျက်မှန်နက်အကြီးကြီးကို တပ်ထား၏။

ထိုသူကို ဦးစိန်ဝင်း သေချာသိသည်။ ဒါပေမယ့် မိတ်ဆွေတော့ မဟုတ်..၊

ထိုသူကလည်း ဦးစိန်ဝင်း မျက်နှာကို အတန်ကြာ စူးစိုက်ကြည့်နေပြီးမှ နှုတ်ဆက်စကားမဟုတ်သော ...

"ခင်ဗျားစကားကို ယုံကြည်သွားပြီလို့တော့ မထင်နဲ့ ဒေါက်တာ၊ ကျုပ်တို့ပစ္စည်းတွေက ခင်ဗျား ကိုယ့်ကိုယ်ကိုယ် ထောင်ကျခံပြီး ဖွက်လို့ထားရလောက်အောင်များတယ်၊ ဒါကြောင့် ငါ ထောင်ကျခံလိုက်တာနဲ့ ပြီးသွားမှာပဲလို့ ထင်လိုက်ရင်တော့ အမှားကြီးမှားပြီ"

ဦးစိန်ဝင်း က အံကြိတ်ထားပေမယ့် ဘာမှမဖြေ။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားလို ဆင်းရဲတွင်းက တက်လာခဲ့တဲ့ ဆရာဝန် အစုတ်ပလုတ်အတွက် ခါယ်သက်လောက်အသေခံပြီး လဲယူရရင်တောင် နည်းသေးတယ်လို့ပြောရမှာ"

"ငါ့ကို ဘယ်သူယုံယုံ မယုံယုံ ဂရုမစိုက်ဘူး၊ မင်းတို့ပစ္စည်းဆိုတာ ဘာတွေမှန်းတောင်မသိဘူးလို့ ငါပြောပြီးသား"

"ဟား ဟား ဟား ဟား"

ရယ်နေသူကိုစိုက်ကြည့်ကာ ဦးစိန်ဝင်း က ရှောင်ဖယ်ထွက်လိုက်ရင်း ကားပေါ်တက်ဖို့ ခြေလှမ်း၏။ ထိုသူက သူ့ကိုယ်နဲ့ ဖျတ်ခနဲပိတ်ထားလိုက်ပြီး ...

"နားထောင်သွားဦး၊ ခင်ဗျား အသေခံပြီး သားဖို့သမီးစာ ချန်ရစ်ခဲ့ဖို့ စိတ်ကူးတွေရှိရင်လည်း အလကားဖြစ်သွားပြီ၊ ဘာဖြစ်လို့လဲဆိုတော့ .. အဟွန်း"

ဦးစိန်ဝင်း မျက်နှာကြီး ဆတ်ခနဲမော့လာလျှင် ...

"ဟား .. ဟား .. ဟား .."

ထိုသူက ပိတ်ကွယ်ထားခြင်းကို ဖယ်လိုက်ပြီး မျက်နှာမော့ ရယ်၏။ သို့သော် အော်ကြီးဟစ်ကျယ်ရယ်တာမဟုတ်ဘဲ ခပ်ကြိတ်ကြိတ်လှောင်ရယ်တာဖြစ်ကာ ...

"ကျုပ်တို့လူတွေ စင်ကာပူကို အလည်သွားကြတာလေ၊ လက်ဆောင်ကောင်းတော့ ပါလာမယ်ထင်တာပဲ၊ ဟား ဟား ဟား"

ထိုရယ်သံကြောင့် ဦးစိန်ဝင်း ကားထဲရောက်ခဲ့သည်အထိ အံကြိတ်နေမိဆဲဖြစ်ကာ ...

ငါ့သမီးကို ထိရဲထိကြည့် ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ညီမ .. တိုကျိုရုံးချုပ်သွားတဲ့ကိစ္စ အဆင်ပြေခဲ့ရဲ့လား"

"ပြေခဲ့တယ် မာရီ၊ အူတိုရာမာကိုယ်တိုင် လက်ခံတွေ့တယ်၊ သူ့လက်မှတ်ရော၊ လိုအပ်တဲ့စာချုပ်စာတမ်းတွေကိစ္စတွေပါ အဆင်ပြေခဲ့တယ်"

"အိုခေပေါ့နော်၊ ပြန်သွားရင်တော့ တို့ညီမ အမြင့်စားရာထူးနဲ့ ငြိမ့်ပေါ့၊ ကွန်ဂရက်ကျူလေးရှင်း"

"သဲန့်(ခ်)ယူ.."

မာရီ့ ကို နှုတ်ဆက်ပြီး ကိုယ့်အခန်းရှေ့ရောက်လာတော့ သော့ရှာနေမိစဉ် ..

"ဟေး"

"အာ .. မနူးရီးမား"

ဂျပန်လိုနှုတ်ဆက်ကြရင်း မြန်မာစကားဝဲဝဲလေးနှင့် မနူး ဗ အနားရောက်လာသည်။ အပြင်သွားမလို့ ဝတ်စားထားပုံလည်းပေါ်ကာ...

"တစ်ပတ်လောက် ဘယ်ပျောက်နေတာလဲ"

"တိုကျိုမှာပါပဲ၊ ဟိုမှာ အလုပ်တွေရှိတာနဲ့ ပြန်မလာဖြစ်ခဲ့တာပါ၊ မနူး နေကောင်းတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်၊ ငါတို့ရှိရာပွဲရှိလို့ သွားကြမှာ၊ အပန်းဖြေရင်း လိုက်ခဲ့ပါလား၊ ဒီခန်းတွေမှာ လူသိပ်ကျန်မှာမဟုတ်ဘူး"

"မလိုက်တော့ပါဘူး၊ ဝေး က ပြန်ရတော့မှာလေ၊ ပြင်ဆင်စရာ ရှိတာလေးတွေ ပြင်ရဦးမှာမို့လို့"

"ဒါဖြင့် ရော့ .. စာတစ်စောင် ရောက်နေတယ်၊ ဝေး မရှိတဲ့ နေ့တည်းကပဲ"

ဟင်!...

စာအိတ်ကြီးပေါ်မှာ ဘာမှရေးမထားဘဲ ဖေဖေနဲ့ ဝေး နဲ့ပဲသိတဲ့ ဖေဖေ့လက်နဲ့ ပျိုးပင်လေးတစ်ပင်ကို ပြုစုပျိုးထောင်ပေးနေပုံလေးပဲ ဖြစ် သလို ဆွဲထားသည်။

ဒါ ဘယ်သူလာပေးတာလဲလို့ မေးမည်ပြင်တော့ မနူးအူးမား တို့ က ထွက်သွားကြပြီဖြစ်သည်။ ဂျပန်တချို့က တင်းတင်းပြတ်ပြတ် နေကြသည်။

တချို့ကတော့ မတင်းပေမယ့် ကင်းကင်းနေ၏။ ဝေး ကတော့ ကင်းချင်တဲ့သူနဲ့လည်း မိတ်ဖွဲ့ထားသည်။ တင်းနေတဲ့သူနဲ့ တိုက်ဆိုင် မိရင်လည်း အပြုံးနဲ့ မျက်နှာလွှဲ၏။

ထို့ကြောင့် ပတ်ဝန်းကျင်မှာ မျက်မှန်းတန်းမိသမျှ မြန်မာတွေရော ဂျပန်တွေရော ဝေး နဲ့ အဆင်မပြေတာမရှိပေ။ သူမ ဒီမှာ ကုမ္ပဏီအတွက် မာကက်တင်းနဲ့ စီးပွားစီမံသင်တန်းတွေ တက်ရသည်။

ကုမ္ပဏီရုံးခွဲကနိုင်းသည့် ပရော့ဂျက်တွေလည်း စနစ်တကျ မှန် ကန်အောင် လုပ်ရသေးသည်။ လူနဲ့အလုပ်နဲ့ မပြတ်တာတောင် မြန်မာ ပြည်ကို လွမ်းသည့်စိတ်က အိပ်ရာဝင်ချိန်တိုင်း နှိပ်စက်၏။ ဒါပေမယ့် ဒီနေ့ထိ ကိုယ့်အတွက် စာပို့မည့်သူ မရှိခဲ့ပေ။

ကိုယ့်အခန်း ပြန်ရောက်တာနှင့် မေးလ်ဖွင့်ကြည့်သည်။ ဒီနေ့မှာ အသံမက်ဆေ့ချ်နားထောင်၏။ ဖေဖေကိုယ်တိုင်က ခရီးသွားပြီဆို နောက် ဆံတင်းတာကို မကြိုက်တဲ့သူပါ။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲရောက်လာပြီး စာအိတ်ကို စိုးရိမ်မကင်းစွာ ကြည့်မိရင်း စားပွဲပေါ်မှာ သေချာတင်သည်။ ပြီးတော့ နောက်မှာ ဖားလျားဖြန့်ချထားသည့်ဆံပင်တွေကို အဖြူရောင်သားရေကွင်းလေးနဲ့ စုသိမ်းထည့်ထားလိုက်ကာ အိမ်နေရင်းအင်္ကျီ မြန်မြန်လဲဝတ်လိုက်သည်။

ထိုအချိန်လေးမှာ ပေါင်မုန့်မီးကင်စက် ပြေးပိတ်၊ ရေချိုးကန်ရေသွားဖွင့်၍ ထမင်းပေါင်းအိုးလေးပါ ပြင်ထားလိုက်သေးသည်။

ထို့ပြင် နေကာတွေ ဆွဲတင်လိုက်ပြီးမှ အိပ်ရာထဲမှာ အကျအနလှဲ၍ စာအိတ်ကိုကိုင်၏။ ဒါတောင် ထူးဆန်းစွာရေးသည့် ဖေဖေ့ကို စိတ်မှကာ ကျန်းမာပါစေလို့ ဆုတောင်းလိုက်မိသေးသည်။ ပြီးမှ စာအိတ်ကို ဖွင့်ဖတ်လိုက်၏။

သမီး

*ဖေဖေ့အလုပ်ထဲမှာ ပြဿနာကြီးကြီးမားမားတစ်ခု ကြုံနေရတယ်..*

ဟင်!...

ဆေး ရင်ခုန်သံ ဒုတ်ခနဲဆောင့်မြည်သွားကာ ငုတ်တုတ်ထိုင်ပြီးသားလေး ဖြစ်သွား၏။ ဖေဖေ့ဆီက ဒီလိုအဖြစ်မျိုး ကြားရလိမ့်မည်လို့ မထင်၊ ဘယ်တုန်းကမှလည်း မရှိခဲ့ဖူးပါ။

စိုးရိမ်စိတ်ကြီးကာ စာတစ်ကြောင်းကိုပဲ ခေါက်တုံ့ခေါက်ပြန်ဖတ်နေမိသဖြင့် စာတစ်ကြောင်းနဲ့တစ်ကြောင်းကို အဘိဓာန်စာအုပ်ပြေးဖွင့်ပြီး ဘာသာပြန်နေရတဲ့အတိုင်း၊

*သမီး ပြန်မလာမချင်း ဖေဖေ အကြောင်းမကြားဘူးလို့ နေတာပဲ၊ ဒါပေမယ့် အခု သမီးမှာလည်း အန္တရာယ်ရှိနေတယ်*

*အကြောင်းစုံရှင်းပြဖို့ ဖေဖေ အချိန်မရဘူး သမီး၊ သမီး ပြန်ရောက်လာမှ ကိုအေးသောင်းကို မေး၊*

*သမီးကို ဒီစာ အရေးတကြီးပို့ရတဲ့အကြောင်းက စာရပြီးတာနဲ့ သမီးရဲ့ပုံစံကို လူမှားသွားလောက်အောင် ပြောင်းပစ်လိုက်ပါ၊*

www.burmeseclassic.com

www.burmeseclassic.com



ဘုရား ... ဘုရား ...၊

ဒီလောက်ထိအရေးကြီးနေတာ ဖေဖေ ဘယ်လိုပြဿနာနဲ့ ရင်ဆိုင်နေရလို့လဲ၊ ဖခင်ဖြစ်သူက ကိုယ့်အတွက် စိတ်ပူလို့ မှာနေပေမယ့် စေးကတော့ ဖေဖေ့ကိုပဲ စိတ်ပူနေမိသည်။

စာကို ဆုံးအောင်ဖတ်ရင်း ရင်တွေပူလာတော့ ခုချက်ချင်း မြန်မာနိုင်ငံကို ထပြေးသွားချင်စိတ်တွေ ဖြစ်လာခဲ့တဲ့အထိ ...။

*ဖေဖေကိုယ်တိုင် မသိခဲ့တဲ့လူတွေက ဖေဖေတို့ကို သိနေကြတယ်၊ အသက်အန္တရာယ်ပေးနိုင်တဲ့အထိ ပြဿနာရှိနေတယ်၊ သမီး မြန်မာနိုင်ငံကိုပြန်လာရင် အိမ်ကို တန်းမပြန်နဲ့၊ ကိုအေးသောင်းတို့နဲ့ ရော၊ သမီး နေထိုင်ရင်းနှီးခဲ့တဲ့ ပတ်ဝန်းကျင်နဲ့ရော ချက်ချင်း မဆက်သွယ်ပါနဲ့ ...၊*

*ကိုအေးသောင်းနဲ့ အားလုံး တိုင်ပင်ပါ၊ သူ အကြံဉာဏ်ပေးနိုင်ပါလိမ့်မယ်၊ ဖေဖေ အထူးမှာချင်တာက သတိဝီရိယနဲ့နေပါ။*

ဖေဖေ

စာအောက်မှာလည်း ပျိုးပင်လေးနဲ့ လက်တစ်စုံကို အမြန်ရေးခြစ်ပြီး သင်္ကေတ လုပ်ထား၏။ ဖေဖေ့မှာ ဘယ်လိုအန္တရာယ်တွေ ရှိနေလို့လဲ၊ ဘာကြောင့် ဒီထိလိုက်ပြီး အန္တရာယ်ရှိနေရတာလဲ။

နေရာမှထရပ်လိုက်ရင်း စာကိုလည်း ကိုင်ထားလျက် စားပွဲမှာ သွားထိုင်လိုက်မိသည်။ သို့သော် ဖျတ်ခနဲ ပြန်ထကာ တိုက်ခန်းရှေ့ လမ်းတစ်ဖက်မှာ ကားအနက်နဲ့ရပ်နေကြသည့် လူသုံးယောက်ကို ပြန်ကြည့်မိ၏။

ဟင်!...၊ ဒီလူတွေ ငါ့အခန်းကို ကြည့်နေကြတာပဲ။

ကုတ်အင်္ကျီအနက်တွေနဲ့ မျက်မှန်နက်တွေ ဝတ်ထားကြသည်။ အားလုံးက လူလတ်ပိုင်းလောက်ပဲရှိကြကာ ဖျတ်လတ်သန်မာပုံတွေလည်း သိသာ၏။ သေချာကြီးကြည့်နေရင်း ငါ့ကိုများ မြင်နေရသလား

www.burmeseclassic.com

www.burmeseclassic.com



လို့တွေးမိကာ ပြတင်းဘောင်မှာ ပြေးကွယ်လိုက်သည်။

ပြီးတော့ ပြန်ချောင်းကြည့်မိလျှင် ••ှင်းချင်း အချက်ပြပြီး တစ်ယောက်သောသူက ဒီဘက်ကို ပြေးကူးလာ၏။ ကျန်ခဲ့တဲ့ နှစ်ယောက်ထဲက တစ်ယောက်က ဖုန်းပြောရင်း သူမရဲ့အခန်းကို မော့ကြည့်နေလေသည်။

သေချာပါပြီ၊ ဒါ ေ• ဖုးရိမ်နေတဲ့ အန္တရာယ်တွေ ...၊

ရုတ်တရက်ကြီး ••ှုက်လေးကိုင်ရင်း ဝေး ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ သူတို့ ကိုယ့်ဆီလာတာမဟုတ်ဘဲ ကိုယ့်ဘာသာချောက်ချားတာလား၊

မဟုတ်ဘူး၊ ငါ ချောက်ချားတာမဟုတ်ဘူး၊ အဲ•ါ •••ယ် ...၊

နင် ဘယ်ထွက်ပြေးမလဲ ဝေး၊ မြန်မြန်တွေး မြန်မြန်•ုပ်စမ်း ...၊

"ဒေါက် .. ဒေါက်"

အသံကျယ်အောင် လက်မှာ တ•င်အားကုန်ခေါက•လိုက်သည်။ ပြီးတော့ ပိကေဝါးခြင်းကိုရပ်ထားလိုက်ပြီး နားစွင့်ကြည့်၏။

"ဒေါက် .. ဒေါက်"

နောက်ထပ် တံခါးခေါက်လိုက်ပေမယ့် လက်ရပ်လိုက်တာနှင့် ခြေထောက်နဲ့ ဆောင့်ကန်ထည့်လိုက်၏။

"ဒုန်း .. ဝုန်း"

တံခါးချပ်ကြီး ဆောင့်ပွင့်သွား၏။ အထဲမှာ လူသူ အရိပ်အယောင်မမြင်ဘဲ တိတ်ဆိတ်ငြိမ်•က်နေ၏။ သို့သော် ပေါင်မုန့်မီးကင်ကို ကိုင်ကြည့်လိုက်ပြီး ဝင်လာသည့်လူ၏မျက်နှာ တစ်မျိုးပြောင်းသွားသည်။ ပြီးတော့ ကုလားထိုင်ကို ဒုန်းခနဲဆောင့်ခုန်သွားအောင် ကန်ကျောက်ပစ်လိုက်ကာ ရေချိုးခန်းကိုသွားကြည့်၏။ ထို့ပြင် အထဲကို ဆေးဆေးဝင်သွားကာ ရေလျှံနေသည့်ကန်ကိုတောင် ပိတ်ထားပေးလိုက်သေးသည်။

ထိုစဉ် နောက်ထပ် နှစ်ယောက် ဝင်လာ၏။

"လစ်သွားပြီလား ..."

www.burmeseclassic.com

www.burmeseclassic.com



အရင်ဝင်လာသည့်လူက အိပ်ရာခုတင်ပေါ်က ကောက်ယူလာသည့်စာအိတ်ခွံကို ကမ်းပေးကာ ...

"ဒေါက်တာဦးစိန်ဝင်း က စာပို့ထားတဲ့ပုံပဲ၊ ဒါပေမယ့် ခုလေးတင် ထွက်ပြေးသွားတာ"

ပြောပြီးတာနှင့် ခြေလှမ်းကျဲများနှင့် ပြန်ထွက်လာကာ ...

"ဝုန်း .. ဒုန်း"

"ခွမ်း ..."

ရှေ့မှာရှိသမျှ စားပွဲ ကုလားထိုင် အစွန်းအစတွေကို လွဲရိုက် ကန်ကျောက်ပစ်ခဲ့၏။ နောက်မှလာသည့်လူတွေကလည်း တက်ခေါက်ကာ..

"အလုပ်ရှုပ်ရဦးမယ်၊ တောက်"

"ဒီပုံဆို ဒီဆရာဝန်က မရှိးသားတာ သေချာပြီ"

ပြောနေရင်း ဖုန်းထုတ်လိုက်ပြီး ...

"အောက်မှာ လမ်းကြောင်းရှိသမျှ သေချာလိုက်ပိတ်ထား၊ အပေါ်မှာ မရှိတော့ဘူး"

"... ... ..."

ဖုန်းပြောရင်း တစ်ယောက်က ခြေလှမ်းကျဲများနှင့်ထွက်သွား၏။ ကျန်ခဲ့သည့်တစ်ယောက်၏ ခြေလှမ်းက ပြတင်းတံခါးပေါက်နားက အရာတစ်ခုဆီ စိတ်ပါဝင်စားစွာ လှမ်းသွားခဲ့ပြီး ဖြူလွှသော လက်ကိုင်ပဝါလေးကို ကောက်ယူလိုက်သည်။

ပြီးတော့ သူ့မျက်လုံးတွေက ဆလိုက်မှန်တံခါးတွေဆီ စူးစိုက်သွားခဲ့၏။

ဒီနားကို တစ်ယောက်ယောက် ကပ်လာသလားလို့ စိုးရိမ်နေသည့် ဆေး ရဲ့ ရင်အုံမို့မို့လေးသည်လည်း စည်တီးနေသကဲ့သို့ တဒိန်းဒိန်း ဆောင့်ခါမြည်ဟီးနေ၏။

ခြောက်ထပ်ကန့်ရုံမှာ ခြေတစ်ဖဝါးစာလေးကို ကုတ်ကပ်နင်း၍ ကျောကပ်နေရသည့်အဖြစ်ကြောင့် မျက်လုံးတွေကိုပါ ဖိမှိတ်ထားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီခြေသံဟာ ပြတင်းတံခါးဆီ တကယ်ရောက်လာပြီး ဆလိုက်ကို ဆွဲတင်ကြည့်လိုက်မည်ဆိုလျှင် ...

"ဒီး .."

ဖုန်း၏ တုန်ခါနှုန်းက ပြတင်းပေါက်ဆီရောက်နေခဲ့သည့် သူ့စိတ်တွေကို တုံ့ဆွဲလိုက်သလိုဖြစ်သွား၏။ သို့သော် ဖုန်းကိုဖွင့်လိုက်ရင်း နောက်ပြန်လှည့်လာခဲ့၍ ..

"ဆင်းလာပြီ"

" ... ... ... "

"သိတယ်၊ ထားခဲ့ပြီးသွားလို့ရတယ်"

စကားသံနှင့်အတူ လှုပ်ရှားမှုက ဒီပြတင်းပေါက်ကနေ နောက်ဆုတ်ဆေးကွာသွားပြီဖြစ်ကြောင်း သက်သေပြနေကာ ဝေး နှုတ်ခမ်းလေးကို ဖိကိုက်ထားရင်း မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက်ကျလာကြ၏။

ဝမ်းသာလွန်းလို့ ဘယ်လိုဖော်ပြရမှန်းတောင်မသိတော့ပါ။ ဒီတစ်ခါမှာ သူမ လွတ်မြောက်နိုင်မှာမဟုတ်တော့ဘူးလို့ စိတ်ဖုန်းဖုန်းကျသွားခဲ့ပြီးမှ လက်မတင်လေး လွတ်မြောက်ခဲ့၏။

ဒီလူတွေက ဘယ်ကလူတွေလဲ၊ ဖေဖေနဲ့ ဘယ်လိုပတ်သက်နေခဲ့တာလဲ၊ ဒါဆို ဖေဖေ ဘယ်လိုပြဿနာမျိုးတွေနဲ့ ရင်ဆိုင်နေရပြီလဲ။

ထိုနေရာမှာပဲ ကျောကပ်ထားရင်း မျက်ဝန်းတို့ကို ရှေ့တူရှုသို့ စူးစိုက်ရင်း ဖေဖေ အန္တရာယ်ကင်းဖို့ ဆုတောင်းလိုက်မိသည်။ ပြီးတော့ သူမ အသက်အောင့်ကာ ခြေထောက်တွေကို ဖြည်းဖြည်းချင်း ရွှေ့၏။

ထိုခြေလှမ်းတို့သည် ဖေဖေ့ဆီ အရောက်အမြန်ဆုံး ပြန်သွားနိုင်ဖို့ ဆုံးဖြတ်ချက်များနှင့်ဖြစ်ကာ ...။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

လေယာဉ်ဘီးဒိုမ့်သံကြောင့် လူက လှုပ်ရှားသွားသလို ပူလောင်နေသည့်အတွေးများနှင့် စိတ်က ပစ္စုပ္ပန်ကို ပြန်ရောက်လာခဲ့၏။

သိပ်မကြာလိုက်ဘဲ လေယာဉ်ကြီးက ပြေးလမ်းပေါ်ကနေ ဝေဟင်သို့ ခြေလှမ်းတိုး၍ သိမ့်ခနဲထိုးတက်သွား၏။

အိပ်ခန်းထဲကနေ လေယာဉ်ပေါ်ထိ သူမ ချောမောစွာရောက်နိုင်ခဲ့ပြီဖြစ်သလို လေယာဉ်ကြီးကလည်း ဝေဟင်ထက်သို့ ထိုးခွဲပျံသန်းနေပြီဖြစ်၏။

သူမ မြန်မာနိုင်ငံသို့ ချောမောစွာပြန်ရောက်နိုင်တော့မည်ဆိုသည့်အသိက တုန်လှုပ်ချောက်ချားခဲ့ရသမျှတို့ကို အမောပြေရင်အေးဖွယ် ဖြစ်သော်ငြား ...

"ဟင်!..."

သူမရဲ့ထိုင်ခုံနှစ်ခုံကြားကနေ နှုတ်ခမ်းမွေးကားကား မျက်လုံးစူးစူးနှင့် နောက်ကိုလှည့်ကြည့်လာသည့် မျက်နှာကြီးတစ်ခု ...

ပြီးတော့ အလယ်လမ်း၏ ဘစ်ဖက်ထိုင်ခုံမှာလည်း ကုတ်အင်္ကျီအနက်နှင့် မျက်မှန်အနက်နှင့်လူ ...!

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မျက်ဝန်းထောင့်က ဖျတ်ခနဲအရိပ်ကြောင့် ကိုယ်လေး ကြွကာ နောက်ကို လည်ပင်းလိမ်ပြီး ကြည့်လိုက်မိ၏။

သူမနောက်က ထိုင်ခုံကြားကနေ ရှေ့ကိုတိုးကပ်ပြီး အံကြိတ်ကြည့်နေသော လူတစ်ယောက် ...၊

ထိုလူယောက်၏ လုံးသည် သူမ မြင်လိုက်စဉ်က ပုံစံတွေအတိုင်း ကုဋ်အကျီတွေနဲ့ မျည်းဖြစ် ဘာ သူမရဲ့ မျက်နှာစာသုံးဖက်မှာ ညှပ်ပူးသည်ပိတ် နေရာယူထားကြ၏။

လေယာဉ်သည် ကောင်းကင်မှာ အမြင့်ပေ ဘယ်လောက် ပျံသန်းနေပြီလဲမသိသော်လည်း သူမအတွက် လျှတ်မြောက်ခွင့်က လေယာဉ်ပေါ်က ခုန်ချဖို့ တစ်လမ်းပဲ ရှိတော့ရာ ...

"ဟိတ် ..."

သူမ မျက်လုံးကစားပြီး ထရပ်ဖို့ပြင်လိုက်တာနှင့် ရှေ့ခုံကြားထဲကနေ လက်တစ်ဖက် ထွက်လာပြီး သူမ လက်လေးကို တင်းကျပ်စွာ ဖိဆုပ်ထားလိုက်၏။

"နင် ဒီမယ်က ခုန်ချပြေးရင်တောင် မလွတ်တော့ဘူး၊ ငြိမ်ငြိမ်နေလိုက်စမ်း"

"ဘာလို့ဆွဲထားတာလဲ၊ လွှတ်နော် .. ဟောဒီမှာ ကယ် ..."

ဟင် ...၊

ကိုယ့်အသံကို အကျယ်ကြီးကြားလိုက်ရကာ မျက်လုံးတွေပါ ပွင့်သွားခဲ့၏။ ထိုအခါ သူမရဲ့ဘေးခုံရှေ့မှာ ရပ်နေသော လူရွယ် တစ်ယောက်က တပ်ထားသည့်မျက်မှန်နက်ကို ဆွဲချွတ်လိုက်ပြီး ...

"ဘာဖြစ်တာလဲ၊ မင်းကို ငါ ထိတောင်မထိရသေးဘူး"

"ဟုတ် .. ကျွန်မ .. အဲ .. ကျွန်တော် အိပ်ပျော်သွားလို့"

ကျွန်မ ဆိုတာကို 'မ'သံ မဆုံးမီ ကမန်းကတန်း ပြောင်းလဲပစ်ရကာ ဇက်ကျိုးအောင်အိပ်ပျော်နေသည့် ကိုယ့်ကိုယ်ကိုယ် ဆတ်ခနဲ မတ်မတ် ပြင်ထိုင်လိုက်၏။ သူမ အိပ်မှုက်မက်ပြီး ဒီထက် ဘာမှ ကယောင်

www.burmeseclassic.com



ကတမ်း မပြောမိတာ ကံကောင်း၊

နင်က ကောင်လေးဖြစ်နေပြီလေ၊ သတိကျပ်ကျပ်ထားစမ်း .. မပေါ့ဆနဲ့ ..၊

"ဟော့ကောင် .. မင်းအိတ်ကို အပေါ်တင်မှာလား၊ ပေါင်ပေါ်တင်ထားမှာလား၊ တစ်ခုခုလုပ်၊ ငါ ရပ်စောင့်နေရတာ ကြာပြီ"

"ဘာများအဆင်မပြေတာရှိလို့ပါလဲရှင်"

လေယာဉ်မယ်လေး ရောက်လာတော့ သူက ခေါင်းခါပြလိုက်ပြီး ဝေး ကလည်း အိတ်လေးကို ပေါင်ပေါ် ဆွဲတင်လိုက်သဖြင့် နေရာမှာဝင်ထိုင်လိုက်သည်။

ဂျာကင် ရွှေအိုရောင်လက်ပတ်နှာရီက ရှားသိုရောင်ရဲရဲနှင့် နက်ရွှေးသော ရှားရင့်ရောင်အောင်းဘီရှည်အနက်၊ လူတစ်ကိုယ်လုံးပုံစံကို ခဏအတွင်းမှာ သုံးသပ်ပြီးသားဖြစ်ခဲ့၏။

ကိုယ်လုံးက သွယ်ပေမယ့် အရပ်ကတော့ တော်တော်မြင့်၏။ ဘေးမှာ သူ ဝင်ထိုင်လိုက်တာနှင့် လက်မောင်းအကျီစချင်း ထိကပ်သွားတာကို ဝေး က ပခုံးလေးကျုံ့ပစ်၏။

သူကလည်း ဝေး ကို ငုံ့ကြည့်ပြီး အံ့သြသလိုဖြစ်သွားသည်။ ဒါပေမယ့် မျက်မှန်ကို သေချာသိမ်းနေရင်း ဘာမှမပြောခဲ့ဘဲ သူ့လှုပ်ရှားမှုတွေ ရပ်တန့်ကာမှ ...

"မင်းက ငါ့ကို တင်းနေတာလား"

ဘာလဲ .. ဘယ်သူ့ကို စကားပြောလိုက်တာလဲ ..၊

ဝေး ကြားလိုက်ပေမယ့် ဘာမှမပြောဘဲနေလိုက်မိ၏။

"ငါလည်း မင်းကို မနိုးချင်ပါဘူး၊ ဒါပေမယ့် ငါ့ခုံမှာ ထိုင်ရတာအဆင်မပြေလို့"

သူပြောနေကာမှ သတိထားမိသည်။ လေယာဉ်ထွက်နေကာမှ သူဘယ်ကနေ ထလာတာလဲ၊ လေယာဉ် ဘီး စလိမ့်ပြီဆိုတာနှင့် နေ့ရောညရော မအိပ်ရဲ မစားရဲဖြစ်နေခဲ့သမျှ အန္တရာယ်ကင်းလောက်ပြီလို့

www.burmeseclassic.com

www.burmeseclassic.com



တွက်လိုက်ပြီး သူ့မ မျက်လုံးတွေ မှိတ်လိုက်မိသည်။

မြင်လွှာတွေပိတ်ကျသွားပြီဆိုတာနှင့် ချက်ချင်းအိပ်ပျော်သွားမည်လို့ ကိုယ့်ကိုယ်ကို မထင်ခဲ့ပေ။ ထို့ကြောင့် လေယာဉ်တစ်စီးလုံးကို သူ့မ မသိတော့တာဖြစ်၏။

"မင်းက ဘယ်ကိုလဲ၊ စင်ကာပူပဲလား၊ မြန်မာနိုင်ငံထိလား"

ဒီလောက်ထိ ပြန်မဖြေတာတောင် မေးခွန်းတွေက ဆတိုးကိန်းဖြစ်လာသဖြင့် စိတ်က ထောင်းခနဲဖြစ်သွား၏။

"ခင်ဗျားက ဖွတ်ကြီးကို စပ်စုနေတာပါလား"

ပြောချလိုက်တော့ သူ့မျက်ခုံးတွေမြင့်တက်သွားသည်။ ဆေး က မျက်နှာလေး ရှေ့ပြန်လှည့်ပြီးမှ ...

"ခရီးသွားချင်းမို့ စကားပြောဖော်ရအောင် ဘာညာဆိုလည်း သူများက ပြောချင်မပြောချင် အကဲခတ်ဦးမှပေါ့"

"မင်းကလည်း ဖွတ်ကြီးကောနေပါလား၊ စပ်စုသလိုဖြစ်သွားရင်လည်း မင်း မဖြေနဲ့ပေါ့ကွ၊ ဒါပေမယ့် ငါကတော့ စပ်စုချင်တာမဟုတ်ဘူး၊ မင်း ဘယ်ကလာပြီး ဘယ်ကိုသွားမယ်ဆိုတာလည်း စိတ်မဝင်စားဘူး၊ ငါ နှိုးလိုက်တဲ့အချိန်မှာ မင်းရဲ့အိပ်ချင်နေတဲ့မျက်လုံးတွေကို မြင်လိုက်ရပြီး အားနာသွားလို့"

ဘာဆိုင်လို့လဲ၊ သူ နှိုးလိုက်လို့ နိုးရတာလား၊ ကိုယ့်အိပ်မက်ဆိုးကြောင့် လန့်နိုးရတာလား ကိုယ့်ကိုယ်ကိုတောင် မသိ ...။

"ခုပဲ လေယာဉ်စထွက်တော့ မင်း အဲလောက်ထိ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေမယ်မထင်မိဘူး၊ ပခုံးပုတ်လိုက်ပြီးမှ မင်းကလည်း လန့်ဖျန့်အော်တော့ ..."

"လန့်ဖျန့်အော်တာမဟုတ်ပါဘူး"

ဒေါသသံလေးနဲ့ ပြန်ဖြေရှင်းလိုက်တော့ သူ့မျက်နှာ ပြုံးယောင်သမ်းသွားသည်။

ကိုယ်နဲ့ မတိမ်းမယိမ်းလောက်ပေမယ့် ကိုယ့်ထက် အသက်ငယ်

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ သေချာပါသည်။ ပြီးတော့ မျက်နှာပုံစံက ညိုညက်ညက် နုဖတ်ဖတ်နှင့် ...၊

ဒါနဲ့တောင် အိပ်မက်ပြီး လန့်ဖျန့်အော်တာကို သင်းက မာနတစ်ခွဲသားနဲ့ နေချင်သေးသည်။

"အိုခေ .. မင်းကို မနှောင့်ယှက်တော့ဘူး၊ အေးဆေးအိပ်တော့"

လေယာဉ်ပေါ်မှာ စားတာသောက်တာတွေလည်း ဝေး ဘာတစ်ခုမှ ယူမစားပေ၊ စားချင်စိတ်လည်းမရှိ၊ အိပ်ချင်စိတ်တွေသာ ကြီးစိုးနေပေမယ့် အိပ်လို့လည်းမရတော့ပေ။

ထို့ပြင် သူ့ဘာသာ စားသောက်မျိုချပြီး အေးဆေးမနေဘဲ...

"ဟောကောင် .. ရော့ ယူထား၊ အခု မဆာလည်း ဆာတဲ့အခါ စားလို့ရအောင်"

ပါကင်ဘူးလေးတွေနဲ့ မုန့်တွေကို လေယာဉ်မယ်ဆီက ယူထားလိုက်ကာ သူများအတွက်ပါ စီမံခန့်ခွဲပေးနေသေးသည်။ စကားမပြောချင်တာမို့ ယူထားလိုက်ပြီး ရှေ့က ဘောက်စ်လေးထဲမှာ ထည့်ထားလိုက်သည်။

သို့သော် ထိုပုဂ္ဂိုလ်က ဒါနဲ့လည်းမပြီး ..။

"ယူလိုက်လေကွာ"

နောက်ထပ် စားစရာ ဘာပေးပေး ပါးစပ်ကလည်း ယူနိုင်းသည်။ လက်ကလည်းပါကာ ဟိုကယူပြီး ဒီဘက်ကိုလှမ်းထည့်ပေးတော့ ပခုံးချင်းတိုက် လက်ချင်းတိုက် ...၊

"ခင်ဗျားကို ဘယ်သူကမှ ဝန်ဆောင်မှုကောင်းတဲ့ဆု ပေးမှာမဟုတ်ဘူးနော်၊ ကျွန်တော့်အတွက်ဆို အနှောင့်အယှက်တောင်ဖြစ်နေပြီးတယ်"

ဝေး သူ့ကို ဒေါသထွက်သလောက် မပြောမိအောင် ပေါင်းခန်ဒေါသဖြစ်သွားတိုင် ကိုယ့်ဘာသာ ချိုးနှိမ်ဖြေသိမ့်ပြီး ပြောရသည်။

ထို့ကြောင့် မျက်ဝန်းလေးတွေက ဒေါသကြောင့် တလက်လက်

www.burmeseclassic.com



ဖြစ်နေပေမယ့် လေသံကတော့ သိပ်မသိသာခဲ့၊ ဒါပေမယ့် သူကတော့ ဝေး ပြောလိုက်တိုင်း ဖျတ်ခနဲ အံ့ဩသွားတဲ့ပုံဖြစ်သွားတတ်ကာ...

"အဲဒါ မင်း .. အရမ်းပင်ပန်းပြီး စိတ်တိုနေလို့ မြင်ရကြားရသမျှကို အနှောင့်အယှက်ဖြစ်စရာတွေပဲ မြင်နေတာကွ၊ မင်းစိတ်တွေ စထရပ်(စ်) အရမ်းများနေတာ"

"ကျွန်တော် ပြောချင်တာက ခင်ဗျား ကျွန်တော့်အကြောင်း ခေါင်းထဲထည့်ထားတာတွေ များနေပြီ၊ ထုတ်ပစ်လိုက်ပါ"

"မင်းကလည်း အိုဗာတင်းပဲ"

"စောစောက သဘောပေါက်သင့်တာ"

"ဘာကြောင့်မှန်းမသိပေမယ့် ပေါက်ပါတယ်၊ ဒါပေမယ့် ငါကလည်း သူများ အဖိနပ်ပေးတာကို ဘယ်တော့မှနားထောင်ခဲ့တာမဟုတ်ဘူး"

ဒါ စိန်ခေါ်တဲ့စကား ...၊

ဒီစကားကို သည်းခံဖို့က တော်တော်ခဲယဉ်းသွားပြီဖြစ်သည်။ သူ့မျက်နှာကို သတိလက်လွတ်လှည့်ကြည့်လိုက်မိ၏။ ဒါပေမယ့် ဝေး ထိတ်ခနဲဖြစ်သွားပြီး မျက်နှာ ချက်ချင်း ပြန်လွှဲကာ ဘာမှမပြောဘဲ နေလိုက်ဖို့ ဆုံးဖြတ်၏။

"ဆောရီးကွာ၊ ငါ့စကားက ရန်စသလိုဖြစ်သွားလားမသိဘူး၊ တကယ်ပြောချင်တာက ငါ့ကလည်း မင်းထင်သလို မျက်နှာပြောင်တဲ့ ကောင်မဟုတ်ဘူးဆိုတာပါ၊ ငါတို့ သုံးနာရီလောက် လေယာဉ်စီးရမှာလေ၊ ပြီးတော့ မင်းကို မြင်မြင်ချင်း ငါက ..."

"ကျွန်တော် အိပ်တော့မလို့"

"အရမ်းအိပ်ပျက်ပြီး ပင်ပန်းနေတဲ့ပုံ ပေါက်နေတဲ့ မင်းကို သံယောဇဉ်ဖြစ်သွားတဲ့သဘောပါ"

သူ့စကားကို ဆုံးအောင် ဖြတ်တိုးပြော၏။ တကယ်လည်း သူ့ရင်ထဲမှာ ရှိတဲ့အတိုင်း စိတ်ရင်းနဲ့ပါ။ နိုင်ငံရပ်ခြားမှာ ကြီးပွားရာကြီးပွား

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း စီးပွားရှာဖို့ လာနေကြတဲ့ လူငယ်တွေ သူ နိုင်ငံအနှံ့ တွေ့ဖူးသည်။

ပညာတတ်သည့်လူတွေရော ပညာမတတ်သူတွေရော သူများနိုင်ငံမှာ ဘယ်လိုရင်ဆိုင်ရုန်းကန်နေကြရသလဲဆိုတာလည်း သူသိသည်။

ဒါတွေ ဒီလိုရှိခဲ့တာကြောင့် ကိုယ့်အရွယ်ယောက်ျားလေးချင်း ခင်မင်ချင်တာ ဟန်ဆောင်ပန်ဆောင်လည်းမဟုတ်ခဲ့ပါ။

သို့သော် ...

"ဟော့ .. နေပါဦးကွ .. မင်းကို ..."

ကျွတ် ...၊

တော်တော်နေတတ်တဲ့ကောင် ...၊

လေယာဉ်ဆိုက်ချိန်ရောက်တာနှင့် ခေါ်တာကောင် လှည့်မကြည့်တော့ဘဲ တချိုးတည်း လစ်ထွက်သွားခဲ့သည်။ သူ့မှာလည်း ဖုန်းမြည်လာတာကို ကိုင်ရင်း ဟိုရှာ ဒီရှာနှင့် ...၊

"ချိန် .. မင်း ဘယ်မှာလဲ၊ ဦးဗညားတို့ လာကြိုတာ မတွေ့ဘူးဆို"

"ငါဟာငါ ပြန်နေပြီ၊ ကားပေါ်မှာ"

တကယ်က ဟိုတစ်ယောက်ကို မျက်လုံးက လိုက်ရှာရင်း တက္ကစီကို ခုမှခေါ်လိုက်တာဖြစ်သည်။

"ချိန် .. မင်းကို အန်ကယ်လ် သေချာစီစဉ်ပေးလိုက်တာကို မင်း ဘာလုပ်လိုက်တာလဲ"

"ငါနေဖို့အတွက် ငါ့ဘာသာ ရှာတတ်တယ်၊ အန်ကယ့်လ်ကို ပြောလိုက်၊ ဘာလုပ်ရမယ်ဆိုတာ အားလုံးသိတယ်၊ အေးဆေးလို့ .."

ဒါပဲ မပြောဘဲ ဖုန်းချလိုက်သည်။ ပြီးတော့ မျက်လုံးက လမ်းပေါ် ရောက်သွား၏။

"ညီလေး ဘယ်ကိုပို့ပေးရမလဲ"

"စံရိပ်ငြိမ်ကို"

ပြောပြီး လက်နာရီကိုဖြုတ်ကာ ကျောဘက်ခြမ်းက ချပ်(န်)ပြား

www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ခုကို ခွာလိုက်သည်။

ပြီးတော့ သူ့အင်္ကျီကော်လံအချုန်ထိပ်မှာတပ်ထားသည့် ကြယ်ပွင့်ပုံ အလှကြယ်သီးကိုဖြုတ်၍ ...

"ဒုန်း ..."

ကားက ဘရိတ်ဆောင့်အုပ်လိုက်သဖြင့် ကိုင်ထားသည့် အသေးစားကိရိယာလေးတွေကို လက်ဖဝါးနှစ်ဖက်နဲ့ ဖိညှပ်ထားလိုက်၏။ ပြီးတော့ အကျင့်ပါနေသည့်ခြေထောက်တွေက ရှေ့ကကူရှင်ကို ကန်ထားပြီးဖြစ်လျက် ...

"ဘာဖြစ်တာလဲ"

"ဆောရီးပါ ညီလေးရာ၊ မီးပွိုင့်ဖြတ်လာတဲ့ကားကြောင့်ပါ၊ ဆောရီးနော်"

မကြည်သည့် ကြည့်တစ်ချက်ကို မှန်ထဲမှာပဲ ပြန်ရုပ်သိမ်းကာ သူ့လက်ဖဝါးနှစ်ဖက်ကို ခပ်ဖြည်းဖြည်းပြန်ခွာလိုက်သည်။

လက်ဖဝါး၏ နှလုံးလမ်းကြောင်းတည့်တည့်မှာ ဝိုင်ယာကြိုးနန်းစလေးတစ်စ စိုက်ဝင်နေလျက် ထိုနေရာမှာ သွေးစို့နေ၏။ ကြိုးစလေးကို အသာလေးဆွဲထုတ်၍ သူ ပြုံးလိုက်မိသည်။

ဘာဖြစ်လို့ နှလုံးလမ်းကြောင်းမှာမှ ...။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"လုံးချင်းဆို ပြီးတော့ဗျာ"

"ဒါ လုံးချင်းပဲ သားရယ်၊ အန်တီတို့ကလည်း ဂျစ်ယက်တိုက်လို့တော့လည်း မကြေညာထားပါဘူး၊ ပြီးတော့ ဒါက သော်ခွဲပေးပါ၊ နှစ်ထပ်လည်းမဟုတ်ဘူး"

"ထပ်ခွဲဖြစ်ဖြစ်၊ နှစ်ထပ်ဖြစ်ဖြစ် နှစ်ဦးနေမှာကမှာက အဆင်မပြေဘူး အန်တီ"

"နှစ်ဦးနေရတဲ့ဖိလင် လုံးဝဖြစ်ဖို့မရှိပါဘူး၊ အပေါ်ထပ်ကို တက်ဖို့ဆင်းဖို့ လှေကားက ဘေးမှာ သပ်သပ်ရှိပြီးသား"

"ဒါပေမယ့် အပေါ်မှာ ကျွန်တော့ ထုထောင်းဆူညံသံတွေနဲ့"

"အဲဒါလည်းမဖြစ်လောက်ပါဘူးကွယ်၊ ဘာဖြစ်လို့လဲဆိုတော့ အပေါ်မှာလည်း တစ်ယောက်တည်းပဲနေမှာလေ၊ ပြီးတော့ လူလေးလိုပဲ ယောကျ်ားလေး"

ဒါဆိုရင်တော့ မဆိုးသေးပါ၊

"ယောကျ်ားလေးချင်း နောက်ဆို နှစ်အိမ်တစ်အိမ်ထောင်ဖြစ်သွားဦးမှာ၊ ဒါပေမယ့် စာလည်းမချုပ်ရသေးဘူးဆိုတော့ လူလေးသဘောပါ၊

www.burmeseclassic.com



တခြားမှာ သွားရှာဦးမယ်ဆိုရင် အန်တီ့ကို အားနာဖို့မလိုပါဘူး"

"မရှာတော့ပါဘူး၊ ဧချူ့ချုပ်တာပေါ့"

ဇံရိပ်ငြိမ်မှာ အခန်းတစ်ခန်းရဖို့က ငှားမည့်နေရာတွေ တိုက်ခန်းပေါ့ အများကြီးပဲရှိ...။ ဒါပေမယ့် သူနေချင်သည့်ပုံစံနဲ့ ဘယ်လို...မဖြစ်။

"ဒီမှာမောင် လ...၊ ညှော်ခန်း အိပ်ခန်း မီးဖိုချောင်းက အစ ဘာပရိဘောဂမှ ထပ်ဝ... ရာမလိုဘူး၊ ထမင်းစားခန်းမှာ အိုးခွက်ပန်းကန်က ...စ လူလေး ... ပြုရင် ယူသုံးလို့ရတယ်၊ လျှပ်စစ်ပစ္စည်းကြီးပေါ့ကလဲ့ရင် အ ...အမွှားတွေ ပျက်စီးပျောက်ရှုတာမျိုးရှိရင်လည်းအစားပြန်ထည့်...မလိုဘူး၊ အန်တီတို့က ကိုယ့်ရဲ့ အိမ်ငှားအတွက်အဆင်ပြေစေချင် ...စောကနာပါ"

ဒါကျတော့ လေးစားစရာပါ၊ တစ်အိမ်လုံးမှာ တီဗီအောက်စက်ကွန်ပျူတာက အစ အပြည့်အစုံရှိနေသည်။ အဲရ်ကွန်းပေါ့လည်း ရှေ့မှာရော နောက်မှာပါ တပ်ပေးထား၏။

သူ့အတွက် အဆင်ပြေပေမယ့် အပေါ်ထပ်မှာ လူရောက်လာပေ...စကားများနေသံတွေ ကြားလိုက်ရ၏။

"ကျွန်တော်က တစ်လုံးလုံးလို့ချင်တာ"

"တစ်လုံးလုံးဆိုရင် အိမ်လခ အရမ်းများသွားမှာလေ၊ တစ်ကိုယ်ရေ တစ်ကာယသမားချင်း နှစ်ယောက်စလုံး အဆင်ပြေအောင် အန်တီက ညှိပေးတာပါ"

"နှစ်ယောက်စလုံး အဆင်ပြေဖို့ထက် အန်တီ့အတွက် ပိုပြေသွားတယ်ထင်တယ်"

သူ ညှော်ခန်းမှာ အေးဆေးထိုင်ချလိုက်ကာမှ အသံကို သတိထားမိသွားသည်။ ဒီအသံကို သူ သိနေသည်။ ဘယ်သူလဲ...၊

"ဟင့်အင် .. အန်တီ ပိုရသွားပေမယ့် ဒီလိုဖြစ်အောင်စီစဉ်လိုက်တာတော့မဟုတ်ပါဘူး၊ မိသားစုတွေကို အန်တီ့အိမ်ကို မငှားချင်ဘူ

www.burmeseclassic.com



လေ၊ တစ်ယောက်တည်းသမားဆိုရင်လည်း တစ်ထပ်ပဲ နေမှာပေါ့၊ အိမ်ဆိုတာ လူမနေရင် ပျက်စီးတတ်တာမျိုး၊ ဒါကြောင့် နှစ်ဦးငှားဖို့ စီစဉ်တာပါ"

"ဒါဖြင့်လည်း ဖုန်းနဲ့ပြောကြတုန်းက အန်တီ့အိမ်က ထပ်ခွဲမို့လို့ နှစ်ဦးငှားရမယ်ဆိုတာ ထည့်ပြောရမှာပေါ့၊ ပြီးတော့ ကျွန်တော်က အရင်ပြောထားတာကို အိမ်မကြီး မရဘူး"

"လခလည်း သုံးဆတစ်ဆ ခွာပေးထားပါတယ် သားရယ်၊ ပြောရရင် အပေါ်နဲ့အောက် ကျယ်တာချင်း အတူတူပါပဲ၊ ပရိဘောဂတွေရော အဲရ်ကွန်း သုံးလုံးစီ တပ်ပေးထားတာပါ အတူတူပဲ၊ တိုက်ကလည်း နိမ့်နိမ့်လေးဆိုတော့ ..."

ဝေး မျက်နှာလေးမကောင်းတော့ပေ၊ ဒီလမ်း ဒီအိမ်လေးက ဗိုလ်မှူးကြီးတွေ အစဉ်အဆက်နေသွားကြသည့်နေရာမို့ တမင်ရွေးချယ်လိုက်တာဖြစ်သည်။

အထူးသဖြင့် မကောင်းမှုပြုသည့်လူတွေ စဉ်းစားမှာမဟုတ်သည့်နေရာ ...၊

"ခုလိုလက်ခံပေးတာ ကျေးဇူးတင်ပါတယ်ကွယ်၊ လူလေးတို့အတွက် တိုက်ခန်းတွေငှားစရာ အများကြီးရှိသလို အန်တီတို့အနေနဲ့လည်း ငှားချင်တဲ့လူတွေ ရှိတာပါပဲ၊ ဒါပေမယ့် သားတို့ကိုတော့ မြင်မြင်ချင်းပဲ ဒီမှာပဲ ငှားဖြစ်စေချင်တဲ့ဆန္ဒတွေ တကယ်ဖြစ်မိတာပါ"

အိမ်ရှင် ဗိုလ်မှူးကြီးကတော်က သဘောကောင်းသည်။ ကောင်းတာပြောပြော၊ မကောင်းတာပြောပြော အပြုံးမပျက် ရှင်းပြတတ်သဖြင့် သည်းခံနားလည်တတ်မှုလည်းရှိလေသည်။

"အန်တီက ဒေါ်ထားထားဦး တဲ့၊ စာချုပ်မှာ ပါပေမယ့် ထပ်မှတ်မိသွားအောင်လို့ပါ၊ ဒီက တစ်လမ်းကျော်မှာ အန်တီ ရှိတယ်၊ ညာဘက် ထိပ်ဆုံးကနေ သုံးလုံးမြောက်တိုက်ပဲ"

"အောက်မှာ လူရောက်နေပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ရောက်နေပြီကွယ့်၊ သူကတော့ စုံစမ်းပြီး တန်းတက်တာ၊ သားကရော ဘယ်နေ့ရွှေ့ ..."

"ဒီည"

"ည .. ဟုတ်လား"

"ဟုတ်ကဲ့၊ အန်တီတို့အတွက် ပြဿနာရှိလို့လား"

"မရှိပါဘူးကွယ်၊ လူလေးတို့ အဆင်ပြေသလိုလုပ်ပါ၊ ရပါတယ်"

လက်ထဲ ထည့်သွားသည့် သော့တွဲကို ဖိဆုပ်ကိုင်ရင်း ခဏတော့ ငိုင်နေမိသည်။ ပြီးတော့ ဖေဖေ့ကို ဆက်သွယ်မရသေးသည့်အကြောင်းကို စိတ်ကရောက်သွားမိ၏။

ဖေဖေနဲ့ မတွေ့ရသေးသရွေ့၊ ဒါမှမဟုတ် ဖေဖေ ဘာတွေဖြစ်နေလဲဆိုတာ မသိရသေးသမျှ သူမအတွက် အဆင်ပြေခြင်းဆိုတာ ရှိလာမှာမဟုတ်ပေ။

ခုထိ အန်ကယ်လ်ဦးအေးသောင်းတို့မိသားစုနဲ့လည်း မဆက်သွယ်ဝံ့သေးပေ၊ ကိုယ့်အိမ်ရာကိုမပြန်ရဲဘဲ မဆီမဆိုင်ရပ်ကွက်နေရာတစ်ခုမှာ တစ်ယောက်တည်း ငှားရမ်းနေခဲ့ရတဲ့အထိ သူမ စိတ်ဦးတည့်သည့်အတိုင်း ဆုံးဖြတ်ခဲ့ရတာတွေပဲဖြစ်သည်။

သူမရဲ့ဘဝတစ်ခုလုံးကို ဖျောက်ဖျက်ထားရသလို ကုမ္ပဏီကိစ္စတွေလည်း ဖြတ်တောက်ထားခဲ့တာ ဒီနေ့ထိ ဖုန်းတောင်မဆက်ဘဲ နေခဲ့ရ၏။

မြန်မာနိုင်ငံ ရောက်လာသည့်ညမှာပဲ ဦးအေးသောင်း ဆီ ဖုန်းဆက်တော့ ..

"သမီးရဲ့ဖုန်းကို ကဒ်ချိန်းလိုက်တော့ သမီး၊ အလုပ်ကိစ္စတွေကိုလည်း ဖြတ်တောက်ထားလိုက်ပါ၊ သမီးရဲ့ဖုန်းနံပါတ်ဟောင်းနဲ့ သမီးမှန်းသိနေတဲ့ လူအားလုံးကို ဘယ်ကိုမှ မဆက်သွယ်ပါနဲ့၊ အရမ်းကိုအရေးကြီးလို့ ပြောနေတာပါ၊ ဖုန်းနံပါတ်ကနေ ခြေရာခံလာနိုင်လို့ပါ၊ အန်ကယ်လ်နဲ့ သမီးရဲ့ဖေဖေ သမီးကို မဆက်သွယ်နိုင်သေးဘူး"တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပြောတာက ကမန်းကတန်းကြီးဖြစ်နေကာ ဘာမှသေချာ မပြောဘဲ ချပစ်လိုက်၏။ ထိုအခါ သူမ နားလည်သွားခဲ့သည်။ ဘဏ်က ပိုက်ဆံကိုတောင် ထုတ်ယူဖို့က မလွယ်တော့သောအခြေအနေတစ်ခုမှာ သူမ ရပ်တည်နေခဲ့ပြီဖြစ်၏။

ဘယ်လိုမှမထင်မှတ်ခဲ့သော ကံကြမ္မာဆိုးတစ်ခုက ဖေဖေနဲ့ သူမ ဘဝကို ဒုတိယအကြိမ် မွှေနှောက်နှိပ်စက်ပြန်ပြီလား။

မေမေ ဆုံးခဲ့စဉ်ကလည်း ဖေဖေ့ခမျာ သမီးလေးတစ်ဖက်နဲ့ ပျာ များခဲ့ရသည်။ နှစ်ဖက်မိဘတွေကိုက အလယ်အလတ်တန်းလူတန်းစား အဆင့်ပဲမို့ ဖေဖေနဲ့မေမေတို့ လက်ထပ်ကြသော်လည်း နှစ်ယောက်စလုံး ပညာတတ်တွေဖြစ်ကြသည့်တိုင် ပြည့်စုံတဲ့အခြေအနေမျိုးမှာပဲ လှုပ်လီလှုပ်လဲ့ ရပ်တည်ခဲ့ရတာဖြစ်သည်။

နှစ်ယောက်စလုံးက သားဦးသမီးဦးတွေဖြစ်သည့်အလျောက် ပညာသုံးပါးနှင့် ကြင်ရာမှုဖို့ကို မတောက်ကြသေးတဲ့ မိဘတွေကို ကူညီပံ့ပိုး ခဲ့ကြသည်။

လက်ထပ်ပြီးတဲ့အချိန်ထိ မိဘတွေကို ထောက်ပံ့ကြဖို့ စိတ်တူ ကိုယ်တူ ဆုံးဖြတ်ခဲ့ကြတာမို့ လင်မယားနှစ်ယောက်တည်းပေမယ့် အိမ်ထောင် ရေးမှာတော့ ပိုလျှံတယ်လို့မရှိခဲ့ပေ။

ဝေး ကို မွေးပြီး ခေါ်ဆုမြတ်နေ က သိပ်မကြာခင် ဆုံးသွားခဲ့၏။ ထိုအခါ ဦးစိန်ဝင်း တစ်ယောက်တည်း သမီးလေးဘဝကို အဖေလိုရော အမေလိုပါ ပြုစုစောင့်ရှောက်နိုင်ဖို့ ကြိုးစားရသည်။

လိုအပ်ချက်များစွာနှင့် မိသားစု အခြေအနေက ယိမ်းယိုင်ဆိုးရွား ဖို့ ပိုတိုးလာသဖြင့် ကျားကုပ်ကျားခဲ ရပ်တည်ခဲ့ရ၏။

ဒီအခြေအနေတွေထဲကနေ ဝေး ကို ပညာတတ်တစ်ယောက်ဖြစ် အောင်၊ ထူးချွန်ထက်မြက်အောင်၊ ပြီးတော့ ယဉ်ကျေးလိမ္မာတဲ့မိန်းကလေး တစ်ယောက်ဖြစ်လာအောင် ဦးစိန်ဝင်း ကြပ်မတ်ထိန်းကျောင်းခဲ့ရသည်။

တစ်သက်လုံးမှာ ကိုယ်ကျင့်သိက္ခာ လူမှုပတ်ဝန်းကျင် ဘာဆို

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ထိခိုက်ငြိစွန်းတာ မရှိခဲ့ဘဲ ဖြစ်မယ့်ဖြစ်တော့ မှောင်ခိုလောဘသားတွေနဲ့မှ ဆူးနဲ့ပဝါလို ငြိခဲ့ရ၏။

အဖြစ်တွေကို အရှည်ကြီးပြန်စဉ်းစားနေမိပေမယ့် ဖေဖေ ဘာဖြစ်တာလဲ ဆိုသည့် အဖြေကိုတော့ သူမ ကွက်လပ်ထားခဲ့ရ၏။

ကိုယ့်ဘဝကို ဒီအခြေအနေထိ ထည်ထည်ဝါဝါရပ်တည်နိုင်အောင် ဖေဖေ့ဘက်က နေကြတ်ချိန် ဒိုတာ မရှိစေခဲ့ဘဲ ကြိုးစားတာဝန်ကျေခဲ့သည်။

ဖေဖေ့အတွက်ကိုတော့ သူမ ဘာမှမကူညီနိုင်တော့ဘူးလား၊ ဖေဖေ တစ်နေရာမှာ ဘယ်လိုခက်ခဲပင်ပန်းနေနေ သူမ ဘာမှ သိခွင့်မရှိတော့ဘူးဆိုလျှင် ...။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"အဖြူသန့်တွေချည်းအားလုံး ဘယ်လောက်လဲ"

"စက်ကျွေးပြီးသားနဲ့ အရိုင်းလုံးတွေအကုန်လုံးဆို တစ်ရာကျော်တယ်"

"အနီကရော"

"ဟော့ နေဦး .. အခန်းကို အရင်သန့်လိုက်၊ ခုချိန်မှာ ဘယ်သူ့ကိုမှ သိုလို့မရဘူး"

"ကျောက်ဖြတ် ညိုကြီးနဲ့ မောင်ကျင် တို့ သားအဖကလွဲရင် အားလုံး အပြင်ထွက်ကြ"

ဦးကျောက်စိမ်း က လက်နှစ်ဖက်နောက်ပစ်လျက် အမိန့်ပေးသည့်လူကိုရော အလျှိုအလျှို ဖဲ့ကဲ့သွားကြတာကိုရော အားလုံးကို တိတ်ဆိတ်စွာကြည့်နေ၏။

ကျွန်းညို က အကုန်လုံးကို ရှင်းထုတ်ပြီး ဦးကျောက်စိမ်းကို မှိမ်းကြည့်သည်။ ဦးကျောက်စိမ်း က ခေါင်းညိတ်ပြမှ ...

"မောင်ကျင် .. ဆက်ပြော"

"အဲဒါကို ထားလိုက်တော့၊ ပစ္စည်းတွေက အားလုံး အတူတူရှိနေ

www.burmeseclassic.com



မှာပဲ"

ဦးကျော်စိမ်း က ကြားဖြတ်ပြောပြီး လောင်းကုတ်ပွပွကြီးနှင့် ရှေ့တိုးလျှောက်လာကာ ...

"ဒေါက်တာစိန်ဝင်း လို လူတန်းစားက ဒီသေတ္တာကို ဖွင့်တတ်မှာလည်းမဟုတ်ဘူး၊ ဖွင့်ကြည့်နိုင်ရင်အောင် ပစ္စည်းကို ဘယ်လိုမှ ထုတ်ဖို့မလွယ်ဘူး"

"ဒါတော့ သေချာတယ် ဆရာ၊ သူ့လက်ထဲမှာရှိနေတာမှန်ရင်–"

ကျွန်းညို က ပြောလက်စကိုရပ်ပစ်လိုက်ပြီး ဦးကျော်စိမ်း ကို ပြန်ကြည့်ကာ ...

"အဲဒီကပြားကောင်ကိုလည်း ယုံစားလို့မရဘူး ဆရာကြီး၊ ဒေါက်တာစိန်ဝင်း ဆီကို သွားတဲ့အချိန်မှာ သေတ္တာကို ဖွက်ထားပြီးတာလည်း ဖြစ်..."

"လုံးဝမဖြစ်နိုင်ဘူး"

ပစ္စည်းရဲ့လမ်းကြောင်းကို တွက်ချက်ပိတ်ဆို့နိုင်တဲ့နေရာမှာ ဦးကျော်စိမ်း လောက် တော်တဲ့သူ နှစ်ယောက်မရှိနိုင်ပေ။

တကယ့်ပွဲကြီးကိုမှ ကြားဖြတ်ခုတ်သွားတာ ခံလိုက်ရပေမယ့် ဒေါ်သကို မျက်လုံးမှာပဲတွေ့ရသည်။ အမူအရာ လေသံတို့က တည်ငြိမ်အေးစက်နေဆဲဖြစ်ကာ သူ တွက်ထားပြီးသည့်လမ်းကြောင်းကိုလည်း ဘယ်သူပြောလို့မှ မယိုင်လဲခဲ့။

"ဒီကောင် မြန်မာနိုင်ငံမှာ သူ့အဆက်အသွယ်မရှိဘူး၊ အဲဒီလိုကိစ္စကို ကူညီနိုင်မယ့်လူမျိုးလည်း သူ့မှာ မရှိဘူး၊ ဒီထက်ခိုင်လုံတာက ဟာနေမာန် လက်ချက်နဲ့ ဒီကောင် ရသွားတဲ့ ဒဏ်ရာတွေအရ လူရော သေတ္တာရော အဲဒီဆရာဝန်ဆီ တန်းရောက်သွားတာပဲ"

"ဆရာကြီးရဲ့တွက်ဆချက်ကို သံသယရှိလို့မဟုတ်ပါဘူး၊ ဒါပေမယ့် အရပ်သားတစ်ယောက်က ကျွန်တော်တို့လို လောကသားတွေနဲ့ အတိုက်အခံရင်ဆိုင်ရဲတယ်ဆိုတာ အံ့ဩစရာဖြစ်နေလို့ပါ၊ အထူးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သူ့လို ရာထူးအရှိန်အဝါနဲ့လူဆိုရင် ရုံးမြေကနားကို ပိုပြီးရှောင်မှာပဲ"

"အဲဒီအချက်က တွေးစရာမှန်တယ်၊ သေတ္တာထဲမှာ ဘာပါနေတယ်ဆိုတာလည်း သေချာမသိဘဲ ဘဝပျက်စံပြီး ခေါင်းမာဖို့ မလွယ်ဘူး၊ ဒါပေမယ့် ..."

ဦးကျောက်စိမ်း က နှုတ်ခမ်းဖဲ့လိုက်ပြီးမှ ...

"ဦးနှောက်မဲ့သေးတဲ့လူဆိုရင် ဟွက်မိမှာပဲ၊ ငါတို့ ဒီပစ္စည်းနောက်ကို ဘယ်လိုအင်အားသုံးပြီး လိုက်နေသလဲဆိုတာ ..."

အားလုံးငြိမ်ကျသွားကြသည်။ ဦးကျောက်စိမ်း က သူတို့ကို မျက်ချက်ကြည့်၍ ...

"ငါ့ရဲ့ စွမ်းသုံးကောင်ကို သတင်းပို့လိုက်၊ မြေအောက်ရထားလိုင်းသွေ့ အကုန် အင်အားဂိုသျှ ဖြန့်ထားလို့"

"ဟုတ်ကဲ့ပါ"

"ဒီကောင်မလေး ခုလောက်ပျောက်နေတာက ..."

"မြန်မာပြည်ကိုများ ပြန်ရောက်နေမလား ဆရာကြီး"

"ဖြစ်နိုင်တယ်၊ ဒါပေမယ့် ငါတို့မျက်စိအောက်က ဒီလောက်လွယ်လွယ်နဲ့ လွတ်သွားဖို့ မဖြစ်နိုင်ပါဘူး၊ စွမ်းလေး ဘာအကြောင်းကြားသေးလဲ"

"သူ ရောက်သွားကာမှ ဘာမှ မက်ဆေ့ချ်မပို့သေးဘူး"

ဦးကျောက်စိမ်း မျက်နှာ ညိုမှောင်သွားသည်။ သူ့မှာ သားကလည်း လေးယောက် ရှိသည်။ လူမမယ်အရွယ်လေးတွေဟည်းက ပြုစုပျိုးထောင်လာခဲ့တာ ဒီနေ့ထိ သူ တာဝန်ကျေခဲ့၏။

သားသုံးယောက်ကလည်း သူ့မေတ္တာကို နားလည်ကြသည်။ စတုတ္ထမြောက် အငယ်ဆုံး စွမ်းလေးကျမှ တစ်သွေးတစ်မွေး၊

"ဒီကောင်လေးကို ငါ ကျင်မှ ဖြစ်မယ်"

"စွမ်းလေးလား ဆရာကြီး"

ဦးကျောက်စိမ်း က မဖြေဘဲ ကျောက်ပြာသည်ကြီးကိုကြည့်၍ ...

www.burmeseclassic.com

www.burmeseclassic.com



"မင်း ပစ္စည်းစာရင်း သေချာပြန်လုပ်ကြ"

မှာခဲ့ပြီး အပေါ်ထပ်ကို တက်လာခဲ့သည်။ ဒီသားတွေအကြောင်း တွေးမိတိုင်း စွမ်းသုံးကောင်က မိုက်ဖျော့သွားခဲ့ပြီး စွမ်းလေးကသာ သူ့စိတ်မှာ ပူလောင်အုံ့မှိုင်းကျန်ရစ်၏။

ဥပဒေနဲ့မကင်းသော ရောင်းဝယ်မှုတွေ လုပ်နေရသဖြင့် သူ နေတာက နယ်စပ်ဒေသတွေနဲ့ နိုင်ငံရပ်ခြားမှာသာ ဖြစ်နေခဲ့သည်။

အရောင်းအဝယ်ကိစ္စမျိုးကလွဲလျှင် မြန်မာပြည်ကို အလည်သက်သက်နဲ့လည်း မရောက်ဖြစ်တော့ပေ။ စွမ်းကြီးနဲ့ စွမ်းလတ်၊ စွမ်းငယ်တို့ ကလည်း သူ သွားဆိုသွား၊ သူက ပြန်ခဲ့ဆိုလျှင် ချက်ချင်းပြန်ရောက်လာကြတာဖြစ်၏။

စွမ်းလေးကျတော့ စိတ်မပါဘဲ အလုပ်ကို ဘာမှ လျှောလျှောရှုရှုထလုပ်တယ်ဆိုတာ မရှိ၊ လာချင်မှလာသည်၊ ပြန်ချင်မှပြန်၏။

အကြီးကောင်တွေက အသက်အရွယ်တွေ မတိမ်းမယိမ်းပါ၊ သို့သော် ကိုယ်ခန္ဓာအချိုးအဆစ်တွေက အဆင်မပြေ။

စွမ်းလေး ကျတော့ မျက်လုံးတွေ ရူးရဲ့တောက်နေတာက အစ သူ သဘောကျခဲ့တာဖြစ်သည်။ အကြည့်တွေ ရူးရှသလောက် ဉာဏ်ကောင်းသည်။

ကိုယ်ခန္ဓာ ပါးလျားသလောက် လက်မြန်ခြေမြန်နိုင်တာလည်း နှစ်ယောက်မရှိ၊

ဝါသနာမပါဘူးဆို ဘယ်လိုပညာဖြစ်ဖြစ် ဓားနဲ့မိုးထားရင်တောင် 'ဟင့်အင်း'ဆိုသည့်အဖြေကလွဲပြီး ဘယ်တော့မှ သင်ယူပါ့မယ်ဆိုတာမျိုး ဖြစ်မလာ။

သူ စိတ်ဝင်စားတာကျတော့ 'ဒါတွေလည်း တတ်နေတာပဲလား' လို့ မေးယူရတဲ့အထိ သူ့လောက် တော်တာ ထက်တာ မရှိ။

ကိုယ်ဖြစ်စေချင်တာက ကိုယ့်ရဲ့စီးပွားရေးနဲ့ အဆင်ပြေတာ ယောက်ျားတို့တတ်အပ်သော အိုက်ခိုက်သတ်ပုတ်သည့် ကိုယ်လုံပညာ

www.burmeseclassic.com

www.burmeseclassic.com



တွေမှာ အတော်ဆုံးဖြစ်နေဖို့၊

စွမ်းလေးက ဒါတွေကိုမဟုတ်ဘဲ ဂီတာတီးမည်၊ သီချင်းဆိုမည်၊ ဂိမ်းဆော့နေပြီဆို ခေါ်နေလည်း ထူးချင်မှထူး၊ လာချင်မှလာ။

"ပါးပါးက စွမ်းလေးကိုဆို တအားအလိုလိုက်တာပဲ၊ ကျွန်တော်တို့ကို စွမ်းလေးလို အခွင့်အရေးမျိုး တစ်ခါမှ မပေးခဲ့ဘူး"

လို့ အစ်ကိုတွေကတောင် သဝန်တိုစကားတွေ ပြောလာရတဲ့အထိ သူ အလိုလိုက်ခဲ့သည်။ ဒါပေမယ့် စွမ်းလေး ကတော့ နားလည်ရမှန်း မသိ။

ဘယ်တော့မှလည်း ဂရုစိုက်နားခံခဲ့တာမရှိပေ၊ ဒီသားကြောင့် သူ့ရဲ့ တပည့်တပန်း ပတ်ဝန်းကျင်မှာ သိက္ခာကျဖွယ်တွေဖြစ်ရတာလည်း အကြိမ်ကြိမ်။

စွမ်းလေး အကြောင်း တွေးမိတိုင်း ရင်ထဲမှာ အမည်မသိသော လိပ်ခဲတစ်လုံးဆို့နင်ခြင်းတစ်စုံတစ်ရာသည် ...။

■

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

"[illegible] အထဲထိ ပို့ပေးရမလား"

"မပို့နဲ့ ရတယ်"

တက္ကစီသမားလေးက ခေါင်းညိတ်ပြီး လမ်းဘေးမှာပဲ ချပေးထားခဲ့သည်။ ပြီးတော့ ကားထဲ ပြန်ဝင်ပြီးမှ သေတ္တာနဲ့သူ့ကို ပြန်ကြည့်သည်။

ဂျင်းဘောင်းဘီ ဖြူဖျော့ဖျော့နဲ့ တီရှပ်အနက်ရောင် လက်တိုပွပွကို ဝတ်ထားသည့် သူ့ပုံစံ ဘာဖြစ်နေလို့လဲ၊ လူတစ်ယောက် သတိထား ကြည့်လာတိုင်း ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မိမလိုဖြစ်သွားတတ်တာ လည်း ခဏခဏပင်။

တော်ပါပြီ ...၊ နောက်ဆို အပေါ်ထပ်တစ်ထည်ထည်မပါဘဲ အပြင် မထွက်ဖို့ ဆုံးဖြတ်လိုက်သည်။ လောလောဆယ် ဒီ ပလတ်စတစ်ပုံးကြီး ဒို ခြံထဲရောက်အောင် ဘယ်လိုသယ်ရင်ကောင်းမလဲ။

ထိုစဉ် အုံ့ပျက်ပျက်မိုးက မိုးစက်တွေအဖြစ် စတင်ပြိုဆင်းလာခဲ့ ၏။ သွားပြီ ...၊ ခြံဝင်းကျယ်ထဲကိုသွင်းဖို့လည်းမလွယ်၊ ဒီတိုင်းထားခဲ့ပြီး ဝင်ပြေးသွားလို့လည်းမဖြစ် ...။

"သားရေ ... ဟိုခြံရှေ့မှာ ကောင်လေးကို သွားကူလိုက်ပါဦး၊ ကော်

www.burmeseclassic.com

www.burmeseclassic.com



ပုံးကြီးကို မနိုင်လို့ထင်တယ်”

တစ်ဖက်ခြံထဲကိုကွေ့ဝင်တော့မည့်ကားထဲက အသံထွက်လာသည်။ မျက်နှာရှည်ရှည် အသားဖြူဖြူနှင့် လူရွယ်တစ်ယောက်က ဝေးကို လှမ်းကြည့်ပြီး ရှုံ့တွတွဖြစ်သွား၏။ ပြီးမှ မေးဆတ်၍ ...

“ဒါလေးကို မနိုင်ဘဲနေမလား မာမီကလည်း၊ ညောင်းလို့ တစ်ထော...် နားနေတာဖြစ်မှာပေါ့”

“ဪ ... ကဲ ... ကောင်လေး ... ဟဲ့ ... မနိုင်လို့လား၊ အထဲကို သယ်မလို့မို့လား၊ လာကူပေးမလို့”

အမျိုးသမီးကြီးကတော့ သဘောကောင်းပုံရကာ ...

“ဘယ်အထဲကိုလဲ မာမီရာ၊ အဲဒီရှေ့မှာ ရပ်နေတာနဲ့ အဲဒီအိမ်ထဲ ဝင်မှာပဲလို့ တွက်နေပြန်ပြီ၊ အထဲဝင်မယ့်သူက တက္ကစီကို အထဲထိ မပို့နိုင်းဘဲ ခြံဝမှာတင် ရပ်နေပေါ့မလား၊ သူများကိစ္စကို ...”

အမျိုးသမီးကြီး မျက်လုံးတွေကလည်း ဇဝေဇဝါပုံဖြစ်သွားကာ ဝေး ဘာမှမဖြေဘဲ ရပ်နေတာကို နားမလည်သလိုကြည့်သွား၏။ ပြီးမှ..

ခြံဝမှာ တုံ့ဆိုင်းနေသည့်ကားကို ဆက်လက်မောင်းဝင်သွားကာ မိုးစက်တွေကလည်း တသောသောစိပ်ဖွာဆင်းလာကြ၏။

တကယ်ကူညီချင်လို့လား၊ စပ်စုသွားတာလားတော့မသိ၊ ဝေး အတွက် အတော်ကြီး စိတ်အနှောင့်အယှက်ဖြစ်ကျန်ခဲ့တာတော့ အမှန် ပင်။

ကိုယ့်ဘာသာ ဘာလုပ်ရမှန်းမသိဖြစ်နေတုန်း ဘာမှမဖြေနိုင်တာ တွေ မေးပြီး စပ်စုသွားသည်၊ ကိုယ့်အနေအထားက လူများများနဲ့ မဆက်ဆံလေ ကောင်းလေ။

တက္ကစီခေါ်လာပြီး ဒီမှာပဲ ဆင်းလိုက်တာ ဘာအကြောင်းဖြစ်ဖြစ် မဆီမဆိုင် စိတ်ဝင်စားဖို့လိုသလား၊

သေတ္တာပုံစံ ပလတ်စတစ်ပုံးကြီးကို သူမ အားစိုက်၍ မ လိုက်သည်။ ထိုအချိန်မှာပဲ မိုးစက်တွေတဖြောင်းဖြောင်းအော်ချလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ကားတစ်စီးဝင်လာသံကြားလိုက်တော့ တက္ကစီဖြင့် ဖြစ်၊ အိမ်ကားဖြစ်ဖြစ် သူမ မော့မကြည့်ရဲတော့ပေ။

ကိုယ့်ကို စိတ်မဝင်စားဘဲ ဒီကနေ အေးဆေးဖြတ်ကျော်သွားပါ စေလို့သာ ဆုတောင်းမိ၏။ ထို့ပြင် သူမ ပေါ့ပေါ့ပါးပါး သယ်ချသွားသလို ပုံးကို ကောက်'မ'ကာ ခြံထဲ လှည့်ဝင်ခဲ့မိ၏။

သို့သော် အထဲမှာ ပန်းကန်ခွက်ယောက်တချို့နှင့် ဆော့ပုလင်းတွေ၊ အချိုရည်တွေက အချိန်စီးနေ၏။ စာအုပ်တွေပါနေသေးတာက ပိုဆိုးသည်။

"အ ..."

ဘယ်လိုမှ အံကြိတ်မထားနိုင်တော့ဘဲ လမ်းတစ်ဝက်မှာ ပြန်ချ လိုက်ရကာ ...

"သေပြီ ... ဒါ..."

ခြံထဲရောက်လာပြီမို့ မိုးစက်တွေလည်းရှိနေသည့်အဖြစ်ကို ယုံစား ကာ လက်နာသွားတာကို လွတ်လွတ်လပ်လပ် ခါချ၍ နှုတ်ခမ်းနားကပ် ကာ လေနဲ့တောင်မှုတ်လိုက်မိသေးသည်။

ပြီးတော့ မိုးစက်တွေကို လက်ဖဝါးလေးနဲ့ ဖြန့်ခံပြီး ဆုပ်ချီဖြန့်ချီ လုပ်ကာ ...

"နာလည်း 'မ'ရမှာပဲ၊ နွဲ့နေလို့မရဘူး"

ကိုယ့်ကိုယ်ကို အားပေးစကားဆို၍ ပြန်ငုံ့'မ'လိုက်လျှင် ...

"မနိုင်ရင်လည်း အကူအညီခေါ်မှပေါ့ကွ၊ ယောကျ်ားဖြစ်တိုင်းပဲ နေရာတကာ တတ်နိုင်နေတာမဟုတ်ပါဘူး"

အသံနှင့်အတူ လူက သူမမြင်ကွင်းရှေ့ကို ရောက်လာသည်။ မိုးက သဲနေပြီမို့ သူ့ကို အကဲခတ်ချိန်လည်းမရလိုက်ဘဲ သူက သေတ္တာကို လက်နှစ်ဖက်နဲ့ 'မ'ကြည့်လိုက်ပြီးမှ ...

"အဲဒီဘက်က 'မ'၊ မင်းပစ္စည်းတွေက အတောင့်ပဲ၊ တစ်ယောက် တည်းမရဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဘာကိုပြောမှန်းသိလျက်နှင့် ကိုယ့်အတွေးနဲ့ကိုယ် ဝေး မျက်နှာပူသွားမိသည်။

"ဟော့ .. 'မ'လေကွာ၊ ဘာလဲ .. မိုးရေချိုးဦးမလို့လား"

"ခင်ဗျား ဘယ်သူလဲ"

"မင်းပစ္စည်းကို လာဝိုင်းသယ်ပေးတာ မှတ်ပုံတင် ထုတ်ပြရဦးမှာလား"

အရေးထဲ မိုးရေထဲမှာ ရန်ဖြစ်နေရသေးသည်။ သူ့ဆီက အဖြေမရဘဲ မေးခွန်း ပြန်ထုတ်လိုက်ကာမှ ဒီအသံ ဒီပုံစံကို ဝေး သတိထားမိသွား၏။

မျက်နှာပေါ်က မိုးရေစက်တွေကို ဖယ်ချလိုက်ရင်း သေချာကြည့်မိလျှင် ...

"ခင်ဗျား ..."

"ဟုတ်တယ်၊ ငါက အောက်ထပ်မှာနေတာ၊ ကဲ .. 'မ'စမ်းပါကွာ"

"မဟုတ်ဘူး၊ ခင်ဗျားက လေယာဉ်ပေါ်မှာတွေ့တဲ့ ..."

"အဲဒါလည်းဟုတ်တယ်၊ ဘာလဲ .. ကူညီဖို့မလိုဘူးလား၊ ပြီးရော.."

တဆဆဟန်ပြင်နေရင်းနဲ့ စစ်ဆေးခံနေရသဖြင့် နည်းနည်းတော့ တင်းလာမိသည်။ ထို့ကြောင့် ပြန်ချထားခဲ့ပြီး ဆံပင်တွေ နဖူးပေါ် သပ်တင်လိုက်ရင်း ချာခနဲလှည့်လာခဲ့၏။

"နေပါဦး"

ဝေး သူ့ကို ပြန်ခေါ်လိုက်မိပြီး ...

"တစ်ဖက်လောက် ဝိုင်း'မ'ပေးပါ"

ခေါ်လိုက်တော့လည်း ပြန်လှည့်လာ၏။ ပြီးတော့ ဘာမှမပြောဘဲ ဘေးတစ်ဖက်ကနေ ဝင်ဆွဲကာ ...

"ဘာတွေမို့လို့ ဒီလောက်အများကြီး .."

"ပစ္စည်းတွေပါ"

www.burmeseclassic.com

www.burmeseclassic.com



"ပစ္စည်းတွေ[illegible]တော့ သိတာပေါ့ကွ၊ အသံတွေကြားရတာ ဟန်. ကန်ခွက်ယောက်ချေလားလို့"

"နည်းနည်းတော့ပါတယ်"

သူက ဖျတ်ခနဲလှည့်ကြည့်သည်။ ဘာမှမမေးဘဲ ပြန်လှည့်[illegible] ကာ အိမ်ခေါင်းရင်းကာနေပတ်ပြီး ဆေးလှေကားထိရောက်[illegible]

"ကဲ .. လှေကားက သေးသေးလေး၊ မင်းဟာကို ဘယ်လိုတင် မလဲ"

မိုးတွေက သည်းနေသည်။ အိမ်ရဲ့ပတ်လည်မှာ အုတ်ဆောင်တွေ အပြန့်ကျယ်ကြီးထုတ်ထားသဖြင့် အရိပ်တော့ရသည်။ မိုးသည်းနေတော့ လူကို မိုးမလုံပေ။

ထိုပြင် လေကားက လှေကားထစ်သေးသေးလေးတွေနှင့် တစ်ကိုယ်စာ ဆင်းလို့တက[illegible]ရရုံ ကျဉ်းကျဉ်းလေး။

"ကျွန်တော်တို့ နည်းနည်းမြှောက်ပြီး 'မ'သွားရင်ရော .."

"လုပ်မနေနဲ့တော့ကွာ၊ ဒီမှာပဲ ချထားခဲ့စမ်းပါ၊ မင်း ဒီတိုင်းတက်သွားပြီး အေးဆေးနားနေလိုက်၊ မိုးတိတ်မှပဲ ကြည့်လုပ်တာပေါ့၊ ငါက ရေစိုကြီးနဲ့ မနေတတ်ဘူး"

"ခင်ဗျား မိုးရေထဲမှာ ဆောလုံးမကာနိဖူးဘူးလား"

"အဲဒါက မိုးရေထဲမှာနေတာလေ၊ အခု စိုလိုက်ခြောက်လိုက်နဲ့ နွေးစိစိကြီး"

ပြောပြီး သူက လှည့်ထွက်သွား၏။ ဝေး ကတော့ သူပြောသလို မထားခဲ့နိုင်ပေ။ ဒါကြီးကို မသယ်နိုင်လို့ပဲ သူ့အကူအညီကို ယူလိုက်ရတာဖြစ်ကာ နောက်ထပ်တစ်ခါ ပတ်သက်ဖို့အကြောင်း ဖန်လို့တော့ မဖြစ်။

ထို့ပြင် ဒီလူနဲ့ လေယာဉ်ပေါ်မှာ ဆုံခဲ့သည်။ ဒီမှာ ပိုက်ဆိုင်ဖွ လာထပ်တွေ့ခဲ့တာဟာ မရိုးသားမှုဆိုလျှင် ...

"ဟော့ကောင် .. မင်း ဘာလုပ်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟင်!...၊

တစ်ယောက်တည်းကျန်ခဲ့သည်ထင်ပြီး သေတ္တာကို အရိပ်ဘက် ပြန်ဆွဲ၍ဖွင့်လိုက်ကာမှ ...

"ဘာဂဏ် .. မင်း တစ်ခုစီခွဲသယ်မလို့လား"

"ဟို .."

"မင်းကွာ၊ မိန်းမကျနေတာပဲ၊ နိုင်ရင် 'မ'သွား၊ မနိုင်သေးရင် နိုင်အောင်ကြံပေါ့ကွ"

"ကျွန်တော့်ဘာသာ ဘယ်လိုလုပ်လုပ် ခင်ဗျား ကဲ့ရဲ့ဖို့မလိုပါဘူး"

"ကဲ့ရဲ့တာမဟုတ်ဘူး၊ မင်း ဒုက္ခများနေလို့ပြောတာ၊ အဲဒါတွေ ပြန်ထည့်လိုက်၊ ငါနဲ့ပဲ ..."

ပြောလက်စက ဒီမှာတင်ရပ်၏။ သူ့မျက်လုံးတွေက ပလတ် စတစ်ပုံးထဲက ပစ္စည်းတွေဆီ ရောက်သွားခဲ့ပြီး ...

"ဆားတွေ နနွင်းတွေပါ ပါတာလား"

"ပါတာ ဘာဖြစ်သွားနိုင်လို့လဲ"

"ဘုရားပန်းအိုးရော"

"ကျွန်တော်က ဗုဒ္ဓဘာသာ"

"ငါကလည်း မိစ္ဆာဒိဋ္ဌိမဟုတ်ပါဘူး"

"ခင်ဗျား ဘာဖြစ်ဖြစ် ဘယ်လိုနေနေပေါ့၊ ဘုရားပန်းကပ်ဖို့ ပန်းအိုးပါတာ ဘာဖြစ်လို့လဲ"

သူ့မျက်နှာက ပြုံးစိစိဖြစ်သွားခဲ့၏။ ပြီးတော့ ရေတတောက် တောက်ကျနေသည့်ဆံပင်တွေကို လက်နဲ့သပ်ခါပစ်လိုက်ရင်း ...

"လူပုံက နုဖတ်ဖတ်နဲ့ မိန်းမလျှာအလုပ်တွေ လုပ်မနေစမ်းပါနဲ့ ကွာ"

"ခင်ဗျား .."

"ဘာလဲ.. မီးဖိုချောင်ဝင်.. ဘုရားပန်းလဲ.. ပြီးရင် ..."

"ခင်ဗျား မကျူညီချင်နေ .. အပိုတွေ လာပြောမနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com


"တစ်ယောက်တည်းနေတာပဲ၊ ဆာရင် ဆိုင်ပြေးမယ်၊ ပြန်လာရင် ထိုးအိပ် .. ဒါပဲပေါ့"

"ခင်ဗျား ဒါပဲပေမယ့် ကျွန်တော် ဒါမဘဲဘူး"

"ဟား ဟား ဟား"

"ဖယ် .. မယ် .. ကျွန်တော့်ဘာသာ ဘယ်လိုသယ်သယ်"

"ဖောင်းသွားတာလား၊ အဲဒီလိုဖောင်းလွယ်ပိန်လွယ်တာလည်း ယောကျ်ားအလုပ်မဟုတ်ဘူး"

ဖောင်းရုံတင်မကဘဲ အဲဒီမျက်နှာကိုကြီး ဖောင်းခနဲရိုက်ပစ်ချင်နေတာ လက်တွေတောင်ယားလာသလိုပင်။

ဒါပေမယ့် သူက စလို့ကောင်းကောင်းနဲ့ စ,နေတာကို ကိုယ်က ခွေးပေါက်စလို လိုက်ဟောင်နေလို့ မဖြစ်။

ဒီလူ ကိုယ့်ကို မိန်းကလေးမှန်း ရိပ်မိရင်တော့ ဒီလိုစနောက်နေမှာမဟုတ်တာ တွက်မိ၍ ...

"ပြန်ထည့်လိုက်ပါကွာ၊ ငါပဲ လိုက်ပို့ပေးပါ့မယ်၊ တစ်ခုတော့ ရှိတယ်နော်၊ မင်းက ချက်ပြုတ်စားမယ့်ကောင်ဆိုရင် ငါ့အတွက်ပါ ထည့်စဉ်းစား .."

ဝေး ရဲ့ လှုပ်ရှားမှုလေး တုံ့ခနဲဖြစ်သွားသည်။

ဒီကိစ္စပေါ့လို့မဖြစ် ...၊

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ဟလို"

"စွမ်းလေး … မင်း ဘာလို့ ဘာမှအကြောင်းမကြားတာလဲ"

"အကြောင်းရှိမှ အကြောင်းကြားလို့ရမှာပေါ့ကွ"

"စွမ်းလေး"

"ခေါ်မနေနဲ့ ကိုလတ်၊ ပြောစရာရှိတာ မြန်မြန်ပြော … ငါ သိပ်နေမကောင်းဘူး"

"အံမာ … မင်းက ထူးထူးဆန်းဆန်း"

"ဟုတ်တယ်၊ ထူးဆန်းတာ မင်း ဆက်တွေးလိုက်ဦး၊ ဒါပဲ"

"ဟေ့ကောင်"

စွမ်းလတ် မချင့်မရဲကျန်ခဲ့ပြန်ကာ …

"တောက် …"

"မမေးလိုက်ရဘူးလား"

"မင်း မကြားဘူးလားကွာ"

ညီအစ်ကိုသုံးယောက် လျှို့ဝှက်ဆုံမိကြရင်း ဘယ်သူ့မျက်နှာမှ ကြည်လင်ရွှင်ပျဟန်မရှိ …၊

မိုတယ်လ်တစ်ခု၏ခေါင်မိုးက ရပ်စထရန့်မှာ သီးသန့်နေရာယူပြီး ဆုံခဲ့ကြတာဖြစ်သည်။ အမြဲတမ်း ဖခင်၏အမိန့်တစ်ရပ်အောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားခဲ့ပေမယ့် ဒီနေ့ ဒီမှာဆုံကြပြီး စွမ်းလေး ဆီ ဆက်သွယ်တာက တော့ ဘယ်သူ့အမိန့်မှ မပါခဲ့ပေ။

"ဒီကောင် ရန်ကုန်မှာ ငြိမ့်နေတာကွ"

"မင်း ခုမှသိလား၊ ဒီလိုနေရာမျိုးကို စွမ်းလေး ပဲ ရတာ၊ ငါတို့က အမြဲတမ်း အမှောင်ထဲမှာပဲ"

"ဘာလဲ.. ဒီကောင်က ရုပ်ချောလို့လား၊ မိဘကို နှာခံမှုမရှိဘဲ ထင်ရာလုပ်တတ်နေလို့လား၊ သားလိမ္မာဆိုတဲ့ကောင်တွေ ဒီလောက်ပဲ နေရာရတာဆိုရင်တော့ ငါ ဆက်ပြီး မလိမ္မာချင်တော့ဘူး"

စွမ်းငယ် က နာကျင်သံတွေနှင့် ရင်ဖွင့်၏။ စွမ်းငယ် ဆိုသည့် အတိုင်း သူ့မှာ ရုပ်ရည်ရှိပေမယ့် အရုပ်က ပုနေ၏။ စွမ်းလတ် ကျတော့ အရုပ်အမောင်း အနေတော်ရှိကာ ရင်ဘတ်အရမ်းကြီးပြီး အောက်ပိုင်း သေးသည့်ကိုယ်လုံးမျိုးဖြစ်နေသည်။

စွမ်းကြီးကတော့ လူလည်းထွားသည်၊ ကိုယ်လုံးကလည်း တုတ် တုတ်ခိုင်ခိုင်ဖြစ်ကာ လမ်းသွားလျှင် လက်နှစ်ဖက်ကားပြီးသွားတတ်ပုံ ကြောင့် သူ့ရဲ့ဂိုက်ဆိုက်ကိုက ကြမ်းပုံကြမ်းတမ်းကြီးဖြစ်နေခဲ့လေသည်။

ထို့ပြင် ရှက်ကြမ်းရေကျိုရုပ်ရည်တွေထဲမှာ စွမ်းကြီး ပဲ ရုပ်အဆိုးဆုံး။

စွမ်းငယ် ရဲ့စကားတွေကြောင့် ရုပ်ဆိုးသည့် စွမ်းကြီး မျက်နှာကြီး ပိုတင်းသွားကာ ...

"ချောတဲ့ကောင် မြို့မှာ သွားနေကြေးလား၊ ဒါဆို ဒီကောင့်ကို ရုပ်ဆိုးအောင်လုပ်ပေးလိုက်ရုံပေါ့"

စွမ်းငယ် နဲ့ စွမ်းလတ် က သူ့ကိုလှည့်ကြည့်ကြ၏ ။ ပြီးတော့ တစ်ယောက်မျက်နှာ တစ်ယောက်ပြန်ကြည့်ရင်း ...

"ဒီစကားတွေ အဖေ ကြားသွားရင်တော့ လုံးဝရှော့ခ်ရမှာ"

"ဟုတ်တယ်၊ စွမ်းကြီး .. ငါတို့က ဘဝပဲရှိတာ၊ ရှင်သန်မှုမရှိဘူး၊ ငါတို့တွေရဲ့ရှင်သန်မှုက အဖေပဲ"

သားတွေဖြစ်နေပေမယ့် အဖေရဲ့ ညာလက်ရုံးဆိုသည့် ဦးစကြာ

www.burmeseclassic.com

www.burmeseclassic.com



လောက်တောင် သူတို့ မျက်နှာမရကြပေ။ အဖေ ဆူသလို ဦးစကြာ က ဆူသည်။ အဖေ မရှိသည့်အခါ အပြစ်ကျူးလွန်မိရင်လည်း မသိလိုက်မသိဘာသာ ပြီးသွားတယ်လို့မရှိပေ။

ဦးစကြာ က အဖေ့ထက်ပိုပြီး အပြစ်ပေးကြမ်း၏။

"မင်းတို့ သူ ဆုံးမတာမခံချင်ရင် သူ့ထက်တော်အောင် ကြိုးစားကြ၊ သူ့ကို ငါ ယုံကြည်အားကိုးသလို မင်းတို့ကို ယုံကြည်လို့ရရင် ဒါတွေ မရှိတော့ဘူး"တဲ့။

စွမ်းလေးနဲ့ပတ်သက်ရင်တော့ အဖေက ဘာမှအပြောမခံခဲ့ပါ။

"ပိုချစ်လို့မဟုတ်ဘူး၊ မင်းတို့ထက် ပိုတော်လို့လည်းမဟုတ်ဘူး၊ ဒါပေမယ့် သူ ဒါတွေကို တတ်သင့်တယ်ထင်လို့"

ဤသို့ဆိုပြီး မြို့ပေါ်က ငွေဖြူဖော်ဖို့တည်ဆောက်ထားတဲ့ စီးပွားရေးလုပ်ငန်းတချို့မှာ စွမ်းလေး က သူဌေးသားအဖြစ်နဲ့ ထိုင်သည်။

သူတို့တွေ ပြဿနာတစ်စုံတစ်ရာပေါ်လို့ ဖုန်းလှမ်းဆက်ပြီဆို စွမ်းလေး က ဖြေချင်ဖြေ၍ လာချင်မှလာသည်။

"မင်းကို ဒါမျိုးတွေဖြေရှင်းပေးဖို့ ပြယုဂ်လုပ်ထားတာ စွမ်းလေး"

"ဟုတ်လား၊ အဲဒီလို ဟုတ်သလား ငါ ပြန်မေးလိုက်ဦးမယ်"

"ဟုတ်တော့ မင်း ဘာလုပ်ချင်လို့လဲ"

"ဘာမှမလုပ်ချင်ဘူးလေ၊ လုပ်ပေးဖို့အတွက် ငါက ထိုင်စောင့် နေရတာဆိုရင် စောင့်လည်းမနေနိုင်ဘူး၊ မင်းတို့ခေါ်တိုင်းလည်း ပြေးပြေး မလာနိုင်ဘူး၊ ပြယုဂ်ဖြစ်ရတာ ရှုံ့ဖို့ကောင်းဆုံးပဲ"လို့ ပြောခဲ့တဲ့ကောင်။

သူတို့တွေ စွမ်းလေးအကြောင်းပဲ ကိုယ်စီတွေးလိုက်မိကြတော့...

"အခု စွမ်းလေးကို ရန်ကုန်လွှတ်လိုက်တဲ့ကိစ္စ ငါတို့ မသိလိုက်ရဘူး"

"သိသိ မသိသိ ငါတို့ ဘာတတ်နိုင်မှာမို့လို့လဲ၊ အဖေ့ကို အတိုက်အခံလုပ်ချင်တဲ့စိတ်တွေ မင်း လျှော့လိုက် စွမ်းကြီး၊ ငါတို့တွေက ငေါင်နို လောကသားတွေဖြစ်နေပြီ"

"အဲဒါ အဖေ ငါတို့ကိုပေးတဲ့နေရာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဖေကိုက ဒီလောကထဲကလူပဲမဟုတ်ဘူးလား၊ ငါတို့က ဒီလို ဘဝကို မရောက်ရင်လည်း ရွှေမင်းသားဖြစ်လာနိုင်မှာမှမဟုတ်တာကွာ"

"ဟုတ်တယ် စွမ်းကြီး၊ စွမ်းလေးကို မကျေနပ်တာ သပ်သပ်ထား လိုက်၊ အဖေ့ကို တိုက်ခိုက်ဖို့တော့ မစဉ်းစားပါနဲ့ကွာ၊ ငါက ကြောက် လွန်းလို့ပြောတာမဟုတ်ဘူး၊ တို့လို့သားသမီးမပြောနဲ့ သစ္စာဖောက်တဲ့ ကောင်တွေကိုတောင် အဖေ ... အလွတ်ပေးခဲ့တာမဟုတ်ဘူး၊ ပြီးတော့ ခြေမ မကောင်း ခြေမ ... လက်မ မကောင်း လက်မ ဆိုတဲ့စကား အဖေ့ ပါးစပ်က တစ်ခါမှမချဘူး၊ အဲဒါ မမေ့နဲ့"

ကိုလတ်နဲ့ကိုငယ်တို့က စွမ်းကြီးကို ဖျောင်းဖျဖို့ကြိုးစားနေကြ ၏။ စွမ်းကြီး မျက်နှာက မကြည်လင်။

"တောက် .."

တွေးနေရင်း တက်ခေါက်လိုက်ကာ ...

"ငါကလည်း အလုပ်ကိစ္စ မေးမလို့ပါ၊ ဟိုကောင်မလေးက မြန်မာ နိုင်ငံ ပြန်ရောက်နေပြီလား၊ မရောက်သေးဘူးလား မသိဘဲနဲ့ ငါတို့က စင်ကာပူနဲ့ ဂျပန်ကို ပတ်ပြေးနေရတယ်"

"စကြာကြီးတောင် မြေအောက်ရထားလိုင်းတွေထိ ဆင်းလိုက်နေ ရတာ ဒါကတော့ ငါတို့ ဆုံးရှုံးသွားတာတွေကို ပြန်ရဖို့ပဲ"

ဦးကျောက်စိမ်း က အင်အားလည်းကြီးသည်၊ ကိုယ်တိုင်ကလည်း တော်သည်၊ သူ့လက်ထဲမှာ ငယ်သားတွေ သစ္စာရှိကြတာက အပေး အကမ်း ရက်ရောခြင်းကြောင့်ဖြစ်၏။

သူ့တွက်ကိန်းက ... လုံး၏အင်အားက အရေးကြီးသည်။ ဒီ အင်အား အမြဲတောင့်တင်းနေဖို့အတွက် ရသမျှ ကိုယ့်အိတ်ထဲ ကောက် ထည့်လို့မဖြစ်။

ထို့ကြောင့် အချိုကြီးကြဲပြီဆို အားလုံးပဲ အချိုကြီးရကြသည်။ သူ ခိုင်းဖို့ခေါ်လိုက်တာနှင့် ဒီလူတွေအားလုံး သူ့ရှေ့မှာ ဒူးတုပ်ပြီးသား ဖော် လာရတဲ့အထိ အာဏာစက်ပြင်းတဲ့သူဖြစ်၏။

"ငါကတော့ ဒီတစ်ခါ အဖေ့ဆီမှာ မရမကကောင်းဆိုဖို့ ဆုံးဖြတ်

www.burmeseclassic.com

www.burmeseclassic.com



ထားတယ်၊ အဲဒါပြောချင်လို့ မင်းတို့ကို ခေါ်လိုက်တာ"

စွမ်းကြီးက အားလုံးတားနေသည့်ကြားက ဆုံးဖြတ်ချက်တွေ ဖြစ်နေခဲ့လျက် ...

"ငါတို့ထဲက တစ်ယောက်ယောက်တော့ ရန်ကုန်ကရုံးခွဲတစ်ခုခုမှာ ထိုင်လို့ရသင့်တာပေါ့၊ မဟုတ်ဘူးလား"

"ငါတော့ မထိုင်ချင်ပါဘူး"

"ဟုတ်တယ် စွမ်းကြီး၊ ဒီတိုင်းပဲကောင်းပါတယ်"

"မင်းတို့ ဘာဖြစ်ကြတာလဲ"

"ငါတို့လက်မှာ မကောင်းမှုတွေ စွန်းပေနေပြီပဲ၊ စိတ်ပျော့တာပဲ ပြောချင်ပြောတော့၊ ငါ အဲဒီလိုအသိုင်းအဝိုင်းတွေထဲ ဝင်မတိုးချင်တော့ဘူး"

စွမ်းလတ် က ခေါင်းခါနေသေး ဝန်ခံ၏။ ဒီတိုင်းနေတာ ငါတို့ အဖွဲ့ရဲ့ အကာအကွယ်ရှိတယ်၊ ဒီနယ်ပယ်မှာ ထင်သလို သွားလာသုံးစွဲလို့ရတယ်· မြန်မာနိုင်ငံမှာဆိုရင် ..."

"ဒါဆိုရင် ငါတို့က လူတောမတိုးတဲ့ဘဝရောက်ပြီး စွမ်းလေးက မင်းသားဖြစ်နေတာ ဘာကြောင့်လဲ၊ မင်းတို့ ဒါကျတော့ မတွေးမိဘူးလား"

အားလုံးကတော့ ပြောနေကြတာပင်၊ စွမ်းလေး က အဖေ့သားအရင်း ...

"မင်းတို့ တွေးနေကြတာ ငါသိတယ်၊ စွမ်းလေးက အဖေ့သားအရင်းပဲဖြစ်ပါစေဦး၊ အဖေကိုယ်တိုင်က ဟုတ်တယ်လို့ပြောခဲ့ဖူးသလား၊ ဒါကြောင့် ဒီကိစ္စကို ထည့်စဉ်းစားနေရာမလိုဘူး"

"ဒါကိုမစဉ်းစားရင် ဘာကိုစဉ်းစားချင်လို့လဲ၊ စွမ်းလေး က ဘွဲ့ရပညာတတ်၊ ငါတို့မှာ ဘာဘွဲ့မှမရှိဘူး၊ အဲဒါလည်း အဖေက သင်မပေးခဲ့တာမဟုတ်ဘူး၊ ငါတို့ကိုက နုတ်ထွက်ပါရစေ ပြောပြီး သူများတွေကို ဗိုလ်ကျကျော်ခွရတာတွေနဲ့ ပျော်နေခဲ့တာ"

"တော်တော့ စွမ်းငယ် ... မင်းတို့မှာ အမြဲတမ်း ဒီတိုင်းသွားမယ့် အမြဲအစဉ်တွေ ရှိခဲ့တာ ဘာဖြစ်လို့ ခုကျမှ လာပြောနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ခုမှ ဒါတွေကို လာမေးတာလေ"

စွမ်းကြီး မျက်နှာက ရန်လိုမှုတွေနဲ့ တင်းမာနေကာ ...

"မင်းတို့ စွမ်းလေးနဲ့ အဖေ့ကို အမြဲတမ်း မကျေနပ်ဖြစ်နေခဲ့တာပါ၊ ဘာလဲ .. ငါ့ဆီက စကားအစ်ပြီး ချောက်တွန်းချင်တာလား.."

"မဟုတ်ဘူး စွမ်းကြီး .. မင်း ငါတို့ကို ရစ်မနေနဲ့"

စွမ်းကြီးက ကိုလတ်နဲ့ စွမ်းငယ်ကို ကြည့်ပြီး ခေါင်းညိတ်လိုက်ကာ ...

"ဒါဖြင့် အခု စွမ်းလေး ဆိုတဲ့ကောင် ရန်ကုန်ကို ဘာသွားလုပ်တာလဲ အဖေ့ကို ငါတို့ မေးမယ်၊ ဘယ်လိုလဲ"

စွမ်းလတ်နဲ့ စွမ်းငယ် မျက်လုံးချင်းဆုံသွားပြန်၏။ ပြီးမှ ပြန်လှည့်၍ ...

"ဘာဆိုင်လို့လဲ"

"စွမ်းလေး ကို မြန်မာနိုင်ငံပို့လိုက်တဲ့ကိစ္စ ငါတို့ သိတယ် ဆိုတာရယ်၊ မကျေနပ်ကြတာရယ် အဖေ ရိပ်မိသွားမှာပဲ"

"အဖေ ရိပ်မိမှာကိုတော့ မကြောက်ပါဘူး၊ ဒါပေမယ့် သိရတော့ ဘာလုပ်မှာလဲ၊ ဘာမှ ပုပ်လို့မရတာကို ..."

"ဟုတ်တယ် စွမ်းကြီး၊ အဖေ့ကို ဘယ်သူမှ ပြန်လှန်မေးခွန်း မထုတ်ရဲကြဘူး"

"စွမ်းလေးနဲ့ စကြာကြီးတော့ မပါပါဘူးကွ"

ဘယ့်နှယ် စွမ်းလေး ကိုပဲ ဒီကောင် လှည့်ပတ်ခွေနေတာလဲ ...၊

မိမိ [illegible] ကိုယ်တွေ့ [illegible] ခဲ့သည့် ညီအစ်ကိုချင်းတောင် နားမလည်နိုင်အောင် ဖြစ်လာခဲ့ကြလေ၏။

"အဖေက သမ်းခါတခါလေ ငါတို့ညီအစ်ကိုသုံးယောက်ကိုပဲ အမြင် ချန်လှပ်[illegible]နဲ့ တူတယ်၊ မင်းတို့ အဲလိုမခံစားရဘူးလား"

"ခံစားရတယ်"

"ခံစားရပါတယ်၊ ဒါပေမယ့် စွမ်းလေးနဲ့ ယှဉ်ကြည့်ရင် ဟုတ်တယ်လေ"

www.burmeseclassic.com



"ကျန်တာကတော့ ..."

"သူ့တပည့်တွေ လက်ရုံးတွေလောက်တောင် ငါတို့ကို အရာမသွင်းတာတွေ မင်းတို့ မခံစားမိဘူးလား"

"ဒါကတော့ စွမ်းကြီးရာ .. ငါတို့လည်း အဖေနဲ့ ဘာတော်လို့လဲ"

ထိုစကားမှာ စွမ်းကြီး ကွက်ခနဲ မျက်နှာပျက်၏။ ပြီးတော့ စားစရာတွေ ရောက်လာကာမှ ဆတ်ခနဲထရပ်လိုက်ကာ ...

"ငါ ဘာပြောချင်သလဲဆိုတာ မင်းတို့ စိတ်မဝင်စားတာ ငါသိသွားပြီ"

"စိတ်ဝင်စားတယ်ကွ၊ မင်းက ရေပေါ်အရှပ်ရေးဖို့ကြိုးစားနေလို့ တားနေတာ၊ အကယ်၍ စွမ်းလေး က အဖေ့သားရင်းဆိုပဲ မှန်နေရင် ဒီကောင် ရုပ်ချောလို့ .. ပညာတတ်လို့ အခွင့်အရေး ပိုရနေတာဆိုရင် အဲဒါတွေက ငါတို့ လုယူလို့ရတဲ့အရာတွေလား"

"ဟွန်း"

စွမ်းကြီး က ကုတ်အင်္ကျီရှည်ကြီးကို ရင်ဘတ်ကနေ ဟန်ပါပါ ဆွဲပင့်လိုက်ပြီး မဲ့၏။

"စွမ်းကြီး .. မင်း အေးအေးပြန်ထိုင်စမ်းပါ၊ အားလုံးကို သူ့အတိုင်းပဲ ခထားပြီးစောင့်ကြည့်ဖို့ကြိုးစားပါမယ်"

စွမ်းလတ် က တွင်တွင်နားချနေရင်း မျက်နှာကလည်း ရှုံ့မဲ့လာကာ ...

"မင်း တော်တော်ဟန်မဆောင်တတ်တဲ့ကောင်ကွာ၊ အဲဒီလိုလူကို ရိုးသားလှချေရဲ့လို့ ဘယ်သူမျှ မချီးမွမ်းဘူးကွ၊ ဟန်ဆောင်လောကကြီး ထဲမှာ ဟန်ဆောင်နိုင်တာ မှသားမဟုတ်ပါဘူး၊ မင်းလိုပုံဆိုရင်တော့ အဲဒီလိုလူတွေ အရှုံးကြီးရှုံးမှာပဲ"

"ဘာကွ"

"ငါ မှန်တာပြောတာ၊ အရှိကိုအရှိအတိုင်းနေရင် အမွှမ်းပေးတဲ့ အတိုင်း လူတိုင်းနေမှာပေါ့"

ရှင်းရှင်းလေးပြောချလိုက်မှ စွမ်းကြီးရဲ့မျက်နှာပိတ်ပိတ်ကြီးတွေ

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်ပြေကျသွားခဲ့သည်။

"တို့လိုကောင်တွေ ဒီထက်ကိုတော်သင့်တာ၊ မင်းရင်ထဲက ဒေါသတွေကို မျိုသိပ်ထားလိုက်စမ်းပါ၊ မိဘမဲ့ဘဝနဲ့ အမှိုက်ပုံဘေးမှာ ခွေးအိပ်သလိုအိပ်နေခဲ့ရတဲ့ဘဝကနေ အဖေက ခေါ်ကျွေးထားခဲ့တာ"

"မင်းတို့ ဒါပဲ"

"အားလုံးက ဒါကိုပဲမြင်တာလေ၊ အခု ငါတို့ ဘာထပြောပြော ကျေးဇူးကန်းတဲ့ကောင်တွေဖြစ်ရုံပဲ"

"ငါတို့ အသက်စွန့်ပြီးရှာပေးခဲ့တာတွေလည်း နည်းလို့လား"

"အဖေကလည်း ပြန်ပေးခဲ့တာပဲ"

"စွမ်းငယ် .. မင်းတို့က ငါ့ကို အားမွေးထားဖို့ သည်းခံခိုင်းနေတာလား၊ အားလျှော့ပြီး ကျေနပ်နေလိုက်တော့လို့ ပြောနေတာလား"

"မင်း စဉ်းစားဖို့ပါ၊ ငါတို့ကတော့ အခြေအနေပေးရင် ပေးသလိုယူမယ်၊ မပေးသေးသရွေ့တော့ ဝေးလှချေရဲ့လို့မတွေးဘူး၊ ဘာမှထူးလာမှာမဟုတ်ဘူးလေ"

ဘာလို့မထူးရမှာလဲ ..၊

စွမ်းကြီး မျက်လုံးထဲမှာ အငြိုးအာဃာတတွေနဲ့ ပြည့်နှက်နေခဲ့၏။ သူ မကျေနပ်ဆုံးက စွမ်းလေး ..၊ လေးယောက်စလုံးကို စွမ်းထိပ်စီးနဲ့ နာမည်တွေပေးခဲ့ပြီးသားတောင် စွမ်းလေး ကျမှ 'ရေတက်ချိန်' ဆိုတဲ့ နာမည်လှလှပပနဲ့ ..၊

သူတို့ကတော့ ဘာလဲ ...။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ဒေါက် .. ဒေါက်"

"ဒုန်း"

နားထဲမှာ အတော်ကြီးကျယ်လောင်သွားမှ လူက ဆတ်ခနဲ လန့်နိုးသွားခဲ့သည်။

ဘာလဲ ..၊ ဘာသံလဲ ..၊

"ဘယ်သူလဲ"

"ငါပါ .. တံခါး ခဏဖွင့်စမ်းပါ"

ငါ ဆိုတာ ...၊

ဝေး ထိတ်ခနဲဖြစ်သွားသည်။ အောက်ထပ်ကလူ ..၊

အချိန်ကိုလှမ်းကြည့်လိုက်တော့ ည ဆယ်နာရီခွဲတိတိ ..၊

"ဘာကိစ္စရှိလို့လဲ"

"ဟား .. မင်းကို ငါ စားပြလာတိုက်တာမဟုတ်ဘူး၊ တံခါးခဏဖွင့်"

စားပြတိုက်ခံရမှာထက်ဆိုးသွားနိုင်တာ ဘယ်သူမှမသိ၊ ဝေး စိတ်ညစ်သွားကာ ကိုယ့်ကိုယ်ကို ပုံစံကျအောင် ကမန်းကတန်း ပြင်နေရသည်။

တစ်ယောက်နဲ့တစ်ယောက် နာမည်လည်းမမေးကြ၊ မိတ်မဆက်

www.burmeseclassic.com

www.burmeseclassic.com



ကြပေမယ့် ရင်းနှီးနေကြကာ သူ့ဘက်ကကြည့်တော့ ယောကျ်ားလေးချင်း ...။

တံခါးနားရောက်နေကာမှ ကိုယ့်ကိုယ်ကို သေချာပြန်ငုံ့ကြည့်မိပြန်သည်။ ပြီးမှ တံခါးကို အနည်းငယ်ဟလိုက်ပြီး ...

"ဘာဖြစ်လို့လဲ"

"ငါ ခေါင်းတွေအရမ်းကိုက်နေလို့"

"ဆေးသောက်လိုက်ပေါ့"

"မင်းပြောမှပဲ"

"ပြောရုံပဲတတ်နိုင်တာလေ၊ ကျွန်တော်က ဆရာဝန်မှ မဟုတ်တာ"

"ဟ .. အော့ပို့စ်တွေ ပြောလှချေလား၊ တော်တော်မင်ရည်ကျဲတဲ့ကောင်"

"ဟာ .. ခင်ဗျား ဘာလုပ်တာလဲ"

ပြောပြောဆိုဆိုနှင့် သူ့လက်ကိုဖယ်ချလိုက်ပြီး အထဲဝင်လိုက်သဖြင့် ဆေး ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။ နောက်ကနေဆွဲထားမိမလိုဖြစ်သွားပြီးမှ လက်ကို ပြန်ချလိုက်ရကာ ...

"ခင်ဗျား ပြောရင် မကြိုက်ဘူး"

"ဒီလောက်ထိ အပြောခံနေခဲ့တာ မင်းကျမှနော် .. မယုံမရှိနဲ့"

"မယုံဘူး"

စိတ်တိုလာသဖြင့် ဟန်ဆောင်ဆက်ဆံပေးဖို့တောင် မေ့သွားခဲ့၏။ အခန်းထဲကိုဝင်သွားလိုက်တာ လူမှုရေးဆိုတာကိုရော သိရဲ့လား၊ စည်းကမ်းကလနားလည်း နားလည်ပုံမပေါ်။

ဒါကို ဒီလိုအပြောမခံခဲ့ဖူးဘူးဆိုတာ ယုံစရာလား ...။

"မင့်အခန်းကလည်း အပေါ်ဆိုပေမယ့် ငါနဲ့အတူတူပါပဲ"

"ဘယ်အခန်းကပိုကောင်းသလဲ လာကြည့်ဘာလား"

ဝေး ရဲ့မေးခွန်းကြောင့် တောက်လျှောက်ဝင်သွားသည့် သူ့ခြေလှမ်းတွေ ချက်ချင်းရပ်သွားသည်၊ ပြီးတော့ နောက်ကိုလှည့်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်ကြည့်၏။

"မင်း ငါ့ကို တော်တော်ကြည့်မရဖြစ်နေတဲ့ပုံပဲ"

'ဟုတ်တယ်'လို့မဖြေပေမယ့် ဆေး က ခပ်တည်တည်ပြန်ကြည့်ပြီး မျက်နှာလွှဲပစ်၏။ သူက ထိုမျက်နှာကိုကြည့်နေပြီး ခပ်မဲ့မဲ့ဖြစ်သွားလျက်...

"မင်းဘက်က ဘယ်လိုမှန်းမသိပေမယ့် ငါ့ဘက်ကတော့ မင်းကို မြင်မြင်ချင်း ရင်းနှီးသွားတာ၊ ပြီးတော့ကွာ .."

သူက တစ်ခုခုကိုပြောရခက်နေသလို နဖူးတစ်ချက်ခြစ်လျက်...

"ငါပြောရင် မင်း နားလည်မှာမဟုတ်ဘူး၊ ငါ့အတွက် အရပ်သား သူငယ်ချင်းတစ်ယောက် မထင်မှတ်ဘဲရလိုက်တာကို ကျေနပ်တယ်"

"ဘာ"

သူ့စကားကို ဆေး ရဲ့အကြည့်တွေက သရော်လှောင်ပြောင်ဟန်တွေနှင့် ...

"ခင်ဗျား စိတ်ဝေဒနာရှင်တော့မဟုတ်ပါဘူးနော်"

"ဟွန်း"

"ဒါမှမဟုတ် ခင်ဗျားက ရုပ်ရှင်မင်းသားလား၊ စိတ်မနှံ့တဲ့လူတွေလို ကိုယ့်ကိုယ်ကိုယ် ရာဇဝင်ထဲကထွက်လာတဲ့ ပရင့်(စ်)လို့ ထင်နေတာ လား"

"သေချာတာကတော့ ငါ မရူးဘူးဆိုတာပဲ"

ဆေး က မဲ့ပစ်လိုက်ပြီး ရှိုးကေ့စ်ပုလေးရှိသည့်ဘက်ကို လှည့်သွား၏။ ပြီးတော့ ဒီတိုင်းတင်ထားဆဲရှိသေးသည့်အိတ်တစ်ခုကိုဖြေကာ အထဲက ဆေးပုလင်းတွေ တစ်ခုပြီးတစ်ခု ဆွဲထုတ်ချ၏။

ပြီးမှ ကဒ်လေးတစ်ခုထဲက ဆေးတစ်လုံးထုတ်ယူလိုက်ပြီး သူ့ဆီ ပြန်လှည့်၍ ...

"ရော့ .. အကိုက်အခဲပျောက်ဆေး သပ်သပ်တော့မရှိဘူး"

"အဲဒါ ဘာဆေးလဲ"

www.burmeseclassic.com

www.burmeseclassic.com


မမေးရင်တော့ ပြောဖို့ပေမယ့် မေးလိုက်တော့ စိတ်တိုသွား၏။
"မသက်သာရင်လည်း မသောက်နဲ့လေ"
"ဆေးနာမည်တော့ပြောမှပေါ့ကွ"
"မသိဘူး"
"ဒီလောက် ပုလင်းတွေအများကြီးဆောင်ထားပြီး ဆေးနာမည်တွေ မသိဘူးလား"
"ကိုယ့်သဘောတနဲ့ကိုယ်ပေါ့"
"ပေး"
သူ မယူလို့ ဝေး ပြန်လှည့်လိုက်မှ လက်ဖြန့်တောင်းသည်။
"ခေါင်းကိုက်နေတာကို ဒါသောက်လိုက်ရင် ပျောက်မှာမို့လို့လား"
"ထင်ရတာပဲ"
သူက ဆေးကို တစ်ချက်ငုံ့ကြည့်သည်။ ပြီးမှ ဆိုဖာပေါ်မှာသွားထိုင်ချလိုက်ပြီး အဆင်သင့်ရှိနေသည့် ရေချိုင့်ထဲကရေကို ထည့်သည်။
"ယူသွားလေ၊ ခင်ဗျားကို ဆေးပေးတာ ဆေးသောက်ပြီး တစ်ခါတည်းနားလို့ရအောင်"
"မြန်မြန်ပြန်စေချင်လို့မဟုတ်ဘူးလား"
"သိရင်လည်းကောင်းတာပေါ့၊ ဖွင့်ပြောရရင် အဆင်ဆိုးဦးမယ်"
"မဆိုးပါဘူး၊ မင်းက အဲဒီလိုကောင်မှန်း ငါသိပါတယ်"
"ဘာ"
"ငါကလည်း ခုမှ မျောက်အုန်းသီးရသလိုဖြစ်နေတာ၊ မင်း နှင်လွှတ်နေတာသိပေမယ့် မပြန်ချင်သေးဘူး"
စိတ်တိုနေခဲ့သည့် အပေါ်ယံဒေါသက ဝေး ရဲ့ရင်ဘတ်ထဲထိ ဒိတ်ခနဲ ဝင်ဆောင့်၏။
ဒီလူ သူမ မိန်းကလေးဆိုတာကို ရိပ်မိနေတာလား၊
အတွေးကြောင့် အန္တရာယ်ဆိုသည့်အသိက ခေါင်းနားပန်းကြီးသွားစေလျက် ...

www.burmeseclassic.com

www.burmeseclassic.com



"လာပါ ထိုင်စမ်းပါ၊ မင်းနဲ့ငါ နာမည်တွေတောင် မပြောရသေးဘူး"

"ခင်ဗျား တံခါးထုနေတုန်းကတော့ ခေါင်းတွေကိုက်လို့ သေတော့မယ့်ပုံနဲ့ပါလား"

"ဟုတ်တယ်၊ မင်းကို ငါခေါ်နေတာကြာပြီ၊ နာမည်လည်းမသိတော့ 'ဟေ့ကောင်' ချည်းပဲခေါ်ရတာလေ၊ ခေါ်မရလွန်းလို့ တံခါးကို ထုလိုက်ရတာ"

ဖြစ်နိုင်သည်။ သူမ ညနေစောင်းတည်းက ဝင်အိပ်နေလိုက်တာ တစ်ရေးမှကို မနိုးခဲ့တာဖြစ်၏။

ဂျပန်မှာ ရန်သူ့လက်က လက်မတင်လေးလွတ်မြောက်ခဲ့ရသည့်နောက်မှာ စားကောင်းခြင်းမစားရ၊ အိပ်ကောင်းခြင်းမအိပ်ရသော ညစဉ်ရက်ဆက်အတွက် အတိုးချအိပ်လိုက်မိတာ တကယ်တော့ စိတ်ဒုံးဒုံးချပြီး အိပ်လိုက်တာမဟုတ်ပေ။

"မင်းပုံစံက ဒီဇာကြောင်တတ်မယ့်ပုံပေါ်ပေမယ့် အိပ်ရေးကြီးတဲ့ပုံတော့ မပေါက်ပါဘူး၊ ဒါပေမယ့် တော်တော်နှိုးလိုက်ရတယ်"

"မရမက နှိုးထုတ်နိုင်တဲ့ ခင်ဗျားအရည်အချင်းကိုလည်း လေးစားပါတယ်"

"ငါ ပြောပြီးပြီပဲ၊ မင်း ခင်ချင်ချင် မချင်ချင် ငါက မင်းကို ခင်တယ်၊ မိတ်ဆက်မထားပေမယ့် ရင်းနှီးကြပြီးသား"

"ကျွန်တော်က အပေါင်းအသင်းမိတ်ဆွေ ထားတဲ့အကျင့် အရှိဘူး"

"တစ်ယောက်နဲ့တစ်ယောက် ခင်မင်ကြတာ အကျင့်ပါလို့မှ မဟုတ်ဘဲ၊ ငါလည်း လူတွေကိုသိပ်ကြည့်လို့ရတာမဟုတ်ဘူးကွ၊ ငါ့ပတ်ဝန်းကျင်မှာ ဘယ်ကိုကြည့်ကြည့် ဒီမျက်နှာ ဒီလိုအပြုံးတွေနဲ့"

"ခင်ဗျား ဘာကိုပြောနေတာလဲ"

"မင်းသိမှာမဟုတ်တဲ့ ငါ့ပတ်ဝန်းကျင်ပေါ့"

"မသိဘူးထင်ရင်လည်း မသိတဲ့ဟာတွေ လာပြောမနေနဲ့ဗျာ၊ အဲဒီ

www.burmeseclassic.com


လိုပြောနေရတာ ဂုဏ်ယူနေတာလား"

"ဒီလောက်စိတ်ပျက်စရာကောင်းတာတွေကို ဂုဏ်ယူစရာလား ကွ"

သူက ဆေးသောက်ပြီး ဖန်ခွက်ကို အသံမြည်အောင် ပြန်ချလိုက်သည်။ ပြီးတော့ ...

"စကားတော့မစပ်ဘူး၊ ဒါပေမယ့် ငါ့နာမည်က ရေတက်ချိန်တဲ့"

"ဟမ်"

"ဟုတ်တယ်၊ ရေတက် လို့ ခေါ်တဲ့လူလည်းရှိတော့ ထော်လော်ကန့်လန့်ပဲ၊ ဒါပေမယ့် အဲဒါ ငါ့နာမည်၊ မင်းကရော .."

"နေ .."

"ဘာရယ်"

သူ ထပ်မေးပေမယ့် ဝေး က ထပ်မဖြေဘဲ တစ်ဖက်ကို လှည့်ထွက်သွား၏။ ဂျင်းဘောင်းဘီနဲ့ ရှပ်အင်္ကျီလက်ရှည်အပြာကွက်ကို ဝတ်ထားကာ အင်္ကျီလက်တွေက ကြယ်သီးလည်းမတပ်၊ ခေါက်လည်းမတင်ထားဘဲ ဒီတိုင်း ဖိုးလိုးဖက်လက်ကျနေ၏။

ဆံပင်ဂုတ်ထောက်က ပြောင်းဖူးမွေးတွေလို ရွှေရောင်ဝါလက်နေသဖြင့် ဖြူဝင်းနေသည့် မျက်နှာသွယ်သွယ်လေးနဲ့ လိုက်ဖက်ပါသည်။ ဒါပေမယ့် ယောကျ်ားမဆန်စွာ သွယ်နွဲ့နေတာက ကြည့်ရတာ တစ်မျိုးဖြစ်နေ၏။

ဒါကြောင့်ပဲ သူ့အမြင်မှာ ကိုယ့်ရဲ့ညီတစ်ယောက်လိုမျိုး ဦးစားပေးအဆင့်ထိ ချထားပြီး သည်းခံနားလည်ပေးခဲ့တာပါ။

ချိန် ဆိုသည့် လူတစ်ယောက် ဘယ်လောက်ထိ သည်းမခံတော့ခဲ့သလဲဆိုတာ နောက်များမှ ပြောပြပါဦးမည်။

"အေးပါ၊ မင်း မဖြေချင်လည်းနေပေါ့၊ မင်းနာမည် နေ့ ဖြစ်ဖြစ် ည ဖြစ်ဖြစ် .."

www.burmeseclassic.com

www.burmeseclassic.com



"နေ .. နေရောင် ကို ပြောတာ"

ဒေါက်ဆတ်ဆတ် ဆေး ရဲ့အသံကြောင့် သူ့မျက်လုံးတွေ ရယ်မြူး ရိပ်တစ်ချက်ထင်သွား၏။ သို့သော် ...

"အိုခေ .. တစ်လုံးတည်းနဲ့ ဘောင်းဘီကျပ်နေတာ .. အဟွန်း"

"စကားပြောတာ အညှိအဟောက်တွေ မပါစမ်းပါနဲ့"

"ဟင် .."

မိန်းကလေးမို့ နားရှက်စရာတွေဆို သည်းမခံနိုင်၊ လွှတ်ခနဲ ပြော လိုက်မိပြီးမှ ဆေး မျက်နှာလွှဲထွက်ခဲ့မိ၏။ ဘယ်လောက်ပဲ သတိထားပေ မယ့် ဒီလူ မျက်နှာပြောင်တာမျိုးနဲ့ သူမ လွယ်ပါ့မလား။

"အဟွန်း"

ကိုယ့်ဘာသာ စိတ်မလုံဖြစ်နေတုန်း သူ့ရယ်သံကြောင့် ဆေး ဖျတ် ခနဲ လှည့်ကြည့်မိ၏။

"ဘာရယ်တာလဲ"

"ငါပြောလိုက်တာကို စဉ်းစားကြည့်တာပါ၊ ညှီစရာ ဟောက်စရာ ဘာပါသွားသလဲလို့"

သူမ မျက်နှာကို တင်းတင်းထားလိုက်ပြီး ...

"ပါတယ်၊ ယောကျ်ားလေးချင်းဆိုပြီး ခင်ဗျား ထင်ရာတွေ ပြော ချင်လို့မရဘူး၊ ပြောချင်ရင် တခြားကောင်တွေနဲ့ သွားပြော"

"မင်းကြည့်ရတာ ပျော့ဖတ်ဖတ်နိုင်ပေမယ့် ဂေးတော့ မဟုတ် လောက်ပါဘူး"

"ဒီမှာ"

"အင်း"

"ယောကျ်ားလေးတိုင်း ပါးစပ်မသရမ်းဘူး"

"ဟုတ်တယ်"

"ကျွန်တော်က အစ်မတွေ အဒေါ်တွေနဲ့ ကြီးပြင်းခဲ့ရတာ"

"အဲဒါကြောင့် ခြောက်လုခြောက်ခင် ဖြစ်နေတာကို ဝန်ခံတာလား"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနော်"

သူက မျက်ခုံးတွေပင့်ထားရင်း ပြုံးစိစိနှင့် ...

"မေးကြည့်တာပါ"

"ခင်ဗျား မတည့်အောင် လျှောက်မပြောနဲ့၊ ကျွန်တော်ကလည်း ဘယ်သူနဲ့မှ သင့်မြတ်ချင်တာမဟုတ်ဘူး"

"တစ်ယောက်တည်းနေရတာ ကောင်းလို့လား"

"ကောင်းကောင်း မကောင်းကောင်း ခင်ဗျား ပူစရာမလိုဘူး"

"အေးပါ၊ မင်း မသင့်မြတ်ချင်ရင်လည်း ငါကပဲ သင့်မြတ်ဖို့ ကြိုးစားရမှာပေါ့၊ မင်းက ငါလိုချင်တဲ့ ငါ့ရဲ့ ပထမဆုံးသူငယ်ချင်းပဲ"

မခင်ချင်ဘူး ပြောနေသည့်ကြားက ဖွတ်တရွတ် ခင်ချင်နေတာကို ဝေး အသည်းတွေ့ယားလာမိသည်။ ပြန်ပါလို့ ဖွင့်ပြောတာလည်း မရ၊ မခင်ချင်ပါဘူးပြောတာတောင် ဂရုမစိုက်တဲ့လူ၊ ဒီလူ ကိုယ့်ကို လာကပ် တွယ်နေတာ ရီးသားရဲ့လား၊

သူ့ပုံစံက ဝေး ကို မိန်းကလေးမှန်းသိနေတာမျိုးနဲ့တော့ မတူပေ၊ ဒါဆို ဒီလူက ယောကျ်ားလေးတွေကိုမှ သဘောကျနေတာလား၊

ဒါလည်း လွယ်ကူတဲ့ကိစ္စ မဟုတ်ပေ၊ ကိုယ့်အတွက် ဘယ်ဘက် ကမှ အသက်ရှူချောင်ဖွယ်မရှိသည်မို့ ဝေး ဘာလုပ်ရမှန်းတောင် မသိ တော့ပေ။

"နေ .. မင်းကြည့်ရတာ အိပ်ရေးဝနေတဲ့ပုံပါ၊ ငါတောင် တစ်ရေး မှမအိပ်ရသေးဘူး၊ ဒါပေမယ့် ငါက မအိပ်ချင်ဘူးဖြစ်နေလို့ မင်းနဲ့ စကားပြောချင် ..."

"ရေတက်ချိန်"

"အဲလိုခေါ်မလို့လား၊ ငါက မင်းထက်တော့ ကြီးမယ်ထင်တယ်"

"နာမည်ခေါ်တာလေးကျမှ ရိုသေခံချင်မနေပါနဲ့၊ ခင်ဗျားကျွန်တော့် ကိုကြည့်ပြီး တစ်ခုပြီးတစ်ခု ဝေဖန်သုံးသပ်နေတာတွေ ကျွန်တော် မကြိုက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် .."

"အဓိကအချက်ကို ပြောပြတာ"

"အိုခေ .. အဓိကမဟုတ်တာ ဆက်ပြော"

"ကျွန်တော်က လူသတ်မှုနဲ့ ထွက်ပြေးနေရတဲ့ကောင်"

"ဟွန်း"

မျက်နှာကိုစိုက်ကြည့်ပြီး ချိန် က ပြုံးသည်။ ဝေး မကျေနပ်ပေမယ့် ထိုအပြုံးကိုတော့ ဥပေက္ခာထားလိုက်ရကာ ...

"အဲဒီလူ သေသလား .. ရှင်သလား မသိဘူး၊ ကျွန်တော်လည်း ထောင်ကျမခံနိုင်ဘူး"

"ဒါကြောင့် ဒီမှာ တစ်လ ရှစ်သိန်းပေးပြီး လာငှားနေတာလား၊ မင်းက ဝရမ်းပြေးသူဌေးပဲ"

"သူဌေး မဟုတ်ပေမယ့် ကျွန်တော်က ကိုယ်စွမ်းကိုယ့်စနဲ့ ရပ်တည်နေတဲ့လူ"

ချိန့် မျက်နှာ ဒီစကားကြောင့် နည်းနည်းတော့ ပြောင်းလဲသွားခဲ့သည်။

"လူတိုင်းမှာ ကိုယ်ပြဿနာနဲ့ကိုယ့်အကြောင်းနဲ့၊ အထူးသဖြင့် ခုချိန်မှာ စကားများခြင်းက ကျွန်တော့်အတွက် အကြီးမားဆုံး အနှောင့်အယှက်ပဲ"

"ကိုယ့်ပြဿနာဆိုတာလည်း လူတွေနဲ့ပတ်သက်လာခဲ့တာပဲ မဟုတ်ဘူးလား၊ အများနဲ့မသက်ဆိုင်တဲ့လူအဖြစ် အခန်းတံခါးပိတ်ပြီး ထင်သလို ကြိတ်မှိတ်ခံစားနေမယ့်အစား ..."

"လူတိုင်းမှာ တစ်ယောက်တည်းနေချင်တဲ့အချိန်တွေ မကြာခဏ ရှိလာတတ်တယ်"

ဝေး က ပိတ်ပြောပစ်လိုက်သည်။

"ခင်ဗျားလည်း ရှိခဲ့ဖူးမှာပဲ"

သူ ခေါင်းညိတ်လိုက်မိသည်။ ဝေး က မဲ့ထားသည့်နှုတ်ခမ်းလေး

www.burmeseclassic.com

www.burmeseclassic.com



ခပ်လွန့်လွန့်နှင့် ...

"အဲဒါ ဘယ်လိုအချိန်တွေလဲ သိလား"

ချိန် နဲ့ သူမ မျက်လုံးချင်းဆုံသွားသည်။ မကျေနပ်စိတ်နှင့် သတိလက်လွတ်ကြည့်နေမိပြီးမှ ဖေး ကပဲ မျက်နှာလွှဲပစ်ကာ...

"ကိုယ့်ကိုယ်ကိုယ် နားလည်ချင်တဲ့အချိန်တွေမှာ ဘေးလူ မလိုအပ်ဘူး"

"အဲဒီအချိန်တွေ ငါ့မှာ မင်းထက်များပါတယ်"

ပြောပြီး ချိန် က နေရာမှ ထရပ်လိုက်သည်။ ရယ်မြူးရိပ်တို့ ရှိနေတတ်သည့် မျက်နှာ တည်တံ့ခိုင်ကြည်နေခဲ့လျက် ...

"မင်းမှာ မိဘတွေ ရှိနေသေးလား မရှိတော့ဘူးလား မသိဘူး၊ ငါကတော့ မိဘဆိုတာ ဘာမှန်းမသိဘဲ ရှင်သန်ခဲ့ရတဲ့လူ၊ အများသူငါတွေအတွက် လိုအပ်နေတာမှန်သမျှ ငါ့မှာ အလျှံအပယ်ရှိတယ်၊ ဒါပေမယ့် ပေါများတာကို လူတိုင်း မကြိုက်ပါဘူး"

ရင့်သန်နေသည့်ခံစားချက်တွေက သူ့အသံတွေကို အေးစက် ခက်ထန်နေစေကာ...

"မလိုတာတွေကို မလိုချင်တဲ့အတိုင်း နေခွင့်မရှိတာလည်း ငါ မုန်းတယ်၊ ဘာလိုအပ်သလဲလို့ ဘယ်လိုမေးမေး ငါ ပြောချင်မှပြောမှာပေါ့၊ မေးခွန်းတစ်ခုထွက်လာဖို့ လွယ်ပေမယ့် မေးခွန်းတိုင်းအတွက် အဖြေမရှိဘူး၊ ကိုယ်ဖြေနိုင်တာကို ဖြေလိုက်ပေမယ့် မေးခွန်းရဲ့ အဓိက လိုအပ်တဲ့အဖြေ ဟုတ်တာမဟုတ်တာလည်း ငါ စိတ်မဝင်စားဘူး"

ဒီလူလည်း ခပ်ရှုတ်ရှုတ်ပါလား ...၊

ဖေး က နားထောင်နေရင်း သူ့မျက်နှာကို စိုက်ကြည့်နေခဲ့၏။

"ငါ ဖြေချင်သလိုဖြေတယ်၊ ဖြေချင်မှဖြေမယ်၊ နေစေချင်သလို မနေဘူး၊ ငါနေချင်တဲ့အတိုင်း နေမယ်၊ အဲဒါတွေကြောင့် ရေတက်ချိန်ဆိုတဲ့ကောင်က ကျေးဇူးမသိတဲ့ အရိုင်းအစိုင်း .."

"အရိုင်းအစိုင်းဖြစ်ရတာ မကောင်းမှန်းတော့ ခင်ဗျား သိနေတယ်

www.burmeseclassic.com

www.burmeseclassic.com



မို့လား"

"ရှိင်းစိုင်းတာ မကောင်းပေမယ့် ငါ ရိုင်းနေသလား မနေဘူးလား ငါ့ကိုယ်ငါတောင် စိတ်မဝင်စားဘူး"

"ခင်ဗျားက မေတ္တာငတ်မွတ်နေတဲ့ လူတစ်ယောက်ဆိုတာ အဲဒီ လူတွေက ..."

"မင်းက ငါ့စကားတွေအရ ငါ့ကို မေတ္တာငတ်နေတဲ့လူလို့ ပြော လိုက်တာလား"

"ရှင်းနေတာပဲ"

"ရိုးရှင်းတဲ့အရာရာတိုင်းမှာ ရှုပ်ထွေးမှုတစ်ခုခုရှိနေတတ်တယ်"

"ကျွန်တော် စိတ်မဝင်စားတာ အဲဒီနောက်ကွယ်က အရာရာပဲ၊ သူများကိုလည်း စိတ်မဝင်စားဘူး၊ ကျွန်တော့်ကို စိတ်ဝင်စားတာလည်း မကြိုက်ဘူး"

"ဟွန်း"

"အဲလိုမရယ်စမ်းပါနဲ့၊ ကျွန်တော့်မှာ ဘယ်လိုအကျိုးအကြောင်း ရှိနေတယ်ဆိုတာ ခင်ဗျားကို ပြောပြီးသား"

"မဟုတ်သေးဘူး"

ချိန် ခေါင်းခါလိုက်တာကို တနို့နို့ဖြစ်ရသည့် ဒေါသမျက်နှာနှင့် ကြည့်နေမိသည်။

"မင်းမှာ ဒီ့ထက်အရေးကြီးတဲ့ လျှို့ဝှက်ချက် ရှိသေးတယ်"

"ခင်ဗျား လာ အစ်နေတာလား"

"အဲလိုလုပ်ရအောင် ငါက မင်းအကြောင်း သိချင်လို့ လိုက်နေတဲ့ သူမှမဟုတ်တဲ"

ပြောလို့ရမလား ...၊

ဝေး ကတော့ မပတ်သက်ချင်တာ တစ်ခုပဲ သိ၏။

"မင်းကို ငါ ပြောခဲ့ဖူးသားပဲ၊ သူများတွေအတွက် လိုအပ်နေပြီး ငါ့အတွက် မလိုအပ်တာတွေ ငါ့မှာ အလျှံပယ်ရှိတယ်ဆိုတာ၊ ဒါပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် ငါလိုချင်တာက ငါ့လိုမဟုတ်တဲ့ သူငယ်ချင်းတစ်ယောက်ပဲ"

"အဲဒီတစ်ယောက်က ကျွန်တော်မဟုတ်တဲ့ တစ်ယောက်ယောက်ကို ခင်ဗျား စိတ်ကူးသင့်တာ"

"ဟွန့်"

ချိန်က ရယ်လိုက်ပြီး နားထင်နှစ်ဖက်ကို လက်ချောင်းတွေနဲ့ ခပ်ဖိဖိထောက်၏၊ ပြီးမှ လက်ကိုပြန်ချကာ ...

"ဖွတ်ကိုခါချနေတာပါလား၊ မသိရင် ငါက ကောင်မလေး တစ်ယောက်ကို ..."

"ခင်ဗျား ထင်ရာပြောတာတွေ များနေပြီနော်"

"ဟုတ်တယ်၊ ငါ့ကိုယ်ငါတောင် အံ့သြနေတာ၊ တကယ်ဆိုရင် ကိုယ့်ရင်ထဲမှာ ထူးဆန်းတာတွေ ဘာပဲဖြစ်လာလာ သူများကို ဖွင့်ပြောဖို့ မသင့်ဘူး၊ ခုပဲ မင်း လက်မခံဘူးလေ"

"ဟုတ်တယ်"

"ရပါတယ်၊ ငါကလည်း အဲဒီလိုထူးခြားမှုကိုပဲ ကြိုက်တာ"

"ဘာ"

"ငါ့စိတ်ခံစားချက်ကို ပြောတာပါ၊ ဘာဖြစ်လို့လဲဆိုတာ မင်း ငါနဲ့ ကြာကြာပေါင်းရင် သိလာလိမ့်မယ်"

"ဘယ်သူက ပေါင်းမှာမို့လို့လဲ"

ချိန် က အသံထွက်အောင်ရယ်ပြီး တံခါးဆီ လျှောက်သွားသည်။ ပြီးမှ ပြန်လှည့်ရပ်လိုက်ရင်း ...

"အားနာနေရတဲ့အခြေအနေတစ်ခုက ပြောင်းလဲဖို့ခက်တယ်ကွ၊ နုတ်ထွက်ဖို့လည်း ခဲယဉ်းတယ်၊ မင်းကတော့ ငါ့ကို ပေါ်တင်ကိုက်ခိုက်နေတာ"

ပြောပြီး သူ့ဘာသာ တံခါးဆွဲဖွင့်၍ ထွက်သွား၏။ သူ ဘာပြောသွားတာလဲ။

တံခါးကို လော့ခ်ချပစ်လိုက်ပြီးမှ စေးဆိုဖာပေါ်မှာ စိတ်ပျက်

www.burmeseclassic.com

www.burmeseclassic.com



လက်ဖျက်ထိုင်ချလိုက်မိသည်။ ပြီးတော့ မျက်နှာငုံ့ပြီး လက်ဖဝါးတွေနဲ့ ဖိပွတ်နေမိ၏။

အနေဝေး ဆိုတဲ့ မိန်းကလေးတစ်ယောက်ဘဝမှာတော့ ဒီလို မျက်နှာငုံ့လိုက်လျှင် ခါးကျော်ကျော်ရှိသည့် ထူခဲသောဆံပင်တွေက ပခုံးကနေကျော်လွန်ပြီး ပါးရိုးနှစ်ဖက်ထိ ဖြာဆင်းလာတတ်၏။

ပြီးတော့ သူမ မချွတ်တမ်းဝတ်တတ်သည်က ဒီဇိုင်းသာပြောင်းပြီး အရောင်မရိုးသည့် အဖြူရောင် မြန်မာဝတ်စုံဖြစ်သည်။

အဖြူရောင်ကို ဝေး အကြိုက်ဆုံးဖြစ်သည်။ အဖြူရောင်ပေါ်မှာ တခြားအရောင် ရောလျှင်တောင် အရောင်ဖျော့ဖျော့မှိန်မှိန်လေးတွေပဲ ဖြစ်ကာ သူမကိုယ်ပေါ်မှာ အမြဲတမ်းလင်းနေတာက အဖြူရောင်ပဲ ဖြစ်၏။

မနိမ့်မမြင့် ဒေါက်ဖိနပ်က အစ အဖြူရောင် ..၊

ဆံပင်ကို ပြန့်ချထားခဲ့သေမယ့် စည်းနှောင်ထားသည့် တစ်ခါတလေမှာတောင် လက်ကိုင်ပဝါ၊ ခေါင်းစည်းကွင်း စသည်တို့မှာ တခြားအရောင် ပေါ်ခဲ့ရပေ။

ခုတော့ အနေဝေး ဆိုတာ ယောကျ်ားလေးတစ်ယောက်အသွင်နဲ့ ဖြစ်နေခဲ့ပြီမို့ ...

"ဟင် .."

ဖုန်းသံကြောင့် ဝေး ကိုယ်လေးမတ်ခနဲဖြစ်သွားသည်။ ဒီဖုန်းနံပါတ်ကိုသိတာ သူမနဲ့မှ သုံးယောက်သာရှိသည်။ ဖုန်းကို ဝမ်းသာအားရ ထုတ်ယူလိုက်မိကာ...

"ဟလို .."

"... ... ..."

"ဟုတ် .. ဟုတ်ကဲ့ .."

ချိန်းသည့်နေရာကို သေချာမှတ်ထားလိုက်ကာ မှန်ထဲ ပြေးကြည့်မိ၏။ မှန်ထဲမှာ ဆံပင်ဂုတ်ထောက် ဆံမြိတ်ပါးပါးနှင့် ခုခေတ် အလှ

www.burmeseclassic.com

www.burmeseclassic.com



အပကို ဂရုစိုက်နေကြသော လူငယ်တစ်ယောက်၏ စတိုင်လ်မျိုး။

သူမ ဒီလိုဘဝနဲ့ ဘယ်လောက်ထိနေရဦးမလဲ၊ ဖေဖေနဲ့ မတွေ့ရ၊ ခင်မင်သည့်မိတ်ဆွေအပေါင်းအသင်းတွေနဲ့ မဆုံရဘဲ ကိုယ် ဝါသနာပါသည့်အလုပ်ကိုလည်း စွန့်လွှတ်ထားရသည်။

ဒီအဖြစ်ဆိုးဟာ သူမအတွက် ငရဲပဲဖြစ်၏။ ဘာမှန်းမသိရဘဲ ဝရမ်းပြေးတစ်ယောက်လိုနေရသည့်အဖြစ်က ဘာအပြစ်ကို ကျူးလွန်ခဲ့လို့လဲ။

တစ်ယောက်တည်းတွေးရင်း အဖြေမရခဲ့သော ညတိုင်းမှာ သူမ ငုတ်တုတ်မိုးလင်းခဲ့ရ၏။ ဒီညတော့ သူမ အိပ်စက်ထားခဲ့ပေမယ့်လည်း....။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

အနက်ရောင်ရှပ်အင်္ကျီ အကွက်ပွပွနှင့် ဂျင်းဘောင်းဘီရှည်ကို ဝတ်ကာ လယ်သာချိုင်းပြတ်ဂျက်ကက်လေးကို ထပ်ဝတ်ထားလိုက်သည်။

ယောက်ျားလေးလို နေထိုင်သွားလာဖို့က မိန်းမစစ်စစ်ကြီးကနေ ပြောင်းလဲလို့မလွယ်တာတွေအတွက် စိတ်က မလုံချင်။

ထို့ပြင် မျက်မှန်အဖြူသေးသေးလေးကိုတပ်၍ ပါးစောင်ထဲမှာ စုပ်နှံ့ကားကပ်ထည့်ထားရသေးသည်။

အဆောင်းလျှားကန်ဆောင်မှာ လမ်းလျှောက်လာစဉ် မိန်းကလေးတွေက သူ့ကို သမင်လည်ပြန် ပြန်ကြည့်ကြ၏။ ပြီးတော့ တီးတိုးပြောကျွန်ရစ်ကြသည်။ တချို့က ရယ်သံလေးတွေ ချောင်းဟန့်သံတွေ ပေးကြပြီး ...

"ဟွန်း ... ဘု ... ဘု့ကိုချာနေရဲ့သိဘူး"

မကြားတကြား မေး၏။ ဒါဆို သေချာပါပြီ၊ သူမရဲ့ မြန်မာဆန်ဆန် အနေဝေး ဆိုတဲ့ မိန်းကလေး၂ ပျောက်ကွယ်ခဲ့ပြီ။

"အ ..."

"ဆောရီးကွာ၊ မတော်လို့ဟ"

လူတစ်ယောက်နဲ့ အင့်ခနဲ ဝင်တိုက်မိကာ ဝေး ယိုင်သွားပြီး ဖြစ်သွားတော့ ထိုလူက ပြန်ဆွဲထားပြီး တောင်းပန်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာက အစွန်ဆုံးခုံကစောင့်ဖို့ မှာလိုက်တယ်"

ဟင် ....၊

ထိုသူက ဝေး ကို မသိမသာပြုံးပြပြီးမှ ရှေ့ဆက်လျှောက်သွားသည်။ အန်ကယ်လ်သောင်းရဲ့လူပဲ၊ ဝေး ထိုနေရာကို တက်ကြွစွာသွားမိကာ ခုံမှာ အေးဆေးဝင်ထိုင်လိုက်သည်။

သိပ်မကြာခင် အန်ကယ်လ် လာတော့မှာကို သိထားသဖြင့် သိချင်တာတွေကို မေးမြန်းဖို့ သေချာစုဆောင်းနေမိ၏။

သို့သော် ...

"စွမ်းကြီးဖြစ်ဖြစ် .. ဘာကြီးဖြစ်ဖြစ် ငါသိတာ အကုန်ပဲ"

အသံကြောင့် ဝေး လှည့်ကြည့်လိုက်မိတာ သူမ အမှား၊

ချိန် က သူ့ဟာသူ မြက်ခင်းပေါ်ကနေ ထရပ်လိုက်ပြီး ဖုန်းပြောရင်း ဘောင်းဘီကိုခါချနေတာဖြစ်သည်။ ဝေး နဲ့ သူနဲ့ လမ်းကလေးရဲ့ဟိုဘက်နဲ့ ဒီဘက်မှာ နီးနီးလေး၊

သူမ လျှောက်လာခဲ့တုန်းကလည်း သူ့ကိုမမြင်သလို သူကလည်း ဝေး ကို မတွေ့ရင်တော့ ဒီတိုင်းထွက်သွားဖို့ရှိပေမယ့် ...

ကျွတ် ..

သွားပြီ .. သေလိုက်တော့ .. နင် ....၊

ဝေး ကို အမှတ်တမဲ့အကြည့်တစ်ချက်နဲ့ ဖြတ်သွားပြီးမှ နောက်ထပ် သေသေချာချာ ပြန်လှည့်ကြည့်ပြီး ...

"အဖေနဲ့ငါနဲ့ ပြောပြီးသားပါ၊ ဆေးထိုးဖို့ ကြိုးစားမနေနဲ့"

"... ... ..."

"မပြောနိုင်ဘူး၊ ငါ ဘာလုပ်ရမယ်ဆိုတာ ပို့လိုက်"

သူ ဖုန်းပြောခြင်းကို ဖြတ်တောက်ပြီး ဝေး ဘက်ကိုရောက်လာတာ ...

"မင်း တစ်ယောက်တည်းလား .."

"မြင်တဲ့အတိုင်းပဲ"

"ငါမေးတာက တစ်ယောက်ယောက်နဲ့ ချိန်းထားတာလားလို့"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားရော ချိန်းထားတာလား"

ပြန်မေးတော့ ချိန် က ပြုံး၍ ...

"မချိန်းပါဘူး၊ ချိန်းတွေ့တာတွေ ဝါသနာလည်းမပါဘူး၊ ငါ့ကို တွေ့ချင် ငါရှိတဲ့နေရာ လာဖို့ ခေါ်လိုက်တယ်"

ဖြစ်ရလေ ...၊

"ငါပြန်ချင်ရင် ထပြန်တယ်၊ စောင့်ရတဲ့အလုပ်ကိုလည်း ငါ့ဘက်က မလုပ်ဘူး"

ပြောနေရင်းနဲ့ ဝေးရဲ့ဘေးမှာ ဝင်ထိုင်လိုက်ကာ ...

"မင်း ချိန်းမထားဘူးဆိုရင် ..."

"တော်ကြာ လာမှာ"

သူက ဝေး ကို ဖျတ်ခနဲလှည့်ကြည့်သည်၊ ပြီးတော့ ပြုံးလိုက်ရင်း ရှေ့ပြန်လှည့်သွားကာ ...

"ကောင်မလေးနဲ့တွေ့မှာမို့လို့ စတိုင်လ်ထုတ်လာတာလား၊ ရုပ် ဖျက်တာလား"

ဝေး က မျက်မှောင်ကြုတ်သွားပြီး မဖြေ၊

"ဘာကြောင့်ဖြစ်ဖြစ် ပိုချောသွားတာတော့ အမှန်ပဲ"

ချောတယ် ပြောနေတာတောင် နှုတ်ခမ်းတွေ တင်းခနဲစေ့သွား တာက စိတ်တိုနေမှန်း သိသာစွာ၊

"မင်းက ချိန်းထားတာလား၊ သူ မလာသေးဘူးဆိုရင် ငါတို့ တစ်ခုခုသွားစားရအောင်"

"ကျွန်တော်က စားဖို့သောက်ဖို့လာတာမဟုတ်ဘူး"

"ငါလည်း စားဖို့လာတာမဟုတ်ပါဘူး၊ ဒါပေမယ့် ..."

"ကျွန်တော်က စောင့်ရမှာ၊ မလာမချင်း ထိုင်စောင့်မှာ၊ ခင်ဗျား လည်း ဒီမှာ အဖော်ရှိနေပေးဖို့မလိုဘူးဆိုတော့ စားချင်သောက်ချင်တာ ကိုယ့်ဘာသာ သွားစား"

ပြောနေတုန်း မက်ဆေ့ချ်ဝင်လာသဖြင့် ဝေး နေရာက ထသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ကြည့်လိုက်သည်။

*လူတိုင်းကို သတိထားနေရတဲ့အချိန်မို့လို့*

*ဒီနေ့ မတွေ့တော့ဘူး*

ဝေး ဟင်ခနဲဖြစ်သွားသည်။ ပြီးတော့ ပတ်ဝန်းကျင်ကို ဟိုရှာဒီရှာ ဖြစ်သွားမိကာ တနုံ့နုံ့ဖြစ်လာသည့်ဒေါ်သက ချိန့် ဘက်ကို လှည့်၍ စူးစူးဝါးဝါး ကြည့်မိသည်အထိ ..။

"ဘာလဲ .. ပြန်တော့မလို့လား"

"ရေတက်ချိန်"

ကိုယ့်ဒေါ်သကိုပြန်သိမ်းပြီး ထွက်လာခဲ့တော့ သူက နောက်က ပါလာပြန်ကာ ...

"ခုနကတော့ ..."

"ဟုတ်တယ်၊ အခု ပြန်မလို့"

"စောင့်စရာမလိုတော့ဘူးလား"

"ခင်ဗျားရှိနေလို့ မလာတော့ဘူးတဲ့၊ ဝမ်းသာသွားလား"

"ဟာ .. သာစရာလားကွ"

သူက မျက်နှာပျက်သွားပြီး ဘေးဘီကိုလိုက်ကြည့်သည်။ ပြီးတော့ ခြေလှမ်းကျဲများနှင့်သွားနေသည့် ဝေး ရဲ့ဘေးမှာ အေးဆေးလျှောက် လိုက်လာကာ ...

"မင်းချိန်းထားတာ ကောင်မလေး မဟုတ်ဘူးလား၊ အလုပ်ကိစ္စ ဆိုရင်လည်း နည်းနည်းပါးပါး ဆစ်ဂ်နယ်လ်ချိန်းလေကွာ"

"ဘာအကြောင်းဖြစ်ဖြစ် ခင်ဗျားကို ဓာတ်စုံခင်းပြနေဖို့ လိုသလား နေရာတကာ ခင်ဗျား ရောက်ရောက်လာတာတွေကြောင့်..."

"ငါ တမင်လိုက်လာတာမဟုတ်ဘူး၊ မင်းက မယုံလို့လား"

"တမင်တကာ ဟုတ်တာ မဟုတ်တာကို စဉ်းစားနေဖို့ မလိုဘူး ရေတက်ချိန် .. ခင်ဗျား အလိုက်မသိတာကိုက အဓိက ဖြစ်နေတာ"

"ငါ့မှာလည်း မင်းပဲရှိတာ"

www.burmeseclassic.com



"ဘာဗျ"

"မင်းနဲ့ပဲ စကားပြောချင်တာ ဘယ်လိုလုပ်ရမလဲ၊ လူတစ်ယောက်ရဲ့စိတ်ချမ်းသာဆုံးအချိန်က ပူပင်သောကမှန်သမျှကို မေ့ထားနိုင်တဲ့အထိ လွှမ်းမိုးစေမယ့် သာယာမှုပဲ"

ကြည့်စမ်း .. ကိုယ်ကပဲ သူ့အတွက် အပျင်းဖြေစရာ သတ္တဝါတစ်ကောင် ..၊

"ဟလို .."

ဖုန်းလာသံမကြားဘဲ သူ စကားပြောနေရင်း ဖုန်းကိုင်လိုက်တော့ လှည့်ကြည့်မိသည်။

"ဦးညိုလား"

"... ... ..."

"ဟုတ်တယ်၊ ကျွန်တော့်ကို တိုက်ရိုက်ပြောလို့ရတယ်"

"... ... ..."

"ပုန်းနေတဲ့လူကို ဘယ်လိုရှာမလဲ၊ ကျွန်တော်က နတ်မျက်စိမှ မဟုတ်တာ"

"... ... ..."

"ကျွန်တော် ဂရုမစိုက်ဘူး"

"... ... ..."

"လုပ်နေတယ်၊ ခဏခဏလှမ်းမကျပ်နဲ့လို့၊ စွမ်းကြီးတွေ စွမ်းလတ်တွေ ကျွန်တော် နားမလည်ဘူး"

"... ... ..."

"တာဝန်ဆိုတာ ခေါင်းပေါ်ရွက်ထားရတဲ့အထုပ်မှမဟုတ်ဘဲ ကျွန်တော့်ကို စိတ်တိုင်းမကျရင် တခြားတစ်ယောက်ပေါ် တင်ပေးလိုက် အဲဒီအထုပ်ကို ..."

"... ... ..."

"ဟွန်း .. အဖေ သိပါတယ်၊ ရေတက်ချိန် ဆိုတော့ကောင် ဘယ်လို

www.burmeseclassic.com



ရာသီဥတုနဲ့ ကြီးပြင်းလာတယ်ဆိုတာ ..”

ဖုန်းပြောနေရင်း ဝေး ထွက်သွားတာကို သူ သတိမထားမိလိုက်...။

သို့သော် ဒီဘက်လှည့်ကြည့်လိုက်တော့ လမ်းမတစ်ဖက်မှာ အသက်ငါးဆယ်လောက် လူကြီးတစ်ယောက်နဲ့အတူ တက္ကစီပေါ်တက်သွားတာ တွေ့လိုက်၏။

ဖုန်းကို ကုတ်အင်္ကျီအိတ်ထဲ ထည့်လိုက်ရင်း ကားကို မျက်စိတစ်ဆုံးလိုက်ကြည့်နေမိသည်။ ပြီးတော့ တစ်နေရာကို ဖုန်းခေါ်လိုက်ရင်း ...

“ကုမ္ပဏီမှာ လူစားထိုးတဲ့ကိစ္စ အဆင်ပြေပြီလား”

“... ... ...”

“လူဟောင်းကို ငါပြောတဲ့အတိုင်း နေရာပြန်ပေးထားလိုက်၊ စွမ်းကြီးနဲ့ ကိုလတ်တို့ လာကြလိမ့်မယ်၊ သူတို့ အဲဒီကိစ္စကို ဝင်မပါစေနဲ့”

“... ... ...”

“အနေဝေး နဲ့ နီးစပ်တဲ့လူတွေအားလုံးကို မျက်ခြည်မပြတ်စေနဲ့”

“... ... ...”

“မဟုတ်ဘူး ပြန်ရောက်နေပြီ၊ သူ ကုမ္ပဏီကို တစ်နည်းနည်းနဲ့ ဆက်သွယ်မှာပဲ”

“... ... ...”

“သတင်းရတာနဲ့ ငါ့ဆီ ချက်ချင်းဖုန်းဆက်”

သူ ပြောပြီးတာနှင့် စွမ်းကြီးရဲ့ဖုန်း ဝင်လာသည်။ မပြောဘဲ ပိတ်ပစ်လိုက်ပြီး လမ်းမဘက်ကို ထွက်လာခဲ့၏။ တက္ကစီတားပြီးမောင်းခိုင်းလိုက်တော့ နေ ထွက်သွားသည့် အရပ်မျက်နှာဘက်ကို ဖြစ်သည်။

ဘာဖြစ်လို့လဲဆိုတော့ ဘာဖြစ်လို့မှမဟုတ် ...။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

မိုးသားတွေနဲ့ ညိုနေသည့် မိုးကောင်းကင်က မျက်လုံးထဲမှာ ကိုယ့်ရဲ့အတိတ်က ပန်းချီကားတစ်ချပ်အဖြစ် ပြောင်းလဲသွားခဲ့သည်။ ပြီးတော့ ပန်းချီက အသက်ဝင်လှုပ်ရှားလာခဲ့ပြီ။

"ဖြောင့်မတ်မှန်ကန်ခြင်းကို လူတိုင်း သဘောကျတယ် သမီး၊ ဒါပေမယ့် ဥပမာနှိုင်းရရင် အရောမပါတဲ့ရွှေက တန်ဖိုးကြီးပေမယ့် ကိုယ်မှာအလှဆင်တဲ့ လက်ဝတ်တန်ဆာဖြစ်လာဖို့ကျတော့ ကြေးသတ္တုကို မရောလို့မရဘူး၊ အဲဒီမှာမှ ပဲရည်ပြည့်မီတာ မမီတာတွေ ထပ်ကွာသွားတာပေါ့"

"လူတစ်ယောက်ရဲ့ ဉာဏ်ရည်ဉာဏ်သွေးဟာ တစ်စုံတစ်ခုပေါ်မှာပဲ စူးရှထက်မြက်နေရမှာမဟုတ်ဘူး၊ အခြေအနေ အချိန်အခါပေါ်မှာ ခွဲခြမ်းချင့်ချိန်နိုင်ရတယ်၊ ဖေဖေတို့မှာ ခြေထောက်နှစ်ချောင်းပါပေမယ့် လမ်းသွားတဲ့အခါ နှစ်ချောင်းစလုံးခုန်ပြီး မသွားကြဘူးမို့လား၊ ဘာဖြစ်လို့ တစ်လှမ်းပြီးမှတစ်လှမ်း တက်တာလဲ"

"သမီးကို ဖေဖေက ဉာဏ်ရည်ထက်မြက်ပြီး ရိုးသားကြိုးစားတဲ့ မိန်းကလေးတစ်ယောက်ဖြစ်လာအောင် ဂရုစိုက်စောင့်ရှောက်ခဲ့တာ၊ တစ်နေ့မှာ ဘာကြီးဖြစ်လာရမယ်၊ ဘယ်လိုကြီးကျယ်မြင့်မြတ်ရမယ်

www.burmeseclassic.com

ဆိုတာမျိုးမဟုတ်ဘူး၊ လူ့သဘာဝအရ စိတ်ကိုမနိုင်ပေမယ့် သူများထက်ထူးပြီး ထိန်းချုပ်နိုင်တဲ့သူ ဖြစ်စေချင်တယ်"

ဖေဖေ့စကားတွေကို သူမ ဘယ်တော့မှ မငြီးငွေ့ခဲ့သလို ဘယ်တော့မှလည်း မမေ့ခဲ့ပါ၊ ဒါပေမယ့် ဖေဖေ့ဆန္ဒအတိုင်းဖြစ်ဖို့ကိုတော့ သူမ ဒီလောက်ထိ မတော်ဘူးထင်သည်။

လက်ရှိအခြေအနေမှာ ဘယ်လိုမှ အသားမကျနိုင်စွာ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေခြင်းက သူမရဲ့အရည်အချင်းပဲဖြစ်နိုင်၏။

ခုတော့ သူမတစ်ယောက်တည်း ဒီအခြေအနေမှာ အသားကျဖို့ကြိုးစားရတော့မည်။ ပြတင်းနားကခွာ၍ စားပွဲမှာပြန်ထိုင်မိကာ ဖေဖေ့လက်စွပ်နှစ်ကွင်းကို ထုတ်ကြည့်မိ၏။

ပြီးတော့ မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက်ကျလာလေသည်။

"သမီးဖေဖေ ထောင်ကျသွားပြီ"တဲ့။

အန်ကယ်လ်ဦးအေးသောင်းကိုယ်တိုင် ဝေး ကို လာတွေ့ခဲ့တာမဟုတ်ပေ၊ အန်ကယ့်လ်ဇနီး ဒေါ်မူမူခင် က သူမရဲ့ရွှေဆိုင်ကို ခေါ်တွေ့ခဲ့တာဖြစ်ကာ ညွှန်သည်လိုမဟုတ်ဘဲ ကက်စတန်မာတစ်ယောက်လိုမျိုးရှိုးကေ့စ်ရဲ့တစ်ဖက်စီကနေ စကားပြောခဲ့တာဖြစ်သည်။

ရွှေထည်တွေထုတ်ပြနေရင်း တစ်ခုကိုချိန်လိုက် စကားပြောလိုက်နှင့် ပြောပြခဲ့တာ လိုရင်းတိုရှင်းသာ။

"သမီးကို ခေါ်ခိုင်းလိုက်ရတာက တစ်နေရာမှာချိန်းနေကြရင်ပြဿနာရှိလာနိုင်လို့ပါ၊ ကန်ဘောင်မှာလည်း သမီးဘေးမှာ ညွှန်သည်မြင်လိုက်တော့ သမီးအန်ကယ်လ်က စိုးရိမ်သွားတာ၊ ခုဆို အဲဒီလူစုကသမီးအန်ကယ်လ်ကိုတောင် စောင့်ကြည့်နေနိုင်တယ်၊ သမီးအဖေနဲ့ကိုသောင်း က မိတ်ဆွေရင်းချာတွေလေ"

စကားပြောနေတုန်း တခြားကတ်စတန်မာတွေ စုပြုံဝင်လာချိန်တခြားကောင်မလေးတွေကိုဝင်ခိုင်းပြီး ဒေါ်မူမူခင် ကတော့ ဝေး နဲ့ပဲအရောင်းအဝယ်ပြတ်အောင်လုပ်နေပုံမျိုးနှင့် ...

"သမီးဖေဖေ မကောင်းမှု မလုပ်ပါဘူး၊ ဒါပေမယ့် ဝင့်ကြွေးဆို

www.burmeseclassic.com



တာ ရှောင်လို့မှမရတာ သမီးရယ်၊ ဒီဘဝ ဒီမျှနဲ့ ကျေပါစေလို့သာ ဆုတောင်းပေတော့"

ပြောပြခဲ့တာက ဒေါက်တာဦးစိန်ဝင်း ဆီကို အတက်ချိုကော့စ် တစ်လုံးနှင့် လူတစ်ယောက် ရောက်လာခဲ့သည်။ ဒီတိုင်းကြီးဝင်လာပြီး အပေါ်ကုတ်အင်္ကျီအနက်ကို ချွတ်လိုက်ကာမှ ဘယ်ဘက်ရင်အုံတစ်ပြင် လုံးမှာ သွေးတွေ စိုရွှဲနေတာကိုမြင်လိုက်ရ၏။ ရောက်လာတုန်းကတော့ ဆေးကုချင်လို့ပဲ ဖြစ်ပါလိမ့်မည်။

ဒါပေမယ့် ထိုသူကို ဦးစိန်ဝင်း ဆေးကုမပေးလိုက်ရပေ၊ ဆေးကု ပေးပါပြောနေရင်း ဘာကြောင့်မှန်းမသိဘဲ အတင်းပြန်ထွက်ပြေး၏။ ဘယ်လိုလူမှန်းမသိ၊ ဘာတွေဖြစ်လာမှန်းမသိဘဲ နောက်နေ့ညပိုင်းမှာ လူတစ်စုရောက်လာပြီး သေတ္တာ ဘယ်မှာလဲလို့ မေးကြတာဖြစ်သည်။

ခြေနှစ်ချောင်းကယ်မိလို့ အမှုပတ်တာဆိုရင်တောင် အဖြေရှာလို့ ရနိုင်သေးသည်၊ ခုတော့ ဦးစိန်ဝင်း ဘာမှလည်းမလုပ်ပေးလိုက်ဘဲ ဘယ်သူဘယ်ဝါတောင် မသိသည့်လူကြောင့် ယုတ်မာရက်စက်သူတွေ က ရန်ငြိုးဖွဲ့ခဲ့၏။

သူတို့ရဲ့သေတ္တာကို ယူပြေးသူက သေဆုံးသွားပြီဖြစ်ကာ သေတ္တာ က ပျောက်နေခဲ့၏။ ထိုသေတ္တာကို ဦးစိန်ဝင်း ထံမှာ အပ်နှံထားခဲ့သည်ပဲ စွပ်စွဲခဲ့ကြလျက် အိမ်တစ်အိမ်လုံးကိုလည်း မြေလှန်ရှာခဲ့၏။

ထိုကိစ္စအထိ ဦးစိန်ဝင်း က ရဲတိုင်ပြီး အမှုဖွင့်ခဲ့သေးသည်။ နောက် ပိုင်းမှာ ဒီ့ထက်မကသော ခြိမ်းခြောက်မှုတွေ ရှိလာခဲ့ပြီး ယုတ်မာစွာ ကြံစည်ခဲ့ကြ၏။

"အစ်ကိုစိန်ဝင်းရဲ့လူနာကို သူတို့က လုပ်ကြံခဲ့ကြတယ်၊ ပြီးတော့ ဒီဆရာဝန်က ဆေးထိုးသတ်ပါတယ်ဆိုပြီး လူနာရှင်က တရားစွဲခဲ့တဲ့ အထိပဲ"

"အဲဒီလူနာက သက်အောင်သူ လား အန်တီ"

"သိပ်မှန်တာပေါ့ သမီးရယ်၊ ဒီကောင်လေးက သမီးတို့လူငယ် ချင်းကိစ္စမှာတည်းက ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်အင်း .. ဝေး နဲ့ ဘာမှမဟုတ်ပါဘူး၊ သူ့မှာ မိဘလည်း မရှိတော့ဘူး၊ သူ့ဘကြီးတစ်ယောက်ရှိတာကလည်း အရက်သမားကြီးလို့ ပြောတယ်"

"ဒါတွေကြောင့် သူတို့က ချုပ်ကိုင်သွားကြတာဖြစ်မှာပေါ့၊ ဦးလှတင် ဆိုတဲ့ အဲဒီလူကြီးကပဲ သမီးအဖေကို တရားစွဲတာ၊ အမှုဖြစ်နေတုန်းမှာ လည်း လူဆိုးတွေ ခြိမ်းခြောက်ခဲ့ကြတယ်၊ သေတ္တာကို ထုတ်ပေးမယ် ဆိုရင် အမှုကို တရားသေပိတ်သိမ်းဖို့ထိ သူတို့ လုပ်ပေးမယ့်အကြောင်း.."

"ကိုယ့်မှာမရှိတာကို ဘယ်လိုလုပ်ထုတ်ပေးရမှာလဲ"

"ဒါပေမယ့် သူတို့က လုံးဝမယုံဘူး၊ အထဲမှာ တန်ဖိုးကြီးတာတွေ ပါလို့နေမှာပေါ့ သမီးရယ်၊ အခု အစ်ကိုစိန်ဝင်း ထောင်ကျသွားတာ တောင် ထောင်ကျခံပြီး ပစ္စည်းကို ဖွက်ထားတယ်လို့ ထင်နေကြတယ်၊ ခုချိန်ထိ အဲဒီကိစ္စနောက်ကို အပူတပြင်း လိုက်နေကြတာ"

သမီးကျန်ခဲ့မှန်းသိတော့ သမီးကိုတော့ လက်တို့ပြောခဲ့မှာပဲလို့ တွက်ကြပြန်သည်။ ဦးစိန်ဝင်း က ဦးအေးသောင်းကို စာရေးအကြောင်း ကြားခဲ့သဖြင့် ဝေး နဲ့ ဦးအေးသောင်း တို့ လျှို့ဝှက်ဆက်သွယ်နိုင်ခဲ့တာ ဖြစ်သည်။

ဒါတောင် အချိန်မီရုံလေးပဲဖြစ်ကာ မနက်ဖြန်ပေါင်းများစွာမှာ သူမ ဘယ်လိုစခန်းသွားရမလဲဆိုတာ မသိနိုင်။

"သမီးအဖေနဲ့ သွားမတွေ့နဲ့ဦး သမီး၊ သူ့ကျန်းမာရေး အစစအရေး ရာအတွက်လည်း စိတ်မပူနဲ့၊ ကိုသောင်းက သမီးကို ကိုယ်တိုင်ပြောပြ ချင်တာပါ၊ ဒါပေမယ့် သမီး အန္တရာယ်ရှိတယ်လေ၊ ခုတိုင်းနေတာက သမီးကို ဘယ်သူမှသတိထားမိမှာမဟုတ်ဘူး၊ သူတို့ မသင်္ကာစရာ တွေ လိုက်ရင်တော့ အနေဝေး ကို ရှာနေကြတဲ့ မျက်လုံးတွေက သမီး ဘယ်လိုပုံစံဝတ်ထားထား သိကြမှာပဲ"တဲ့။

ဒါဆို ဖေဖေ ထောင်ကျနေတဲ့အချိန်မှာ ဖေဖေ့လိုပဲ အပြင်လောက ငရဲမှာ ခြေချုပ်မိနေရတော့မှာလား၊

သူများ မဟုတ်မမှန်စွပ်စွဲတာကို ဖအေတစ်ယောက်လုံး ထော

www.burmeseclassic.com



ကျခံရတဲ့အပြင် သမီးကပါ ပေးဆပ်ရဦးမည်ဆိုရင် တန်သလား၊ ·

ဝေး နေရာမှထကာ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်။ သူမ ဘာလုပ်သင့်သလဲ၊ ဘာမှမသိရသော ပြဿနာအတွက် ဘယ်သူတွေမှန်းမသိသော ရန်သူကို ဘယ်လိုရင်ဆိုင်ရမလဲ၊

ထိုအချိန်မှာ မိုးခြိမ်းသံတွေ တဒိန်းဒိန်းကြားလာရ၏။ လေပြင်းရိုက်ခတ်သံက ဆိုင်းမပါဗုံမပါနှင့် အကြမ်းဗတမ်း စတင်လာသည်။

ကိုယ့်ဘဝအကြောင်း တွေးနေတဲ့အချိန်မှာ မုန်တိုင်းသံက ထပ်တူပါလာခဲ့တာ သူမ လျှောက်လှမ်းရမယ့် အနာဂတ်အတွက် နိမိတ်ဖြစ်နေသလား ...။

ဆရာဝန်ကြီးတစ်ဦးဖြစ်ပါလျက်နှင့် ထောင်ကျနေရသည့် ဖေဖေ့ခံစားချက်တွေ ဘယ်လိုဖြစ်နေမလဲ၊ လောကဓံအကြောင်း လူတွေအကြောင်း ဝေး ကို နားလည်စေချင်လွန်းသည့် ဖေဖေ့ ရင်ထဲမှာရော ဒီဒဏ်တွေကို တကယ်တမ်း ကြံ့ကြံ့ခံနိုင်ပါမလား၊

ဂုဏ်သိက္ခာနဲ့မာန်မာနကြားမှာ သွေးပျက်ဖွယ် အပြောင်းအလဲကြောင့် ဖေဖေသာ ယိုင်လဲသွားခဲ့ပါလျှင် ...၊

မလုပ်ပါနဲ့ ဖေဖေ ...၊ ဖေဖေ စိတ်တင်းထားပါဦး ...၊

ဝေး ရှိုက်ကြီးတငင် ငိုချလိုက်မိသည်၊ အမြဲတမ်း ငိုနေခဲ့ရသည့် နေ့ရက်တွေဟာ ကိုယ်က မှားယွင်းခဲ့လို့မဟုတ်ဘဲ နွေဦးမှာ လေရူးထသလို ဝင်နှောက်သွားခဲ့သည့် ကံကြမ္မာဆိုးကြောင့် ငရဲသက်တမ်းကဲ့သို့ ကုန်ခဲလှပေသည်။

ထိုစဉ် ဖုန်းသံမြည်လာသဖြင့် ...

"ဟလို .."

"သမီးရေ အန်တီမူ ပါ"

"ဟုတ်ကဲ့ အန်တီမူ"

"သမီးတို့ကုမ္ပဏီက စီအီးအိုနဲ့ သမီးအန်ကယ်လ် တွေ့ခဲ့တယ်"

"ဟုတ်လား၊ ဝေး အဲဒါကို သိချင်တာ အန်တီ၊ သူတို့ ဘာပြောလဲဟင်၊ ဝေး နေရာမှာ လူစားထိုးလိုက်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"သမီးလိုလူ ထပ်ရဖို့က အဲလောက်လွယ်ပါ့မလား သမီးရယ်၊ ပညာတတ်တဲ့လူတွေ အများကြီးရှိပေမယ့် ကိုယ့်အလုပ်ပေါ်မှာ စိတ်ဝင်တစားနဲ့ စိုက်ထုတ်ကြိုးစားနေတဲ့လူကို အလွယ်တကူ မရနိုင်ပါဘူး၊ သူတို့တွေ သမီးကိုပဲ စောင့်နေကြတယ်၊ သမီး တစ်ခုခု ဆက်သွယ်လာမှာပဲလို့ ယုံကြည်နေကြတုန်းပဲ"

"အဲဒါ ဝေး ဘာလုပ်သင့်လဲဟင်"

"လောလောဆယ်တော့ ခဏသည်းခံလိုက်ပါဦး သမီးရယ်၊ စီအီးအိုကတော့ စိတ်ချရတဲ့လူပါ၊ ပိုစိတ်ချရအောင် စောင့်ကြည့်နေတာပါ၊ သမီး ဒီတိုင်း အကြာကြီး ပုန်းမနေရအောင် အန်တီတို့ ကြိုးစားပေးပါ့မယ်၊ အစ်ကိုစိန်ဝင်းရဲ့ ကျန်းမာရေးက သမီးပေါ်မှာ မူတည်နေသလို သမီးအတွက်လည်း ဒီအဖေက နေရောင်လရောင်ပဲလေ"

ဝေး ဘာမှ ပြန်မပြောနိုင်ဘဲ မျက်ရည်တွေသာ ကျနေခဲ့၏။

"ဒါကြောင့် အစ်ကိုစိန်ဝင်းရဲ့ မိတ်ဆွေကောင်းတွေအနေနဲ့ အန်တီတို့က သမီးကို မထိခိုက်အောင် အမျိုးမျိုးကြိုးစားနေရတာပါ၊ ခဏတော့ မျိုသိပ်ထားရမယ် သမီး၊ သူတို့ ဒီလောက် သည်းကြီးမည်းကြီး ဖြစ်နေကြတာ ဒီပစ္စည်းက သေးသေးနုပ်နုပ်ဟုတ်ပုံမရဘူး"

"ဘယ်လိုပစ္စည်းပဲဖြစ်ဖြစ် အန်တီမူ .. သူတို့ တခြားမှာ မစုံစမ်းမရှာဖွေဘဲ ဖေဖေ့ဆီမှာပဲရှိနေတယ်လို့ ဘာဖြစ်လို့ ထင်နေရတာလဲ၊ မရှိတာကို ရှိတယ်ထင်ပြီး ဒီမှာပဲ မဲရှာနေရင် ဒီပစ္စည်း ဘယ်လိုလုပ်ပြန်တွေ့တော့မှာလဲ၊ သူတို့ ရှာမတွေ့သမျှ ဝေး တို့က ဒီတိုင်း ..."

ပြောနေရင်း ဝမ်းနည်းလာကာ ငိုရှိုက်မိပြန်၏။

ဒီညလည်း သူမအတွက် အိပ်စက်ခြင်းက ဘယ်ဆီဘယ်ဝယ်မှာဆိုတာ မသိ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

အိပ်ပျော်မလိုဖြစ်သွားပြီးမှ အသံတစ်ခုကြောင့် ဖျတ်ခနဲလန့်နိုး၏။ ဝေး မျက်လုံးတွေဖွင့်ကာ အိပ်ရာထဲက ထထိုင်လိုက်မိသည်။

ထိုအခါ သူမရဲ့ခေါင်းရင်း ပြတင်းပေါက်က မှန်တံခါးမှာ လူရိပ် မည်းမည်းကြီးတစ်ရိပ် မတ်တတ်ရပ်နေတာကို မြင်လိုက်ရသည်။

ဒါ ဖြစ်နိုင်ရဲ့လား၊ ပြတင်းပေါက်ရဲ့အပြင်မှာ ခြေတစ်ဖဝါးစာ အုတ်ဆောင်တန်းလေးတစ်ခုပဲရှိသည်။ ပြီးတော့ အထပ်တိုက်ကြီးတွေ လို မဟုတ်ပေ။

ဒီတန်းလေးက နှစ်ပေလောက်ပဲရှိတာမို့ ဂျပန်မှာတုန်းက သူမ ပြေးခဲ့ရသလို တစ်ပတ်ပတ်သွားလို့လည်း ရတာမဟုတ်၊

နေရာမှ ထလိုက်ရင်း ခေါင်းအုံးအောက်က ဓားကိုထုတ်ကိုင်လိုက် မိသည်၊ ပြတင်းပေါက်နားကို သူမ တရွေ့ရွေ့ကပ်လာခဲ့စဉ် အရိပ် ရဲ့ လက်ဖဝါးကြီးတစ်ဖက်က မှန်ကို အားပြင်းစွာ ရိုက်ချပစ်လိုက်၏။

"ဒုန်း"

"ခွမ်း"

"အား"

နားထဲမှာ အူထွက်သွားသည်။ မျက်လုံးထဲမှာ ဝင်းခနဲလက်ဖြာ သွားခဲ့၏။ ဝေး အိပ်ရာထဲကနေ ဝေါက်ခနဲ ထထိုင်လိုက်မိသည်။

ပတ်ဝန်းကျင်သည် လျှပ်စီးလက်နေခြင်းကြောင့် ဝင်းဝင်းထိန်ထိန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလျက် မိုးခြိမ်းသံတွေက ဟိုးအဝေးကနေ ဆီတိုင်ကီတွေ လိမ့်လာနေသည့်နှယ် ...၊

သူမအခန်းထဲမှာတော့ မွကြေနေသော မှန်ကွဲစများနှင့် အထဲထိ ထိုးထွက်နေသော သစ်ကိုင်းကြီးတစ်ချောင်းက ပြတင်းတံခါးကို ခွဲ၍...

"ဘုရား .. ဘုရား"

ကိုယ့်အခန်းထဲကအဖြစ်ကို မြင်သည်နှင့် မီးထဖွင့်လိုက်မိသည်။ သူမအခန်းရဲ့ခေါင်းရင်းက ပိတောက်ပင်ကြီး အကိုင်းပြတ်ကျတာ ဖြစ်ကာ ...

ဘယ်လိုပြတ်ကျလို့ အိပ်ခန်းထဲထိရောက်အောင် ထိုးထွက်လာသလဲဆိုတာ မသိ၊ မိုးက သိပ်သည်းတာမဟုတ်ဘဲ မိုးခြိမ်းသံတွေ လေပြင်းတိုက်ခတ်နှုန်းတွေသာ မြင့်တက်နေတာဖြစ်၏။ ထို့ပြင် လျှပ်စီးလက်နေပုံက ဆက်တိုက်ကြီးလိုဖြစ်နေလျက် အပြင်မှာ ဝင်းဝင်းလက်လက်တွေ ဖြစ်နေတာ ကျောချမ်းစရာပင်။

ဝေး ကိုယ်ပေါ်ကစောင်ကို ခွာချလိုက်ပြီး ခုတင်ပေါ်ကဆင်းဖို့ ခြေချလိုက်လျှင် မှန်ကွဲစတွေ ပြန့်ကျဲနေသဖြင့် ခြေထောက်ကို ပြန်တင်လိုက်ရသည်။

ပြီးမှ ခုတင်တစ်ဖက်ကနေဆင်းကာ တံမြက်စည်းနဲ့ အမှိုက်ကော်ကို သွားယူပြီး အသာလေး စုလှည်းလိုက်၏။ သူမ အိပ်ပျော်ဖို့အတွက် အသေအလဲ ကြိုးစားရသည်။

အိပ်ပျော်သွားခဲ့ကိုင်းကသည်း အိပ်မက်ဆိုးမမက်တဲ့အခါဆိုတာ မရှိသလောက်ပင်။

သူမက အိပ်မက် မက်ခဲတဲ့သူပါ။ ခုတော့ အိပ်မက်တွေက သူမအတွက် နိမိတ်ဆိုးရဲ့ စေတမန်တွေလို ...၊

"အမလေး .."

"ရှူး .. ရှူး"

တံမြက်စည်းလှည်းနေရင်း အမှတ်တမဲ့ ခုတင်အောက်ဘက်ကို

www.burmeseclassic.com

www.burmeseclassic.com



လှမ်းဆွဲလှည်းလိုက်မိသည်၊ ညိုပုပ်ပုပ်အရောင်နှင့် မြွေတစ်ကောင်က မှန်ကွဲစတွေနဲ့ လူးလိမ့်ပါလာကာ ဝေး မြွေမှန်းသိလိုက်သည့်အချိန်မှာ တံမြက်စည်းရိုးကို ပေါက်လည်းပေါက်သည်၊ ရစ်ပတ်ဖို့လည်း ကြိုးစားနေ၏။

"ဒုန်း"

"ရှူး"

လန့်ဖျန့်ကာ တံမြက်စည်းကို ရောက်ချင်ရာရောက် တွန်းထုတ်ပစ်လိုက်မိ၏။ မြွေသည် မှန်ကွဲစတွေထဲကိုပဲ ပြန်ရောက်သွားကာ ခေါင်းတကြီး ပါးပျဉ်းထောင်ထလာ၏။

"ရှူး"

ဘုရား .. ဘုရား ..၊

တရှူးရှူး နာမှုတ်၍ ထောင်ထနေသည့်ပါးပျဉ်းခွက်ကြီးက နည်းတာမဟုတ်၊ ဝေး နောက်ကို တဖြည်းဖြည်းဆုတ်ရင်း တံခါးဆီသွားမိသည်။

မြွေက လျှာတစ်လစ်နှင့် ချက်ကောင်းကိုစောင့်နေလျက် တဖြည်းဖြည်း လျှောလိုက်လာ၏။ ဝေး တစ်ကိုယ်လုံး တုန်ယင်လာကာ ခြေ ထောက်မှာ မှန်ကွဲစတွေ စူးလိုက်တိုင်း လူက ညွှတ်ခနဲဖြစ်သွား၏။

နံရာလက်နက်ကို ဆွဲဖို့ကြည့်ပေမယ့် ဘာမှမတွေ့သောကြောင့် ကြမ်းပေါ်က မှန်ကွဲစကို ဖြည်းဖြည်းလေးထိုင်ချပြီး ကောက်လိုက်မိသည်။

ထိုအချိန်မှာ တမ်းတမိဆုံးက ရေတာက်ရှိန် ကိုဖြစ်သည်။ ဒီလောက် ထိဆိုးရှားတဲ့ ရာသီဥတုမှာ အပေါ်မှာ ဝုန်းဒိုင်းကြဲ ဆူညံနေတဲ့အသံတွေ ကို သင်း မကြားဘူးလား၊ ဒီလောက်ထိ ကုလားသေကုလားမော အိပ် ပျော်တတ်တဲ့လူစားမျိုး ရှိတတ်သလား၊

အားကိုးရာမဲ့သည့်အချိန်မှာ ဘုရားကို သတိရလိုက်မိပြီး ၂၄ ပစ္စည်း ကို အသံထွက်ရွက်လိုက်သည်။ ဆိုစဉ် ...

"ဒေါက် ... ဒေါက်"

ချိန် ရောက်လာပြီမှန်း သိလိုက်ကာ .. ဝေး ဝမ်းသာအားရ ဖြစ် သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"နေ .. နေ .. မင်းအခန်း ဘာဖြစ်တာလဲ၊ တံခါးဖွင့်ဦး"

"ကျွန်တော် တံခါးဆီကို လာလို့မရဘူး၊ ချိန် .. ခင်ဗျား ..."

"ဒုန်း"

"ဝုန်း"

ဝေး ဆုံးအောင်မပြောရသေးခင် တံခါးက နှစ်ချက်လောက်တုန်ခါသွားပြီး ဝုန်းခနဲပွင့်ထွက်သွား၏။

"ချိန် .. ဒီမှာ မြွေ .."

"ဟင် .."

မြွေကိုမြင်လိုက်တော့ ချိန် က ဝေး ကို တွန်းဖယ်လိုက်ပြီး ...

"ဘယ်လိုအန္တရာယ်တွေ တွေ့နေပြီလဲလို့ကွာ"

ပြောပုံက မြွေကိုတောင် ကြောက်ရလားလို့ ကဲ့ရဲ့တာမျိုး ..၊

ဒါပေမယ့် ဝေး သူ့ကို စိတ်တိုချိန်မရသေးဘဲ မြွေကိုသာ ပြူးတူးပြဲတဲကြည့်နေမိ၏။ ထိုစဉ် ဖျတ်ခနဲ မီးတွေမှောင်ကျသွားခဲ့ပြီး ...

"ချိန် .. မြွေ .. မြွေ ရှေ့တိုးလာလိမ့်မယ် .. နောက်ဆုတ်"

"မင်းဘာသာ ဆုတ်နေ .. ငါ့ကို မကိုင်နဲ့"

"ခင်ဗျားကို မြွေကိုက်လိုက်လိမ့်မယ်၊ အဲဒီကောင် ကျွန်တော့်ကို ချောင်းနေတာ"

မှောင်နဲ့မည်းမည်းမှာ ဘာမှမမြင်ရဘဲရှိစဉ် အလင်းရောင်တန်းတစ်ချက်က မြွေဆီ တည့်တည့်ကျရောက်ကာ ...

"ဝှစ်"

"ခွတ်"

"ဘုတ် .. ဖျော .. ဖျော"

ဟင် ..။

ဝေး လန့်လည်းလန့်ကာ မင်တက်မိသလို ငေးကြည့်နေမိ၏။ မြွေရဲ့ပါးပျဉ်းခွက်ထဲမှာ ဓားပါးလေးတစ်လက် ထုတ်ချင်းခတ် စိုက်ဝင်နေကာ ထွန့်ထွန့်လူးရမ်းကားနေသော မြွေ၏ခေါင်းက မှန်ကွဲတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးစူးရှပြီး သွေးသံရဲရဲဖြစ်နေတဲ့ထိ မငြိမ်သက်သေး။

"အကောင်ကသေးသေးနဲ့ ဒေါသနဲ့ မလိုက်ဘူး"

"ဒီလောက်ခြေမလုံးလောက်ကြီးကို အကောင်သေးတာလား"

"မင်းကိုတော့ မျိုလို့မရပါဘူး"

ချိန် က ခာတ်မီးလေးကိုင်ထားရင်း လဲကျနေသည့် တံမြက်စည်းကို ကောက်ယူလိုက်သည်၊ ပြီးတော့ မြွေရဲ့ပါးစောင်းနားကို တံမြက်စည်းရိုးနဲ့ ဖိထောက်ထားပြီး ခါးကို ပြန်နုတ်ယူ၏။

ထိုစဥ် ငြိမ်သက်စပြုနေပြီဖြစ်သည့် မြွေရဲ့အမြီးက ချိန့် လက်ကို လှမ်းပတ်လိုက်လျှင် ...

"အမလေး"

ခံရသည့်လူက ဘာမှမဖြစ်ဘဲ လှမ်းမြင့်သည့်လူက လန့်ဖျန့်အော်တော့ ချိန် က လှည့်ကြည့်သည်။

ပြီးတော့ မြွေမြီး သူ့အလိုလိုကျွံကျသွားမှ ခါချပစ်လိုက်ရင်း ပြုံး၏။ ထိုအခါကျမှ ဝေး ကိုယ့်ကိုယ်ကိုယ် သတိထားမိခဲ့၏။

ရှိနေသည့် မိန်းမဇီဇနဲ့ ယောကျ်ားလိုနေရသည့် အခြေအနေနှစ်ရပ်ကြားမှ သူမ ကျင့်ကြံနေထိုင်မိသမျှ အမှားမှားအယွင်းယွင်း၊

"အား ..."

လှုပ်လိုက်တာနှင့် ခြေထောက်က မချိမဆံ့နာသွား၏။ ထို့ပြင် မှန်ကွဲကောက်ထားခဲ့သည့်လက်ချောင်းထိပ်က ခါးနဲ့ခွဲခံထားရသလို စေးစပ်နာကျင်နေခဲ့၏။

"ဘာဖြစ်သွားတာလဲ"

"ကျွန်တော့်ခြေထောက်တွေ မှန်ကွဲတွေ စူးမိတယ်ထင်တယ်"

ချိန် က ခာတ်မီးနဲ့ ခြေထော က်ကို ထိုးကြည့်သည်၊ ဖွေးနုနေသော ခြေဖဝါးအနီးမှာ သူမ ခြေလှမ်း[ ]င်လိုက်သဖြင့် စွန်းထင်းကျန်ခဲ့သော သွေးကွက်တွေကို မြင်သွားကာ ...

"ဟာ .. တော်တော်ထိ[ ]ားတာလား"

www.burmeseclassic.com

www.burmeseclassic.com



သူ မုဆိုးဒူးထောက် ထိုင်ချလိုက်တော့ ခြေထောက်ကို ကိုင်တော့ မယ်မှန်း သိလိုက်သဖြင့် ဝေး ကမန်းကတန်း ခြေထောက်ရုပ်လိုက်မိ၏။

"အား"

ခြေဖဝါးနှစ်ဖက်စလုံး မချိမဆံ့နာကျင်သွားကာ လူက ဒယိမ်း ဒယိုင်ဖြစ်သွား၏။ ချိန် က ဖျတ်ခနဲပြန်ရုပ်ပြီး ဝေး ရဲ့လက်မောင်း တစ်ဖက်ကို ဖမ်းကိုင်ထားလိုက်ရင်း ...

"မင်း လျှောက်လို့မရလောက်ဘူး၊ ခဏနေဦး"

သူ့မှာတော့ အနက်ရောင်ရှူးဖိနပ်နဲ့ဖြစ်ကာ မှန်ကွဲစဘေးပေါ် ဒီတိုင်းလျှောက်သွားပြီး ဝေး အတွက် ထိုင်ခုံယူပေးတာ၊ သေတ္တာလေး သွားယူတာက အစ ဘာအခက်အခဲမှမရှိ။

လှုပ်ရှားနေပုံက သူ့အခန်းမှာ သူထားသည့်ပစ္စည်းတွေကို ကိုင် တွယ်စီရင်နေတာမျိုး။

"ရော့ .. အဲဒီမှာထိုင်ပြီး ဒီမှာ ခြေထောက်လှမ်းတင်၊ ငါ ဓာတ်မီး ထိုးပြထားမယ်၊ ဒဏ်ရာတွေ ဆေးထည့်လိုက်"

ထိုင်စရာရော ခြေတင်စရာပါ သေချာလုပ်ပေးပေမယ့် ဝေး က တွန့်ဆုတ်နေခဲ့လျက် ...

"ခင်ဗျား ဟိုမြွေကြီးကို သွားရှင်းပေးစမ်းပါ၊ သွေးသံရဲရဲနဲ့၊ မိုးနဲ့ လေနဲ့ ရှုံစရာကြီး"

ချိန် က ထိုနေရာကို ဓာတ်မီးနဲ့လှည့်ထိုးပြီး ရယ်ကာ ...

"ငါကလည်း ရှုပ်ပဲရှုပ်တတ်တာ မရှင်းတတ်ဘူး၊ မင်း ရှုံရင် မကြည့်နဲ့ကွာ၊ ကိုယ့်ခြေထောက်က သွေးသံရဲရဲကို အရင်လုပ်"

ဝေး က လက်ကဒဏ်ရာကြောင့် သူ့ရှေ့မှာ မလုပ်ချင်ဘာပါ။ မိန်းမတစ်ယောက်ရဲ့ ခြေလက်အင်္ဂါဆိုတာ ယောက်ျားတွေနဲ့တော့ ကွဲပြားခြားနားနေမှာ သေချာသည်။

ခုချိန်မှာ ဝေး ကို သူ အကဲခတ်မိသွားနိုင်၏။ ထို့ကြောင့် ...

"သိပ်မဟုတ်လောက်ပါဘူး နေပါစေတော့၊ ကျွန်တော်က ..."

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ,, မင်းကလည်း ယောက်ျားဖြစ်ပြီး ဒဏ်ရာကို မကြည့်ရဲဘူးလား၊ သွေးတွေထွက်နေတာ ဒီတိုင်းထားပြီး မင်း ဘယ်လိုအိပ်မှာလဲ"

"အိပ်လို့လည်း ရမှာမှမဟုတ်တာ၊ ဒီသစ်ကိုင်းကြီးနဲ့ ဒီမြွေ တစ်ကောင်တည်း ပါလာတာမဟုတ်ရင် ..."

"ဘာကောင်ရှိသေးလဲ ပြီးတော့ ငါရှာပေးပါ့မယ်"

"ကျွန်တော်ပြောတာက သစ်ပင်ကနေ ဒီကိုင်းပေါ်ကို နောက်ထပ်လျှောက်ကူးလာရင် အခန်းထဲရောက်လာမှာပဲ"

"ဒါဆိုလည်း မင်း ငုတ်တုတ်ထိုင်စောင့်နေတော့ ဘာလုပ်မှာလဲ၊ ငါနဲ့လိုက်အိပ်"

"ဘာဗျ"

ဝေး ရှူးရှူးရှားရှားထအော်တော့ သူက မျက်ခုံးတွေပင့်သွားပြီး...

"ဘာဖြစ်သွားတာလဲ"

ဝေး ဖျတ်ခနဲမျက်နှာလွှဲပစ်မိကာ ...

"ဒီမှာတောင် အိပ်ရာပြောင်းသွားလို့ အိပ်လို့မရတာ ခုထိ အသားမကျသေးဘူး"

"မင်း ဝရမ်းပြေးဘဝရောက်နေတာကို မမေ့နဲ့လေ၊ ဒါတောင် တိုက်ခန်းငှားပြီး ဇိမ်ကျကျနေနိုင်တဲ့ ဝရမ်းပြေးမျိုး မင်းပဲရှိတာ၊ လူတစ်ယောက်ရဲ့ကံကြမ္မာက ဒုက္ခသောကနဲ့ကြုံရပြီဆိုရင် အနည်းအကျဉ်းနဲ့ ပြီးမသွားတတ်ဘူး"

သူ့လိုလူက ဘဝအရေးတွေအကြောင်း မာတိကာတွေ ကျေလို့ပါလား ...

"အခက်အခဲတစ်ခုဖြစ်လာလို့ စိတ်သောကကြုံရပြီဆိုရင် နောက်တစ်ခု လာတော့မှာကို ကြိုတွက်ထား"

"နေရာထိုင်ခင်းလေးပါ ပြင်ပေးထားရင်ရော .."

ချိန် က အသံထွက်အောင်ရယ်လိုက်ပြီး ဝေး ရဲ့ဘောင်းဘီအနားစကို လှမ်းကိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



"နေပေ့စေ"

ဝေး က သူ့လက်ကို ဖမ်းဆွဲထားလိုက်လျှင် ...

"ဟင် .. လက်မှာလည်း သွေးတွေပါလား"

လက်ကို ပြန်ရုပ်လိုက်ပေမယ့် ချိန် က လက်ကောက်ဝတ်ကို ဖမ်းကိုင်ထားလိုက်၏။

"လက်က ဘာဖြစ်တာလဲ"

"မြွေက ပါးပျဉ်းထောင်ပြီး ရှေ့တိုးလာတော့ လက်ထဲမှာ ဘာလက်နက်မှမရှိတာနဲ့ မှန်ကွဲကောက်မလို့ လိုက်စမ်းတာ .."

"နေ ရာ .. မင်းကလည်း ဉာဏ်ကြီးရှင်ပဲ၊ မြွေကို မှန်ကွဲ လက်တစ်ဆစ်လောက်နဲ့ အနီးကပ်တိုက်ပွဲဝင်ဖို့ ကြံရတယ်လို့"

ချိန် အဲဒီလိုရယ်တာ ခံရတိုင်း ဝေး ကလည်း မျက်နှာပျက်နေတတ်ကာ ...

"အချိန်မတော်ကြီး မြွန်းဒိုင်းဆို ထဖြစ်တော့ လန့်သွားတာပေါ့ဗျ၊ ပြောကွက်ရတိုင်း သွားကြီးအဖြီးသားနဲ့ အားရမနေစမ်းပါနဲ့"

"ဟား ဟား ဟား ဟား"

ပြောလိုက်မှ အားပါးတရရယ်ခြင်းသို့ ရောက်ကာ ...

"ဘယ်ဒုက္ခမှ အိမ်တံခါးခေါက်မလာပါဘူးကွာ၊ မင်းကျမှပဲ..."

"ခင်ဗျားကျတော့ အပြင်မှာ ကမ္ဘာပျက်နေတာတောင် မနိုးဘူးမို့လား"

ဆိုင်တာ မဆိုင်တာ မသိ..၊

ဒီလိုအပြစ်တင်လိုက်တာ ကိုယ့်ကိုယ်ကိုယ် ဘာပုံပေါက်သွားတယ်ဆိုတာလည်း မတွေးလိုက်မိဘဲ ...

"ကိုယ့်ခေါင်းပေါ်မှာ ဒီလောက်ဝုန်းဒိုင်းကြဲနေတာတောင် ..."

"ဘာလဲ .. မင်း ငါ့ကို အော်ခေါ်လိုက်သေးလို့လား"

ယောက်ျားချင်း 'အောင်မယ်လေး အဘလေး' အော်ပြီး သူ့ကို တမ်းတတယ်ဆိုရင် ဘာဖြစ်သွားနိုင်မလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဝေး မှားသွားပြန်သည်၊ သူမ အော်မခေါ်မိပေမယ့် သူ့ကို တမ်းတလိုက်မိတာတော့ အမှန်ပင်၊ ပြီးတော့ သူ ရောက်လာသည့်အတွက် ဝမ်းသာအားရ အားကိုးတကြီးဖြစ်သွားခဲ့မိသော ...၊

"မခေါ်ပါဘူး၊ ဘာမှမဟုတ်ရင်တော့ ခင်ဗျာပဲ တက်တက်လာတာလေ"

"ငါ ခုမှ အပြင်ကပြန်လာတာ"

ဟင် ...၊

ဒါကြောင့် သူ့ပုံစံက အိပ်ရာကထလာတဲ့ပုံ မပေါက်ဘဲ လည်ကပ်ဆွယ်တာ မီးခိုးရောင်နှင့် နုသစ်နေတာကို သတိထားကြည့်မိ၏။ ပြီးတော့ ဖိနပ် ...၊

"အပြင်မှာ မိုးကာချွတ်ပစ်ခဲ့တာ၊ ခြံထဲဝင်လာလာချင်း သစ်ကိုင်းပဲ့ကျနေတာ လှမ်းမြင်လို့ ပြေးတက်လာတာ၊ ငါ့အခန်းတံခါးတောင်မဖွင့်ရသေးဘူး"

သူက မရယ်တော့ဘဲနှင့် ခုံတစ်လုံးသွားယူပြီး ဝေး ရဲ့ရှေ့မှာ ထိုင်လိုက်ကာ ...

"မင်း လက်ကိုင်ဖို့ အဆင်ပြေမှာမဟုတ်ဘူး၊ ရော့ .. ဓာတ်မီးကိုင်ထား .. ငါ လုပ်ပေးမယ်"

"ရပါတယ်ဗျာ၊ ဘာမှမဖြစ်ပါဘူးဆိုမှ .."

"ဟော့ကောင် .. ယောက်ျားလေးချင်း ဗီလင်မပါဘဲ ပြုစုပေးရမှာနော်၊ သိပ်ငြင်းမနေနဲ့၊ ငါကလည်း သိပ်စိတ်ရှည်တာမဟုတ်ဘူး"

လက်ကိုထပ်ဆုပ်ထားလိုက်ရင်း သူ သံသယဝင်တော့မှာမို့ လက်ချောင်းတွေကို ဖြန့်ပေးလိုက်ရ၏။ ထို့အတူ သူ့ဆီက ခနိုးခနဲ့စကားတွေကို ဖြေရှင်းဖို့အတွက် အပြင်းအထန်စဉ်းစားရလေသည်။

"ရှထားတာ မနည်းဘူးကွ၊ လက်ချောင်းထိပ်တွေ အကုန်လုံးပဲကြည့်စမ်း၊ မင်း မြွေ တော်တော်ကြောက်တဲ့ပုံပဲ"

သူက အရက်ပြန်ဘူးကိုဖွင့်ပြီး ဂွမ်းစကိုင်ထားပြီးမှ ဝေး ရဲ့ လက်

www.burmeseclassic.com

www.burmeseclassic.com



ဖဝါးလေးကို ဆုပ်ကိုင်၏။ ကိုင်လိုက်မိတာနှင့် ဖျတ်ခနဲ အကြည့် တစ်ချက် ဝေး မျက်နှာလေးဆီ ရောက်လာသည်။

ပြီးတော့ ဘာမှမဟုတ်သလို ဒဏ်ရာကို ပြန်ကြည့်ကာ...

"နည်းနည်းဖိပေးမှရမယ်၊ အောင့်ထား"

"အား"

ဝေး သတိထားဖို့ အသက်အောင့်လိုက်ပေမယ့် သူ ဖိပွတ်လိုက်တာကို ဘယ်လိုမှမခံနိုင်။

"ခင်ဗျား တမင်လုပ်တာ"

"ဟာ .. ဟော့ကောင်"

"မှန်ကွဲရှတုန်းကတောင် ဒီလောက်မနာဘူး"

"မြွေကိုပဲ အာရုံရောက်နေတော့ နာမှန်းသိမလား"

"တော်ပြီ .. ဖယ်"

လက်ကို ပြန်ဆွဲရုပ်တော့ ချိန် က ဖိဆုပ်ထားလိုက်သဖြင့် မျက်လုံးချင်းဆုံသွား၏။ ပြီးတော့ ...

"မင်းက မိန်းကလေးနဲ့ တော်တော်တူတယ်"

"ဘာပြောတယ်"

ဝေး ရှက်ရွံ့ထိတ်လန့်သွားကာ သူ့ကိုင်ထားသည့်လက်ကို တအားဆောင့်ရုန်းပစ်လိုက်ရင်း ...

"ခင်ဗျားတို့ အဲဒီလို ယုတ်ယုတ်မာမာတွေကြံလို့ ကျွန်တော် ဒုက္ခရောက်တာ"

"ဘယ်လို"

"ယောက်ျားလေးဖြစ်ပြီး မနုနယ်ရတော့ဘူးလား"

"နုလို့ရပါတယ်၊ တချို့မိန်းမလျာတွေဆို မိန်းကလေးနဲ့ ခွဲလို့တောင်မရဘူး"

"အဲလိုရှိတိုင်းပဲ နုနုငယ်ငယ်မြင်တိုင်း မိန်းကလေးလို့ထင်ကြတာ၊ ကျွန်တော် ကံကောင်းလို့ ဘဝမပျက်ခဲ့တာ အဲလိုလူတွေကြောင့်"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာတွေဖြစ်ခဲ့လို့လဲ"

"ဘာဖြစ်ဖြစ် ဘာလို့ပြောရမှာလဲ၊ ကျွန်တော့်ကို မိန်းကလေး ထင်ပြီး စော်ကားဖို့ကြံစည်ခံရတာ နစ်ခါတောင်"

ချိန့် မျက်ခုံးနစ်ဖက် မြင့်တက်သွားသည်၊ ပြီးတော့ ဇေး မျက်နှာလေးကိုလည်း စူးစိုက်ကြည့်မိ၏။ လုံးစင်းသည့်နှာတံကော့ကော့လေးနဲ့ နီမြန်းမြန်းနုထွေးနေသည့် နှုတ်ခမ်းလွှာလေးတွေ ..

ပြီးတော့ ဝင်းမွတ်မှုန်ညက်နေသော မျက်နှာလေးက အစ ...

'ထင်မယ်ဆိုလည်း ထင်ချင်စရာ'လို့ တွေးလိုက်မိပေမယ့် နဖူးတစ်ချက်ခြစ်မိရင်း ...

"ဆောရီးကွာ၊ မင်း အဲလိုတွေကြုံခဲ့ဖူးတာမသိလို့ နောက်လိုက်တာပါ"

"နောက်တာမဟုတ်ဘူး၊ ခင်ဗျား တကယ်ပြောတာ"

"ဟုတ်တယ်လေ၊ အဲဒါ ငါ့စိတ်ထဲမှာရှိတဲ့အတိုင်းပဲ၊ တစ်ခုတော့ မင်း ကျေးဇူးတင်သင့်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက ငါ့ထက်ပိုချောတယ်လေ၊ ယောကျ်ားချင်းမနာလိုဖြစ်လောက်အောင်ပေါ့၊ ခုခေတ်မှာ ယောကျ်ားလေး မိန်းကလေး ခွဲရခက်လောက်အောင် နဖတ်မှုန်အုနေတဲ့ ယောကျ်ားလေးတွေ အရမ်းဟွတ်(တ်)တာ၊ မင်းကို ငါက မနာလိုမဖြစ်ဘဲ စိတ်ရင်းနဲ့ခင်နေတာလေ"

သူ တကယ်ယုံကြည်သွားတာ ဟုတ်ရဲ့လား ..၊

သူ့ပုံစံကြည့်ရတာ ကောင်မလေးတွေ ကြည်အောင် ကြိုက်အောင် ပြင်ဆင်နေထိုင်ပုံမျိုးနဲ့လည်း မတူပေ၊ ဒီစကားကို စိတ်ရင်းနဲ့ပြောတာလား၊ ယုံကြည်သလိုလို နစ်သိမ့်လိုက်တာလား၊

"ဟာ .. မှန်ကွဲစတွေစိုက်နေတာ ကြည့်စမ်း၊ မင်း ပျော့လိပ်ဖျားဖတ်နဲ့ သတ္တိကောင်းလှချေလား၊ ခတ်မိုး သေချာပြထား"

"မလုပ်နဲ့"

ခြေထောက်ကို သူ ကိုင်လိုက်တာ ဇေး အမှတ်တမဲ့ကြည့်နေမိပြီး

www.burmeseclassic.com

www.burmeseclassic.com



မှ လက်ကိုဖယ်ချပစ်လိုက်ကာ ...

"ခြေထောက်ကိုတော့ မကိုင်ပါနဲ့ဗျာ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော် ငရဲကြီးမှာစိုးလို့"

"မင်းနဲ့ငါ အသက်လည်း သိပ်ကွာမှာမဟုတ်ပါဘူး၊ လုပ်မနေစမ်းပါနဲ့"

"ချိန် .. မလုပ်ပါနဲ့ဆိုဗျာ"

"ဟား .. ဒီမှာ မှန်ကွဲစတွေမြင်နေရတာ အသည်းယားစရာကြီးကွာ"

"အား .. သေပါပြီ"

ဝေး မျက်လုံးတွေပြာအောင် နာကျင်သွားသည်။ ထို့ပြင် ...

"အား .. သေပြီ .. ရေတက်ချိန် .. ခင်ဗျား .. အား .."

"ယောကျ်ားမဟုတ်ဘူးလား ထပ်မေးတာမခံချင်ရင် ငါ့လက်ကို လွှတ်ပြီး ခတ်မီးကောင်းကောင်းထိုးထား"

"ခင်ဗျား .. အား .."

နာလွန်းသဖြင့် ချွေးဖြိုင်ဖြိုင်ကျကာ ခေါင်းတွေပါ တဒိုင်းဒိုင်း ဆောင့်ကိုက်လာ၏။ ယောကျ်ားလေးတစ်ယောက်လို ဟန်ဆောင်နေရခြင်းသာမရှိခဲ့လျှင် သူမ ခွေကျသွားနိုင်လေသည်။

"ပြီးပြီ"

ချိန် က မှန်ကွဲစတွေကို သူ့ဒူးတစ်ဖက်ပေါ်မှာ လက်ကိုင်ပဝါ အခေါက်လိုက်တင်ပြီး ထိုပေါ်မှာ စုထား၏။ စောစောက မြွေကို သတ်လိုက်သည့်ဓားက သွေးတွေကိုလည်း ထိုပဝါနဲ့ပဲသုတ်လိုက်တာဖြစ်ကာ...

"လူတစ်ယောက်ကိုသတ်ပစ်ရတာ လွယ်လွယ်လေးနော်၊ ရှင်သန်အောင်ကြိုးစားရတာ တော်တော်ခက်တယ်၊ ဟွန်း .. ခုမှပဲ သေချာသိတော့တယ်"

သူ့ဟာသူ ဘယ်လိုအဓိပ္ပာယ်တွေနဲ့ပြောနေမှန်း မသိပေမယ့် ဝေး ကတော့ မျက်ရည်ကျအောင်နာနေခဲ့လျက် ...

www.burmeseclassic.com

www.burmeseclassic.com



"ဆေးမထည့်နဲ့တော့ ဖယ်ပေး"

"ဟာ .. ဒီလောက်များတဲ့ဒဏ်ရာတွေကို .."

"ကျွန်တော့်ဘာသာထည့်မယ်"

"လုပ်မနေစမ်းပါနဲ့ကွာ၊ မင်းတစ်ကိုယ်လုံး ချွေးတွေနစ်နေပြီ၊ ဒီပုံစံဆို သေချာပေါက် ခြေတုန်လက်တုန်ဖြစ်နေပြီ ငါသိတယ်"

"ခင်ဗျားမသိတာ ဘာရှိလဲ"

"မင်း ယောက်ျားဖြစ်ပြီး ဒီလောက်နဲ့ဖတ်နေတာ စဉ်းစားမရဘူး"

"ခင်ဗျားကလည်း ကျွန်တော့်လိုကောင်နဲ့ လာတွေ့နေလို့ပါ၊ သိပ်လေလုံးထွားမနေပါနဲ့"

"ငါ့ကိုယ်ငါ မပြောပါဘူး၊ မင်းကိုပဲပြောနေတာ၊ ကဲ .. ရန်ဖြစ်နေရမယ့်အချိန် မဟုတ်ဘူး၊ ဖယ် .. လက်"

သူက ဇွတ်တရွတ်လုပ်သွားကာ ခြေထောက်ကို ပတ်တီးစည်းပေးတဲ့အထိပြီးမှ ...

"ဒါကျတော့ အသံမထွက်ပါလား၊ မဆိုးဘူး"

"ဘာမဆိုးတာလဲ"

"ယောက်ျားပီသလာပြီလို့ပြောတာ"

ဝေး ကတော့ အံကြိတ်ထားရတာ သွားခြေတွေတောင် နာနေပါပြီ။

"မဆိုးဘူးကွာ၊ မိန်းကလေးတစ်ယောက်လိုပဲ မင်းက ချက်ပြုတ်စားချင်တယ်၊ ဆေးဝါးကိရိယာတွေ ဆောင်ထားတယ်လေ၊ ခုလိုကျတော့ တော်တော်အဆင်ပြေသားပဲ"

စကားပြောလိုက်ရင် မိန်းကလေးနဲ့တူတဲ့အကြောင်း မပါမပြီး။

ဒါကိုပဲ မခံရပ်နိုင်ဖြစ်ရပေမယ့် ခဲ(ဂဲ)နဲ့ပစ်ပေါက်တိုင်း ဟောင်သည့်ခွေးလို အဖြစ်မခံနိုင်သဖြင့် တော်တော်သည်းခံနေခဲ့ရသည်။

ထို့ပြင် ဒေါသဖြစ်တိုင်း ဒါကြောင့်ချည်းပဲဆိုရင် တစ်ဖက်သား သံသယဖြစ်နိုင်ဖွယ်ရှိနေ၏။

"အပြင်မှာ မိုးက မတိတ်သေးဘူး၊ မင်း ဘာလ်လိုလုပ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရတယ်"

"ဘာရတာလဲ"

"ခင်ဗျားသာ ပြန်အိပ်"

"အိပ်မှာပါ၊ ငါ တံခါးလော့ခ် ဖြုတ်ထားမယ်၊ မင်း ဒီမှာ အဆင်မပြေရင် ဆင်းလာခဲ့၊ အိုခေ"

သူက ဒါပဲပြောပြီး လှည့်ထွက်သွား၏။ ပြီးမှ ...

"မင်းမှာ ခါတ်မီးရှိလား၊ ငါထွက်သွားရင် မှောင်သွားမှာ"

"ရှိတော့ရှိတယ်၊ အဲဒါက ..."

"ရော့ .. ဒါယူထားလိုက်"

သူ ခါတ်မီးကမ်းပေးတော့ ဝေး က မော့ကြည့်ကာ ...

"ခင်ဗျားကရော .."

"ပြဿနာမရှိပါဘူး၊ မင်းက ဒီမှာရှင်းရမှာတွေရှိသေးတယ်၊ ဆောရီးကွာ၊ အမှိုက်ရှင်းတဲ့အလုပ်တော့ ငါလုံးဝစိတ်မဝင်စားဘူး၊ ဒီည တော့ မင်း ဖိနပ်စီးထားမှဖြစ်မှာ"

ချိန် က အပြင် ဖိနပ်စင်လေးပေါ်က အဆင်ပြေမည့် ဖိနပ်တစ်ရံကို ယူလာပေးရင်း ရယ်၏။ ပြီးတော့ ...

"ငါ့မှာ ဒီလောက်ထိ တာဝန်သိတဲ့စိတ်တွေရှိနေကာ ခုမှပဲသိတော့တယ်၊ ဟွန်း .. အံ့ဩစရာ"

သူ့ကိုယ်သူ ပြောသွားသမျှ စကားလုံးတိုင်း ဝေး နားမလည်ပေ၊ တစ်ခုတော့ အကဲခတ်မိသည်၊ ဒီလူဟာ အမြဲတမ်း တစ်ယောက်တည်း နေလာခဲ့တဲ့လူဖြစ်နိုင်လျက် တော်တော်လည်း ဆောင့်ကြွားကြွားနိုင်လိမ့်မည်ဟု ...။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"ဒေါက် .. ဒေါက်"

"နေ လား .. ဝင်ခဲ့လေကွာ"

တံခါးလက်ကိုင်ဘုကို ကိုင်လိုက်ပြီးမှ မဖွင့်ဖြစ်ဘဲ ...

"ခင်ဗျား ခဏထွက်လာပါလား"

"ငါ လက်မအားဘူးကွ၊ ထဖို့လည်းမလွယ်ဘူး၊ ဘာဖြစ်လို့လဲ၊ မင်း တံခါးဖွင့်ဖို့ လက်မအားလို့လား"

ဝေး မထူးစိတ်ပိုက်ကာ တံခါးဖွင့်လိုက်မိသည်။ ယောက်ျားလေးချင်းဆိုပြီး သူ တစ်ခုခု ဖရိုဖရဲနေနေတုန်း ဝင်လိုက်မိသလိုဖြစ်သွားမှာစိုးလို့ပါ။

ဒါပေမယ့် သူမ ဝင်သွားတော့ ချိန် က ဆိုဖာပေါ်မှာထိုင်နေလျက် လက်ပတ်နာရီတစ်လုံးကို ဖွင့်ပြီး ဘာတွေလုပ်နေမှန်းမသိ။

"ခင်ဗျား ကျွန်တော်မှန်း ဘာလို့သိတာလဲ"

"အပေါ်မှာ ပြန်လည်ထူထောင်ရေးတွေလုပ်နေတယ်မို့လား၊ မင်း အဲလိုနေရာမှာ မနေတတ်ဘူးဆိုတာ ငါ တွက်မိတာပေါ့"

ဝေး က သူ့အိမ်ထဲကို သေချာလိုက်ကြည့်ပြီး မထိုင်ဘဲနေသဖြင့် ချိန် က မော့ကြည့်၏။

"ထိုင်လေ .. ဘာလုပ်နေတာလဲ၊ ခြေထောက်က သက်သာသွားပြီလား"

www.burmeseclassic.com



"မသက်သာဘူး၊ ဖျားချင်သလိုလိုတောင်ဖြစ်နေတယ်"

"ဆေးမသောက်ဘူးလား"

"အဲလောက်ထိ စုံစုံလင်လင်မရှိလို့"

ကိုင်လာသည့်အထုပ်တွေကို သူ့စားပွဲပေါ်တင်လိုက်သဖြင့် ချိန်က လှမ်းကြည့်၏။ ဘာတွေလဲလို့လဲ မမေးပေ၊ ပြီးတော့ သူမ ထင်ထားသလို ဘာမှလည်းမပြောဘဲ နာရီတစ်လုံးနဲ့ အလုပ်ရှုပ်နေ၏။

"ရေတက်ချိန်"

"ဘာလဲ"

"ကျွန်တော် ဒီမှာ မိုးမချုပ်ခင်ထိ နေလို့ရလား"

"ရတယ်"

ဒါပဲဖြေပြီး သားရေပတ်လေးနဲ့လိပ်ထားသည့်အထုပ်ကို ဖြေလိုက်သည်၊ အထဲမှာ ခွဲစိတ်ခန်းထဲက ပစ္စည်းလေးတွေလို ထိုထက် အဆမတန်သေးသော ပစ္စည်းလေးတွေ အကန့်လိုက် အစီအရီ ...၊

"မင်း လှဲချင်ရင် အဲဒီမှာ လှဲလို့ရတယ်၊ ငါ့အခန်း ... အဲ ... ရှင်းရှင်းလင်းလင်းရှိတာတော့ ငါ့အခန်းတစ်ခန်းပဲရှိတယ်၊ ကျန်တဲ့အခန်းပိုတွေကို ငါ ဝင်တောင်မကြည့်ဘူး၊ မင်း အဆင်ပြေမယ်ဆိုရင်တော့ ကြိုက်တဲ့အခန်းထဲ ဝင်နေ"

"ကျွန်တော် မီးဖိုချောင်ပဲ ခဏသုံးချင်တာ"

ချိန် က ဖျတ်ခနဲမော့ကြည့်သည်၊ ပြီးတော့ အထုပ်ကို မျက်လုံးဝေ့ကာ ...

"ခြေထောက်နာနေတာတောင် ဈေးသွားဝယ်လိုက်သေးတာလား"

"မဝယ်ပါဘူး၊ ကြက်ဥနဲ့ ခေါက်ဆွဲခြောက်ထုပ်တွေပါ၊ ပြီးတော့ ကြက်အူချောင်းလေး နည်းနည်းပါတယ်၊ ခင်ဗျားလည်း အပြင်ထွက်မစားနဲ့တော့လေ"

"ငါက အဲဒါတွေမကြိုက်ဘူး"

"မကြိုက်လည်း တစ်ခါတစ်လေတော့ မျိုချကြည့်လိုက်ဗျာ၊ ကျွန်တော်က ဘယ်မှမသွားနိုင်ဘူး၊ ခင်ဗျား အပြင်ထွက်လို့မရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မင်း မသွားနိုင်တာနဲ့ ငါနဲ့ ဘာဆိုင်လို့လဲကွ"

"သူများအိမ်မှာ တစ်ယောက်တည်းမနေခဲ့ချင်လို့ပေါ့"

"ဘာလဲ .. ကြောက်လို့လား၊ ငါ တစ်မျိုးထင်မှာစိုးလို့လား"

"ဘာလို့ကြောက်ရမှာလဲ၊ သူများအိမ်မှာ ပိုင်ရှင်မရှိဘဲနဲ့ .."

"ပိုင်ရှင်က မင်းလည်းမဟုတ်ဘူး၊ ငါလည်းမဟုတ်ဘူး၊ ဒီထဲမှာလည်း ငါပိုင်ပစ္စည်းဆိုလို့ တန်ဖိုးကြီးတာ ဘာမှမရှိဘူး"

"ရှိရှိ မရှိရှိဗျာ ခင်ဗျား အပြင်သွားမယ်ဆိုရင်တော့ ကျွန်တော်လည်း .."

"ကျွတ်"

သူ ကျွတ်ခနဲဖြစ်သွားသဖြင့် ဝေး စကားစပြတ်သွား၏။

"မင်း ဒဏ်ရာတွေ ဆရာဝန် သွားမပြတော့ဘူးလား"

"အဲဒါ ကျွန်တော့်ကိစ္စပါ"

"မင်းကိစ္စပေမယ့် ငါနဲ့နီးကပ်နေတော့ အမြင်မတော်လို့ မေးနေတာလေ၊ ငါ့အသိ ဆရာဝန်တစ်ယောက် ရှိတယ်၊ အဲဒါ ..."

"ကျွန်တော့်ကို ဘယ်လူစိမ်းနဲ့မှ ပေးမတွေ့နဲ့ဗျာ"

ပြောပြီး နေရာမှ ထရပ်လိုက်ကာ...

"မီးဖိုချောင် ဘယ်မှာလဲ"

"ဘာလုပ်မှာလဲ၊ ဟိုပေါ်မှာ မီးဖိုရော အိုးရော အဆင်သင့်ပဲ၊ ပလပ်တပ်လိုက်ရင် ပြီးပြီ"

"ခင်ဗျား တစ်ခါတည်းစားမှာမို့လား"

"မစားဘူး"

"ဆယ်နာရီခွဲနေပြီ"

"ဘယ်နှစ်နာရီဖြစ်ဖြစ် ငါစားချင်မှစားမှာပေါ့"

"ပြီးရော"

ဝေး ခြေထောက်ကိုထိန်း၍ ဖြည်းဖြည်းချင်းလျှောက်သွားတော့ ချိန် က နောက်ကနေ လှမ်းကြည့်နေ၏။ သူ ကြည့်နေယ်ဆိုတာ ဝေး လည်း တွက်မိသည်။ ဒါပေမယ့် ကိုယ့်ပုံစံကို ယုံကြည်မှုအပြည့်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်လာခဲ့တာမို့ နောက်ကို အာရုံမထားတော့ဘဲ သူပြသည့် မီးဖိုလုံးလေးနားကို လာခဲ့မိသည်။

ရှေ့မှာထောင်ထားသည့် ဆိုင်ကယ်ကြီးနဲ့ ပြိုင်ကားရဲ့တန်ဖိုးကတင် နည်းတာမဟုတ်ပေ၊ ဒါနဲ့တောင် အိမ်ထဲမှာ ရေခဲသေတ္တာကောင်းကောင်းမရှိ၊ မိုက်ခရိုဝေ့(ဗ်)လေး တစ်လုံးတောင် မထား ...၊

စားဖွယ်သောက်ဖွယ်ဆိုလို့ ကော်ဖီမှုန့်လေး နို့မှုန့်လေးတောင် မထားဘဲ တစ်ခုခုစားချင်တိုင်း ထင်သလို ထွက်နေ စားနေတာ ဖြစ်နိုင်၏။

ကိုယ်ကတော့ ဝရမ်းပြေးတစ်ယောက်လို့ ခေါင်းစဉ်တပ်ထားသဖြင့် လူမြင်မခံချင်သည့်အကြောင်းပြချက်က ကိုယ့်ဘာသာ ချက်စားခြင်းအတွက် သဘာဝကျနေ၏။

"အ .."

မှန်ကွဲထိထားတာ ညာဘက်လက် ဖြစ်နေ၏။ ဒီလက်နဲ့ပဲ အလုပ်လုပ်တတ်သဖြင့် ဘာလေးပဲကိုင်ကိုင် တော်တော်ကြီး ဒုက္ခတွေ့နေရသည်။ ထို့စဉ် ...

အမှတ်တမဲ့ ခေါက်ဆွဲထုပ်ကို ဒီတိုင်းဆွဲဖြဲလိုက်မိကာ ...

"အား"

"ဘုတ်"

"ခွပ်"

ခေါက်ဆွဲထုပ်က ပြုတ်ကျရင်း ကြက်ဥနှစ်လုံးကိုပါ တိုက်ချလိုက်သလိုဖြစ်သွား၏။ ချိန် သူမဘေးကို ချက်ချင်း ရောက်လာကာ—

"ဘာဖြစ်သွားလေသဲ"

"လက် .."

ပြောမိပြီးမှ လက်ခါသလိုလိုနှင့် ဆန့်ချပြီး ဝှက်ထားလိုက်သည်၊ ချိန် က ထိုလက်ကိုငုံ့ကြည့်ပြီး ကျွတ်ခနဲဖြစ်လျက် ...

"ခြေမကောင်း လက်မကောင်းနဲ့ မင်းကွာ .."

ညည်းညူသလိုပြောရင်း သူ ထလာခဲ့သည့်နေရာ ပြန်ထွက်သွား၏။ ပြီးတော့ ဆိုဖာနဲ့စားပွဲကြားမှာ ကုန်းကွပြီး ဘာတွေရှာနေမှန်းမသိ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီလူ အပြေးအလွှားရောက်လာပြီး ဘာမှလည်း ကူဖော်ဆွဲဖော် မရဘဲ ဘာလုပ်တာလဲ၊

ဝေး စိတ်တိုသွားသည်၊ ဒီမှာ ခြေထောက်ပေါ်ကျပြီး ကွဲသည့် ကြက်ဥ အနှစ်တွေနဲ့ ခေါက်ဆွဲခြောက်ဖွင့်လျက်သား ဖိတ်ဖိတ်စဉ်စဉ်။

တကယ်ဆို နည်းနည်းပါးပါးကောက်လို့ရတာ ကောက်ပေးခဲ့ပါလား။

ညှီတာ နံတာတွေဆို သူမ အလွန်ရွံသည်၊ ဒါကြောင့် အသားငါး စားတိုင်း ဒုက္ခရောက်ရသည်၊ ဒုက္ခများလွန်းလို့လည်း အသီးအရွက်တွေနဲ့ပဲ နှစ်ပါးသွားခဲ့တာ များလေသည်။

ကြက်ဥကို ချက်တာ ကြော်တာ အကုန်ကြိုက်ပေမယ့် ခုလိုမျိုး ပျော့ပျော့ပြဲပြဲကြီးကိုတော့ မကိုင်ချင်၊

"ကျွတ် .. သွားပြီကွာ .. မတွေ့တော့ဘူး"

ချိန် ကလည်း မကျေနပ်ဖွယ်တွေနဲ့ ညည်းညူလျက် ...

"မင်းအော်လိုက်လို့ ထလိုက်တာ ဒူးပေါ်တင်ထားတဲ့ နတ်လေး ဘယ်ရောက်သွားလဲ မသိတော့ဘူး၊ အဲဒါမှ လုံးဝကျွိုင်"

"ကိုယ့်ဘာသာ ဒဏ်ရာရထိသွားလို့အော်လိုက်တာ ခင်ဗျားကို ခေါ် လို့လား"

"ခေါ်တာထက်ဆိုးတယ် မင်းအော်သံက ..."

"ဘာ"

"မသိဘူး၊ မင်းအော်လိုက်တိုင်း လန့်လန့်သွားတာ ကိုယ့်ကိုယ်ကိုယ် ဒီလောက်အသည်းငယ်မှန်းတောင် မသိခဲ့ဘူး"

"အသည်းအားဆေးလေး ဘာဆေးလေး သောက်ပေါ့၊ သေနိုင်တယ်"

စိတ်တိုတိုနဲ့ပြောလိုက်မိတော့ ချိန် က ဆတ်ခနဲထရပ်ပြီး ခါး ထောက်၏။

"ငါက ဘာဒဏ်ရာနဲ့မှ မသေနိုင်ဘူး၊ သေဖို့နီးနေတာက ဝေး"

"သေပေ့စေ ...၊ ကိုယ့်ကိုယ်ကို သတ်သေရင် ငရဲတောင်ကြီးဦးမယ်"

"ဟွန်း .. သေချင်တဲ့ကောင် ထင်တယ်၊ ထစ်ခနဲရှိ သေသံပါအောင် အော်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနော်"

"မှန်တာပြောရင် မကြိုက်ဘူး"

"မကြိုက်မှန်းသိရင်လည်း မှန်တာဖြစ်ဖြစ် မှားတာဖြစ်ဖြစ် မပြောနဲ့"

"ဟော့ကောင် ထားလိုက်လေကွာ၊ ဘာလုပ်ပြန်ပြီလဲ အဲဒါ"

"ဒီမှာ ပေပွကုန်တာ မမြင်ဘူးလား"

"ဟား .."

ချိန် က စိတ်ပျက်သည့်မျက်နှာနှင့်ညည်းကာ ဝေး ရဲ့အားကို ရောက်လာ၏။ ပြီးတော့ အဝတ်စုတ်တွေ ရေဇလုံတွေကို ဆွဲယူသွားကာ ...

"ကြက်ဥတွေ ရေထိရင် ဘယ်လောက်ညှီလဲ သိလား"

"ညှီတာလည်း ဒီတိုင်းထားလို့မှမရတာ"

"ရတယ် ထားလိုက်၊ ငါ အန်တီ့ကို သန့်ရှင်းရေးသမားခေါ်ဖို့ ပြောထားတယ်၊ တစ်ပတ်တစ်ရက် အဝတ်လျှော် ကြမ်းတိုက် တစ်အိမ်လုံး သန့်ရှင်းရေး လာလုပ်လိမ့်မယ်တဲ့"

"ဒါကြီးကို သန့်ရှင်းရေးလာတဲ့အထိ ထားမယ်"

"ထားတာ ဘာဖြစ်လဲ၊ မင့်ခေါင်းပေါ် တင်ထားရတာမဟုတ်ဘူး၊ ထားလိုက်"

ဖြစ်ရလေ ...၊

ဝေး ကတော့ မိန်းမသားမို့ ဒီလို မျက်နှာလွှဲမနေနိုင်၊

သို့သော် သူက ဝေး ကို ဘာကိုင်ကိုင် ဆွဲလွှဲဖယ်ပစ်နေကာ...

"မင်း ဘယ်လိုဖြစ်နေတာလဲ နေ၊ ကျိုးဆော့ ကန်းမော့ ပြောရင် မစားနာဘူးဖြစ်ဦးမယ်၊ ယောက်ျားက ယောက်ျားလိုနေစမ်းပါ၊ ချိတိချိနဲ့လုပ်နေရအောင် မင်းကို ဘယ်သူက ဒဏ်ရိုက်မှာမို့လို့လဲ"

"ကျွန်တော့်ကြောင့်ဖြစ် ..."

"ဘယ်သူ့ကြောင့်ဖြစ်ဖြစ် ပြဿနာမရှိဘူး၊ မင်း တချောက်ချောက်လုပ်နေတာ ငါလည်း ဒီမှာ ဘာမှလုပ်လို့မရဘူး"

"ခင်ဗျား ကျွန်တော်ရှိနေလို့ အနှောင့်အယှက်ဖြစ်နေတာလား"

"အဲလိုမဟုတ်ဘူး၊ ဘယ်လိုပြောရမှန်းလည်းမသိဘူးကွာ၊ မင်း

www.burmeseclassic.com



ထအော်လိုက်တိုင်း ငါ မနေတတ်မထိုင်တတ်ဖြစ်ဖြစ်သွားတာ၊ ပြဿနာက အဲဒါပဲ"

သူ ဘာသဘောနဲ့ ပြောလိုက်တာလဲ...၊

ဝေး စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားပေမယ့် သူက ဖုန်းကိုင်လိုက်သဖြင့် ဘာမှမပြောဖြစ်ခဲ့။

"အေး .. ပြော"

"... ... ..."

"ဟာ .. ဟော့ .. မဝင်စေနဲ့နော်"

ပြောနေရင်း သူ နေရာမှ ထသွား၏။ ဒါပေမယ့် ပြောတာကိုတော့ ကြားနေရသေးကာ ...

"အဲဒီနေရာမှာ ငါထားတဲ့လူပဲ ဖြစ်ရမှာ"

"... ... ..."

"ဟုတ်တယ်၊ အဲဒီနှစ်ယောက်ကို ဘယ်သူဖြစ်ဖြစ် ခိုင်းလို့ရတယ်၊ ဘယ်စွမ်းပကားမှ ထည့်သုံးစရာမလိုဘူး၊ ရေတာက်ချိန် လို့ ပြောပြလိုက်"

"... ... ..."

"ကြိုက်သလောက်သုံး၊ မြန်မာပြည်တွင်းကကိစ္စတွေ ငါမသိတာ ဘာမှမရှိရဘူး"

ပြောနေသမျှ အာဏာရှင်စကားတွေချည်းပါလား၊

ဝေး သူ့ကို လှမ်းကြည့်လိုက်မိသည်။ ကိုယ်က မိန်းကလေးမှန်း ရိပ်မိနေလို့ တမင်ကြွားပြောနေတာများလားလို့ တွေးမိတော့ စိုးရိမ်စိတ်တွေ ဖြစ်သွားမိသည်။

ဒီလိုမဟုတ်ပါစေနဲ့ ...။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၃)

သူ ကားထွက်တော့မှာကိုသိလျက်နဲ့ ဝေး ဒီတိုင်းထွက်လာခဲ့မိသည်။ တကယ်ဆို လမ်းကြုံလိုက်လို့ရလျှင် ဘယ်သူမဆို လိုက်ချင်မှာပဲဖြစ်သည်။

သူ့ဘက်က ယောကျ်ားလေးချင်းအမြင်နဲ့ ဘာပဲပြောပြော ကိုယ့်ဘက်မှာ ထော်လော်ကန့်လန့်တွေဖြစ်ခဲ့တဲ့အတိုင်း ကြာလာရင် ပေါ်ကုန်တော့မှာ သေချာ၏။

ထွက်လာခဲ့ပြီးမှ ကိုယ့်ကိုယ်ကို မိန်းမသားဆိုသည့်စိတ်ကို မဖျောက်နိုင်သေးတာ စိတ်ပျက်မိလေသည်။ ထိုစဉ် အနက်ရောင်ပြိုင်ကားလေးက သူ့ဘေးမှာ ထိုးရပ်သွားကာ ...

"နေ .. မင်း ဘယ်သွားမှာလဲ၊ ငါနဲ့ လိုက်ခဲ့လေ"

ဒါပဲတွေးနေတုန်းမို့ ဝေး သူ့ကားကို အဆင်ပြေပြေကြည့်လိုက်နိုင်ကာ ...

"ခင်ဗျားက အလုပ်များနေတဲ့ပုံပဲ၊ ကျွန်တော့်ကြောင့် အနှောင့်အယှက်ဖြစ်နေပါ့မယ်"

"မင်းက တော်တော်ရစ်တဲ့ကောင်ပဲ၊ လာ .. တက်"

သူ ထပ်ခေါ်မှ တစ်ဖက်ကနေ ဝင်ထိုင်လိုက်မိကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်သွားမှာလဲ၊ ကျွန်တော့်ကို တက္ကသိုလ်ရိပ်သာလမ်းမှာ ချပေးခဲ့လို့ ရလား"

"ရပါတယ်၊ မင်း ခြေထောက်ထောက်လို့မကောင်းသေးဘူးမို့လား၊ သွားမယ့်နေရာထိ လိုက်ပို့ပေးမယ်လေ"

"ရတယ်၊ အဲဒီထိရောက်ရင် တော်ပါပြီ"

ကားမောင်းနေရင်း သူက ဝေး ကိုလှည့်ကြည့်ကာ ...

"မင်း ခုလိုသွားလာနေတော့ မျက်မှန်တစ်လက်လောက် ကောက်တပ်ထားလိုက်တာနဲ့ ပြီးရောလား"

"ဘာကိုလဲ"

"မင်းပုံစံကို ဘယ်သူမှမမှတ်မိနိုင်တော့ဘူးလို့ မင်း ထင်လား"

"ကျွန်တော့်ပြဿနာက ရန်ကုန်မှာမှ မဟုတ်တာ"

"ငါ့မှာလည်း ပြဿနာရှိတယ်၊ အဲဒါက မြန်မာနိုင်ငံမှာမဟုတ်ဘူး"

ဝေး သူ့ကို လှည့်ကြည့်သည်။ သူက ကြည့်နေပြီးမှ ရှေ့ပြန်လှည့်၍ ကားကို မြွေလိမ်မြွေကောက်တက်သည်။ ပြီးတော့မှ ...

"မင်းက ပြေးနေရတဲ့လူ၊ ငါကတော့ ပြေးနေတဲ့တစ်ယောက်ကို ရှာနေရတယ်၊ မင်းလည်း စိတ်ချမ်းသာမှာမဟုတ်သလို ငါလည်း စိတ်ညစ်နေရတာပဲ"

"ဘာတွေလာဖြစ်နေတာလဲ၊ စောစောစီးစီး ညစ်တာချင်း လာတိုင်း နေတာလား"

"ပြောပြတာလေ၊ မင်း ညစ်နေတဲ့ပုံက တစ်လောကလုံးကို ရန်သူစာရင်းသွင်းနေတာနဲ့တူလို့"

"ကျွန်တော့်ဘာသာ စကြဝဠာကြီးတစ်ခုလုံးကိုပဲ စိန်ခေါ်နေနေ ခင်ဗျားနဲ့ မဆိုင်ဘူးမို့လား"

"ဆိုင်တာပေါ့ကွာ၊ မင်းနဲ့ငါ အခန်းဖော်ချင်း"

"အပေါ်ထပ်နဲ့အောက်ထပ် တခြားစီ"

www.burmeseclassic.com

www.burmeseclassic.com



"အတူတူပါပဲ၊ တစ်မိုးအောက်တည်းမှာဆိုတော့ ရှူး(မ်) မိတ်(တ်) ပဲ"

ဖွတ်ကို မိတ်(တ်)လုပ်နေတော့ ဝေး နှာခေါင်းလေးရှုံ့ပြီး တစ်ဖက်လှည့်နေလိုက်၏။ ထိုစဉ် ကားက ညာဘက်အတိုင်း ကွေ့ချိုးသွားရာ လမ်းဘေးကနေ လူနှစ်ယောက်က တား၍ ...

"စွမ်းလေး .. မင်းကို ကိုကြီးက တွေ့ချင်နေတယ်"

ကိုကြီးဆိုတာ အဖွဲ့သားတွေက စွမ်းကြီးကို ခေါ်တာဖြစ်သည်။ အထူးသဖြင့် စွမ်းကြီးရဲ့လက်အောက်ကလူတွေဖြစ်သည်။ စွမ်းကြီး၊ စွမ်းလတ်၊ စွမ်းငယ် တို့သုံးယောက်မှာ ကိုယ်ပိုင်အင်အားတွေရှိကြကာ တပည့်တပန်းတွေကိုလည်း သူ့လူကိုယ့်လူ ခွဲခြားထားခဲ့၏။

အလုပ်အပေါ်မှာရော အင်အားဆိုသည့်အပေါ်မှာပါ ဘာကိုမှ အာရုံမစိုက်ခဲ့တာက စွမ်းလေး ခေါ် ရေတက်ချိန် ပဲဖြစ်သည်။ သူ့အတွက်က ဘယ်သူတွေ ဘာလုပ်နေနေ ကိုယ်လုပ်ချင်တာလုပ်ရဖို့ အဓိက ..၊

"သူ ရန်ကုန်ရောက်နေပြီ၊ မင်းက လာမတွေ့လို့ .."

"ငါက ဘာလို့သွားတွေ့ရမှာလဲ၊ တွေ့ချင်တဲ့လူက လာပေါ့"

"မင်း ဘယ်မှာနေတာ ငါတို့မှမသိဘဲ"

ပြောနေသည့်လူက ဝေး ကို စူးစိုက်ကြည့်သေးသည်၊ ပြီးမှ ....

"မင်းကို အလုပ် လုပ်ခိုင်းထားတာ အပေါင်းအသင်းတွေနဲ့ ဒီလိုနေနေတာမြင်ရင် မလွယ်ဘူး"

"နေပါဦး၊ အဲဒီစကားတွေကိုပြောဖို့ အကြီးကောင်က လွှတ်လိုက်တာလား"

စွမ်းလေး က ဒီနေ့ထိ ကြီးတဲ့လူတွေကို ကိုကိုတွေ ညီညီတွေ ဘယ်တော့မှမခေါ်၊

စကားပြောပြီဆို ပြောသည့်အကြောင်းအရာထက် ... ခေါ်ပြောဆက်ဆံပုံကြောင့် အမြဲတမ်း အဆင်ဆိုးနေတတ်ခဲ့၏

"ဟေ့ကောင် ငါမေးနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ မျက်နှာပျက်သွားပြီး နောက်ကလူကို လှည့်ကြည့်သည်။ နောက်လူက ရှေ့တိုးလာပြီး ဝေး ကိုပဲ စိုက်ကြည့်၍ ...

"ငါတို့မြင်တဲ့အတိုင်း ပြန်ပြောရမှာလေ၊ ဒီလိုမြင်ခဲ့တာတောင် ဘာမှမပြောခဲ့ဘူးလား မေးမှာစိုးလို့ တစ်ခါတည်း ပြောထားတာ၊ ငါတို့အတွက် တာဝန်က ..."

"နောက်ဆို ဘာတာဝန်ဖြစ်ဖြစ် ကိုယ်တိုင်လာပြောဖို့ အကြီးကောင် ကိုပြောလိုက်"

"ဘာ"

"ဟာ .. ဟေ့"

"ဂွး"

ကားက နောက်မြီးလွှဲပြီးမှ လမ်းပေါ်ပြန်တက်လိုက်တာမို့ နှစ်ယောက်စလုံး ကိုးယိုးကားယားကျန်ရစ်ခဲ့၏။ ဝေး မြင်နေသည့် ချိန့်မျက်နှာပေါ်က တင်းမာမှုကို ဘယ်လိုခေါင်းစဉ်တပ်ရမည်မှန်း မသိ။

တော်တော်ဝေးကွာလာမှ တက်ခေါက်လိုက်ရင်း ...

"မင်း ဒီမှာဆင်းလိုက်တော့ နေ"

"ဆင်းမယ်လေ"

'ကားကို သိမ့်ခနဲထိုးရပ်ပစ်လိုက်ကာ ဝေး ဆင်းပြီးသည်နှင့် နောက်ကို တစ်ချက်ပြန်ဆုတ်ကာ ဝေါခနဲ ပြန်ဝိုက်ပစ်၏။

"တီ .. တီ"

ပရမ်းပတာထိုးသိပ်ရပ်လိုက်ကြရသည့် ကားဟွန်းသံတွေ ဆူညံကုန်လေသည်။ ချိန် ဟိုလူတွေနောက် ပြန်လိုက်ပြီး ပြဿနာရှာတော့မည်ကို ဝေး သိလိုက်သည်။

ရေတက်ချိန် ဆိုတာ ဘယ်လိုလူမှန်းမသိသော်လည်း တော်တော်ပြောရခက်သည့်လူဆိုတာတော့ လက်ခံသွားမိသည်။

ထိုအခါ 'မင်းကျမှ' ဘာဖြစ်တယ် ညာဖြစ်တယ်ဆိုသည့် သူ့

www.burmeseclassic.com

www.burmeseclassic.com



စကားတွေကိုပါ လက်ခံသွားမိရင်း ...

'ငါ့ကို မိန်းကလေးမှန်းသိနေတာတော့ မဟုတ်ပါစေနဲ့'

လို့ တိုးတိတ်စွာ ဆုတောင်းလိုက်မိ၏။ သူမ စိတ်ထဲမှာ ဘယ်အရပ်မျက်နှာကိုကြည့်ကြည့် ငါ့ကိုလူများတွေ မိန်းကလေးမှန်း ရိပ်မိနေကြသလား -- ဆိုသည့် ပူပန်မှုတွေသာ ကြီးစိုးနေခဲ့လျက် ဒီ့ထက်ကြီးမားသည့်အန္တရာယ်ကိုတော့ ထိုးထွင်းမမြင်ခဲ့ပေ။

ဒါဟာ ဘယ်သူကမှ ကြိုတင်စီစဉ်ထားခဲ့တာမဟုတ်သော ...။

■

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၄)

"ကြိုတင်စီစဉ်မှုမရှိရင် ဘယ်အရာမှ မသေချာဘူး စွမ်းလေး၊ မင်းကို သတိပေးချင်တာ အဲဒါ"

"မင်း သေချာအောင်ပဲ မင်း လုပ်၊ ငါ့ကို သတိပေးဖို့ မလိုဘူး၊ 'အဖေက' ဆိုတဲ့ ခေါင်းစဉ်နဲ့လည်း မလာနဲ့၊ ငါလုပ်ရမှာ ငါသိတယ်"

"မင်း အခု ဘာမှ .."

"လုပ်လုပ် မလုပ်လုပ် မင်းတို့ စောင့်ကြည့်နေဖို့မလိုဘူး၊ အဲဒီ ကောင်မလေးကို ငါ မတွေ့လိုက်ဘဲ မင်းတို့တွေ့ပြီဆိုရင် ပြော"

"အဲဒီတော့ ဘာလုပ်မှာလဲ"

"အဲဒီနေ့ရောက်ရင် သိလိမ့်မယ်"

ချိန် က တစ်ခန်းလုံးမှာရှိနေသည့်လူတွေကို မျက်မှောင်ကြုတ်ထားပြီး လှည့်ပတ်ကြည့်ကာ...

"နောက်ဆို ငါ့ဆီကို ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မလွှတ်နဲ့"

"ဟုတ်ကောင်"

စွမ်းကြီးရဲ့ လက်ထောက်လူက ဒေါသနှင့် ရှေ့တက်လာ၏။ စွမ်းကြီး ကလည်း မတားပေ၊ သို့သော် ခြေလှမ်းကျဲကြီးတွေနဲ့လှမ်းရင်း ခါးပတ် ဖြုတ်နေသည့် ထိုလူ့ရည်ရွယ်ချက် အထမမြောက်ခဲ့ဘဲ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်"

"အား"

"ဖုစ်"

"အ"

တစ်ယောက်က ခြေလှမ်းပြင်တာနှင့် နောက်တစ်ယောက်က လည်း ရှေ့တက်လာသည်။ လက်နက်နှစ်ခု တစ်နေရာစီ လွင့်ပျံသွားခဲ့ ပြီး လက်ထောက်လူသည် ခြေသလုံးသို့သကျည်းကို ဆုပ်ကိုင်ပြီး ကွေး ကောက်လဲပြိုသွား၏။

တစ်ယောက်က လွင့်တက်လာသည့်လက်နက်ကို ဆီးဖမ်းလိုက် သဖြင့် သူ့လက်မှာ သွေးချင်းချင်းနီသွားသည်။

"စွမ်းလေး .. မင်း ဘာလုပ်လိုက်တာလဲ"

"ပညာပေးလိုက်တာ"

"မင်းကို အချင်းချင်းအနိုင်ယူဖို့ မင်းအဖေက သင်ပေးထားတာလား"

စွမ်းလေး ကိုပဲ အရေးပေးနေသည်ဟု ထင်နေကြသည့် နောက်မှာ စွမ်းသုံ့စွမ်းစလုံးက ကွယ်ရာမှာဆို ဒီတိုင်း ပြောဆိုနေကျ။

"တောက် .. ဘာမဟုတ်တာလေးကို လက်နက်သုံးပြီးတော့.. မင်း.."

"မင်းလည်း ကိုယ့်သတ္တဝါတွေက ရှူးတိုက်တိုင်း ကိုက်တာသိရင် နေရာကာ မရှူးမိအောင် ဆင်ခြင်၊ ဒါ သတိပေးတာပဲရှိသေးတယ်"

"စွမ်းလေး .. ဟော့ကောင်"

စွမ်းကြီး ဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ ခြေရောလက်ရော ပြင် ဆင်ပြီး ခုန်ဝင်၏။ ချိန် က နောက်ပြန်လှည့်မကြည့်ဘဲ သူ့ရှေ့မှာရှိနေ သည့် တစ်ယောက်၏ဗိုက်ကို ပတ်ကန်ပစ်လိုက်ပြီး ဖျတ်ခနဲလှည့်၍...

"ဘုန်း"

"အား"

စွမ်းကြီး၏ တိုက်ခိုက်ခြင်းတွေက ကိုယ့်လူကို ပြန်ထိကာ အရာ မထင်ဖြစ်သွားလေသည်။ ဒေါသက ရှူးရှူးဒိုင်းဒိုင်း ပေါက်ကွဲသွားခဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



ချိန့်ကို အသက်ရှူချိန်မရှိအောင် အတင်းဖိတိုက်၏။

တပည့်တွေကလည်း လစ်ရင် လစ်သလို ဝိုင်းဝန်း ဒုက္ခပေးကြသေးသည်။ သို့သော် သူတို့ပဲ အထိနာကာ ...

"မင်းက လက်နက်တော်တော်အားကိုးတဲ့ကောင်ပဲ"

"ဟုတ်တယ်၊ ငါမှ ခွေးမမွေးတတ်တာ"

"တောက်"

သူ့လူတွေ ဓားထိပြီး ကုန်းကုန်းကွကွလဲပြိုကုန်တာမြင်လျှင် စွမ်းကြီး၏ဒေါသက ပို၍ အမှောင်ကျနေခဲ့လျက် ...

"ဖောင်း"

"အား"

နားထင်တစ်ဖက်မှာ ဖောင်းခနဲမီးပွင့်သွားကာ စွမ်းကြီး ဒယိမ်းဒယိုင်ဖြစ်သွား၏။ တပည့်တပန်းတွေလည်း ဒဏ်ရာကိုယ်စီနဲ့ ရှိနေကြကာ ...

"ကိုကြီးစွမ်း ဓာတ်သိမ်းပေးလိုက်တော့ အဲဒီကောင်ကို၊ ဓားအားကိုးတဲ့ကောင်၊ သူ့မှာ ဓားတွေကုန်နေပြီ"

လက်ပြင်မှာ ဓားထိထားသည့် တစ်ယောက်က ဓားကိုနုတ်ဖို့ မမီတမီကြိုးစားရင်း ကြိတ်မနိုင်ခဲမရ လှမ်းအော်၏။ သို့သော် သူ စကားဆုံးခင် ချိန့်က နောက်ကို ဖျတ်ခနဲရောက်လာကာ ဓားကို နုတ်ယူလိုက်ပြီး ...

"အား"

"ဒုတ်"

"အင့်"

လက်ပြင်ကဓားကိုနုတ်၍ စွမ်းကြီးကိုလွှဲပေါက်လိုက်ခြင်းက လျှပ်တစ်ပြက်မို့ အနုတ်ခံလိုက်ရသည့်လူလည်း မသက်သာ၊ စွမ်းကြီးလည်း ရှောင်ချိန်မရလိုက်ဘဲ ညာဘက်ရင်အုံအထက်နားမှာ စိုက်ဝင်သွားခဲ့၏။

"မင်း .. ခွေးသူခိုးလေး .. လူလွန်မသား .. သူ့ကောင်းစား"

www.burmeseclassic.com

www.burmeseclassic.com


မကြားဝံ့မနာသာဆဲရင်း နောက်ပြန်သုံးလှမ်းလောက်ဆုတ်သွားသည်။ ပြီးတော့ ဘိုင်းခနဲဖင်ထိုင်လဲသည်။ ချိန် က နဖူးပေါ်ကို ဖရိုဖရဲကျနေသည့် ဆံပင်တွေ တစ်ချက်သပ်တင်ရင်း စွမ်းကြီးကို စိုက်ကြည့်သည်။

"ခွေးရိုက်ချင် ခွေးရှင်မျက်နှာ ကြည့်တဲ့၊ မင်းလိုခွေးရှင်မျိုးကိုတော့ ကြည့်နေဖို့မလိုပါဘူး၊ နောက်ဆို ငါ့ဓားတွေက ချက်ရွေးနေမှာမဟုတ်ဘူး၊ ကြိုပြောထားတာ"

ချိန် က စကားပြောရင်း သူ့ဓားတွေကို စိတ်ပြေနပြေ လိုက်နုတ်နေသည်။ ဂျစ်တိဂျစ်ကန် တုံ့ပြန်တိုက်ခိုက်ဖို့ ဟန်ပြင်လိုက်တာနှင့် ဖောင်းခနဲလွှဲရိုက်ပစ်ကာ ...

"ဒီလောက်ပြောနေတာတောင် ကိုက်ချင်တုန်း"

"ဟိတ်ကောင် .. ခွေးလိုလိုက်ကိုက်နေတာ မင်းကွ"

စွမ်းကြီး အသက်ရှူဖို့ ခဲယဉ်းလောက်အောင် အောင့်တက်နေသည့်ကြားက ဒေါသနှင့်ကြိမ်းဝါးသေးသည်။

"ကိုယ့်ကိုယ်ကိုယ် အားမကိုးနိုင်လို့ လက်နက်တွေဆောင်ထားတာ ဂုဏ်ယူနေသေးတယ်၊ ဒီမှာ ဟိတ်ကောင် .. လက်နက်ပုန်းသုံးလို့ အနိုင်ရတာ မင်း တော်လို့မဟုတ်ဘူးကွ"

"ဟွန်း .. ဟွန်း"

ချိန် က ရယ်လိုက်ရင်း သူ့ဓားက လူတစ်ယောက် ပုလင်းကွဲစတစ်ခုကို လှမ်းကောက်နေတာ မြင်လိုက်ကာ...

"အား"

ထိုလက်ခုံပေါ်ကို ခြေထောက်တစ်ဖက်နဲ့ဖိကပ်နင်းထားလိုက်ပြီး စွမ်းကြီးကို ကြည့်၍ ....

"မင်းကောင်တွေလည်း ဓားတွေကိုင်ထားကြတာပဲမဟုတ်ဘူးလား၊ အရှက်ပြေပတ်ရမ်းမနေနဲ့"

ပြောပြီး သူ့ရင်ဘတ်မှာစိုက်နေသည့်ဓားကို လက်ညှိုးထိုးပြ၍—

"ဓားပြန်ပစ်လိုက်၊ ကြိုက်တဲ့ပုံစံနဲ့ပစ်လို့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဒဏ်ရာရနေတဲ့လူကို စိန်ခေါ်တာလား"

"မဟုတ်ဘူး၊ ငါ့ဓား ပြန်တောင်းနေတာ"

ပြောသည့်ပုံက ဓားထိထားသည့်လူကပဲ ပြန်ဆွဲနုတ်ပြီး သူ့လက်ထဲ အရောက်သွားပို့ပေးရမယ့်အဖြစ် ...။

"တောက်"

"အမိပ္ပာယ်တွေ လျှောက်ကောက်မနေနဲ့ .. ငါ့ဘာသာနုတ်ယူရင် မင်း ပိုနာမှာ"

ပြောလက်စနှင့် ရှေ့တိုးလာတော့ စွမ်းကြီး ခပ်ဟွန့်ဟွန့်ဖြစ်သွားသည်။ သို့သော် သူ ဘာမှမတတ်နိုင်လိုက်ဘဲ ...

"အ.."

ချိန် က ဓားကိုနုတ်ယူလိုက်ပြီး လက်ကိုင်ပဝါတစ်ခုထဲမှာပဲ စုထည့်သည်။ ထို့နောက် ဓားတွေကို ထိုပဝါနဲ့ပဲ သေချာသုတ်နေခဲ့လျက်...

"မင်းဆန္ဒတွေ သိပ်စောနေတယ်မထင်ဘူးလား စွမ်းကြီး၊ ငါက တော့ ငါ ဘာမှမလှုပ်ရှားသေးလို့ မင်း ဆန္ဒစောနေတယ်မထင်ဘူး၊ ငါ ဘာတွေလှုပ်ရှားနေသလဲပဲ မင်း သိချင်နေတာ"

"မင်းကိုယ်မင်း သိပ်အထင်ကြီးမနေနဲ့ စွမ်းလေး၊ မိုက်ရိုင်းတတ် ဘာက တော်တာမဟုတ်ဘူးကွ၊ ငါ မင်းထက် အသက်အများကြီး ကြီးတယ်"

"အဲဒီတော့ ..."

"မင်းခြေလှမ်းတာလောက်ကတော့ သမင်ဆယ်လှမ်း ကျား တစ်လှမ်းပဲ"

"ငါက သမင်မဟုတ်ဘူး၊ ရေတက်ချိန်"

"ငါကလည်း စွမ်းကြီး ကွ .. စွမ်းလေး မဟုတ်ဘူး၊ ဒီအလုပ်တွေကိုအုပ်ချုပ်လာတာ မင်းထက် ဆယ်နှစ်လောက်ပိုတယ်၊ အံ့တိုနေပြီ"

"ဒါကြောင့် အံ့ချော်နေတာဖြစ်မယ်၊ ဟား ဟား ဟား"

ချိန် က ဟားတိုက်ရယ်ပြီး ဓားတွေကို ဒီတိုင်း လက်တစ်ဖက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



စုကိုင်လိုက်သည်။ ပြီးတော့ သွေးတွေစွန်းနေသည့်လက်ကိုင်ပဝါကို တေးဦးထိပ်တို့နဲ့ တိုက်ချပစ်လိုက်လျှင် ပဝါက အနီးဆုံးမှာရှိနေသည့် စွမ်းကြီး၏လက်ခုံပေါ် အထွေးလိုက်ပြေးကပ်၏။

ချိန် က ရယ်လက်စမျက်နှာနှင့် ...

"အံချော်နေပြီဆို ပြီးရင်ထုငိုမနေနဲ့ဦး၊ လောလောဆယ် မင်းဒဏ်ရာ သွေးထွက်လွန်ပြီး ဘိုးတော်ကို ပြန်မတိုင်လိုက်ရဘဲ သေနေဦးမယ်၊ အဲဒါနဲ့ ပိတ်ထားလိုက်"

"ဟိတ်ကောင်း .. ဟိတ်ကောင်း ..."

"ဟား .. ဟား .. ဟား"

ဒေါသကြောင့် လှိုက်ခါနေသည့်အော်သံက 'ဟိတ်ကောင်း'သံ ထွက်နေသဖြင့် ချိန် က ခေါင်းမော့ရယ်နေ၏။ ပြီးတော့ ရယ်သံက ဝေးကွာသွားလျှင် ...

"မင်းတို့တွေ ဓားတစ်ချက်ပဲထိတာနဲ့ သေသွားနိုင်သလား၊ ထပါ လား၊ ဒီကောင်ကို သေအောင်သတ်ပါလား၊ ဟိုအဘိုးကြီး ဘာပြောပြော ငါရှင်းနိုင်တယ်"

ကိုယ့်မှာလည်း ဒဏ်ရာတစ်ချက်တည်းနဲ့ မလှုပ်နိုင်တာကို တပည့်တွေကိုပဲ စွတ်မဲနေ မိ၏။ ပြီးတော့ တက်ခေါက်သံကြီးတစ်ချက် နှင့် ...

"မိုးခါး ဆရာဝန် သွားရှာခဲ့"

"ဗျာ ..."

"တွေ့တဲ့ဆရာဝန် ခေါ်ခဲ့၊ ဒီရောက်ရင် ငါရှင်းမယ်"

ရန်ပွဲထဲမှာမပါခဲ့သည့် ပုကွကွနှင့် စကားမပီသော မိုးခါး က ပြူးတိပြူးကြောင်လုပ်နေ၏။ သူက ချက်ပြုတ်လုပ်ကိုင်ဖို့အတွက် ကူဖော်လောင်ဖက်သာသာပဲဖြစ်ကာ ဒီလိုကိစ္စတွေထဲကို ဘယ်တုန်းကမှ မပါခဲ့ပေ။

ရှိသမျှလူတွေမှာ ဒဏ်ရာကိုယ်စီနှင့် သွေးသံရဲရဲကြောင့် ထိတ်လန့်

www.burmeseclassic.com



နေခဲ့လျက် ...

"ဆရာဝန်က ဘာဖြစ်တာလဲမေးရင် ..."

"ခါးထိုးမှုဖြစ်တာ .. အကြီးကြီးဖြစ်တာလို့ ပြောခဲ့"

"ဗျာ"

"မလိုက်ဘူးဆိုရင် မြို့လယ်ခေါင်မှာပဲ နားထင် သေနတ်နဲ့တေ့ပြီး ခေါ်လာခဲ့၊ ခွေးသူတောင်းစား ဒီလောက်တောင် အတော"

အဆဲခံရတော့မှ ရွဲ့ပြောနေမှန်းသိကာ မိုးခါး ကမန်းကတန်း ထွက်သွားခဲ့၏။

"တက်တူး"

"ဗျာ"

"မင်း လမ်းလျှောက်လို့ရလား"

"ရတော့ရပါတယ်"

တက်တူး ပေါင်မှာဒဏ်ရာနှင့်ထော့နင်းလျှောက်လာ၏။

"ကျ .. ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ဟိုနှစ်ကောင်ကိုတွဲပြီး နေရာတကျထိုင်လို့ရအောင် လုပ်ပေးလိုက်"

ပြောရင်း နေရာမှ ခပ်ယိုင်ယိုင်ထရပ်လိုက်လျှင် လက်ပေါ်တင်နေသည့်သွေးတွေ စိုနေသော လက်ကိုင်ပဝါက ခြေခုံပေါ်ပြုတ်ကျသွားသည်။

"တောက် .. ကိုင်းကွာ"

ဒေါသရှေ့ထားပြီး ပဝါကို ကန်ထုတ်လိုက်တာ မှားသွား၏။

"ဒုန်း"

"အား"

"ကိုကြီး"

"ကိုကြီးစွမ်း ဘာဖြစ် ..."

"ဖယ်စမ်းပါကွာ၊ အကျိုးက အကန်းကို တွဲမနေစမ်းပါနဲ့"

တပည့်တွေက တွဲထူကြဖို့တော့ ကြိုးစားကြပါ၏၊ ဒါပေမယ့် ဒဏ်ရာကိုယ်စီနဲ့ရှိနေကြကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် ဘာမှမဟုတ်သလိုနေနေတာ ကိုကြီးစွမ်း၊ သူ့မှာ လက်တံအတိုအရှည်တွေ ရှိနေတာ သေချာတယ်"

"ရှိမှာပေါ့၊ သူပဲ မြန်မာပြည်ကို အခေါက်ခေါက်အခါခါ သွားခွင့် ရနေတာ၊ ငါကိုက ငတုံး"

"ကုမ္ပဏီမှာ လူစားလဲတဲ့ကိစ္စ လုပ်သွားတာ ကြည့်ဦး၊ သူ့ကိုယ်သူ ဒီစီးပွားရေးကို စိတ်မဝင်စားသလိုလိုနဲ့ အရှုးကွက်နင်းသွားတာ"

"ဟုတ်တယ်"

ဒဏ်ရာတွေနဲ့ ရှုံ့မဲ့နေရင်း ဒေါသတွေကြောင့် ကြိတ်မနိုင်ခဲမရ ပြောနေမိကြ၏။ စွမ်းကြီးက သွေးချင်းချင်းနီနေသော လက်ကိုင်ပဝါကို စူးစိုက်ကြည့်၍ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ တက်ခေါက်ပြန်၏။

"ဒါတွေကိုကြည့်ရင် သူတို့သားအဖ လက်ဝါးရိုက်ထားကြတာ ဘယ်လောက်သိသာသလဲ၊ အား .. ကျွတ် .. ကျွတ်"

"ဆရာစွမ်း အဆင်ပြေရဲ့လား၊ ဆရာက ချက်ကောင်းကို ထိထား တာနော်၊ သွေးထွက်လွန်ရင် မူးလာလိမ့်မယ်"

"ဟုတ်တယ်၊ မူးရိပ်ရိပ်ဖြစ်နေတယ်"

"ဟင် .."

"ဟိတ်ကောင် .. မင်းလက်မောင်းက ရုပ်ထိတာမို့လား၊ ဆရာ့ကို တွဲပြီး အတွင်းထဲပို့လိုက်"

"နေစမ်းပါကွာ၊ ဒီကောင်လုပ်လို့သေရမယ်ဆိုရင် ရာဇဝင်တောင် ရိုင်းသွားဦးမယ်"

ဒဏ်ရာကို တွေ့ရာအဝတ်နဲ့ကောက်ဖိရင်း အံကြိတ်ကြိမ်းဝါးနေ တာ ဒေါသနဲ့ နာကျင်တာတွေ ရောထွေးနေခဲ့လျက် ...

"ငါ့ရဲ့သည်းခံနိုင်မှုက ဒီအလုပ်ကိစ္စမှာ ဂိတ်ဆုံးသွားပြီနောက် ထပ် ဘယ်သူကျောသပ်ခိုင်းတာမှ လုပ်မပေးနိုင်တော့ဘူး၊ ဟက်တောက် လောက်သာတွေ့ဝါလေးက ခြေရာချင်းတိုင်းတာလည်း ပြိပ်ပြီးသည်းမခံ နိုင်ဘူး၊ ဘုရားဖြစ်မယ့် ဟိုအုတ်နီခဲနှစ်ချပ်ကောင်နှစ်ကောင် သင်းတို့

www.burmeseclassic.com



ဘာလုပ်လုပ် ဘယ်လိုနေနေ"

"ကိုကြီးစွမ်း ကျွန်တော်တို့အဖွဲ့ချည်းပဲဆိုရင်တော့ အင်အားနည်းသေးတယ်နော်၊ ထဖြစ်ပြီဆိုရင် ကိုလတ်တို့ ကိုယ်ငယ်တို့က ဘယ်ဘက်ကိုယိမ်းကြမယ်မသိဘူး၊ ပြီးတော့ စွမ်းလေးက ဆရာကြီးရဲ့ သားရင်းမှန်ရင် အခု ဘယ်လိုနေနေ အရေးကြီးရင် သွေးနီးမှာပဲ"

"ဟုတ်တယ် ကိုစွမ်းကြီး၊ စွမ်းလေးက ဗလလည်းရှိတယ်၊ 'ဓ' လည်းရှိတယ်နော်၊ ဓားတွေကို ကျောက်ခဲတွေပစ်သလို ကစားနိုင်သလောက် ကိုယ်ခံပညာလည်း တော်တယ်၊ သူ့ကို ဘာသင်ပေးလို့မှ စိတ်မဝင်စားဘူး၊ ဆုံးခန်းတိုင်အောင်မသင်ဘူးဆိုတာတွေက ရင်ဆိုင်ကြပြီဆိုရင် ကျွန်တော်တို့ ခုလို အိုးနင်းခွက်နင်းဖြစ်အောင် ထောင်ချောက်ဆင်ခဲ့တာတွေပဲ"

"သိပ်သေချာတာပေါ့"

မီးကလည်းလောင်ချင်နေသည်၊ လေကလည်း ပင့်တိုက်နေ၏၊ စွမ်းကြီးရဲ့ဒေါသတွေက အလျှံတငြီးငြီးတောက်လောင်နေခဲ့လျက် သူ့မျက်လုံးထဲမှာမြင်နေတာက သူတော်ကောင်းကြီးလို မျှတသလိုလို ပုံဖမ်းနေခဲ့သည့် ဦးကျောက်စိမ်း၏မျက်နှာ ...၊

"ပညာဖြစ်ဖြစ် ဥစ္စာဖြစ်ဖြစ် ဒီကောင့်ကိုပဲပေးခဲ့တာ၊ ငါတို့ကတော့ ကြံ့ဖတ်ဝါးတဲ့နွားတွေပဲ"

"ဒီကောင်ကို ဘယ်နိုင်ငံလွှတ်ပြီး ဘယ်လိုဆရာနဲ့ တိတ်တိတ်သင်ပေးထားသလဲမသိဘူး၊ လျင်လိုက်တာမှ သူ့ကို နောက်ကျောကလည်း တိုက်လို့မရဘူး၊ ဘေးကနေ အလစ်ဝင်လို့လည်းမရဘူး၊ မျက်လုံးရှစ်လုံးပါတာ ကျနေတာပဲ"

"ကိုယ်မှာ ဓားတွေအများကြီး ဘယ်လိုထည့်ထားလဲမသိဘူး၊ သူ့ဓားကိုသုံးပြီးရင်လည်း မရမက ပြန်ရအောင်ယူတယ်"

"ယူမှာပေါ့၊ ဓားမှာ သူ့နာမည် အတိုပါနေတာဘဲ"

စွမ်းကြီးက ဒဏ်ရာကို ငုံ့ကြည့်လိုက်ပြီး မျက်နှာတစ်ချက် မဲ့သွား

www.burmeseclassic.com



လျက် ...

"အနေဝေးဆိုတဲ့ကောင်မလေးကလည်း အပုန်းကောင်းလိုက်တာ အစအနကိုပျောက်သွားတာပဲ"

"အဲဒါလည်း ကိုကြီးစွမ်းရာ ဂျပန်မှာတည်းက ကျွန်တော်တို့ အုပ်မိပါတယ်၊ ဒီကောင် အထဲဝင်သွားမှ ဘာမှမရှိဘူးဖြစ်တာလေ၊ သူ တစ်ယောက်တည်း အထဲမှာ အကြာကြီး"

"ဒါဖြင့် အခု သူလည်း ရှာနေတာပဲ၊ သူ လွှတ်ပေးလိုက်တာ ဆိုရင်..."

"ဒါက လှည့်ကွက်နေမှာပေါ့ ကိုကြီးစွမ်းရယ်၊ ဟိုဒေါက်တာသာ မသင်္ကာတဲ့အတိုင်း အမှန်ဆိုရင် ပစ္စည်းတွေက မြို့တစ်မြို့ တည်လို့ ရတယ်"

ဒါလည်း ဖြစ်နိုင်တယ်လို့ စွမ်းကြီးတွေးမိလာ၏။ ထိုအခါ သူ့ စိတ်တွေက အမှောင်ထုတွင်းသို့ နက်ရှိုင်းစွာတိုးဝင်နေသကဲ့သို့ တွေး မြင်လာသမျှတို့သည် ...

"ငါ ဘာလုပ်သင့်သလဲဆိုတာ သိပြီ"

"ဟင် .."

"ကိုကြီးစွမ်း ဘာစိတ်ကူးရတာလဲ"

"အပိုင်ကွက်ရှိလို့ကတော့ လေပြင်းဆိုတဲ့ကောင် မိုးကိုပဲ ဒူးနဲ့ တိုက်ရပါစေ"

"မင်းတို့ မိုးကိုဒူးနဲ့တိုက်ဖို့မလိုပါဘူး၊ စောင့်ကြည့်နေလိုက်"

စွမ်းကြီး မျက်နှာက ရှင်နိုင်သည့်မဲပြုံးကြောင့် သူတို့တွေ ဒဏ် ရာတွေရနေကြပေမယ့် မေ့သွားကြသည်။

အကြံကောင်းရင် တစ်ချက် ...။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

မိုးတွေကြီးနေသည်။ မြို့ပေါ် တချို့နေရာတွေမှာ ရေတွေ ခြေကျင်းဝတ်မြုပ်အောင်စီးနေ၏။ ချိန် ကားနဲ့ တစ်နေကုန် သွားလာနေပြီးမှ အိမ်ပြန်ရောက်တော့ နေ့ ကို မတွေ့။ ထို့ကြောင့် ပြန်ထွက်ခဲ့ရတာ ဖြစ်၏။

ခုတစ်လော ဒီကောင် အပြင်ထွက်နေတာ များသည်။ မိန်းမလျာလေးနဲ့ ငူသည်လို့ပြောတာ မကြိုက်မှန်းသိလို့ ပါးစပ်ပိတ်နေခဲ့ရပေမယ့် အဲဒီလို နုနုဖတ်ဖတ် ဖြူဖြူစင်စင်ပုံလေးကို ဘယ်လိုပြောရမလဲ၊

ယောက်ျားဖြစ်ပေမယ့် ကျားကျားလျားလျားမရှိတာကြောင့် နေ့ကို သူ စိတ်ပူမိတာတွေရှိသည်။ ဘာမှလည်းမဆိုင်ဘဲ စိတ်ပူသည်။

ရင်းနှီးမှုမရှိဘဲနဲ့ ချစ်ခင်မိ၏။ ကိုယ့်ကိုယ်ကိုယ် တစ်ကိုယ်တည်း လေလွင့်ရှက်တိုက်နေသည့် လူတစ်ယောက်လို ပစ်စလက်ခတ် မျောလွင့်နေခဲ့ရင်း နောက်ထပ် မျောလွင့်လူငယ်လေးတစ်ယောက်ကို တွေ့လိုက်ရသဖြင့် စိတ်ဝင်စားမိခြင်းဖြစ်သည်။

ရင်ထဲက ဒီတိုင်းဖြစ်လာလို့ ဖြစ်တဲ့အတိုင်း ဆက်ခံခဲ့မိပေမယ့် နေ က အမြဲတမ်းကြည့်နေတာ သံသယမျက်လုံးတွေနဲ့ ..၊

"ကျွတ် .. ဒီကောင် ဘယ်လျှောက်လိမ့်နေလဲမသိဘူး"

www.burmeseclassic.com



နေရာတကာမသွားရဲဘူးဆိုပြီး သွားလိုက်တော့လည်း မိုးလင်းက မိုးချုပ် ...၊

နေ့ ကို မတွေ့မိတိုင်း တစ်ခုခုဖြစ်နေလားလို့ စိတ်ပူခဲ့ရတာလည်း သူ့မှာ နေ့ ရဲ့အဖေလိုလို၊ အစ်ကိုလိုလို ...၊

ကိုယ့်အတွေးနဲ့ကိုယ် ရှုံ့တွတွမျက်နှာကြီးဖြစ်သွားမိသည်။ ထိုစဉ်...

သူ့ကားကိုတားနေသည့်လူတစ်ယောက်ကြောင့် ထိုဘေးမှာ ရပ်လိုက်ကာ ...

"ဘာလဲ"

မှန်မပျဘဲမေးတော့ တက်တူးနဲ့မဲကြီးတို့က မှန်ကိုပုတ်၍ ချလိုက်ဖို့ အချက်ပြနေ၏။ မိုးတွေရွာနေတာကို မှန်ချခိုင်းသဖြင့် ချိန် က ခေါင်းခါလိုက်ပြီး ...

"ဘာဖြစ်လို့လဲ"

"ငါတို့ အလုပ်ကိစ္စနဲ့ အရေးတကြီးထွက်လာကြတာ"

မှန်နားကပ်ပြီး တအားအော်ပြော၍ ...

"ရပ်ကွက်လမ်းကြားထဲမှာ ရေတံခွန်ဖြစ်နေလို့ ကားက တက်မရဖြစ်နေတာနဲ့ ထားခဲ့ရတယ်၊ ငါတို့ကို လိုက်ပို့စမ်းပါ"

"မပို့နိုင်ဘူး၊ အရေးကြီးရင် တက္ကစီတွေငှားသွား"

"ဟိတ်ကောင် .. ငါတို့က မင်းပေးတဲ့ဒဏ်ရာတွေနဲ့ အလုပ်ကိစ္စနောက်ကို လိုက်နေကြတာကွ"

"လိုက်လေ .. ကိုယ့်ပြဿနာကိုယ်ရှင်းကြပေါ့"

"စွမ်းလေး .. မင်းက ဒီလိုလားကွ"

"ငါတို့ ဒီသတင်းတွေ အကုန် စင်ကာပူကို ပို့မှာနော်"

မောင်းထွက်လာခဲ့ရင်း ချိန် က ပခုံးတစ်ချက်တွန့်ပြီး ပြုံးသည်။ ဒီကောင်တွေ ကိုယ့်ဘာသာ တစ်နွယ်တစ်စင်ကောင်ပြီး လှော်နေကြတာ၊ ခေါင်းဆောင်မှန်းမသိ နောက်လိုက်မှန်းမသိ၊

ဒါတွေကို အဖေ သိနေသားနဲ့ မသိသလိုနေခဲ့သည်၊ ကိုယ့်ကို

www.burmeseclassic.com



လည်း ကြင်ကြင်နာနာလိုက်လျှောတာမျိုးမဟုတ်ဘဲ သင့်တော်တော် မတော်တော် ဘယ်ကိစ္စကိုမှ မတားဆီးခဲ့။

အားလုံးကို ကိုယ့်ကျမှ သားအရင်းမို့ မေတ္တာတွေ တိတ်တိတ် ကြိတ်ပေးနေသည်ထင်ကြပေမယ့် မဟုတ်ဘူးဆိုတာက ကာယကံရှင် ထက် ဘယ်သူမှမပိုမသိနိုင်။

ဒါပေမယ့် ဒီလိုတွေ ဘာလို့ဖြစ်နေသလဲဆိုတာတော့ ချိန် မသိခဲ့ ပါ၊ သိချင်ပေမယ့် သိကိုသိရမှုဖြစ်မှာမျိုးလည်း ရင်ထဲမှာ မရှိ။

မိုးစက်တွေ ခဏတစ်ဖြုတ် ကျဲပါးသွားစဉ် ကံအားလျော်စွာ နေ့ ကို သူ လှမ်းမြင်လိုက်၏။ အနက်ရောင်ခေါင်းစွပ်ပါသည့် ဂျာကင်ရှည် ကြီးနှင့် လက်လေးပိုက်၍ ခေါင်းငုံ့သွားနေသည်။

"တီ.."

နေ့ ဘေးမှာ ကားကို ဘီးလိမ့်ရုံ ကပ်မောင်းလိုက်သည်။ မှန်ချ လိုက်ကာ ...

"ဟော့"

ခေါ်လိုက်တော့ နောက်လှည့်ကြည့်၏။ ကားပေါ်တက်ဖို့ မေး ဆတ်ပြလိုက်သဖြင့် ချက်ချင်း ပြန်လှည့်လာပြီး ကားထဲဝင်သည်။

"ခင်ဗျားကားနဲ့တွေ့တာ အတော်ပဲ၊ ကျွန်တော့်ဖိနပ်က သိပ် မကောင်းလို့ထင်တယ် ရေစိမ့်နေသလိုပဲ"

မကျက်တကျက်ဒဏ်ရာဟောင်းတွေကြောင့် အအေးဓာတ်နဲ့ ဖိကြိတ်ခြင်းက တော်တော်ကြီးနှိပ်စက်နေခဲ့သည်။

"မင်းက တစ်နေကုန် ဘယ်တွေလျှောက်သွားနေတာလဲ"

"ကျွန်တော် အလုပ်လုပ်ချင်လို့"

"ဘာအလုပ်လဲ"

"အရင်က ကျွန်တော် လုပ်ခဲ့ဖူးတဲ့ အလုပ်မျိုးပေါ့၊ ဒါပေမယ့် ရှောင်ရက်မိမ်းရတာတွေနဲ့ မလွယ်ပါဘူး"

"မင်းက တကယ်လူသတ်ခဲ့တာလား"

www.burmeseclassic.com

www.burmeseclassic.com



ဝေး ရုတ်တရက် မဖြေနိုင်။

ချိန် ဆိုတဲ့လူ ကိုယ့်အပေါ် တကယ် စေတနာထားနေမှန်း ခံစားမိလာသည်မို့ မဟုတ်တမ်းတရားတွေကို လွယ်လွယ်ပြောမထွက်တော့ပေ။

"ကျွန်တော် အပြစ်မလုပ်ခဲ့ဘူး"

အမှန်ကိုလည်း မပြောနိုင်ဘဲ ဘာတွေပြောလိုက်မိမှန်းမသိ၊

"မင်းကို ငါမေးတာ တကယ်သတ်ခဲ့တာလား၊ မသတ်ခဲ့ဘူးလားပဲ"

"သတ်ခဲ့တယ်ဆိုတော့ ခင်ဗျားက အလောင်းသွားဖျောက်ပေးမလို့လား"

"ဟ .. မင်းက မေးခွန်းတွေချည်း ပြန်ထုတ်နေပါလား"

"ကျွန်တော် မဖြေချင်တာတွေလည်း မမေးနဲ့ဗျာ၊ အဲဒီကိစ္စတွေ ကျွန်တော် မပြောချင်ဘူး"

"မင်းတစ်ယောက်တည်းထက် နှစ်ယောက်ဆိုရင် ပိုမကောင်းဘူးလား၊ ဥပမာ မင်း ကြောက်လန့်ပြီး ဓားနဲ့ထိုးခဲ့တယ်ဆိုရင် သူ သေသလား ရှင်သလား သိဖို့မလိုဘူးလား၊ ဘာမှန်းမသိဘဲနဲ့ အလကား ဒုက္ခခံပြီး ဘယ်အချိန်ထိ နေနေမှာလဲ"

"ကျွန်တော့်မှာ ကူညီမယ့်လူတွေတော့ရှိပါတယ်"

"ငါ မလိုဘူးလို့ ပြောချင်တာလား"

သူ လှည့်ကြည့်မေးတော့ ဝေး က ခေါင်းခါပြလိုက်ပြီး ...

"မဟုတ်ပါဘူး၊ ကျွန်တော် ခင်ဗျားကို မလိမ်ချင်လို့"

"လိမ်ထားခဲ့တဲ့ပုံပဲ"

ပြောရင်း ကိုယ့်စကားကို သဘောကျပြီး ပခုံးတွန့်မိ၏။ ကိုယ့်ကိုယ်ကိုယ်တော့ လည်လှပြီထင်နေသည်၊ လိမ်တဲ့သူက လိမ်ပါတယ်ပြောမှ သိရသည့်အဖြစ် ...၊

"အဲဒါတော့ ဆောရီးပဲဗျာ၊ ကျွန်တော့်စိတ်ကိုက သံသယကြီး

www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့အကျင့်ရှိနေတာ"

"ဟွန်း"

"ခင်ဗျားက စိတ်ဆိုးတာလား"

"မဆိုးပါဘူး"

"ဒါဆိုရင် ကျွန်တော့်ကို တစ်နေရာ ပို့ပေးပါလား"

သူက လှည့်မကြည့်ဘဲ မဲ့လိုက်ကာ...

"စိတ်မဆိုးပေမယ့် မင်းပြောလိုက်တာကြောင့် ခိုးလိုးခုလုတော့ ဖြစ်တယ်ကွ၊ လိုက်ပို့ပေးချင်ပေမယ့် ဗီလင် သိပ်မဖြစ်ဘူး"

"ဒါဆိုလည်း ရပါတယ်၊ ကျွန်တော့်ကို ..."

"ခဏနေဦး"

သူ့ဖုန်းသံက တစ်မျိုးပါလား ..၊

နားကျပ်တပ်တာလည်းမတွေ့၊ ဖုန်းလည်းမကိုင်ဘဲ ကားထဲက ကွန်ပျူတာစခရင်န်ကို တက်(ရှ်)လုပ်လိုက်ပြီး ...

"မဟုတ်ရာ ပြော"

"... ... ..."

"အေး .. သွားလိုက်မယ်"

ပြောပြီးတာနှင့် ကားကို ဘယ်ဘက်ကို ချိုးကွေ့လိုက်ပြီး ...

"ငါ အရေးတကြီးသွားဖို့ရှိတယ်၊ မင်းကို နောက်မှပို့လို့ ရမလား"

"ခင်ဗျား အရေးကြီးရင် ကျွန်တော် ဒီမှာပဲ ဆင်းမယ်လေ"

"မဆင်းနဲ့"

ကားက ဘယ်လိုဦးတည်နေသလဲဆိုတာ မသိပေမယ့် ဝေး ဗို အိမ်ဘက် နီးလာသဖြင့် အံ့ဩနေမိသည်။ ထို့ပြင် တစစ မိုးချုပ်စပြုလာပြီဖြစ်ကာ မိုးဖွဲတွေကျနေသဖြင့် လမ်းသွယ်ထဲဝင်လိုက်တာနှင့် လူတွေ ကားတွေ ရှင်းလင်းနေခဲ့၏။

"ခင်ဗျား သွားမှာက သုဝဏ္ဏကိုလား"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်လည်း .."

"ဒုန်း"

"အ"

"ဆောရီး .. ချိုင့်ကျသွားလို့"

"ခင်ဗျား ဒီလောက်တောင် အရင်လိုနေရလား၊ ပြိုင်ကားမောင်း နေတိုင်း လမ်းပေါ်မှာ ထင်သလိုမောင်းလို့မရဘူး"

"ငါထင်သလိုမောင်းနေလည်း ဘယ်သူမှမပြောဖူးဘူး၊ ငါ့ကား ပေါ်ကို ဘယ်သူ့မှ ခေါ်မတင်ဖူးတာ"

အိုဗာတင်းတွေ ဗွတ်ပြောနေသည်ဆိုသောမျက်နှာနှင့် ဆေး က သိသာအောင် ငဲ့ကြည့်သည်။ နိုင်ငံရပ်ခြားကိုလည်း သွားလာဖူးသည်။ လူဆိုးလိုလို လူကောင်းလိုလိုပုံစံက မလိမ်မိုးမလိမ္မာပုံ ဖမ်းနေတာ ရယ်စရာပဲ။

"ရှေ့ကလမ်းထဲ ခဏဝင်မယ်၊ နည်းနည်းတော့ကြာချင်ကြာမယ်၊ မင်းနဲ့ငါ အတူပြန်မှာပဲကွာ၊ မင်းသွားမယ့်နေရာကိုသွားပြီး အေးဆေး ပြန်တာပေါ့၊ အိုခေ"

ဆေး ခေါင်းညိတ်မိလား ခေါင်းခါမိသလားတောင် မသိလိုက်ပေ၊ အံ့ဩနေသည့်စိတ်က ချိန် ဦးတည်လိုက်သည့် လမ်းမှာပဲ ရှိနေခဲ့ပြီး...

"ကျွတ် .. မိုးကလည်း ဗွေနေလိုက်တာ"

"ခင်ဗျား ဘယ်အိမ်ကိုသွားမှာလဲ"

"ဘယ်အိမ်ကိုမှမဟုတ်ဘူး"

ပြောနေရင်း ကားက ဆောက်လက်စတိုက်မြင့်ကြီးရှေ့မှာ ရပ်တန့်သွားခဲ့၏။ ကားရပ်သည့်နေရာနှင့် လမ်းတစ်ဖက်ခြမ်းမှာ ခြံဝင်းကျယ်ကြီးတွေနဲ့ တိုက်တာအဆောက်အဦတွေရှိနေသည်။

ထိုထဲမှာမှ ဆေး တို့အိမ်က သူမတို့ရပ်ထားသည့်ကားနှင့် အားလွယ်ခုတ်လောက် အကွာအဝေးမှာ ရှိနေခဲ့၏။

တကယ်တော့ သူမ အလုပ်ကိစ္စအတွက် လိုအပ်သည့် စာရွက်

www.burmeseclassic.com

www.burmeseclassic.com



စာတမ်းတချို့ လာယူတာဖြစ်သည်။ ချိန့် ကို လမ်းထိပ်ထိလိုက်ပို့နိုင်းပြီး မှောင်ရိပ်ကျလှာမှ အထဲဝင်ယူဖို့ဖြစ်၏။

ဒီအချိန်ကျမှ သူမ ဒီကိုလာပါတယ်ဆိုတာ ပြောချင်စိတ်လည်း မဖြစ်မိတော့ပေ၊ ကိုယ့်ရဲ့လာရင်းကိစ္စထက် သူ ဘာလာလုပ်သလဲဆိုတာ ကိုပဲ သိချင်လာလျက် ...

"ဒီမှာရပ်ထားပြီး တစ်ယောက်ယောက်နဲ့ချိန်းထားလို့လား"

"ဟွန်း"

ချိန် က ရယ်လိုက်ပြီး သူ့ကို လှည့်ကြည့်သည်။ ပြီးတော့ စတီယာ ရင်ပေါ် လက်တစ်ဖက်ဆန့်တင်လိုက်ရင်း ...

"မင်းက မေးခွန်းတွေထုတ်နေရင် အဲဆင်ပြေနေတာပဲနော်"

ဟုတ်သည်...၊

သူမချည်းပဲမေးလာခဲ့တာ မေးခွန်းတွေ ဘယ်နှစ်ခုလောက်ရှိနေပြီ မသိ ...၊

"ခင်ဗျား မဖြေချင် မဖြေနဲ့ပေါ့"

"ဒါ မင်းပြောဖို့မလိုပါဘူး၊ ငါ့ဆန္ဒမပါဘဲ ဘယ်အလုပ်ကို ဘယ် သူ့ကြောင့်မှ ငါမလုပ်ဘူး"

ခုလည်း အဖေက သူ့ကို မက်ဆေ့ချ်ပို့ပြီး မြန်မာပြည်သွားဖို့ သူ စီစဉ်ပေးထားတာတွေ ပြောခဲ့သည်။ မြန်မာနိုင်ငံဆို ဘယ်အချိန်ဖြစ်ဖြစ် သွားဖို့ ဝန်မလေးခဲ့သည့်စိတ်က ဒီတစ်ခါ ကိုယ့်ဆန္ဒမရှိဘဲ ဘယ်သူ့ အမိန့်နဲ့မှ မပြန်တော့ဖို့ ဆုံးဖြတ်ပြီး ထွက်လာခဲ့တာဖြစ်၏။

ထို့ပြင် သူ ဆောင်ရွက်ရမည့်တာဝန်က အလွန်မြန်မာဆန်၍ ယဉ် ကျေးသိမ်မွေ့ပုံရှိသော မိန်းကလေးတစ်ယောက်ကို လက်ရဖမ်းပေးဖို့၊

သူမရဲ့ဓာတ်ပုံကို သူ မြင်ဖူးသည်၊ အဆောက်အဦတစ်ခုရှေ့မှာ ပန်းတွေဝယ်နေသည့် တစောင်းပုံဖြစ်၏။ ဆံပင်က တင်ပါးလောက်ထိ ရှည်ကာ နဖူးကနေ ခပ်ဖွဖွလေး သိမ်းလုန်ထား၏။

ပြေပြစ်သည့်နဖူးပြင်လေးနဲ့ သူမရဲ့မျက်နှာဂဏ်းပတ်စားပုံတို့က

www.burmeseclassic.com

www.burmeseclassic.com


မဟာဆန်သလောက် သေသပ်ခန့်ညားမှုလည်းရှိသည်။ သို့သော် ...

သူမရဲ့ဖခင်ကတော့ မရှင်းနိုင်သည့် ရှုပ်ထွေးကောက်ကွေ့မှုများနှင့် ထောင်ကျသွားခဲ့ပြီဖြစ်သည်။

ဒီအဖြစ်တွေထဲမှာ သူတို့လူစုနဲ့မှ လာရောက်ပတ်သက်နေခဲ့သည့် အကြောင်းတစ်စုံတစ်ရာသည် ...။

"ချိန်"

"ပြော"

"ကြာလှပြီလေ၊ ဒီတိုင်းကြီး ဘယ်လောက်ထိထိုင်နေမှာလဲ"

"ငါလည်း ပျော်လို့ထိုင်နေတာမဟုတ်ဘူးကွ"

ပြောပြီး သူ နာရီပင့်ကြည့်လိုက်တာကိုမြင်လိုက်ရ၏။ မှောင်ထဲမှာ တစ်ယောက်နဲ့တစ်ယောက် မျက်နှာတွေကို သဲကွဲစွာမမြင်ရပေ၊ ဒါပေမယ့် လှုပ်ရှားသမျှကိုတော့ မြင်နေရ၏။

"စောင့်ရတဲ့အလုပ်ကို ငါလည်း မုန်းတယ်"

"ဘာလဲ၊ အခု စိတ်ရှည်နေရတာက ခင်ဗျားရည်းစားကို စောင့်နေတာလား"

"ဟွန်း"

"ဟုတ်သွားတဲ့ပုံပဲ"

"မင်းက မေးခွန်းတွေမေးလွန်းတော့လည်း တစ်ခုမဟုတ် တစ်ခု နီးစပ်လာတာပေါ့"

"ဒါနဲ့များ ကျွန်တော့်ကို ခေါ်လာရလားဗျာ"

"ဘာဖြစ်လို့လဲ၊ ငါ့ကောင်မလေးနဲ့တွေ့တော့ မင်းလည်း ပညာရတာပေါ့၊ မင်းပဲ ရည်းစားမထားဖူးသေးဘူးဆို"

"ပြောမိလို့လား"

"ဒါမျိုးက ပြောဖို့မလိုပါဘူး"

ကိုယ့်ပုံစံ ဘာများဖြစ်နေလို့လဲ ...၊

ရည်းစားမထားဖူးတဲ့ပုံစံက သိသာတယ်ဆိုရင် မိန်းကလေးက

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးဟန်ဆောင်ထားတယ်ဆိုတာကျတော့ ...

ဘုရား ...।

ဒီလူ ကိုယ့်ကိုများ ရိပ်မိနေတာလား ...।

မှောင်နေသည့်ကားထဲမှာ နှစ်ယောက်တည်း ...।

ပြီးတော့ ရာသီဥတုကြောင့် မိုးချုပ်တာနဲ့ ခြံဝင်းတွေက ပိတ်ထားပြီးသား။

"ဒီခြံတွေထဲမှာ ငါ့ကောင်မလေးက ဘယ်ခြံကလို့ မင်းထင်လဲ"

"မသိဘူး"

"လုပ်ပါ၊ ထိုင်နေရတာ ပျင်းစရာကြီးကို"

"ကျွန်တော့်ခြေထောက်ပိုင်းတွေက ရေတွေစိုနေတာဗျ၊ ဒီတိုင်းကြီးထိုင်နေရတာ ဘယ်လောက်ထိ စိတ်ဆင်းရဲဖို့ ကောင်းတယ်မှတ်လဲ"

"ဒါကြီးကိုပဲ ငုံ့ကြည့်တွေးမနေပါနဲ့ပေါ့ကွ၊ ယောက်ျားပဲ ဒီလောက်မပျော့စမ်းပါနဲ့"

"ခင်ဗျား မပျော့ပေမယ့် ကျွန်တော် ပျော့ချင် ပျော့မှာပေါ့၊ နေရာတကာ ဆရာကြီး"

"ဟား ဟား ဟား"

ကားထဲမှာ အသံအပြင်မထွက်ပေမယ့် ကားဘော်ဒီလှုပ်နေအောင် ရယ်လည်းရယ်နိုင်ပါ၏။ ဒါ ဘယ်သူမှမမြင်ရင်တော့ ပြဿနာမရှိ ...။

ဒီကားကြီးလှုပ်နေတာ တစ်ယောက်ယောက်သာမြင်သွားခဲ့ရင် ...

"ခင်ဗျား မရယ်နဲ့ဗျာ"

"မင်းပြောတာလည်း ပြန်တွေးကြည့်ပါဦး"

"ရှိုးရှိုးပဲတွေး၊ ရယ်စရာ ဘာမှမပါဘူး"

"ငါလည်း ရယ်ချင်လို့ရယ်တာ ဘာဖြစ်လဲ၊ မင်းလည်း ရှိုးရှိုးပဲ တွေးပေါ့"

"ခင်ဗျားကားကြီး ဒန်းဇင်း(န်)ဖြစ်နေတာ သူများတွေမြင်ကုန်ရင် ဘာထင်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သိချင် လာကြည့်ပေ့စေလေ"

ကျွတ် ...၊

ဝေး တော်တော်ကို နေရခက်နေပါပြီ၊ ဒီလူ ကူညီတတ်တဲ့ စိတ်ကောင်းလေးရှိနေတာသိတော့ မထင်မှတ်ဘဲ မိတ်ဆွေကောင်းနဲ့ ဆုံရသည်မို့ ကျေနပ်အားကိုးခဲ့မိသည်။

တကယ်တမ်းကျတော့ ကူညီတာက နည်းနည်း၊ စိတ်ညစ်ဖွယ်တွေက များများ ...၊

"လာ.. မင်း စိတ်ပြောင်းသွားအောင် တီဗွီကြည့်ရအောင်"

သူက ကားထဲမှာပဲ စက်ဖွင့်ပြီး အေးဆေးလက်ပိုက်နေ၏။

"ရေတက်ချိန်"

"ဆို"

"ခင်ဗျားပုံစကြည့်ရတာ ဒီနေရာမှာ ကျောက်ချနေတော့မယ့်အတိုင်းပါလား"

"ငါ့ကောင်မလေး ထွက်လာလို့ အဆင်ပြေမပြေ စောင့်ကြည့်ရုံပါပဲ"

"ဟင်"

"သူ ဝင်ထွက်တဲ့အချိန်လေးမှတ်ထားနိုင်ရင် ငါ့အတွက် ရင်အေးရတာပေါ့"

"ယောကျ်ားပဲဗျာ၊ လိုချင်ရင် ရမယ့်နည်းလမ်း ရှာပေါ့"

"ခု ရှာနေတာပဲ"

"ငုတ်တုတ်ထိုင်ပြီး ပျင်းရိငြီးငွေ့ဖွယ်စောင့်နေဖို့လား"

"မင်း ပျင်းပေမယ့် ငါမှ မပျင်းတာ၊ တစ်ခါတစ်လေ စောင့်ဆိုင်းသည်းခံခြင်းက စိတ်ကျေနပ်မှုတွေ ဖြစ်စေတယ်ကွ"

ဝေး တကယ်ကို နေရခက်နေတာဖြစ်သည်။

ဂျာကင်ကြီးချွတ်ထားပေမယ့် ရှူးဖိနပ်တစ်ခုံးနဲ့ ဘောင်းဘီအဖျားစတွေက စိုနေသည်၊ လေအေးစက်ကြောင့်ရေစိုထားသည့်ခန္ဓာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်အပေါ်ယံတွေက အေးစက်နေပြီး အတွင်းပိုင်းအသားနဲ့ ထိကပ်နေတာတွေက နွေးစိစိ။

"မင်း သီချင်းကြည့်မလား၊ အပျင်းပြေအောင် ရယ်စရာကြည့်မယ်"

သူပြောပြီး လှမ်းပြောင်းလိုက်သဖြင့် ဆေး အကြည့်တွေ စခရင်ပေါ် ရောက်သွားမိသည်။

ဟင် .. ဘာကြီးတွေလဲ ..၊

ဆေး မျက်လုံးပြူးသွားသည်၊ ကပွဲလီမတွေ့ကိုယ်ခန္ဓာက မည်းမည်း ပြောင်ပြောင်နှင့် အဝတ်အစားက တစ်ကိုယ်လုံးမှာ လက်တစ်ဝါးလောက် လက်နှစ်လုံးလောက်လေးတွေ မလုံ့တလုံ ဖုံးလျက် ...

ဘုရားရေ ..၊

ကင်မရာဘက်ကိုကျောပေးပြီး ကုန်းကုန်းကွကွတွေလုပ်လိုက်တော့ ...

"အဲဒါကြီး .."

ပိတ်လိုက်စမ်းပါလို့ ပြောမလို့ လွှတ်ခနဲထွက်သွားပြီးမှ 'ငါ့လည်း ယောက်ျားပဲ'လို့ တွေးမိသည်။ ပြီးတော့ မကြည့်ဘဲလည်းမနေနိုင်။

သီချင်းဆိုပြီး ဘာတွေလုပ်ပြနေမှန်းမသိ၊

ချိန် က ခွဲစိတ်အထူးကုဆရာဝန်ကြီး ဦးစိန်ဝင်း ရဲ့အိမ်ဂကို မျက်တောင်မခတ် စိုက်ကြည့်နေရင်း ကားထဲကနာရီကိုပဲ လှမ်းကြည့်၏။

ပြီးတော့ နေ့ ကို အမှတ်တမဲ့ကြည့်လိုက်မိလျှင် နေ က မျက်နှာလွှဲမလိုစောင်းထားပြီးမှ မကြည့်ချင်ဘဲ ငဲ့ကြည့်နေသည့်ပုံ ပေါက်နေသောကြောင့် ပြုံးလိုက်၏။

"အဲဒါ နစ်ကီ မင်နာ့(ဂျ်) လေ၊ သီချင်းက အမ်နာကွန်ဒါ"

"တော်တော်ရိုင်းတာပဲ"

"ဟွန်း .. သီချင်းကလည်း ဒီကိုင်းပဲလေ၊ ဘာဖြစ်လဲကွ ဖေ့သူတပေါ့၊ သူတို့ ယဉ်ကျေးမှုတွေနဲ့ပြောရရင် မိန်းမတစ်ယောက်ရဲ့အလှက မျက်နှာပဲမဟုတ်ဘူး၊ ရင်နဲ့တင် အချိုးအစား ..."

www.burmeseclassic.com

www.burmeseclassic.com


"အဲဒါတွေပြောမနေပါနဲ့ဗျာ၊ ခင်ဗျားကလည်း ခုပဲ ကိုယ်ကြိုက်တဲ့မိန်းကလေးကို လာတွေ့တယ်"

"ဒါနဲ့ပဲ မပြောရတော့ဘူးလား"

"ပြောပဲပြောနေတာပေမယ့် ခင်ဗျား တခြားမိန်းကလေးကို သေချာခံစားနေတာပဲ"

"ခံစားလို့ရော မရဘူးလား"

ပေး ဘာပြောရမှန်းမသိတော့ပေ၊ မိန်းမတစ်ယောက်နားထဲမှာ မဝင်ဆံ့တာတွေ ဒီလူ ဆက်ပြောလာမှာကို မလိုချင်တာဖြစ်သည်။ ဒါပေမယ့် ပြောလိုက်မိတိုင်း အန္တရာယ်ဖြစ်ဖို့က ကိုယ်သာနီးစပ်သွားခဲ့ရလျက် ...

"ခင်ဗျားကိစ္စက မပြီးသေးဘူးလား"

စကားစဖြတ်ဖို့ကြိုးစားလိုက်သည်၊ ထိုအခါကျမှ ပိုဆိုးကာ...

"သူ့အကြောင်းလည်း ပြောပြချင်လို့လေ၊ သူက ဆံပင်ရှည်ရှည်နဲ့ တော်တော်လှတယ်ကွ၊ ပြီးတော့ သူ့ကိုယ်လုံးက တကယ့်ဆက်(ဂ်)စီပဲ၊ ငါ့အထင် သုံးဆယ့်လေး နှစ်ဆယ့်ငါး သုံးဆယ့်ခြောက်ကွာ၊ အင်တာနေရှင်နယ်ဆိုက်ဒ်ပေါ့"

ချိန် က မှောင်ရိပ်ထဲမှာပဲ လက်နှစ်ဖက်နဲ့ အရှိုက်အဝန်းတွေ လုပ်ပြနေ၏။ ပေး နေရခက်ကာ ဒေါသစိတ်တွေလည်း ခေါင်းပြူလာ၏။

ချိန့် ပုံစံကလည်း ယောကျ်ားလေးချင်းမို့ ပြောနေတာမှန်း သိသာနေကာ သူ့ အကဲပိုနေသည်ထင်ပြီး တမင်ပြောနေတာလည်း ဖြစ်နိုင်၏။

"ဒါပေမယ့် သူ့ကိုယ်လုံးက သူများနဲ့မတူအောင်လှတာကွ၊ အနည်းဆုံး ရင်နဲ့တင်မှာတော့ တခြားမိန်းကလေးတွေထက် ..."

"မိန်းကလေးတစ်ယောက်ကို အဲဒါတွေပဲကြည့်ပြီး ချစ်တာလား"

"ပါတာပေါ့၊ ချစ်လို့လှတာလား၊ လှလို့ချစ်တာလား မသိဘူး၊ ငါ ကြားဖူးတဲ့အတိုင်းဆိုရင် အချစ်မှာ သက်သေပြချက်မရှိဘူးတဲ့၊ အဲဒါကြောင့် ဘာကြောင့်ချစ်တာလဲလို့တော့ မင်း မမေးနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မမေးပါဘူး၊ စိတ်လည်းမဝင်စားဘူး၊ မမေးဘဲနဲ့တောင် ဒီလောက်နားငြီးနေရတာ .."

"ဟား ဟား ဟား"

"ရယ်နော် .. ကားလှုပ်အောင်မရယ်နဲ့"

"ဒီလောက်မှောင်နေပြီဥစ္စာ ကားလှုပ်နေတော့ရော ဘယ်သူမြင်မှာ မို့လို့လဲ"

"သူများတွေခြံရှေ့မှာ လူလည်းမဆင်း.. မီးတွေလည်းပိတ်ပြီး ရပ်ထားတဲ့ကားကို ယုံခြုံရေးကားနဲ့တွေ့ပြီး ဆွဲမသွားရင် ကံကောင်း"

"မင်းကွာ .. ယောက်ျားချင်း တိုင်ပင်လို့ရမလားမှတ်တယ် ငါ ရည်းစားထားရင်တောင် ဒီလောက်နားငြီးမှာမဟုတ်ဘူး"

"ခင်ဗျား လူကို မိန်းမလို မိန်းမရဆန်တယ်လို့ ပြောတာတွေများ ပြီ"

"ယောက်ျားလိုပြောလို့မှမရဘဲ"

"ဟုတ်တယ်၊ ခင်ဗျားအတွက် အဖော်ကောင်းမဖြစ်ဘူးထင်ရင် နောက် ကျွန်တော့်ကို ..."

"အဲဒါလည်း နားငြီးတာပဲ၊ တိတ်တိတ်နေစမ်းကွာ၊ ငါ အာရုံစိုက် ရဦးမယ်"

ပြောတော့ 'ငါ ရည်းစားထားရင်တောင် ဒီလောက်နားမငြီးဘူး' တဲ့၊ သူ့မှာ ရည်းစားမရှိသေးဘူးလိုလို ..၊

"မဟုတ်ရာ .. မင်း ဘာထူးသေးလဲ"

"မင်းက ထူးရမှာလေ၊ ငါ လုံးဝ သတင်းအတိအကျရထားတာ"

သူ ဘယ်ဖုန်းကိုခေါ်လိုက်သည်မသိ၊ ဝေး ကတော့ သူ့ရည်းစား ဆိုတာ ဘယ်အိမ်လဲလို့ သူ့လိုပဲ အာရုံစိုက်ရှာနေမိသဖြင့် သူ ဖုန်းပြောနေ တာကို အမှတ်တမဲ့ ..၊

"အေး .. ငါ စောင့်နေတာပဲ"

"မဟုတ်သေးဘူးကွ၊ သူ သိပ်ညဉ့်နက်အောင်နေမှာမဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အိမ်ကိုယ်ပေမယ့် သူက မိန်းကလေး၊ ပြီးတော့ လူခြေတိတ်လေ သူ့အတွက် အန္တရာယ်ရှိလေဆိုတာ တွေးမိမှာပဲ"

"ဟုတ်တယ်၊ မင်းက တိကျပေမယ့် ငါ လုံးဝ အရိပ်တောင် မမြင်ဘူး"

"ခုပဲ ခုနစ်နာရီခွဲနေပြီ၊ ရာသီဥတုကလည်း မသာယာဘူး၊ ဒီနေ့တော့ မဖြစ်လောက်တော့ဘူးကွ"

"အဲဒါ ဘယ်လိုဖြစ်နေတာလဲ"

"သူ့ကို စောင့်ကြည့်နေတဲ့လူတွေ ရှိနေတာ ရိပ်မိသွားလို့နေမှာပေါ့၊ မင်းပဲတွေးကြည့်လေ၊ သူ ဒီလောက်ထိ ပုန်းနေနိုင်တာကိုက သူ့ကို ကူညီနေတဲ့လူတွေ ရှိနေလို့ပေါ့၊ ငါ့စိတ်ထင် ပြောရရင် ဟို ဒေါက်တာ လင်မယားပဲ ဖြစ်နိုင်တယ်ကွ"

"မင်းကိုငါ စုံစမ်းခိုင်းတာပဲ"

"ဩော်ကွာ .. မင်းနှယ်၊ နှစ်ယောက်စလုံး မိုးလင်းက မိုးချုပ် အလုပ်လုပ်နေကြတဲ့လူတွေလေ၊ ငါက သူတို့အလုပ်ထဲထိ ကွန်ပျူတာ လူသားလို လိုက်ဝင်နေလို့မှမရဘဲ၊ မြင်နေရသလောက်တော့ သူတို့ အလုပ် သူတို့ အေးအေးလုပ်နေကြတာ၊ မသင်္ကာစရာ ဘာအဆက် အသွယ်မှမတွေ့ဘူး"

"မင်းနဲ့ငါ မနက်ဖြန် ပါရမီမှာ ထပ်ဆုံမယ်ကွာ"

"အေး၊ ဒီကောင်မလေး ပျောက်နေတဲ့ပုံက အန္တရာယ်ကိုကြောက်လို့ ပြေးနေတာနဲ့ မတူ[illegible]ဘူး"

"ဘာနဲ့တူသလဲ"

"မသိဘူးလေ၊ အဲဒါက မင်း တွေးကြည့်ရမှာမဟုတ်ဘူးလား၊ ဒေါက်တာစိန်ဝင်းက ပစ္စည်းတွေဝှက်ထားပြီး ထောင်ကျခံသွားတယ် [illegible] မင်း[illegible]ဖေက ထင်နေတာဆို"

"[illegible]ဘ်တယ်"

"[illegible]ါပေမယ့် ဒေါ[illegible]ာ်တာစိန်ဝင်း ပုံစံကလည်း အပြစ်ကင်းနေတယ်

www.burmeseclassic.com



လို့ ထင်ရပြန်ရောဆို ..."

"အင်း"

"ငါပြောချင်တာ အဲဒါလေ၊ သူတို့ ကာကွယ်ပုံတွေကလည်း ဂျင်ပေါ်ကထုံးပဲနော်၊ ဒါ လုံးဝမရိုးသားဘူးလို့ အဖြေထွက်တာပေါ့ကွ"

"ငါကတော့ ငါ့ခေါင်းပူစေးလာအောင် ဘယ်တုန်းကမှ အလုပ် မပေးခဲ့ဘူး"

"ခု မပေးလို့မရတော့ဘူးလေ၊ မင်းအစ်ကိုတွေက မလွယ်ဘူး ချိန်၊ သူတို့က ထင်တာနဲ့ ဆွဲစေ့မှာ"

ချိန့် မျက်လုံးတွေက ခေါက်တာ ဦးစိန်ဝင်း ရဲ့ခြံကိုပဲ စူးစိုက်ကြည့် နေလျက် ဘေးမှာ လူတစ်ယောက်ရှိနေသေးတာကိုတောင် သတိရရဲ့ လား..၊

ဝေး ကတော့ သူ့မျက်လုံး ဘယ်ရောက်နေတယ်ဆိုတာကို သေချာ မကြည့်မိပါ၊ သူမ ဒီနေ့ အိမ်ထဲဝင်ပြီး အရေးကြီးသည့်ဖိုင်တစ်ခု ယူဖို့ အစီအစဉ် ပျက်ရခြင်းကို အတွေးရောက်သွားသဖြင့် သူ့ကားနဲ့ လိုက် လာမိတာ မှားလေခြင်းလို့ နောင်တကြီးစွာရနေခဲ့၏။

"ငါ အဲဒါတွေအတွက်နဲ့ ညစ်နေရတာ များပြီ"

"ညစ်ရမှာပဲ၊ သူတို့က မင်းကိုတောင် ဒုက္ခပေးကြမယ့် အခြေ အနေရှိတယ်နော်၊ လောလောဆယ် ဒီအလုပ်ကို သူတို့လုပ်လို့ပြီးတာမျိုး ဖြစ်ချင်တာ၊ ဒါမှ မျက်နှာရမှာကိုး၊ ကုမ္ပဏီမှာ ဒီကောင်မလေး အလုပ် ပြန်ဝင်မှာပဲလို့ ကျိန်းသေပေါက်တွက်မိပေမယ့် ငါတို့က လက်ဦးသွား တာကိုး .."

"အဲဒါကြောင့် နောက်ထပ်ပြီး ကိုယ်က နောက်ကျကျန်ခဲ့မှာမျိုး မဖြစ်ဖို့ ကြိုးစားနေတာပေါ့၊ အဲလိုမဖြစ်ခဲ့တဲ့ ငါ့ရာဇဝင် အပျက်မခံနိုင် ဘူး"

"စိတ်ချစမ်းပါ လုံးဝမဖြစ်စေရပါဘူး၊ ငါ့မှာ စိတ်ချရတဲ့ကောင် တွေ အများကြီးရှိပါတယ်ကွ၊ မင်းသာ စခရင်နင်တစ်ချက်လောက်ပွတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်.. ငါ့ဘက်က အော်လိုက်ရယ်ဒီပဲ"

ဖုန်းပြောပြီးတော့ ချိန် ရင်ထဲမှာ မတင်မကျကြီးဖြစ်ကျန်ရစ်၏။ အနေဝေး ဆိုသည့် မိန်းကလေး ဒီနေ့ အိမ်ပြန်လာမည်ဆိုတာ ဘာဖြစ်လို့ လွဲသွားတာလဲ။

မနက်ပိုင်းတုန်းက သူမ အလုပ်လုပ်တဲ့ကုမ္ပဏီမှာ ထည့်ထားတဲ့ အဆက်အသွယ်ဆီက သတင်းပို့ခဲ့သည်၊ အနေဝေး ဆီကနေ စီအီးအို ဆီကို ဆက်သွယ်လာသည်တဲ့။

အလုပ်ပြန်ဝင်လို့ရအောင် စီစဉ်ပေးမည့်အကြောင်း စီအီးအိုက အကြောင်းပြန်နေတာ သေချာသိခဲ့ရသည်၊ အများနည်းတူ အလုပ်သစ်လူသစ် ဝင်သလို အလုပ်လျှောက်လွှာအတွက် လိုအပ်သည့် စာရွက်စာတမ်းတွေနဲ့ ရောက်လာမည်ဆိုတာပါ အတိအကျ သိထားတာ ဖြစ်သည်။ သို့သော် ...

ဒီမိန်းကလေး သူ့ပုံစံနဲ့တော့ ဝင်လာမှာမဟုတ်ပေ၊ ယဉ်ကျေးသိမ်မွေ့တဲ့ပုံစံကို လူတွေ မထင်လောက်အောင် အရမ်းဟွတ်(တ်)တဲ့ဒီဇိုင်းမျိုးနဲ့ ထွက်လာနိုင်၏။

သူမရဲ့မျက်နှာတည့်တည့်ကိုလည်း ဘယ်သူမှ သေချာမြင်ဖူးကြတာ မဟုတ်သည်မို့ ...၊

- မင်း မြင်ဖူးထားတဲ့ပုံမျိုးနဲ့မရှာနဲ့
  ဆန့်ကျင်ဘက်ဒီဇိုင်းမျိုးနဲ့ လာလိမ့်မယ် ..

မဟူရာကို မက်ဆေ့ချ်ပို့လိုက်သည်။

"ရှေ့တက်ချိန်"

"ဟင်"

"ခင်ဗျား ဒီည ဒီနေရာမှာပဲ အိပ်မှာတော့ မဟုတ်ဘူးမို့လား"

"မအိပ်ပါဘူး"

"ခင်ဗျား ကိုယ့်ကိစ္စကို လုပ်နေတာတွေ ပေါ်တော်လွန်နေပြီတကယ်"

www.burmeseclassic.com



"မင်းကိုလည်း ..."

"ပြောတော့ ခဏဆိုပြီး .."

"မင်းကိုလည်း လိုက်ပို့မှာပါ၊ မင်းကိစ္စအတွက် တစ်ညလုံးပဲ အချိန်ကုန်ကုန် ငါ ပြန်စောင့်ပေးမယ်"

"ကျွန်တော့်ကိစ္စကို ခင်ဗျား ..."

"လုံးဝ မစပ်စုဘူးကွာ၊ မင်းမေးတဲ့မေးခွန်းမျိုးတွေ ငါ လုံးဝမမေးဘဲ ပြီးတဲ့အထိ စောင့်ပေးမယ်၊ ဘယ်လိုလဲ"

"ဘယ်လိုမှမလဲဘူး၊ ဘာကိစ္စမှလည်းမရှိတော့ဘူး၊ ခင်ဗျား သူများ ပြောတာကို ဆုံးအောင်နားမထောင်ဘဲနဲ့ သဘောတွေ စွတ်ကောင်းမနေ ပါနဲ့"

"ဟာ .. အဲလိုလား၊ မင်းက ငါ့ကို တင်းသွားတာပဲ"

"ဟွန်း"

"ငါက ငြီးပါပြီ"

"ပြီးရမှာပေါ့၊ ယောကျ်ားလေးဖြစ်ပြီး ထိုင်စောင့်လှည့်ပြန်နဲ့ ခင်ဗျား ဘာဖြစ်လာမှာလဲ"

"ဟင် .. ဘာ"

"ပြောပြတာ"

"အေးပါ .. ပြောပြပါဦး၊ ငါက ထိုင်မစောင့်ဘဲ ခြံရှေ့ကနေ သွား ခေါ်ထုတ်ရမှာလား"

"ကိုယ့်ဘာသာ ထင်ရာလုပ်ပေါ့၊ အဲ့ပြန်မယ်"

"ဟား ဟား ဟား"

ရယ်ပြန်ပြီ ဒီအသံမျိုးနဲ့..၊

သူက ကားကို ပြန်မခေါက်ဘဲ ဒီတိုင်းထွက်လာခဲ့ပြီး ဘီးလိမ့်ရုံ သာသာ ..၊

"မဆိုးဘူးကွ၊ နောက်တစ်ခါ ငါ ဒီလိုအချိန်ကုန်ရမယ့် လမ်း ကြောင်းတွေရှိရင် မင်းကို အပါခေါ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com


"ဟွန်း ... ဆုတောင်းလေ"

"အေးပါ .. ဆုတောင်းမှာပါ၊ ငါ မိန်းမယူရင်လည်း မင်းလို ဝိုဂျိုဝွမ်ဂျီလုပ်နေတဲ့ ချာတိတ်မလေးနဲ့ ညားပါစေလို့ ..."

ဟင် ...။

ဇေး တစ်ကိုယ်လုံး ဖျင်းခနဲ ပူထူသွားစဉ် ရှက်လွန်းသဖြင့် ဘာစကားမှတောင် ပြန်မပြောနိုင်။

"မင်းကို မိန်းကလေးနဲ့တူလို့ ပြောတာမဟုတ်ဘူး၊ လျှောက်တွေးမနေနဲ့၊ ဥပမာ .. ငါ့တောင်မလေးဆိုရင် ဆံပင်ရှည်ရှည်၊ မြန်မာဝတ်စုံလေးနဲ့ လှတော့လှပမယ့် အဲလောက်သိမ်မွေ့နေတော့ ဖျင်းစရာကြီးကွ"

"မကြိုက်ခင်ကတည်းက အဲဒါမတွေးမိဘူးလား .."

"ဒါကတော့ ရည်းစားထားခဲ့တာပဲကွာ၊ မြန်မာဝတ်စုံဝတ်ထားတဲ့ မိန်းကလေးတွေက ဆက်(ဂ်)စီ ဝတ်ထားတဲ့ မိန်းကလေးတွေထက် ဆွဲဆောင်မှုရှိတယ်၊ သိတယ်မို့လား ...၊ လူ့သဘာဝက မမြင်ရရင် ပိုကြည့်ချင်တယ်၊ ဖော်ပြလွန်းတော့လည်း ရင်ခုန်စရာမှမရှိတာ .."

သူ စလာပြန်ပြီ။ ဆက်(ဂ်)စီဖြစ်တာ၊ မဖြစ်တာတွေ ...။

"ခင်ဗျားက နှစ်မျိုးသုံးမျိုး ခံစားချင်နေတာပဲ .. ဟွန်း .."

"မင်းက ကွဲ့ရဲ့ချင်တာလား .."

ဇေး တို့ခြံရှေ့ရောက်လာတော့ ဇေး သူ့စကားကို ပြန်မချေပနိုင်ဘဲ ကိုယ့်အိမ်ကို မသိမသာ ခိုးကြည့်မိ၏။ သူကတော့ ပေါ်တင်ပဲ လှည့်ကြည့်ကာ ..

"အစောကြီးရှိသေးတယ်၊ မီးတောင် မမြင်ရသေးဘူး .."

"ဟင် .. ဘာပြောတာလဲ .."

"ဒီခြံထဲက အိမ် .."

"သူတို့ဘာသာ ဘာဖြစ်လို့ပဲမှောင်မှောင် .. ကိုယ့်ကိစ္စမှမဟုတ်တာ .."

"မသိဘူးလေ၊ မင်းများ စိတ်ဝင်စားသလားလို့ .."


www.burmeseclassic.com

www.burmeseclassic.com



ဝေး ထိတ်ခနဲ ဖြစ်သွားသည်။ သူ ဘာပြောပြော ကိုယ့်ကိုရှိနေတယ်ချည်း ထင်မိတာလည်းဒုက္ခ။

ချိန် ကလည်း ဒီခြံရှေ့ကို တမင်လာမရပ်တာ ကိုယ့်အလုပ်ကိစ္စကို တခြားလူမသိဖို့ပဲဖြစ်သည်။ ထို့ပြင် ဘာမှလည်း လှုပ်ရှားအလုပ်များရမည့်ကိစ္စလည်းမဟုတ်သေး။

နှစ်ယောက်က ခြံတစ်ခြံတည်းကိုပဲ ဦးတည်လာခဲ့ကြပေမယ့်တစ်ယောက်ကိုတစ်ယောက် လျှို့ဝှက်နေခဲ့ကြလျက် ယောင်းမခါးကြားထိုးပြီး ရှာနေသည့်အဖြစ်ကိုလည်းမသိကြ။

တွေ့စကတည်းက ဒီနေ့ထိ တစ်ယောက်နဲ့တစ်ယောက် ပေါ့ပေါ့ပါးပါး မချေမငံစကားတွေနှင့် စစ်ခင်းရင်း ...။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"သူ့ရဲ့ CV ဖောင်ကို ဘာဖြစ်လို့ ဒီတိုင်းယူလာခိုင်းရတာလဲ၊ သူ့မှာ အန္တရာယ်ကြုံနေရတာ မင်းမသိဘူးလား .."

"စီအီးအိုက တမင်စီစဉ်ထားတာပါ၊ ကုမ္ပဏီက အဓိကအပိုင်းက လူတွေကို ကိုယ့်သဘောနဲ့ ဖြုတ်ထုတ်ပြောင်းလဲလို့မရဘူးဆိုတာ တင်းကျပ်ထားတဲ့စည်းကမ်းဖြစ်နေလို့ .."

"မဟုတ်သေးပါဘူး၊ ဒက်ဒီနဲ့ ငါ သေချာပြောထားတာကို .."

ဒုညွှန်ကြားရေးမှူး ဒေါ်ခင်ဝင်းသော်က CV ဖောင်ကို ကိုင်ထားပြီး ပူပန်စိတ်တွေနဲ့ ပျာယာခတ်နေ၏။ ဒီကိစ္စကို လူကြီးပိုင်းထဲက လေးယောက်လောက် သိထားသည်။

ဒီထက် အထက်လူကြီးတွေလည်း သိစရာမလိုသေးပါ။ ဒေါက်တာဦးစိန်ဝင်း ထောင်ကျခဲ့ရသည့်ပြဿနာနှင့်ပတ်သက်၍ ဝေး အပေါ်မှာ ဆိုးရွားသည့်ရိုက်ခတ်မှုဖြစ်မလာအောင် သူမတို့ တတ်နိုင်သမျှ ထိန်းထားပေးခဲ့သည်။

ဝေး စက်ဘူက ပြန်ရောက်နေပေမယ့် အလုပ်မဝင်နိုင်သေးတာကို လည်း သူမတို့ပဲ ဖုံးဖိကာကွယ်ပေးခဲ့ကြတာပါ။

www.burmeseclassic.com



ဒီ နာမည်လေးတွေ တစ်ချက်လွဲပြီး ဝင်ရမှာကျမှ ကြောက်ရမယ့် ပုဂ္ဂိုလ်တွေကို ဘာဖြစ်လို့ ဆွဲထုတ်လာကြတာလဲ။

"စီအီးအို .. အဲဒါလေးကို ကျွန်မ သိချင်လို့ ပြောပြစမ်းပါ .."

"ဘာမရှင်းစရာရှိလို့လဲ ဒေါ်ခင်ဝင်းသော်၊ ဝေး က သူ့အဖေကိစ္စလည်း အမည်းစက်ထင်နေတယ်၊ ဒီမှာလည်း နာမည်သစ်နဲ့ဆိုရင် နောက်ဖြစ်လာမယ့်ပြဿနာတွေ ကျွန်တော်တို့ ဘယ်လိုရှင်းမလဲ .."

"အဲဒါတွေက ကျွန်မတို့ချင်း .."

ဘာဆက်ပြောရမှန်းတောင် မသိတော့ပေ။ ရုတ်တရက် နုတ်ထွက်သွားသည့် စီအီးအိုကတော့ ကိုယ်နဲ့လူရင်းမို့ အားလုံးကို သိထားပြီးသား။

ဒီလူက ဝေး တို့ပြဿနာဖြစ်ပြီးမှ အထက်ကအမိန့်နဲ့ လူစားဝင်လာတာဖြစ်သည်။ ဘယ်ကိစ္စမဆို စာအုပ်ကြီးအတိုင်း ဒါဆိုဒါလုပ်မည့် အပြုံးမျက်နှာနှင့် ..။

"စိတ်မပူပါနဲ့ ဒေါ်ခင်ဝင်းသော်၊ ခင်ဗျားတို့က ဝန်ထမ်းကောင်းကိုလက်မလွှတ်ချင်သလို ကျွန်တော်ကလည်း အလုပ်ကြိုးစားတဲ့ ဝန်ထမ်းအပေါ်မှာ ညှာတာစိတ်အပြည့်နဲ့ပါ .."

"သိပါတယ်ရှင်၊ ကျွန်မတို့က စည်းကမ်းကို ချိုးဖောက်တာလည်းမဟုတ်ပါဘူး၊ ဒီမိန်းကလေးက သိပ်ကိုရိုးသားပြီး အလုပ်အပေါ်မှာ ဝါသနာကြီးတယ်၊ ကြိုးစားတယ်၊ စိတ်ဓာတ်ရော၊ အနေအထိုင်ရော၊ သူ့အရည်အချင်းကအစ ဘာတစ်ခုမှ လိုအပ်ချက်မရှိတဲ့မိန်းကလေးဖြစ်နေလို့ မနစ်နာစေချင်တာပါ .."

"ရုံးချုပ်က လူတွေကတော့ သူ့အဖေရဲ့အမှုကိစ္စကိုသိတာနဲ့ သူ့အတွက် ပြင်ဆင်ချက်တစ်ခုခု ကျလာမှာပဲနော်၊ ကြားတဲ့အတိုင်းဆိုရင် သူ့အဖေဖြစ်ရတဲ့ အမှုကိစ္စကြီးက .."

ဒေါ်ခင်ဝင်းသော် မျက်မှောင်ကျုံ့သွားပြီး စီအီးအို ဆက်ပြောလာမှာကိုစောင့်သည်။ နောက်ထပ်အပြုံးတစ်ချက်နှင့် စကားသံပါမလာ

www.burmeseclassic.com



တော့မှ ..

"များသောအားဖြင့် မြင်နေ ကြားနေရတာတွေမှာ အမှန်တရား မရှိတတ်ပါဘူး၊ ဒီကိစ္စတွေက ကျွန်မတို့နဲ့လည်း မဆိုင်ဘူးလို့ထင်ပါတယ်၊ ဝေး က အဖေတစ်ခု၊ သမီးတစ်ခုဘဝနဲ့ ရုန်းကန်နေရရှာတာ၊ သူ့အဖေ ဒီလိုဖြစ်သွားတဲ့အပြင် သူ့ကိုလည်း ပတ်ဝန်းကျင်က ဖယ်ကျဉ်လိုက်မယ်ဆိုရင် .."

"ဟွန်း .. ဒီမှာ ဒေါ်ခင်ဝင်းသော် .."

"ပြောပါရှင် .."

"အလုပ်ကိစ္စနဲ့ လူမှုရေးတွေ ခင်ဗျားရောထွေးနေပြီ .."

"ကျွန်မတို့က စက်ရုပ်တွေမဟုတ်ဘူးလေ၊ ကျွန်မတို့ခိုင်းနေတာကလည်း စက်ရုပ်တွေမှမဟုတ်တာ၊ ဝန်ထမ်းတွေ အလုပ်ကို စေတနာပါပါလုပ်ဖို့တော့ ခိုင်းတတ်နေပြီး ကိုယ်ကစေတနာထားဖို့ကျမှ လူမှုရေးကို ထုတ်နုတ်စဉ်းစားမယ်ဆိုရင် တရားပါ့မလား .."

စီအီးအို နောက်ထပ်ဘာမှမပြောဘဲနေကာမှ ဒေါ်ခင်ဝင်းသော် လှည့်ထွက်လာခဲ့သည်။ ပြီးတော့ ဝေး ဆီကို ဖုန်းခေါ်လိုက်ပြီး ..

"သမီးမကြောက်နဲ့နော်၊ သမီးရဲ့ CV ဖောင်ကို အန်တီဝင်းတို့ပဲ ကိုင်တာ၊ ဘယ်သူမှကြည့်ခွင့်မရှိဘူး၊ သမီး မနက်ကရောက်လာတဲ့ပုံစံကို အနေဝေး ဆိုတဲ့မိန်းကလေးပါလို့ ဘယ်သူမှ ပြောနိုင်မှာမဟုတ်ဘူး၊ အဲဒါ အန်တီပြောရဲတယ် .."

"ဟုတ်ကဲ့ပါ အန်တီ၊ ဝေး မကြောက်ပါဘူး .."

"အေး .. ကုမ္ပဏီမှာလည်း ဝန်ထမ်းအသစ်ပြောင်းထားတော့ နည်းနည်းရှုပ်သွားတာပေါ့ သမီးရယ်၊ ဒါပေမယ့် သမီးနဲ့ပတ်သက်ပြီး အတွေ့အစစ်ပြဿနာတွေ ထပ်ရှင်းနေရရင် သမီးပဲ ထိခိုက်လာမှာမို့လို့ပါ .."

လူသစ်ပုံစံနဲ့ လျှောက်လွှာတင်ခဲ့ရသည်။ သူများလိုပဲ စာနီးစီပြီး တစ်ဆင့်ပြီးတစ်ဆင့် အင်တာဗျူးတွေ လုပ်ခဲ့ရ၏။

စီစဉ်ပေးခဲ့ကြတဲ့လူကြီးတွေကတော့ ဝေး ကအကူအညီတောင်း

www.burmeseclassic.com



လိုက်ကတည်းက အင်တိုက်အားတိုက် တိုင်ပင်စီစဉ်ခဲ့ကြပေမယ့် ကုမ္ပဏီမှာ ဝန်ထမ်းနေရာချိန်းသွားခဲ့သည့်အတွက် စိုးရိမ်ဖွယ်တွေ ရှိလာခဲ့ခြင်းဖြစ်သည်။

ဒေါ်ခင်ငြင်းသော် ဖုန်းထဲကပြောပြသလောက်ပဲ သိရသေးပေမယ့် ကုမ္ပဏီက လူကြီးပိုင်းမှာ သူမကြောင့် အဆင်မပြေမှုတွေ ကြီးမားနေကြပြီကို တွက်လိုက်မိသည်။

အလုပ်ပြန်လုပ်ရဖို့ သေချာပြီဆိုပြီး ဝမ်းသာရမှာလား၊ ဘာတွေဖြစ်လာဦးမလဲလို့ ကြိုတင်တွက်ဆနေရမှာလား၊ ရင်ထဲမှာ ဘယ်အတွက်မှ ဘဝင်မကျနိုင်။

"ရပြီလား ညီမ .. ကြည့်ပါဦး .."

မိတ်ကပ်ဆံပင်ဆိုင် သေးသေးလေးထဲမှာ ကိုယ့်မျက်နှာကို အညှိုတင်နေရတာ အပြင်ထွက်ဖြစ်တိုင်းပင်။

အိမ်မှာ မိတ်ကပ်ပေါင်ဒါတွေ ဆောင်ထားရတာ ခိုးထုပ်ခိုးထည်ဝှက်ထားရသလို ရင်တမမဖြစ်နေရ၏။ ချိန် က အချိန်မရွေး ဝင်လာတတ်ကာ ဘယ်ပစ္စည်းဖြစ်ဖြစ် ကောက်ကိုင်တာမျိုးမလုပ်သော်လည်း မျက်လုံးကလျင်သည်။

စိတ်ထဲထင်တာနှင့် ကောက်မေးတတ်၏။ မတော်တဆ မိတ်ကပ်တွေ ချိန် တွေ့သွားလျှင်မလွယ်။

"ညီမ အဆင်ပြေလား .."

မိတ်ကပ်ဆရာမက ထပ်မေးသည်။ အတွေးလွန်သွားသဖြင့် ကမန်းကတန်း ခေါင်းညိတ်လိုက်ရကာ ..

"ခုတော့ ပြေပါတယ်၊ ဒါပေမယ့် .."

မှန်ထဲမှာ မျက်နှာနှင့်လည်ပင်းကို သေချာလှည့်ပတ်ကြည့်ရင်း..

"ကျွန်တော် မျက်နှာသစ်ပြီး မသုတ်ဘဲထားတာတောင် မိတ်ကပ်ကမခံဘူး၊ ချွေးပြန်လာရင် ပိုဆိုးတယ်၊ လည်ပင်းနဲ့မျက်နှာတွေ ကွက်ကုန်တာလေ .."

www.burmeseclassic.com

www.burmeseclassic.com


"ဒါကတော့ မိတ်ကပ်ကို နှစ်ရက်သုံးရက်စာ လိမ်းထားလို့မရဘူးလေ ညီမရဲ့၊ ညီမ ပုံမှန်သုံးနေဖို့လိုရင် အညိုတစ်မျိုးတော့ ဆောင်ထားပေါ့ .."

"အဲလိုလိမ်းပြီးထွက်တာကျတော့ လိမ်းထားကာစဆို သိသာနေတာ၊ သူများသိမှာလည်း မကြိုက်လို့လေ .."

ညိုအောင်လိမ်းထားပေမယ့် ချိန် ကတော့ မိတ်ကပ်တွေလိမ်းနေရလားဆိုပြီး လှောင်ရယ်မှာပဲဖြစ်သည်။ ပို၍ဆိုးရွားတာက ရုပ်ဖျက်ထားတာလားဆိုတဲ့ သံသယတစ်ချက်လောက် ဝင်သွားတာနဲ့ ပြီးပြီ။

ဒါပေမယ့် သူမ မိတ်ကပ်ဆိုင်ကို မကြာမကြာဝင်နေလို့လည်း မဖြစ်သေးပါ။ ထို့ကြောင့် အညိုရောင်ဘူးဝယ်ထားလိုက်ရပြီး ဖုန်းနဲ့အတူ အိတ်ထဲကို သေချာထည့်လိုက်သည်။

အပြင်မှာ မိုးရွာနိုင်တာမို့ မိုးလုံလေလုံ သိမ်းဆည်းထားလိုက်ကာပြီးမှ အိတ်လေးကို ပခုံးမှာချိတ်၍ ဆိုင်ထဲက ထွက်လာခဲ့မိ၏။

အချိန်သည် နေ့လယ်ခင်းပဲရှိသေးကာ နေရောင်မမြင်ရပေမယ့် ရာသီဥတုက မဆိုးသေး ..။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

ဝယ်လာသမျှကို ကိုယ့်ဘာသာ ဘူးတွေဖွင့်၊ အထုပ်တွေဖြည်ချရင်း ရေခဲသေတ္တာထဲက ရေသန့်ဘူးကို သွားထုတ်မလို့ပြင်ပြီးမှ နေ ဘယ်တော့ပြန်ရောက်မယ်မှန်းမသိသေးသဖြင့် မယူဘဲထားလိုက်သည်။

ဒီကောင် ဘာတွေချက်ပြုတ်စားပြီး အပြင်စာကို ဘာကြောင့် မစားချင်တာလဲဆိုတာတော့ မသိ။ သူ ဒီနေ့ နေ နဲ့အတူစားဖို့ ဝယ်ချလာတာ ထိုင်းစာရော၊ ယိုးဒယားစာရောအပြင် ပင်လယ်စာတွေလည်း ပါသည်။

ပန်းကန်ခွက်ယောက်နဲ့ လှလှပပမဟုတ်ပေမယ့် ဒီအတိုင်း အထုပ်ဖြည်ဖွင့်ထားသည့် ဟင်းလျာတွေက စားပွဲပေါ်မှာ မနည်းမနော။

နေ့ကို သူခင်သည်။ ကိုယ်ကျင်လည်ခဲ့ရသည့်ဘဝမျိုးနဲ့မဟုတ်သော ဖြူစင်ရိုးသားသည့် သာမန်ဝန်းကျင်တစ်ခုက လူငယ်တစ်ယောက်မို့ သူ့ဘက်က ကြည်ဖြူလိုက်လျောမှုများနှင့် စည်းရုံးနေရသလို ဖြစ်နေပါစေ။

နေ နဲ့ပတ်သက်ပြီး အောက်ကျရသည်လည်းမထင်။ ဒီကောင် ဘာပြောပြော စိတ်ဆိုးတာလည်း မဖြစ်မိခဲ့။

တကယ်ဆို .. သူ့ဘဝကြီးတစ်ခုလုံးက သူစီမံတရုံဆံလက်ပေါ်မှာ

www.burmeseclassic.com



ညစ်ညမ်းသည့် ပွေ့ဖက်ကြိုဆိုမှုများနှင့် ရှင်သန်ခဲ့ရတာဖြစ်သည်။

နေ့စဉ် ဆီဦးထောပတ်တွေကျွေးပြီး လိုတရ မင်းသားတစ်ပါးလို မွေးမြူခဲ့သည်။ ကိုယ်ခံပညာတွေ သင်ခိုင်းပြီး ဓားသွားထက်က ပျားရည်စက်ကို လျှာနဲ့ သပ်ခိုင်းတာမျိုး။

"ယောက်ျားတွေပဲ၊ တိုက်ရဲရမယ်၊ မိုက်ရဲရမယ် .."

"ကျွန်တော်မှ မတိုက်ချင်တာ .."

"မင်းက မတိုက်ချင်ရင် သူများတွေက တိုက်ခိုက်သွားမှာပဲ၊ ခေါင်းငုံ့ခံပြီး အားကိုးရှာတာ ယောက်ျားမဟုတ်ဘူး .."

"ကျွန်တော်တို့ လူကြီးဖြစ်လာတာ ရန်ဖြစ်ဖို့လား .."

သူ ပြန်မေးတော့ ဦးကျောက်စိမ်းက ရယ်သည်။ ပြီးတော့ ဝန်ခံတာ ရဲရဲဝံ့ဝံ့။

"ဟုတ်တယ်၊ တိုက်ခိုက်ရေးသမားကောင်းတွေ ဖြစ်ရမယ်၊ ဒါမှ ငါ သားတွေမွေးထားတာ ငါ အားကိုးရမှာပေါ့"

"အဖေ အားကိုးရှာနေတာကျတော့ ယောက်ျားမပီသတာ မဟုတ်ဘူးလား"

လို့ မေးမိသည့်နောက်မှာ 'ဒီကောင်မလွယ်ဘူး' ဆိုသည့် သတ်မှတ်ချက်တစ်ရပ်တိုး၏။ ဒါပေမယ့် ..

"ငါ့မျက်လုံးထဲမှာ အငယ်ကောင်တစ်ကောင်ပဲတိုးတယ်" ဟု ဦးကျောက်စိမ်းက ချီးမွမ်းလေသည်။

ထို့ပြင် ဦးကျောက်စိမ်းရဲ့ အရေးထားခံရဆုံး၊ အရင်းနှီးဆုံးသား ဖြစ်လာခဲ့သည်။ ထိုစဉ်ကာလကတည်းက ညီအစ်ကိုလို့ အများသတ်မှတ်ကြသလို မသတ်မှတ်နိုင်ကြသည့်သုံးယောက်က စွမ်းသုံးစွမ်းပဲဖြစ်၏။

သူကလည်း ဘယ်သူတွေဘာဖြစ်နေနေ ဂရုမစိုက်ခဲ့ပါ။ လောကအကြောင်း စတင်စိတ်ဝင်စားတတ်ပြီဆိုကတည်းက သူမပျော်မွေ့နိုင်တာ သူရှင်သန်ခဲ့ရသည့်ပတ်ဝန်းကျင်ပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးသားအငယ်လေးက မိသားစုထဲမှာသာ ဘယ်လိုမှ ပေါင်းသင်းမရတာ၊ ဘေးလူနဲ့ဆို အဟုတ် .."

တပည့်တွေက ဦးကျောက်စိမ်းကို ပြန်ပြောကြသည်။ ဒါလည်း ကျေနပ်နေခဲ့၏။

"နေပါစေ ..၊ ငါ့အတွက် ဒီလိုကောင်မျိုး လိုအပ်တယ်" လို့ ပြန်ပြောလိုက်တာကိုလည်း သူ့နားနဲ့ သေချာကြားခဲ့တာပင်။ 'ငါ့သားတွေ' လို့ ရှေ့တင်မှာ အားပါးတရ ချစ်ခင်ဟန်နဲ့ခေါ်ခဲ့ပေမယ့် ကွယ်ရာမှာဆို ဦးကျောက်စိမ်းက နိုင်းနွားတွေ မွေးထားသလိုပြောတတ်တာ ချိန်က အနီးကပ်အနေများသူမို့ သိနေ၏။

"ဒီကောင်တွေက ငါရေးတဲ့အရုပ်တွေပါ၊ ငါ့စိတ်ကြိုက်ပုံဖော်တာမရရင် အချိန်မရွေး ဖျက်ပစ်လို့ရတယ်" ဆိုသည့်စကားတွေကအစ ချိန် ပဲကြားခဲ့ရတာဖြစ်၏။

ဦးကျောက်စိမ်းလောက် ကိုယ့်ကိုယ်ကိုယ်ယုံကြည်ပြီး မာနကြီးတဲ့လူ မရှိနိုင်။ သူက လက်ရုံးရည်ထက် နှလုံးရည်အားပိုကောင်းတဲ့သူဖြစ်သည်။ တပည့်တွေ သောက်သောက်လဲ မွေးမြူထားပြီး ထိုင်ရာကမထတွက်ချက်ညွှန်ကြားသည့်နေရာမှာလည်း သူမှန်းလိုက်သမျှ ကွက်တိ။

ဒါတစ်ခုကိုတော့ ဦးကျောက်စိမ်းကို ချိန် အထင်ကြီးမိတာ အမှန်။ ကိုယ်ခံပညာ ဘယ်လိုမှသင်ခိုင်းလို့မရခဲ့သည့် သူ့ကိုတောင် ဘယ်သူတွေ ဘယ်လိုဝေဖန်ကြပါစေ..။

"ဒီကောင် သူ့ဘာသာ စိတ်လိုလက်ရ သင်ချင်လာမှာပါ၊ သူများထက်လည်း တော်လိမ့်မယ် .." လို့ သူ့အနာဂတ်ကို နိမိတ်ရေးခဲ့သေးသည်။ ထို့ပြင် ..

"မင်း ထင်ရာစိုင်းနေတယ်လို့ထင်ရပေမယ့် မင်းကြုံတွေ့သမျှ ဆရာအကျော်အမော်တွေ၊ မင်းဘာသာ ရှာဖွေခဲ့တဲ့ပတ်ဝန်းကျင်တွေ၊ အဲဒါတွေက မင်းရှေ့ကို အလိုလိုရောက်လာတာမဟုတ်ဘူး မွမ်းလေး၊ မင်းအတွက် အားလုံးကို ငါပဲ ဖန်ဆင်းပေးခဲ့တာ၊ မင်းက အမြဲတမ်း

www.burmeseclassic.com

www.burmeseclassic.com


ငါ့အရိပ်အောက်မှာပဲ ..” ဟု ဆိုလေသည်။

“မင်းကို ရေတက်ချိန် လို့ နာမည်ထပ်တိုးပေးလိုက်တာလည်း ငါ့မျှော်လင့်ချက်ပဲ၊ ရေတက်ချိန်မှာ မင်းသယ်ဆောင်လာပေးမယ့် သယံဇာတတွေကို ငါလိုချင်တယ်၊ ငါ့အတွက် မင်းက ကောင်းခြင်းအရာရာကို သယ်ယူလာပေးမယ့်ကောင်ပဲ ..” တဲ့။

ဒီစကားထိ နားဝင်မချိုပေမယ့် နားထောင်နေနိုင်သေးသည်။

“မင်းအတွက် ငါလိုက်လျောခဲ့သမျှ ဒီတစ်ခါ လျှော့ကြိုးအကုန်ပဲ၊ မင်းမှာ ဘယ်လိုအစွမ်းတွေရှိနေနေ ဒီ့ထက် လွှင့်တက်လို့မရတော့ဘူး၊ ဒီအလုပ်ကိုလည်း မင်းကိုမှ ဘာဖြစ်လို့ခိုင်းတာလဲဆိုတာ တခြားလူတွေမသိရင်တောင် မင်းကသိမှာပဲ ..”

“ဒီတော့ ငါ့အတွက် သတင်းကောင်းနဲ့ ပြန်လာနိုင်အောင် မင်းကြိုးစားပါ၊ ဖျက်ရာ ပြင်ရာတွေနဲ့ ညစ်ပတ်နေတဲ့ စာမျက်နှာတစ်ခုမှာပဲ အဖြေမမှန်တဲ့ ပုစ္ဆာတစ်ခု မင်းထပ်တွက်လိုက်ရင် ဒီတစ်ခါ ကြက်ခြေခတ်ရုံနဲ့ ပြီးသွားမှာမဟုတ်ဘူး၊ အဲဒီတစ်ရွက်လုံးဆုတ်ဖြဲပစ်လိုက်မှာ..”

ဦးကျောက်စိမ်း ဒီစကားတွေပြောလိုက်တာကိုတော့ ဘယ်သူမှ မသိလိုက်ကြပေ။ သူ့ဘဝမှာ အကြင်နာမေတ္တာများနဲ့ ကြီးပြင်းခဲ့တာမဟုတ်ဘဲ တစ်နေ့ နည်းနည်းချင်းကျွေးခဲ့သော အဆိပ်တို့ကိုစားသုံး၍ ဖြေဆေးနဲ့ဝေးဝေးကို မသွားနိုင်ဘဲဖြစ်ခဲ့ရ၏။

ထို့ကြောင့် ကိုယ့်ပတ်ဝန်းကျင်ကို စိတ်ပျက်ခဲ့သည်။ လူတွေက စိတ်ပျက်ဖွယ်ဖြစ်လာခဲ့၏။ လောဘနောက်ကို သွေးရူးသွေးတန်းလိုက်ကြရင်း ကမ္ဘာမီးမလောင်သေးပေမယ့် သွေးသားတို့ကို ချနင်းခဲ့ကြသည်။ သိက္ခာ၊ သမာဓိ၊ သစ္စာတရားဆိုတာ လောဘရမ္မက်အောက်မှာ မှေးမှိန်နေခဲ့၏။

ရေတက်ချိန် ဆိုတာလည်း ဒီလူတွေထဲမှာပဲ ကြီးပြင်းခဲ့ရသူမို့ သူဟာ လူကောင်းတစ်ယောက်တော့ မဟုတ်ခဲ့ပါ။ ဒါပေမယ့် အသိစိတ်မှာ ကိန်းအောင်းနေတာက လူဆိုးလူမိုက်တွေကို စိတ်ပျက်မိခြင်းပင်။
www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဖွယ်ရာတွေကို ဖြန့်ခင်းထားကာ ဆိုဖာပေါ်မှာလှဲနေရင်း လက်ကြားညှပ်ထားသည့် စီးကရက်က တငွေ့ငွေ့လောင်မြိုက်ကုန်ဆုံးသွားခဲ့၏။

လက်ထိအပူငွေ့ရောက်တော့မှ နာရီကြည့်မိသည်။ ညနေခင်း၏ လှပနုသစ်ခြင်းတွေ ကုန်ဆုံးတော့မည်ဖြစ်ကာ မကြာခင် အလင်းရောင်ပျောက်ဆုံးတော့မှာဖြစ်၏။

နေ ဘာလို့ ခုထိပြန်မလာသေးတာလဲ။

ထိုစဉ် လူကိုမျှော်နေကာမှ ဖုန်းဝင်လာ၏။ မြင်လိုက်တာနှင့် ပြောချင်စိတ်တို့ ကုန်ဆုံးခဲ့ရကာ ...

"ဘာလဲ .."

"မာလှချည်လား စွမ်းလေး .."

"အဲဒါဘာဖြစ်သွားနိုင်သလဲ၊ အပျော့အမာသိချင်လို့ စမ်းခေါ်ကြည့်တာလား"

"ဟိတ်ကောင် .. မင်းလို လိုင်စင်ရ အရိုင်းဘုရင်နဲ့ ကျက်သရေတုံးခံပြီး ပြောချင်ရအောင် .."

"ရှုပ်လိုက်တာကွာ ..၊ ပြော .. လိုရင်းတိုရှင်း .."

"ကိုကြီးစွမ်းနဲ့ အဖေနဲ့ ဖုန်းပြောကြတယ် .."

"အဲဒီတော့ ဘယ်နိုင်ငံကို အဏုမြူဗုံးကြဲမယ်တဲ့လဲ"

"ကြဲမယ်ဆိုရင်တော့ မင်းခေါင်းပေါ်တည့်တည့်ပဲ စွမ်းလေး၊ မင်းလုပ်သလောက်တော့ ငါတို့ကလည်း နပ်ပါတယ်ကွ၊ အနေဝေးဆိုတဲ့ကောင်မလေးကို မင်းဖွက်ထားတာ ကိုကြီးစွမ်း သိသွားပြီ .."

"ဘာတွေပြောနေတာလဲ .."

"မင်း ငါတို့ရှေ့မှာ ဒီကောင်မလေးကို ငါတို့ မင်းထက်အရင်မတွေ့စေရဘူးလို့ ကြိမ်းဝါးသွားကတည်းက .."

"တက်တူး .. မင်းနဲ့ငါ မပြောချင်ဘူး၊ စွမ်းကြီးကိုပေးလိုက် .."

"ကိုကြီးစွမ်းက မင်းနဲ့မပြောချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ချိန် ဖုန်းချပစ်လိုက်သည်။ ဒီကောင်တွေ ဘာတွေလျှောက်ပြော နေတာလဲ ..။ ဘယ်က သတင်းတွေရနေတာလဲ ..။ အရှုံးမပေးတတ် သည့်အကျင့်ကြောင့် သူများမခံချင်စရာပြန်ပြောခဲ့ပေမယ့် ဒီမိန်းကလေး ကို ရှာဖွေဖို့ သူကိုယ်တိုင် လုံ့လစိုက်ခဲ့တာ ဘယ်မှာရှိသေးလို့လဲ။

ဦးကျော်စိမ်း ကြိမ်းဝါးလိုက်တဲ့စကားတွေကိုလည်း ရင်ခံနေ သည်။ သူ့ရဲ့ စိတ်လွတ်လပ်မှုကိုလည်း ဒီ့ထက်ပိုပြီး ရယူခံစားချင်သေး သည်။ သူ့အကျင့်ကိုက ဘယ်အလုပ်ကိစ္စကိုမှ အရေးတကြီးပြီးမြောက် ဖို့ အာရုံစိုက်ခဲ့တာမရှိပေ။

သူများတွေ 'အဖေခိုင်းထားတာ အောင်မြင်ရမည်'၊ 'အဖေ စိတ် ဆိုးတော့မည်' ဆိုပြီး ဗျာများနေချိန်မှာ သူက စီးကရက်သောက်မပျက်၊ မားသွေးမပျက်ရှိနေဟုန်း ..။

ထို့ကြောင့် စွမ်းကြီး တို့ကပြောဖူးသည်။

"ဒီကောင်က သူများခြေကုန်လက်ပန်းကျမှ အကျကောက်တတ် တာ .." ဟု ..။ ဘယ်သူတွေဘာပြောပြော ခိုင်းတိုင်းမလုပ်ပေမယ့် လုပ်ပြီဆိုရင် ပြီးဆုံးအောင်မြင်ခဲ့သည်သာ ..။

"ပြော .."

သူ တွေးနေတုန်း ဖုန်းထပ်ဝင်လာသဖြင့် နားထောင်လိုက်ကာ..

"မင်းနဲ့ ရှင်းစရာရှိတယ် .."

"ဘာအတွက်လဲ .."

"ကောင်မလေးကို အေးဆေးပေးမှာလား၊ အဖေနဲ့ရင်ဆိုင်မလား"

"သူ့ကို ငါရထားပြီလို့ မင်းကို ဘယ်သူပြောတာလဲ .."

"ဟိတ်ကောင် .. ရပ်ကွက်ကြိုကြားက လက်တို့ပြောတဲ့အသံ တွေနဲ့ ရှုပ်မနေနဲ့၊ ငါတို့ ဘယ်လိုသိတာ မင်းကိုပြောပြစရာလိုဘူး၊ ဒီကိစ္စ အပေးပေးသိသွားပြီ၊ မင်းဆက်လိမ်နေမယ်ဆိုရင် အမှုကြီး သွားမှာနော် .."

"ဒါဆိုရင်တော့ အမှုကြီးအောင် မင်းပဲလျှံနေတာဖြစ်မှာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့မှာ ဘာကောင်မလေးမှမရှိဘူး ..."

"မင်းဒီလိုလုပ်ချင်လို့ ကုမ္ပဏီက လူကြီးပိုင်းထဲမှာ မင်းလူထည့်ထားတာပဲ"

"မင်းဆိုရင်လည်း ဒီတိုင်းလုပ်မှာပဲမို့လား .."

"ငါတို့က မင်းလို သိုက်တူးမှာမဟုတ်ဘူး၊ အဖေခိုင်းတဲ့အတိုင်းပဲလုပ်နေကြတာ၊ ရန်ကုန်ရောက်ကတည်းက မင်းက အဖေ့အစီအစဉ်နဲ့ မနေဘူး၊ ငါတို့က မဆက်သွယ်ဘဲ စပြီးဆက်သွယ်တယ်ဆိုတာမရှိဘူး၊ မြန်မာပြည်ရောက်တာနဲ့ ကိုယ်ယောင်ဖျောက်ပြီး ဆင်ကြံကြံနေတာ .."

ဒီစကားတွေကိုလည်း စိတ်ဆိုးဖို့ သတိမရပေ။ နားထောင်နေရင်း သူတွေးနေမိတာ ဒီသတင်းဘယ်လိုဖြစ်သွားတာလဲ ဆိုတာပင်။ ပြီးတော့ နှုတ်ခမ်းမဲ့လိုက်ပြီး ..

"သူများကို ချောက်ကျအောင် ဆေးထိုးတတ်ရင် ကိုယ့်ကိုယ်ကိုယ် ဖြေဆေးဆောင်ထားဖို့ မမေ့နဲ့ စွမ်းကြီး၊ ငါ့ဘက်ကမှန်နေရင် အဖေဖြစ်ဖြစ် ဘယ်လိုပုဂ္ဂိုလ်ဖြစ်ဖြစ် ငါဂရုမစိုက်ဘူး"

"ဟား ဟား .. သိပါတယ်၊ မင်းပြောသမျှ ငါသိမ်းထားပြီး အဖေ့ဆီပို့လိုက်ပါ့မယ်၊ ငယ်ငယ်တုန်းက မင်းပြောသလိုပေါ့ကွာ၊ ထစ်ခနဲရှိ [illegible]တတ်တာ အားကိုးရှာတာတဲ့၊ အဲဒီတုန်းက ဟုတ်တယ်၊ ခု မဟုတ်သေးဘူး၊ မင်းလိုပဲ စွမ်းလေး၊ ငါတို့လည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေကြတဲ့ကောင်တွေပဲ၊ ကြောက်လို့ပြေးတိုင်စရာမလိုပါဘူး .."

"ဟွန်း .."

"ဒါပေမယ့် မင်း ဘာကောင်လဲဆိုတာ အဖေသိဖို့လိုသေးတယ်"

"သိတော့ .. .."

"သိဖို့ပဲလိုတာ လို့ ငါပြောနေတာပဲလေ၊ အရေလည်းမှ အတိတ်တွေ့တာကိုမစောင့်နိုင်လို့ မြန်မြန်ဆန်ဆန် ဆွဲပြနိုင်တဲ့ အခွင့်အရေးကို လက်လွှတ်မခံနိုင်တာ၊ အဲဒါ လုပ်ကြံလီဆယ်မှုမပါဘူး၊ မင်းရဲ့လီဆယ်မှုအားလုံးသာ လုံအောင်ဖုံးထား .."

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ သူ့ရဲ့နားမလည်နိုင်ခြင်းမှာ စွမ်းကြီးက ဦးအောင်ဖုန်းချ သွားသည်။ ဖွင့်ထားသည့်တံခါးကနေ လေပြင်းတစ်ချက် ဟူးခနဲ တိုးဝေ့ သွားကာ မီးသက်လေကို တဖျောဖျောတိုက်ခတ်လာ၏။ တိုက်ဆိုင် သည်က ရေရှူးနေသည့်သစ်ရွက်ခွေးနှင့် သစ်ကိုင်းခြောက်တို့ တဖြုတ်ဖြုတ် လွင့်ပါးပြေးလွှားနေခြင်းနှင့်အတူ သူ့အိမ်ရှေ့ကိုရောက်လာသူက နေ ..။

သူ့ကိုလှမ်းကြည့်ပြီးမှ နေ က အထဲကိုဝင်လာသည်။ ပြီးတော့ စားပွဲပေါ်က စားစရာတွေနဲ့ ဘီယာပုလင်းကိုကြည့်၍ ...

"ကျွန်တော်လက်ခံတာ အစားပဲနော်၊ သောက်တာမပါဘူး .."

"မင်းကိုလည်း အတင်းပါးစပ်ဖြဲမထည့်ဘူး"

စိတ်က ထွေနေသဖြင့် နောက်ထပ်ဖုန်းတစ်လုံးထုတ်ကာ အလို မကျစွာ စိုက်ကြည့်မိ၏။

"မင်း ရေမိုးချိုးဦးမှာမို့လား၊ သွားလေ .. စောင့်လက်စနဲ့ မထူး ပါဘူး .."

"ဟင့်အင်း .. ဆင်းလိုက်တက်လိုက် လုပ်မနေချင်တော့ဘူး၊ ဒီနေ့ တစ်နေ့ကုန်သွားလာထားရတာ လူကပြိုင်းနေပြီ၊ စားပြီးတာနဲ့ နားတော့ မှာ .."

"ဟာ .. နေ .."

ဖုန်းတွေကိုင်ရင်း ချိန် က လက်တစ်ဖက်ပါ ဆန့်ထွက်လာကာ..

"မင်း မညစ်ပေနဲ့၊ ရေမချိုးချင်လည်း ခြေလက်ဆေးပြီး မျက်နှာ တော့သစ်လိုက် .."

"ဘာဖြစ်လို့လဲ .."

"ဟ .. တစ်ကိုယ်ရေသန့်ရှင်းမှုပေါ့ကွ၊ မင်းတစ်နေ့ကုန် ကားတွေ ပေါ်က၊ ဆင်းလိုက်တက်လိုက်နဲ့၊ လူတစ်ကိုယ်လုံးမှာ ညစ်ပေဆုံးက လက်တွေပဲ၊ အပြင်ကပြန်လာလာချင်း စားပွဲသောက်ပွဲနဲ့နှိုက်စရာ လား .."

"ခင်ဗျား ဒါကျမှ ဓိဇာကြောင်လှချည်လား .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ကြောင်ရင်ကြောင်တယ်မှတ် .."

ဖုန်းမလာလို့ စိတ်က ကိုယ်နဲ့သိပ်မကပ်ချင် ..။ ခေါ်ဖို့ကျတော့လည်း လမ်းကြောင်းက အဆင်မပြေသဖြင့် ဖုန်းကိုလည်းမချနိုင်။ နေ့ကိုလည်း ပြောနေရသေးသည်။

ချိန် မျက်နှာမှန်ကုပ်ကုပ် ပုပ်သိုးသိုးဖြစ်နေခဲ့လျက် ..

"ဟော့ .. ခြေလက်ဆေးဖို့လေးကို အပေါ်ပြန်တက်ဦးမှာလား ..၊ နောက်ကိုသွားလိုက်လေ .. ကျွတ် ..၊ ကြောင်တယ်လို့ ငါပြန်ပြောရင် အိုဗာတင်းဖြစ်ဦးမယ် .."

ပြောနေတုန်း ဖုန်းဝင်လာသဖြင့် ချက်ချင်းဖွင့်လိုက်ကာ ..

"ဟလို .. ဟလို ..."

"... ... ...."

"မဟုရာ .. မဟုရာ .. မင်းကြားလား .. ကျွတ် ..."

ဖုန်းကို ကိုင်ဒပါက်ပစ်ချင်စိတ်တွေဖြစ်လာကာ အိမ်ရှေ့ကို ထွက်လာခဲ့ရ၏။ သို့သော် စကားသံတွေမပီသောကြောင့် လိုင်းပူးကုန်မှာစိုးကာ ပြန်ချလိုက်ရသည်။

ဒါတွေကြောင့် တတ်နိုင်သမျှ ဖုန်းပြောခြင်းကို သူမလုပ်ချင်ပေ။ အပေါ်ပြန်ဝင်လာတော့ နေ ကလည်း ရေချိုးခန်းဘက်ကထွက်လာတာနှင့်တိုးကာ ...

"မျက်နှာမသစ်ဘူးလား ..၊ ချွေးတလုံးလုံးနဲ့ .."

"မသစ်ဘူးဗျာ၊ အဲဒါကို ရှုံရင်လည်း ကျွန်တော်မစားတော့ဘူး"

"ရှုံလို့မဟုတ်ဘူး၊ မင်းမျက်နှာအဆီပြန်နေတာက ညစ်ထပ်ထပ်နဲ့၊ မင်းအစား စိတ်အိုက်လို့ .."

ပြောပြီး သူကိုယ်တိုင်ပဲ ခုံဆွဲထုတ်၍ ..

"လာ .. ထိုင် .."

ခုံနှစ်လုံးစလုံးဆွဲလိုက်ပေမယ့် သူက မထိုင်ဘဲ ..

"ငါအလုပ်ကိစ္စပြောဖို့ ဖုန်းစောင့်ရဦးမှာ ..၊ မင်းစားနှင့်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ .."

"မင်းပင်ပန်းနေတယ်မို့လား၊ ငါ့ကို ပြန်စောင့်နေရမှာစိုးလို့ .."

"ရပါတယ်၊ ခင်ဗျားလည်း ကျွန်တော့်ကို စောင့်နေရတာပဲ မဟုတ်ဘူးလား၊ အိမ်ရှင်မပါဘဲ ဧည့်သည်က ထမင်းစားရမယ်လို့ .."

ဝေး က စားပွဲနားကခွာပြီး ဆိုဖာမှာ သွားထိုင်လိုက်သည်။

"ပြီးရောကွာ .. ဒါဆိုလည်း အေးဆေးပေါ့ .."

နေ့ကို ကိုယ်ပဲဖုန်းဆက်ပြီး ညနေစာအတူစားဖို့ ခေါ်လိုက်တာဖြစ်သည်။ တစ်ယောက်တည်း အိုးသေး ခွက်သေးလေးတွေနဲ့ ဖြစ်သလို ချိုးခြံချွေတာပြီး ချက်ပြုတ်စားနေရတာကိုသိတော့ ဖွယ်ဖွယ်ရာရာလေး စားစေချင်တာပါ။

ဒါပေမယ့် ဒီညနေကျမှ သူ့အတွက် အချိန်ပိုင်းပြဿနာဖြစ်လာရတော့ ...

"ခင်ဗျား ဒီလောက်အလုပ်ရှုပ်နေတာကိုဗျာ .."

"မရှုပ်ပါဘူး၊ မင်းမလာခင်က ဆိုဖာပေါ်မှာလှဲပြီး စီးကရက်သောက်နေတာ အိပ်တောင်ပျော်တော့မလို .."

ချိန် က စကားပြောရင်း နေ့ ဘေးမှာ ဝင်ထိုင်လိုက်၏။ ဒါပေမယ့် မျက်လုံးက ဖုန်းဆီမှာဖြစ်ကာ ...

"ငါက အိမ်မှာလည်း သိပ်မနေဘူး၊ တိတ်ဆိတ်တဲ့နေရာမှာလည်းမနေတတ်ဘူး၊ ဒါပေမယ့် ဘယ်နေရာရောက်နေနေ တစ်ယောက်တည်းပဲ .."

"ဘယ်လို .."

"အပျွန်း .."

သူက မက်ဆေ့ချ်ပို့နေတာလား၊ ဘာလား .. တစ်ခုခုလုပ်နေတာတော့ သေချာကာ စကားပြောလည်းမပျက်။

"ငါ့အဖေက သူငယ်ချင်းအပေါင်းအသင်းတွေ ထားပေးတယ်၊ သူပေါင်းခိုင်းတဲ့ သူငယ်ချင်းတွေကလွဲရင် တခြားဘယ်သူနဲ့မှ ဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



တာမကြိုက်ဘူး"

"ဟုတ်လား .."

"ငါတို့အားလုံး အဖေ့စည်းကမ်းအတိုင်းနေလာတာကြာတော့ ပုံစံခွက်ကြီးအတိုင်း ထွက်လာတာပေါ့ကွာ .."

"ဒါပေမယ့် ခင်ဗျားက ခေတ်မီပါတယ်၊ တချို့ဆိုရင် အဲဒီပုံစံ ူး သွင်းခံလာရရင် ဆိုက်ကိုဝင်သွားကြတာ .."

"ငါတို့က ဘယ်ဝင်မလဲ၊ ရင်ထဲမှာတစ်မျိုး၊ အပြင်မှာတစ်မျိုး နေခဲ့ကြတာကိုး .."

"ဒါပေမယ့် သက်တမ်းတစ်လျှောက်လုံးကြီးလေ .."

"ဟုတ်တယ်၊ ဒါပေမယ့် သူလည်း နာရီနဲ့အမျှ လိုက်ကြည့်နေနိုင်တာမှမဟုတ်တာ ..၊ သူ့စကားနားထောင်ပေးလိုက်ရင် မုန့်ဖိုးရတယ်၊ အရွယ်ရောက်လာတော့ သူ့သဘောကျနေပြလိုက်တာနဲ့ ဘဏ်အကောင့်ထဲမှာ ငွေအမောင့်တွေ တက်သွားတာ .."

"ခင်ဗျားပြောတဲ့ ငါတို့ဆိုတာ ဘယ်သူတွေလဲ .."

"ငါ့လိုပဲ မွေးစားထားတဲ့ ညီအစ်ကိုတွေဆိုပါတော့၊ ဘယ်အရပ် ဘယ်ဒေသကဖြစ်ဖြစ် လူတစ်ယောက်ရဲ့လက်ပေါ်မှာတော့ သူ့သားတွေ၊ ငါတို့က ညီအစ်ကိုတွေပေါ့"

"အင်း .."

"ငါတို့မှာ ပိုက်ဆံတွေပေါတယ် .."

"ခင်ဗျားပြောတဲ့ပုံစံမျိုးကို ကျွန်တော်တွေးကြည့်ရတာ ရုပ်ရှင်ဇာတ်လမ်းတွေထဲကလို လူငယ်လေးတွေ မွေးစားထားပြီး .."

"အများကြီးလျှောက်မတွေးပါနဲ့၊ မင်းမေးသလောက် ငါ ဖြေမှာမဟုတ်ဘူး"

သူက ပြောင်ပြောင်တင်းတင်း တားမြစ်တာပေမယ့် ငေး အောင့်သီးအောင့်သက်ဖြစ်သွားမိသည်။ ဒါပေမယ့် ကိုယ် ပေါ်တင်စိတ်ဆိုးဖို့

www.burmeseclassic.com

www.burmeseclassic.com



ကျတော့ ရှိန့်မျက်နှာမှာ တမင်မတည့်အောင်ပြောလိုက်တာမျိုး အနည်းငယ်မျှ အရိပ်မထင်ပေ။

"ပိုက်ဆံရှာရခက်တယ်၊ ဆင်းရဲတယ်ဆိုတဲ့လူတွေကို ငါနားလည်ပေးလို့မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့တစ်သက်မှာ မရှိစကား တစ်ခါမှ မကြားခဲ့ဖူးလို့ .."

"ခင်ဗျား မိဘမဲ့ဘဝမှာတော့ .."

"အဲဒီဘဝမှာ ငါ ဘယ်လိုရင်ဆိုင်ခဲ့သလဲ၊ ဘယ်အရွယ်လဲ၊ ငါ ဘာမှမသိဘူး၊ ငါသိတာက လက်ဖြန့်တောင်းတတ်တဲ့အရွယ်ကတည်းက စားစရာ၊ ကစားစရာ ငါလိုချင်တာ ဘာမဆိုရခဲ့တာ .."

"ခင်ဗျားတို့ကို မွေးစားတဲ့လူက တော်တော်ချမ်းသာလို့ပေါ့"

"ဟွန်း .."

သူ့အပြုံးကိုကြည့်၍ ဒီလူ လူကောင်းဟုတ်ရဲ့လားလို့ ပထမဆုံး သံသယဝင်လာ၏။ ကလေးလေးတွေ မွေးစားပြီး အမျိုးမျိုးနိုင်းစားကြသည့်လူကြီးတွေကို ကြားဖူးသည်။

ဒါပေမယ့် သူပြောနေသလောက် ပြည့်စုံပိုလျှံအောင် ပုံပိုးမွေးမြူထားတာမျိုးတော့ မဟုတ်ပေ။ ခေါင်းထဲမှာ မေးချင်တာတွေ အစီအရီပေါ်လာခဲ့၏။ မေးလည်း ဖြေမှာမဟုတ်ဘူးဆိုတာကို သတိရတော့ မျိုသိပ်ထားလိုက်ရသည်။

"ရော့ .. စာအုပ်ကြည့်နေဦး .."

"မကြည့်ချင်ပါဘူး၊ ခင်ဗျားပြောနေတာကိုပဲ စိတ်ဝင်စားပါတယ်၊ ဆက်ပြောလေ .."

"မင်းလည်း စပ်စုတတ်လာပြီထင်တယ်"

"ခင်ဗျားဆန္ဒမရှိရင် မပြောဘဲနေလို့ရပါတယ်"

"ဟွန်း .."

သူပြုံးလိုက်တိုင်း သူ့အပြုံးနဲ့ မျက်ဝန်းတွေက လိုက်ဖက်သည်။ ခနဲ့ပြီးပြုံးတာ၊ ဒေါသကိုမျိုသိပ်ပြီးပြုံးလိုက်တာတွေရှိလည်း သူ့မျက်လုံး

www.burmeseclassic.com



မှာပဲ ထင်ရှားစွာမြင်ရတတ်ကာ ..။

ခုလိုမျိုး ချစ်ခင်ရင်းနှီးဟန်နဲ့ ပြုံးတာမျိုးကတော့ သူ့မျက်ဝန်းတွေနဲ့ အလိုက်ဖက်ဆုံးပင်။ တစ်ခုဆိုးရွားတာက သူ ဒီလိုရယ်ရင်း စိုက်ကြည့်လိုက်တိုင်း ဝေး အထိတ်တလန့်ဖြစ်ရခြင်းမှာ ခြေဖျားလက်ဖျားတွေ အေးရခြင်းလည်းပါ၏။

"ငါ့မှာ များပြားနေတဲ့ပိုက်ဆံတွေ ပြည့်စုံပိုလျှံနေတာတွေကို ငါ မမက်ဘူး၊ အဲဒီလိုဘဝမျိုးကိုရထားလို့လည်း မပျော်ဘူး၊ ဒါ ဘယ်သူမှ ယုံမှာမဟုတ်ပေမယ့် ငါကတော့ တကယ်ပြောနေတာ .."

"ကျွန်တော် ယုံပါတယ် .."

"ဘာဖြစ်လို့ယုံနေတာလဲ .."

"မသိဘူး၊ ဒါပေမယ့် ခင်ဗျားတကယ်ပြောနေတာမှန်း သိနေတယ်၊ အဲ .. တစ်ခုပဲ .."

"ပြောလေ .."

"ခင်ဗျားက 'ငါ လူဆိုးမဟုတ်ပါဘူး' လို့ပြောရင်တော့ .."

"လူကောင်းမဟုတ်ပေမယ့် လူဆိုးမဟုတ်ဘူးဆိုတာတွေ မင်းလက်ခံလား .."

"မခံဘူး .."

"ဟွန်း .. ဟွန်း .."

"ဒါပေမယ့် ဘယ်လိုလူဆိုတာ ကျွန်တော် စိတ်မဝင်စားပါဘူး၊ ခင်ဗျားနဲ့ကျွန်တော်က ခွဲခွာရခက်လောက်အောင် ချစ်ခင်ရင်းနှီးကြတဲ့ လူတွေလည်းမဟုတ်ဘူး၊ ကိုယ့်ဘဝနဲ့ကိုယ့်အကြောင်း 'ဟင်' ဆိုတဲ့ တစ်နေ့ မခေါ်ဘဲနေလိုက်ကြရုံပဲ .."

"အခု မချစ်ကြသေးပေမယ့် ချစ်လာကြဖို့ရှိတာပဲကွ၊ ခင်ရာဆွေမျိုးဆိုတဲ့စကားရှိတယ်လေ၊ ငါတောင် မင်းကို မိတ်ဆွေလို့သတ်မှတ်ပြီး ငါ့အကြောင်းပြောပြနေတာ .."

"အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော့်ဘဝကို စပ်စုလာမယ်ဆိုရင်တော့

www.burmeseclassic.com



ဆောရီးပဲနော်၊ ကြိုပြောထားတာ ..”

“မင်းဆန္ဒရှိမှပါ ..”

“ဆုတောင်း ..”

တီးတိုးပြောရင်း တဂျိုင်းဂျိုင်းဖွင့်ပိတ်နေသည့် ပြတင်းတံခါးကို ပိတ်ဖို့ ဝေး ထလာခဲ့၏။ မီးခိုးရောင်ရုပ်အင်္ကျီပွပွနှင့် ဂျက်ကက်ဂျိုင်း ပြတ်လေးဝတ်ထားသည့် ဝေး ရဲ့ကျောပြင်ကိုကြည့်၍ ရယ်နေသော ချိန့်မျက်နှာမှာလည်း နားလည်ခြင်းအပြည့်နှင့် ကြည်လင်နေလျက်သာ။

သို့သော် တဖြူးဖြူးတိုက်ခတ်လာသော မိုးသက်လေနှင့်အတူ ပြို တော့မလို ညိုမှောင်လာသည့်မိုးရိပ်တွေကတော့ ညနေခင်းကို မှောင်ရိပ် ဆင်လာပြီဖြစ်လေသည်။

ချထားသည့်ဖုန်းနှစ်လုံးကနေ တစ်လုံးသောဖုန်းမှာ ဖျတ်ခနဲ လင်း လာလျက် ဆိုးရွားသော ပြောင်းလဲခြင်းတစ်ရပ်ကို ယူဆောင်လာခဲ့ပြီး..

“ကျွန်တော်ပါ ..”

“အေး .. သိတယ်၊ မင်းလည်းသိနေမှာပါ၊ မင်းအဖေ ငါ ဖုန်းပြော ရပြီဆိုရင် ငါကိုယ်တိုင်ဆုံးဖြတ်မယ့် တစ်ဦးတစ်ယောက်ရဲ့ ကံကြမ္မာ တစ်ခုခုကို ငါဆုပ်ကိုင်ထားပြီးပြီဆိုတာ ..”

“အဖေ ပြောစရာရှိတာပြောပါ ..”

“မင်းပြန်လာပြီး ငါ့ရှေ့မှာဒူးထောက်မလား၊ ဆရာဝန်ကြီးသမီး ကို ပြန်အပ်မလား၊ မင်းရွေးချယ်ခွင့် ငါးမိနစ်ရမယ် ..”

“ကျွန်တော်ပြောမယ့်စကားကို အဖေယုံမယုံပဲစဉ်းစားပါ၊ ခုချက် ချင်း အဖြေပေးနိုင်တယ်”

“မင်းက ငါ့ကိုပြန်ပြီး တိုင်မာခေါ်နေတာလား ..”

“ကျွန်တော့်ကို ယုံကြည်မှုရှိမရှိပဲ ကျွန်တော်မေးတာပါ”

“ငါယုံကြည်အောင် မင်းလုပ်ခဲ့တာ ဘာရှိခဲ့သလဲ ..”

“ကျွန်တော့်လုပ်ရပ်တိုင်းက ကိုယ့်ရဲ့စိတ်ဆန္ဒအရပဲ အဖေ၊ သူများ ကို သက်သေပြဖို့မပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ရေတက်ချိန် .. မင်းက ငါ့ကိုတောင် ဒီလိုပြောရဲနေပြီလား .."

"ကျွန်တော် ဒီတိုင်း အမြဲတမ်းပြောလာခဲ့တာပါ၊ အဖေ အခုမှ နားဝင်ဆိုးနေတာဖြစ်မယ် .."

"ဟုတ်တယ် .. မင်းက ငါ့မျှော်လင့်ချက်၊ ငါ့ဘဝတစ်ခုလုံးကို ပြောင်းပြန်လှန်ပစ်ဖို့ ကြိုးစားတဲ့ကောင်ပဲ၊ ဒါတွေကို ငါရိပ်မိနေလို့ မင်းကို စီရင်ချက်ချနိုင်မယ့်နေရာ အရင်ဆုံးလွှတ်ပေးလိုက်တာ ..၊ ခုတော့ ကျောက်စိမ်းမှန်းသမျှ မလွဲခဲ့ဘူးဆိုတာ ပိုခိုင်မာသွားပြီပေါ့ .."

"အဖေမှန်းသမျှ မလွဲခဲ့ဘူးလို့ ကျွန်တော်ယုံကြည်ခဲ့သမျှကတော့ အခုကစပြီး ပျက်သွားပြီ .."

"ဘာ ... .."

"တကယ်တော့ အဖေရခဲ့တဲ့ ကျော်ကြားမှုတွေက ကံကောင်းစေတဲ့တိုက်ဆိုင်မှုတွေကြောင့်ပဲ .."

ဖုန်းကိုင်ထားရင်း တစ်သက်လုံး မျိုသိပ်ခဲ့ရတဲ့ ခံစားချက်တွေက သွားကြားစေ့သံတွေပဲဖြစ်ခဲ့ရကာ ..

"ကျွန်တော်က အမိန့်ကိုမနာခံတတ်တဲ့ကောင်၊ မလေးစားတတ်တဲ့ကောင်၊ အဲဒါတွေ ဟုတ်တယ်၊ ဒါပေမယ့် မလိမ်တတ်ဘူး .."

"ဟွန်း .. လာသေးတယ်ကွာ .."

"အဲဒါ အဖေယုံအောင်လည်း သက်သေပြမှာမဟုတ်ဘူး"

"ရှင်းရှင်းပြောစမ်း ရေတက်ချိန် ..၊ ဆရာဝန်ကြီးသမီး ဘယ်မှာလဲ"

"မသိဘူး .."

"ဘာကွ .."

"ကျွန်တော်ပြောနိုင်တာ အဲဒါပဲ .."

"စွမ်းလေး .. မင်းဖုန်းမချလိုက်နဲ့နော် .."

ဦးကျောက်စိမ်းရဲ့ ဒေါသသံကြီးကြောင့် ဖုန်းကို ဖိညှစ်ပြီးကိုင်ထားမိရင်း ကျိုခနဲ အံကြိတ်၏။

"မင်းက ငါ့ကို အတိအလင်းစိန်ခေါ်လိုက်တာပဲ စွမ်းလေး .."

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ပြီး ချိန် ဘာပြောမလဲလို့ ခဏစောင့်၏။ ချိန် က နှုတ်ခမ်းတင်းတင်းစေ့ထားလျက် စကားသံ တစ်ခွန်းတစ်ပါဒမျှ မဟခဲ့လျှင် ..

"ငါ ခုချက်ချင်း မင်းရှေ့ကိုရောက်မလာနိုင်ပေမယ့် စွမ်းကြီးတို့နဲ့ မင်းရင်ဆိုင်ရလိမ့်မယ်၊ မင်းဘယ်လောက်တော်နေနေ မြန်မာရာဇဝင်မှာ ခေါင်းဆောင်သူရဲကောင်းတွေ နောက်ကျောကဓားနဲ့ထိုးလို့ သေကြရတာတွေရှိခဲ့တယ်ဆိုတာ မမေ့နဲ့ .."

ဒီဘက်က စကားကိုစောင့်ပေမယ့် လုံးဝအသံတိတ်နေသဖြင့် ဦးကျောက်စိမ်းဘက်မှာ ဒေါသလှိုင်းတံပိုးတွေ ထန်လာခဲ့လျက် ..

"ကုမ္ပဏီကို အပိုင်ဝင်စီးထားပြီး ရောက်လာတဲ့မိန်းကလေးကို မင်းဆွဲထားလိုက်ကာ ငါအားလုံးသိပြီးပြီ၊ ငါ့ပစ္စည်းတွေကို မင်းဒီနည်းလမ်းနဲ့ ဖြတ်ခုတ်ပုံ ...ုံးစားတာ သိပ်မှားသွားပြီ ရေတက်ချိန်၊ စည်းစိမ်ဥစ္စာနဲ့ပတ်သက်ရင် ဘယ်ကောင်မှ ငါ့ကို တစ်ပတ်ရိုက်လို့မရဘူး၊ မင်းနဲ့ငါ ရန်သူဖြစ်သွားပြီ .."

ခုပဲ အပြေ့တွေမေး၊ ရွေးချယ်နိုင်းလိုနိုင်း၊ အမျိုးမျိုးခြိမ်းခြောက်မေးနေရင်း ခုနကတော့ လူသတ်သမားတွေပဲ လွှတ်တော့မလိုလို ..။

ခုကျတော့ ရန်သူတွေဖြစ်ရဦးမည် တဲ့။ ချိန် က အံကြိတ်လိုက်ပြီးမှ ...

"ကြိုက်တဲ့စစ်မျက်နှာ ဖွင့်လိုက်ပါ၊ ကျွန်တော်ရှင်သန်ခဲ့ရတဲ့ဘဝကိုက မစ်ရှင်တစ်ခုပဲ၊ ဘာမှလွမ်းလောက်စရာမရှိဘူး .."

"တောက် .."

ဦးကျောက်စိမ်းရဲ့ တက်ခေါက်သံကြီးက နားထဲကို လက်နက်တစ်ခုလို ပစ်ဆောင့်ဝင်၏။ ချိန့်မျက်နှာတစ်ပြင်လုံးကလည်း နီရဲနေကာ ဒီသတင်း မဟုတ်မဟတ်ထွက်လာခဲ့ခြင်းကို သိချင်လာခဲ့၏။

စွမ်းကြီး ..။

ဒီကောင်တွေနဲ့ သူ မရှင်းလို့မဖြစ်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



စိတ်က တွေးနေတုန်း နောက်ဖုန်းတစ်လုံးက ဖျတ်ခနဲ လက်သွား၏။ ကြည့်လိုက်တော့ မဟူရာ့ဆီက ဓာတ်ပုံပို့လိုက်ခြင်းဖြစ်ကာ ..

"ဟင် .."

ချိန် ၊ျက်ခုံးနှစ်ဖက် ဆတ်ခနဲ စုကျုံ့သွား၏။ ပြီးတော့ တဖြည်းဖြည်း စူးရဲလာသည့်မျက်လုံးတို့သည် ပြတင်းတံခါးမှာ ကျောပေးရပ်နေသည့် နေ့ထံရောက်သွားခဲ့၏။

နောက်ထပ်မက်ဆေ့ချ်တွေကို ဖတ်နေစရာမလိုတော့ဘဲ သူ နေရာမှထရပ်လိုက်သည်။ ဝေး ရဲ့ကျောနောက်ကို တစ်လှမ်းချင်းတိုးလျှောက်သွားခဲ့သော ခြေလှမ်းတွေက စိတ္တဇဆန်ဆန် တိတ်ဆိတ်ညင်သာနေခဲ့လျက် ..

"မင်း ဒီဘက်လှည့်လိုက် .."

ကိုယ့်နောက်ရောက်နေတာကို လုံးဝမသိလိုက်ဘဲ စကားသံ အနီးကပ်ထွက်လာသဖြင့် ဝေး ဖျတ်ခနဲလှည့်ကြည့်ကာ ..

"ခင်ဗျား .."

နီရဲခက်ထန်နေသည့် ချိန့်မျက်နှာကြောင့် မျက်နှာချင်းဆိုင်လှည့်ရပ်လိုက်မိသည်။ ချိန် က သူမမျက်နှာကနေ ဝ၁စ်ကိုယ်လုံးကို စက်ဆုပ်ရွံရှာသလိုကြည့်ကာ ..

"မင်းဘယ်သူလဲ .."

"ကျွန်တော်က နေ ပေါ့၊ ခင်ဗျားဘာဖြစ်လာတာလဲ"

"အနေဝေး .."

အံကြိတ်ခေါ်လိုက်သည့်အသံက သိပ်မကျယ်ပေမယ့် ဝေး နားထဲမှာ ပေါက်ကွဲသံကြီးတစ်ခုလို မြည်ဟည်းသွားသည်။ စစ်ဆေးမေးမြန်းခြင်းမရှိဘဲ တိုက်ရိုက်စွဲဆိုလိုက်သဖြင့် သူမ မင်တက်မိနေခဲ့..။

"မင်း .."

"အား .."

ဝေး ရဲ့လက်မောင်းလေးတစ်ဖက်ကို ဆောင့်ဆွဲလိုက်သည်။ ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ နောက်တစ်ဖက်ကို အကြမ်းပရမ်း ဖိညှစ်ဆုပ်ကိုင်၍ ...

"မင်းက ငါ့ကိုညာတယ် ဟုတ်လား ..၊ ဆံပင်တွေဖြတ်ချပြီး မျက်နှာကိုမည်းအောင်လုပ်ပြီး ရှပ်အင်္ကျီဝတ်ပြလိုက်တာနဲ့ ဒီက ငတုံး က ဘာမှမသိတော့လေ .."

"ခင်ဗျား .. လွှတ်နော် .."

"မင်းက တော်လွန်းလို့လား၊ ငါက တုံးလွန်းတာလား၊ ကိုယ့်နား မှာရှိနေတဲ့သတ္တဝါကို အထီးမှန်း အမမှန်းမသိလောက်အောင် ရေတက်ချိန် ဆိုတဲ့ကောင် တုံးခဲ့တာ၊ မင်း .. လာခဲ့စမ်း .."

"ခင်ဗျား .. ရေတက်ချိန် .. အား .."

ဝေး ကို အကြမ်းပတမ်းဆွဲခေါ်သွားကာ ရေချိုးခန်းထဲထိ တွန်းထိုး ဆွဲချုပ်၍ ဘောစင်ထဲကို ရေတွေဖွင့်ချလိုက်၏။

ဝေး ဘယ်လိုရုန်းရုန်း သူ့လက်တစ်ဖက်တည်းကိုတောင် အံမတု နိုင်ပေ။ ဒေါသစိတ်တွေနှင့် ရှက်ခြင်းက ချိန် အသိတို့ကို မှောင်ကျစေ ခဲ့လျက် ..

"မင်း ခုထိ ငါ့ကိုဝန်မခံဘူးပေါ့၊ ဒါတွေကထွင်းဖောက်ပြီး သူများ ကမြင်တယ်၊ ငါက မမြင်ခဲ့ဘူး၊ မင်းကလည်း ခုထိ ညာကောင်းကောင်း နဲ့ ညာချင်နေတုန်း ..၊ အိုခေ .. ထွင်းဖောက်မမြင်ခဲ့တော့ မြင်တတ်တဲ့ နည်းနဲ့ပဲ ကြည့်ရတာပေါ့ .."

"ခင်ဗျား .."

ရင်ဘတ်အင်္ကျီကို သူ ဆောင့်ဆွဲလိုက်တာ ဝေး ဘယ်လိုမှ ကာ ကွယ်ချိန်မရလိုက်။

"ဗြိ: .. .. .."

ရှပ်အင်္ကျီကြယ်သီးတွေ ပြုတ်ထွက်ကုန်ကာ ဆွဲလှဲတွင်ကာန်ရင်း လက်မောင်းဆက်က ပြဲထွက်သွား၏။ ထိုအခါ ဖွေးနုသေး ရင်ဘတ်ပြင် လေးနှင့် အလှတရားတို့က အကာအကွယ်မဲ့သွားခဲ့လျက် ..

"လူယုတ်မာ .."

www.burmeseclassic.com

www.burmeseclassic.com



ဝေး သူ့ပါးကို တအားလွှဲရိုက်ပစ်လိုက်၏။ ထိုလက်ကို ချိန် က ဖျတ်ခနဲ ဖမ်းဆုပ်ထားလျှင် နောက်ထပ်လက်တစ်ဖက်က ဖွဲနပဲနဲ့ ထပ်ပြီးမြောက်တက်လာ၏။

"တောက် .."

ဒေါသတကြီး တက်ခေါက်မိရင်း သူမရဲ့လက်ကို လက်နက်ပုန်းတစ်ခုလို မညှာမတာ ပုတ်ထုတ်ပစ်လိုက်၏။ ဝေး လက်တစ်ခုလုံး ပြုတ်ထွက်သွားပြီလားထင်ရလောက်အောင် နာကျင်သွားခဲ့လျက် ..

"ခင်ဗျားကို ကျွန်တော်က လာပတ်သက်ခဲ့တာမဟုတ်ဘူး .."

"ဩော် .. မင်းက ခုထိ ကျွန်တော်တုန်း .."

"အား .."

သူမ တစ်ကိုယ်လုံး့ကို အရုပ်တစ်ရုပ်လို ချာခနဲ ဆွဲလှည့်ကာ ရေပြည့်နေပြီဖြစ်သည့် ဘေစင်မှာ ခေါင်းကနေ ဖိနှစ်ပစ်လိုက်၏။

"အား .. ဝူး .. ခင်ဗျား .."

"ရပြီ .. ဖျက်လိုက်စမ်း ..၊ မင်းမျက်နှာပေါ်က အမည်းတွေ .."

"လူယုတ်မာ .. ခင်ဗျားကို .."

"တောက် .."

"အား .."

ဝေး ဒေါသတကြီးပြောရင်း ရုန်းကန်ထွက်ပြေးဖို့ကြိုးစားလျှင် ချိန် က ဝေး ရဲ့ဆံပင်ကို နောက်ကနေ ပြန်ဆောင့်ဆွဲကာ ရေထဲပြန်နှစ်၏။

"ဗွမ်း .. ... .."

"ဝူး .. ဝူး .. ..."

ခဏကြာမှ ဆံပင်ကနေ ပြန်ဆွဲတင်၍ ...

"ဖျက်ချလိုက်စမ်း .."

မွန်းကျပ်ကျိန်းစပ်နေသည့် မျက်လုံးတွေနှင့် သူ ဆံပင်ဆွဲထား

www.burmeseclassic.com

www.burmeseclassic.com


သဖြင့် မော့လန်နေရသည့်မျက်နှာကို ဓေး ဘာလုပ်ဖို့မှ မတတ်နိုင်ခဲ့ဘဲ သူ့လက်ထဲမှာ ခွေကျမတတ်ဖြစ်နေခဲ့၏။

ချိန် က ထိုမျက်နှာလေးကို စူးစူးဝါးဝါးစိုက်ကြည့်နေရင်း ဓား တစ်ချောင်းထုတ်ယူလိုက်ကာ ..

"ငြိမ်ငြိမ်မနေရင် သေရာပါဒဏ်ရာဖြစ်သွားလိမ့်မယ် .."

ပြောပြီးတာနဲ့ ဓေး ရဲ့ပါးပြင်လေးတစ်ဖက်မှာ ဓားပြားလေးနဲ့ကပ် ၍ ဓားသွားနဲ့ ရှပ်ခနဲ ဖိခတ်ပစ်လိုက်၏။ ဓေး ကိုယ်လေး တုန်ခနဲ ဖြစ်သွားပြီး ဖိမှိတ်ထားသည့်မျက်ပန်းထောင့်ကနေ မျက်ရည်တစ်စက် တလိမ့်လိမ့်စီးကျသွား၏။

ချိန် က နီရဲကျန်ရစ်သော ဓားနဲ့ခတ်ပစ်လိုက်သည့်ပါးပြင်ကို စိုက် ကြည့်ရင်း ဆုပ်ကိုင်ထားခဲ့သည့်ဆံပင်တွေကို လွှတ်၍ မျက်နှာကို သူ့ ဘက်ဆွဲလှည့်လိုက်သည်။

ဓေး က သူ့လက်ထဲက သံ့ပန်းတစ်ဦးလား၊ ဒါမှမဟုတ် ဘယ်လို ထုဆစ်လို့မှ ရုပ်လုံးမပေါ်မလာတဲ့ အရုပ်တစ်ရုပ်လား။ သူ့ဒေါသတွေက ဓေး ကို မိန်းကလေးတစ်ယောက်ဆိုတဲ့အသိကိုပါ အမှောင်ကျနေစေ လျက် ...

"မင်းမတော်ပါဘူး၊ ငါကညံ့တာ၊ လုပ်ရိုးလုပ်စဉ်တစ်ခုကိုတောင် မတွေးမိရလောက်အောင် ငါ ညံ့ခဲ့တာ၊ အခု မင်းကိုယ်မင်း ဝန်ခံပြီလား"

ဓေး က နောက်ပြန်ဆုတ်သွားပြီး တန်းပေါ်ကတဘက်ကို ဆွဲ၍ ပခုံးကနေ သိုင်းပတ်လိုက်သည်။

"ဟိတ် .. ငါမေးနေတာဖြေစမ်း .."

"ဟုတ်တယ်၊ ကျွန်မက အနေဓေး ပဲ၊ ကိုယ့်အန္တရာယ်အတွက် ဘယ်လိုနည်းနဲ့ပဲကာကွယ် ကာကွယ် .. အဲဒါ ရှင့်အတွက် .."

"ငါ့အတွက် ထိနိုက်တယ်၊ ငါက ရေတက်ချိန်၊ မင်းကို လက်ရ ဖမ်းဖို့အတွက် ဂျပန်ကနေ ဒီထိရောက်လာတဲ့ကောင်ပဲ၊ အားလုံးက ငါ မင်းကိုရထားပြီလို့ စွပ်စွဲနေကြတယ်၊ ငါ့ဘေးမှာ ယောကျ်ားလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရှိနေပေမယ့် အဲဒီသတ္တဝါကို အထီးမှန်း အမမှန်းမသိဘဲ သူတို့စွပ်စွဲနေကြတာကို ဘာမှမရှင်းနိုင်ဘဲ ခုထိ ငုတ်တုတ်မေ့နေတုန်း"

ဝေး သူ့မျက်နှာကိုကြည့်ရင်း နှုတ်ခမ်းလေးကိုက်ထားမိ၏။ ပါးကို စမ်းလိုက်တော့ ဒဏ်ရာမရှိတာတွေ့သည်။ ဒါပေမယ့် သူ ဓားနဲ့ခုတ် ပစ်လိုက်တာ မီးစနဲ့ထိလိုက်သလို ခုထိ ပူလောင်နေတုန်းရှိကာ ..

"ကျွန်မ ဒေါသထွက်ဖို့လည်းထားပါဦး ဦးရေတက်ချိန်၊ ကျားရှေ့ မှောက်လျက်လဲခဲ့ရတဲ့ ကျွန်မက ရှင့်ကို ဓားနဲ့ကောက်ထိုးသင့်တာပါ၊ အဲလိုမတတ်နိုင်ရင်တောင် ပါးကို အားရှိသလောက်ရိုက်ပစ်ပြီး လက် လှမ်းမီသလောက် ကုတ်ဖဲ့တိုက်ခိုက်သင့်တာ .."

"လုပ်လေ .. မင်းလုပ်နိုင်ရင်လုပ်၊ ဒါပေမယ့် ငါက ငါ့အသားကို ခြင်ကိုက်ခံရရင်တောင် အလွတ်ပေးခဲ့ရိုးထုံးစံမရှိဘူး"

"စိန်ခေါ်မနေပါနဲ့ .."

ဝေး မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာကာ သူ မဟားတရား ဆုပ်ဆွဲသဖြင့် ပုံပျက်ပန်းပျက် ရုံ့ရွံ့နေသည့်အပေါ်ဆံပင်ကို ဖြစ်သလို ဆွဲဖြုတ်ပစ်လိုက်၏။

ထိုအခါ ဆံပင်တုအောက်မှာ ဖိသိပ်ညှပ်ထည့်ထားသည့် နဂိုဆံပင် ဆွတွေက ထွေးခနဲ ဖြာကျလာလေသည်။ တင်ပါးတော့ မထိပေမယ့် ခါးလယ်မရောက်တရောက်ဆံနွယ်တွေက ခက်ဖြာဝေလျက် ..။

"ဩော် .. ဩော် .."

ချိန် မျက်နှာက ခံရခက်သည့်ဒေါသတွေနှင့် ခေါင်းတညိတ်ညိတ် ဖြစ်သွားကာ ..

"ဒါလည်း ငါမသိလိုက်ပြန်ဘူးကိုး .."

"ဟုတ်တယ် .. ရှင်က ငတုံး၊ ငတုံးမို့လို့ ကျွန်မ ညာနိုင်တာ၊ ခစတုန်းက 'ရိပ်မိသွားမလား' လို့ တထိတ်ထိတ်ဖြစ်နေပေမယ့် နောက်တော့ ရှင်က ငတုံးမှန်းသိလာတဲ့အတွက် .."

"မင်း .. တိတ်စမ်း .."

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကို လှှားခနဲ ရောက်လာသည်။ ပြီးတော့ ပခုံးနှစ်ဖက်ကို ဆောင့်ခနဲ ဆွဲခါ၍ ..

"ငါ့ဒေါသကို ထပ်ဆွရင် မင်း ဒီနေရာမှာ နှစ်ပိုင်းသုံးပိုင်းပြတ်သွားလိမ့်မယ် .. နားလည်လား"

"ပြတ်သွားပါစေ ..၊ လူယုတ်မာတွေလက်ထဲမှာ အဖမ်းခံရမယ့်ဘဝထက် သေသွားတာက ပိုကောင်းပါတယ် .."

"မင်းကို ငါ အခု မဖမ်းသေးဘူး .. အနေဝေး .."

ဆုပ်ကိုင်ထားသည့်လက်ကို ဆောင့်လွှတ်လိုက်လျှင် ဝေး ကိုယ်လေး နံရံပေါ် အင့်ခနဲကျသွား၏။ ရေစိုနေသော ဆံနွယ်တချို့ ကပ်တွယ်နေဆဲမျက်နှာလေးကို ချိန် ကစိုက်ကြည့်၍ ..

"ငါ မင်းနားကိုရောက်လာခဲ့တာ ဖမ်းဖို့မဟုတ်တဲ့အတွက် မင်းကို အခွင့်အရေးပေးမယ်"

ပြောပြီး နာရီကိုမြှောက်ကြည့်လိုက်ရင်း ..

"ငါ့ရှေ့ကနေ ချက်ချင်းသွားတော့၊ တစ်နာရီမပြည့်မချင်း မင်းပြေးနိုင်သလောက်ပြေး .."

"ကြွက်ကို ကြောင်ကစားသလိုလား၊ ကျွန်မ မပြေးဘူး ရေတက်ချိန် .."

"သွားလို့ မင်းကိုငါပြောနေတယ်၊ သွားဆို သွား .."

နားထဲမှာအူသွားအောင် အော်ပစ်လိုက်ပြီးတစ်ပြိုင်နက် ..

"ဒုတ် .."

လက်ခနဲ တစ်ချက်ဖြစ်သွားပြီး ဝေး ရဲ့လည်ပင်းကြားကနေ နောက်နံရံမှာ ဒေါသတကြီး ပြေးစိုက်၏။ ဝေး ရင်ထဲ လှပ်မ ဖြစ်သွားကာ ယ်လုံးတောင့်တင်းသွားသလိုပင်။

ချိန် က သူမ ရှေ့ကို ဘယ်လိုရောက်လာခဲ့မှန်းမသိလိုက်ဘဲ မျက်နှ ချင်းထိကပ်မဟုတ် တိုး၍ ...

"ငါက ရန်သူကို အငိုက်ဖမ်းပြီးမတိုက်ဘူး၊ သားကောင်ဆိုရ

www.burmeseclassic.com



လည်း တောလှန်ပြီးမှ ပြေးနေတဲ့ခြေထောက်ကို ရိုက်ချိုးရတာ ဝါသနာပါတယ် ..."

ပြောပြီးတာနှင့် ဝေး ရဲ့လက်မောင်းတစ်ဖက်ကိုဆွဲ၍ တံခါးဆီ တွန်းလွှတ်လိုက်ကာ ..

"သွားတော့ .."

ဝေး လဲပြိုမတတ် ယိမ်းယိုင်သွား၏။ ပြီးတော့ ပြေကျသွားသည့် တဘက်ကို ပခုံးမှာ တင်းအောင်ပြန်ဆွဲထားလိုက်ပြီး ထိုနေရာမှာပဲ ရပ်နေလျှင် ..

"ငါ့ကို စိန်ခေါ်နေတာလား ...၊ ဟွန်း .. မင်းကျေနပ်ရင်ပြီးတာပဲ"

ချိန် က ဂျာကင်အင်္ကျီကို ပခုံးတွေပေါ်အောင် ရင်ဖွင့်ပစ်လိုက်ပြီး ဆောင်းဘီခါးပတ်ကိုဖြုတ်သည်။ ဝေး နှုတ်ခမ်းသားလေးကို ဖိကိုက်ထားရင်း ထိုယောကျ်ားကို စေ့စေ့ကြည့်၍ ..

"အရှိုင်းအစိုင်း .. လူ့ယုတ်မာ .."

ပြောလိုက်ပြီး နေရာမှ ချာခနဲ လှည့်ပြေးသွား၏။ ထိုအချိန်မှာ နှိုးဆော် မြည်သံပေး၍ အော်ချလာခဲ့၏။

ခဲဆိုးမ သွားရာ မိုးလိုက်ရွာ .. ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"တော်က် ..."

"ဂျိမ်း .."

ဒေး ထွက်သွားတာနှင့် တံခါးနှစ်ချပ်ကို ဆောင့်ကန်ပိတ်ပစ်လိုက်သည်။ တံခါးက အရှိန်နဲ့ပစ်ရိုက်သွားပေမယ့် ပြန်ကန်ပွင့်သွားခဲ့၏။

ဘောစင်ရှေ့မှာ လက်နှစ်ဖက်ထောက်ရင်း မှန်ထဲက ကိုယ့်မျက်နှာကို အမိပွာယ်မဲ့ စိုက်ကြည့်နေမိသည်။ သူ ဒီလောက်ထိ တုံးတစ်နုံးအခဲ့သလား။

ဒါမှမဟုတ် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ လွန်ကဲပြီး ကြောင်တောင်ကန်းသွားတာလား ဒေး ရဲ့ မှုန်ကုပ်ကုပ်မျက်နှာကို သတိရလာခဲ့သည်။ အိပ်ခန်းထဲကို ချော့ပြင်နေတဲ့ညက ကြောက်အားကြီးပြီး ချွေးဒီးဒီးကျနေခဲ့သည့်မျက်နှာ ..။ တစ်ခါတလေ အပြင်မှာ မျက်နှာကို ပိုးအေထိသွားတဲ့အခါ အမျှားသွေ့ငါလို ဖိပွတ်ချလိုက်တာမဟုတ်ဘဲ လက်ချောင်းလေးတွေနဲ့ ဟိုတို့ဒီတို့ ခါထုတ်ပစ်သည့်ပုံစံတွေ..။

ဒါကို သူကြိတ်ပြုံးမိသေးသည်။ 'ဒီကောင် သဘောလုပ်လုပ်၊ ချွေနွဲ့နွဲ့ မိန်းကလေးပုံစံနဲ့' လို့ ..။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သူကသာ ကွယ်ရာမှာ ကိုယ့်ကိုလှောင်ရယ်နေတာပါလား။

"အလကား .. ငတုံး .." ဆိုပြီး။

အနေဝေး ရဲ့ဂျစ်ကန်ကန် မှုန်ကုပ်ကုပ်မျက်နှာက အားပါးတရ လက်ခုပ်တီးရယ်နေသည်။ လက်သို့းထိုးပြီး အူနှိပ်ရယ်၏။

"ဒီကောင် ကိုယ့်မြင်းကိုယ်စီးပြီး အထီးမှန်းမသိ၊ အမမှန်းမသိ"

"ဟား .. ဟား .. ဟား .. ဟား .."

"ငါတို့တောင် မြင်လိုက်တာနဲ့သိတယ်၊ ဒီကောင်မသိဘူး၊ ဘယ် အခန်းလွတ်နေလဲ .."

"တစ်ခန်းလွတ်တောင် ကပ့ါမလား၊ အခန်းတိုင်းလွတ်နေတာပါ"

အားလုံး၏လှောင်ရယ်နေကြသော မျက်နှာတွေမြင်ယောင်ကာ မှန်ကို ခွမ်းခနဲ ရိုက်ချပစ်လိုက်သည်။ မကြာခဏဆိုသလို မျက်နှာမှာ အညိုအဖြူကွက်တွေ ဖြစ်နေတတ်တာလည်း သူမသိ။

မျက်လုံးချင်းဆုံကြည့်တိုင်း သူမ အရင်မျက်နှာလွှဲသွားတတ်တာ လည်း သူ့မျက်လုံးထဲမှာတော့ ခပ်ပျော့ပျော့ချာတိတ်တစ်ယောက်ထက် မပိုခဲ့ပေ။

ကျွန်တော်က ကိုယ့်ဘာသာချက်စားမှာ .."

ခင်ဗျားလူမှုရေးမရှိပါလား .."

"ကျွန်တော်ကတော့ မိတ်ဆွေဖွဲ့တာ ဝါသနာမပါဘူး .."

"စပ်စုတာမကြိုက်ဘူး၊ ကျွန်တော်က လူသတ်မှုနဲ့ ပြေးနေရတာ.." စသဖြင့် ..။

သိသာမြင်သာစေတဲ့အပြုအမူတွေ သူ့ရှေ့မှာ အများကြီးဖြစ်ခဲ့ သည်။ မိန်းကလေးတွေအကြောင်း ယောကျ်ားလေးချင်းပဲဆိုပြီး ပယ်ပယ် နယ်နယ်ပြောလို့မရ။ ယောကျ်ားလေးချင်းမို့ တရင်းတနှီး ဖက်လှဲတကင်း မလုပ်လိုက်နဲ့၊ သူမ က မျက်စိပျက် မျက်နှာပျက်နှင့် ..။ ဒါတွေကို သူ ဘာတစ်ခုမှ သတိမထားမိခဲ့ပေ။

ရှယ်တူတန်းတူဖြစ်လျက် ကိုယ့်ဘဝရှင်သန်ခဲ့ပုံနှင့် ခြားနား

www.burmeseclassic.com



သော ဖြူဖြူစင်စင် သူငယ်ချင်းတစ်ယောက် ရထားခဲ့ခြင်းကပဲ သူ့အတွက် ရွှေထုပ်ကောက်ရသလိုဖြစ်နေသည်။

မြန်မာပြည်ကိုရောက်လာတာနှင့် တစ်မိုးအောက်တည်းမှာ တိုက်ဆိုင်စွာ ဆုံစည်းခဲ့ခြင်းအတွက်လည်း ကျေနပ်ခဲ့သည်။ ကိုယ့်ဘဝကတော့ ဒေါင်လိုက်၊ ပြားလိုက် မျိုးစုံကျခဲ့ဖူးသည်။ နတာ ကြမ်းတာ အကုန်လုံးကြုံခဲ့ဖူးသည်။ ဒါကြောင့် ရွယ်တူလို့ထင်ရပေမယ့် ကိုယ့်ဘက်ကပဲ လူကြီးသူကြီးလို အလျှော့ပေးဖို့ အဆင်သင့်ဖြစ်နေခဲ့၏။

ဒါတွေအားလုံးဟာ သူမ က မိန်းကလေးမို့ မသိစိတ်တို့က အလိုအလျောက် လိုက်လျောသည်းခံစေခဲ့တာတွေလား ..။

ဒါဆို သူ့ရဲ့အသိစိတ်တွေက ဘာတွေချို့ယွင်းပြီး အမှန်ကို မမြင်ခဲ့တာလဲ ..။

မျက်နှာ အညိုရောင်၊ အမည်းရောင်တွေနဲ့ ရုပ်ဖျက်ထားရင်လည်း မိန်းကလေးတစ်ယောက်က ယောကျ်ားလေးပုံစံ လုံးလုံးပြောင်းသွားတာမှာ လိုအပ်ချက်၊ လစ်ဟာကွက်တွေရှိနေမှာပါ။

သူ ဘာဆိုဘာမှ သတိမထားနိုင်လောက်အောင် သူ့အသိတွေဘယ်လိုအဆိပ်တက်ခဲ့တာလဲ။ တွေးကြည့်လေ .. ဒေါသထွက်လေ။

သူများတွေ ပြောနေကြတာတောင် ငါ့နားကကောင်များ ဖြစ်နေမလားလို့ နည်းနည်းလေးမှ မတွေးမိခဲ့တဲ့အထိ စုံလုံးကန်းနေခဲ့သည်။

"ဒီလောက်တောင် ဒီကောင်က ဘာမို့လို့ယုံနေရတာလဲ .."

တစ်ယောက်တည်းပြောရင်း အိမ်ရှေ့ကိုပြန်ထွက်လာခဲ့တဲ့တစ်လျှောက်မှာ တွေ့သမျှပစ္စည်းတို့ကို ဆွဲလွဲကန်ကျောက်ပစ်ခဲ့၏။ ဒီအချိန်မှာ လက်ရှိဖြေရှင်းစရာတွေကိုရော၊ ကိုယ့်အတွက်ဖြစ်လာနိုင်တဲ့ အန္တရာယ်တွေကိုရော ဘာတစ်ခုမှမရှိခဲ့ဘဲ အင်အားတကြီးဖြစ်နေသည့် ဒေါသတွေက လေညာရပ်တစ်ခုတည်းကပဲ ဖြစ်နေခဲ့သည်။

အလွန်ရိုးစင်းသော လိမ်ညာမှုတစ်ခုမှာ သူ ပိုးစိုးပက်စက် ကျရှုံးခဲ့ရခြင်း ..။

www.burmeseclassic.com

www.burmeseclassic.com



"တောက် .. .."

မိုးက သည်းကြီးမည်းကြီး ရွာချလာသည်။ အိမ်အဝင်တံခါးတစ်ခြမ်းတောင် တဒိုင်းဒိုင်းလှုပ်ခါနေခဲ့၏။ မိုးရေထဲကို ထွက်သွားခဲ့သော အနေဝေး ဆိုသည့်မိန်းကလေးကို ဖျတ်ခနဲ မြင်ယောင်သွားခဲ့ပြီး မျက်နှာမော့ကာ ဆံပင်တွေကို ထိုးသိပ်တင်လိုက်မိသည်။

ပြီးတော့ ဆိုဖာမှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။ ထိုစဉ် မျက်လုံးက စခရင်နံလင်းနေသည့် ဖုန်းဆီကို ရောက်သွားခဲ့ပြီး ကောက်ကိုင်လိုက်လျှင် ..

"မင်းဘယ်ရောက်နေလဲ ချိန်၊ ငါခေါ်တာ ကြာလှပြီ .."

"ပြော .."

"သူတို့ အားလုံးသိသွားပြီ .."

"ငါက ခုမှသိတာ .."

"ဘာကိုလဲ .."

"အနေဝေး .."

"ဟင် .. ဘာ .. မင်း တကယ် ကောင်မလေးကို .."

"ငါ ရှင်းမပြအားဘူး မဟူရာ၊ မင်းကောင်တွေ သူတို့နောက်ကို လိုက်ထားနိုင်းရဲ့လား"

"နိုင်းထားပါတယ်၊ နေပါဦး .. ရှင်းမပြနိုင်လည်း နည်းနည်းတော့ ပြောစမ်းပါ၊ သူတို့က ကောင်မလေးကို မင်းပဲ ဆွဲစေ့ထားလိုက်တယ် ထင်နေတာ၊ အခု ဆရာဝန်ကြီးကို သူတို့ထုတ်သွားကြပြီ .."

"ဘာ .."

"ဟုတ်တယ်၊ သူတို့ကြံစည်လိုက်တာ ရှင်းရှင်းလေးပဲ၊ မင်းနဲ့ သူတို့ အလဲအလှယ်လုပ်ကြမှာ .."

"ငါ့မှာ ဘာမှမရှိဘူး"

"ရှင်းရှင်းပြောစမ်းပါ ချိန် ရာ၊ မင်း အနေဝေး ဆိုတဲ့မိန်းကလေးကို ဘယ်လိုတွေ့သွားတာလဲ၊ ငါ ခတ်ပုံပို့လိုက်တာ သိပ်တောင် မကြာ

www.burmeseclassic.com

www.burmeseclassic.com



သေးဘူး"

သူ ဖုန်းကိုင်ထားရင်း အံ့ကြိတ်လိုက်မိသည်။ ရှက်စရာကောင်းသည့်အဖြစ်ကို ဘယ်လိုပြောရမှန်းမသိ။ ခါတိုင်းဆို မေးခွန်းတစ်ခုအတွက် သူ့ဘက်မှာ အဖြေရှာပေးနေရတယ်ဆိုတာ မရှိခဲ့ပေ။

ဒါပေမယ့် ခုချိန်မှာ အားလုံး အုံကြွလှုပ်ရှားနေကြတာမို့ ကိုယ့်အချင်းချင်း မခြွင်းမချန် သိထားကြဖို့လိုတာမို့ ပြောပြလိုက်ရ၏။

"မင်းကွာ ..."

ထင်ထားသည့်အတိုင်း မဟူရာ့ဘက်က မချင့်မရဲ ပြစ်တင်လိုသည့် ညည်းသံကြီး ထွက်လာခဲ့၏။

"သူတို့ကိုလည်း ဒီလောက်ထိ လှုပ်လာလိမ့်မယ်လို့ငါမထင်ခဲ့ဘူး၊ ဆရာဝန်ကြီးကို ထောင်ထဲထည့်တယ်၊ အခု သူတို့ပဲပြန်ထုတ်တယ်"

"ထုတ်သွားပြီလား .."

"သေတော့ မသေချာသေးဘူး၊ မင်းကို သူတို့ကောင်မလေးကိစ္စ မေးတယ်မို့လား၊ မင်းဘာပြောလိုက်လဲ"

"ငါမှမဟုတ်ဘဲ .."

"သူတို့ကလည်း ဘယ်လိုတွေသတင်းရလဲမသိဘူး၊ ငါသေချာသိတာက ငါတို့မသိခင် သူတို့ကြိုသိနေတာ လုံးဝမဟုတ်ဘူးကွ၊ အနေဆေး ဘယ်လိုပုံစံနဲ့ ကိုယ်ယောင်ဖျောက်နေတယ်ဆိုတာ ငါတို့ သူ့ရဲ့ CV ဖောင်က သိတာ၊ ဒီဖောင်ဇာ လျှို့ဝှက်ရောက်လာတဲ့ဖောင် .."

"ငါတို့ထက်ပိုပိုင်တဲ့နေရာမှာ သူတို့ရှိနေလို့ပေါ့၊ တကယ်ဆို ငါ နည်းနည်းလေးစောသိခဲ့ရင် ဒီလိုတွေဖြစ်မှာမဟုတ်ဘူး .. တောက် .."

"ကဲပါကွာ .. ဒေါ်ကန်နေလို့ တစ်ကနေ ပြန်စလို့ရမှာမှမဟုတ်တာ၊ သတိမမူ ဂူမမြင်ဆိုတဲ့ စကားလည်းရှိတာပဲ"

"မဟုတ်ဘူး၊ ငါဘာဖြစ်လို့ လွတ်သွားတာလဲဆိုတာ လိုရင်းပဲ၊ အဲဒါတစ်ခုကြောင့် အကုန်လုံးလွဲချော်သွားခဲ့တာ .."

"ဒါဖြင့် မင်း ဘာဖြစ်လို့ လွှတ်ပေးလိုက်ရတာလဲ သေချာလည်း

www.burmeseclassic.com

www.burmeseclassic.com



တွေးကြည့်ပါဦး၊ မင်းလွှတ်သွားတာ ဟုတ်ရဲ့လား၊ ငါတော့ .. မင်းသူ့ကို ညှာတာ .."

"တော်တော့ မဟူရာ၊ ငါဘာလုပ်လိုက်တာလဲ ငါ့ကိုယ်ငါသိတယ် .."

"လွှတ်ပေးလိုက်တာတော့ မင်းမှားတယ် ချိန်၊ ယောကျ်ားမိန်းမရုတ်တရက်မခွဲမိတာက ခွဲခြားကြည့်ဖို့လိုတယ်လို့ ကိုယ့်စိတ်ကိုက မတွဲမိခဲ့တဲ့အတွက်ကြောင့် ..၊ ဒါပေမယ့် အားလုံးသည်းကြီးမည်းကြီး အလိုရှိနေတဲ့ မိန်းကလေးကို ..၊ ကိုယ်လည်း သူ့ကိုရှာနေတာတောင်မှ - မင်းက .."

"ငါ သူ့ကိုမသိသလို သူကလည်း ငါ့ကို သူ့ရန်သူမှန်းမသိခဲ့ဘူး တစ်ဖက်လူရဲ့ သတိလက်လွှတ်နေချိန်မှာ အငိုက်ဖမ်းပြီး အနိုင်ယူတာမျိုး ငါမလုပ်ဘူး .."

"မင်း သူ့ကိုပဲ ရှာနေတာမဟုတ်ဘူးလား ချိန် ရာ၊ ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် မိအောင်ဖမ်းရမှာပေါ့ကွ၊ ခု ဘယ်လိုလုပ်ကြမလဲ၊ ဗွမ်းကြီးတို့က မင်းထက်အင်အားများတယ်၊ ခုလောက်ဆို အနေဝေး ဘယ်လိုပုံစံနေနေသလဲဆိုတာလည်း သိနေလောက်ပြီ၊ မင်းဆီမှာလို့ ထင်နေတာကအဆိုးဆုံးနော် .."

"သူတို့ထင်တာ အမြဲတမ်းလွဲနေမှန်းသိသွားတော့ ကောင်းတာပေါ့ .."

"အခု မင်း ဘာလုပ်မှာလဲ"

"မင်းတို့ ကိုယ့်အလုပ်ကိုယ်လုပ်ပါ"

"အေးလေ .. ငါတို့လုပ်နေကြတာ၊ သိရတာတွေ အခုပြောပြီးပြီ၊ ဘာဆက်လုပ်ရမလဲ၊ မင်းညွှန်ကြားဦးမှပေါ့ .."

"ကုမ္ပဏီမှာ အနေဝေး ကိုကူညီနေကြတဲ့လူတွေ ဘယ်နှယောက်ရှိသလဲ၊ ငါ သူတို့လိပ်စာ ခုချက်ချင်းလိုချင်တယ် .."

"ပို့ပေးလိုက်မယ်၊ ပြီးတော့ရော .."

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာဦးအေးသောင်းတို့ရဲ့ပတ်ဝန်းကျင်မှာ မင်းကောင်တွေကို ဖြန့်ချထား၊ အခြေအနေထူးတာနဲ့ ငါ့ဆီချက်ချင်းသတင်းပို့ .."

"ချက်ချင်းရစေရမယ်၊ ပြီးတော့ရော .."

"စွမ်းငယ်က အေးတယ်ကွ၊ စွမ်းလတ်ကလည်း စက်ဘီပူပြန်ရောက်သွားပြီ၊ သူတို့ဘာလုပ်ချင်သလဲဆိုတာ တစ်ချက်သတိထားရမယ် .."

"ဟုတ်တယ် .."

အကြောင်းရင်းက ဦးကျောက်စိမ်းကို အတို့အထောင်သွားလုပ်တာပဲဖြစ်မည်။ သူတို့က ဦးကျောက်စိမ်းနဲ့ သူ့ရဲ့အခြေအနေမှန်ကို မသိကြပေ။

ခုလည်း ဒီမိန်းကလေးကို သူရထားသည်ထင်သည့်ကိစ္စမှာ ဦးကျောက်စိမ်းနဲ့ ပူးပေါင်းလျို့ဝှက်ထားတာ ဟုတ်မဟုတ် တစ်ဖက်က စုံစမ်းတာလည်းဖြစ်နိုင်သည်။

ဒီသုံးယောက်ထဲမှာ ပူပူဆူဆူရှိတာ စွမ်းကြီးနဲ့ စွမ်းလတ်ပဲမို့ ဒီအစွဲနောက်လိုက်တဲ့ကိစ္စတွေမှာ စွမ်းကြီးနဲ့ သူ့တပည့်တွေပဲ လှုပ်ရှားနေကြတာ သေချာသည်။

"ငါ တစ်ခုအံ့သြနေတာ၊ စွမ်းလတ် စက်ဘီပူ ပြန်လှည့်သွားတာဆိုပဲ .."

"ချိန် .. မင်းက စက်ဘီပူကိစ္စကို လှမ်းတွေးနေတယ်၊ ဒီမှာ စွမ်းကြီးက ဘယ်လောက်ထိ လက်တံရှည်သလဲ တဖြည်းဖြည်းပေါ်လာပြီနော်၊ စွမ်းငယ် ကလည်း မင်းသိထားသလို မလှုပ်တလှုပ်ဆိုရင်တောင် ဒီအစွဲတွေကိစ္စမှာတော့ လောဘတကြီး ပြင်ဆင်တော့မှာပဲ .."

"ငါ့မှာ လောဘမရှိဘူး မဟူရာ၊ ငါ ဒီကိုရောက်လာခဲ့တာ ငါ့ဆွေနဲ့ပဲ၊ သားသမီးတစ်ယောက်နေရာကနေ အဖေခိုင်းထားတာကို ဖျော်ပွန်အောင်ဆောင်ရွက်ဖို့ ခေါင်းထဲမှာရှိတယ်၊ ဒီ့ထက် ဘာမှမရှိဘူး"

"သူတို့ကတော့ သူတို့ရမယ့်အကျိုးအမြတ်နောက်ကို လိုက်နေ

www.burmeseclassic.com

www.burmeseclassic.com



သလို သည်းကြီးမည်းကြီး ဖြစ်နေကြတာ မင်းအမြင်ပဲ"

မြစ်နိုင်တာက ဘနဖူး သိုက်တူးဖို့ဖိ လက်မတွန့်ကြတဲ့လောဘ တွေ ရှိနေကြတာပါ။ ဒါပေမယ့် ချိန် ဘာမှမပြောဘဲ ဒီကိစ္စကို မေ့ ထားလိုက်သည်။

"မင်းရဲ့ကောင်တွေကို သူတို့ကို မျက်ခြည်မပြတ်စေနဲ့လို့ သေချာ မှာထား၊ ကိုးနာရီမထိုးခင် ငါအကြောင်းပြန်မယ်"

"အိုခေ .. အိုခေ .. မင်းကို ငါယုံပါတယ်၊ ငါ့ဘက်က စိတ်ချ၊ ဒီကောင်တွေ ခြင်ရိုက်သံထွက်ရင်တောင် မသိလိုက်ဘူးဆိုတာ မရှိစေ ရဘူး"

မဟူရာ စကားဆုံးတာနှင့် သူ ထိုင်နေရာမှထရပ်လိုက်သည်။ ပြီး တော့ နာရီကိုကြည့်၍ အပြင်ဘက်က ရာသီဥတုအခြေအနေဆီ မျက်လုံး တစ်ချက်ဝေ့သည်။

ပေးထားတဲ့ အချိန်တစ်နာရီမပြည့်မချင်း မင်းပြေးထား အနေဝေး။

သူ့ခြေလှမ်းတွေ အိပ်ခန်းဆီ တောက်လျှောက်လှမ်းလာခဲ့၏။ ပြီး တော့ ဘောင်းဘီအဖြူ၊ အင်္ကျီအဖြူနှင့် တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူ စေပြီးမှ မီးခိုးရောင်ခေါင်းစွပ်နှင့် လောင်းကုတ်ကြီးကို ထပ်ဝတ်လိုက် ၏။

နောက်ထပ် .. နာရီကြည့်လိုက်တော့ ...

၀၀း၃၅း၃၀ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"အနိတိ အရင်သွားနှင့်တော့မယ် သမီး .."

ဆေး ခေါင်းညိတ်ပြလိုက်စဉ် မျက်ရည်နှစ်စက်က ပေါက်ခနဲ ကြွေဆင်းသွား၏။ 'အမရာ' အလှပြင်ဆိုင်ရဲ့ အဝင်တံခါးရဲ့အတွင်းမှာ ဆေးတစ်ယောက်တည်း ခြေစုံရပ်လျက် .. မိုးစက်တွေ ကြွေဆင်းနေသည့် ဆိုင်ရှေ့လမ်းပေါ်ကို ငေးကြည့်နေမိသည်။

မီးရောင်ဖြာဆင်းနေသည့် ဆိုင်ရှေ့မြင်ကွင်းထဲမှာ မိုးစက်ပွင့်တွေက လမ်းပေါ်ကို ဦးစိုက်ထိုးဆင်းလျက် ပြန်လည်ခုန်တက်၍ ခြေဆောင့်ရယ်နေသေးသည်။

အမှောင်ကိုကျောခိုင်း၍ အလင်းရောင်မစို့မပို့မှာ မှန်ရောင်ထိုးနေသကဲ့သို့ တလက်လက်တောက်ပနေကြ၏။ ညရယ် ..၊ မိုးစက်တွေရယ်၊ မီးအလင်းရောင်ရယ် .. ပဏ္ဏာရနေပေမယ့် သူမ ဘဝကတော့ အမှောင်ကို ချဉ်းနင်းဝင်ရောက်ဖို့ရာ ဓားစက်၊ လှံစက်တွေထဲ ဝင်ရတော့မလောက် ချောက်ချားဖွယ်ဖြစ်နေခဲ့သည်။

မှန်မှာပေါ်နေသည့် အနေဆေး ရဲ့ပုံရိပ်က ပခုံးသာသာ ဆံပင်အရွေအလိပ်လေးတွေနှင့် ဒူးကျဘောင်းဘီကျပ်ကျပ်၊ အင်္ကျီလက်တို ခါးတို

www.burmeseclassic.com



ကျပ်ကျပ်လေးနှင့် လက်တွေ၊ လည်ပင်းတွေမှာလည်း လက်ပတ်လေးတွေ၊ ဆွဲကြိုးလေးတွေ နေရာတကျ။

"ညီမလေး .. ကြိုမယ့်သူမလာသေးရင် အထဲမှာ ပြန်ထိုင်နေလေ၊ အစ်မတို့ဆိုင်က ဆယ်နာရီထိုးမှ ပိတ်မှာပါ"

"ဟင် .. ဟုတ်ကဲ့"

တံခါးဝကျမှ မထွက်နိုင်သေးဘဲ ရပ်နေသဖြင့် ဆံပင်ပုံပြင်ပေးသည့်အမျိုးသမီးက ထွက်ခေါ်သည်။ သူက အထဲကိုခေါ်တာပေမယ့် ကိုယ်ကထွက်သွားဖို့ ခြေလှမ်းပြင်ရင်း လက်ကနာရီကိုကြည့်လိုက်တော့ သူပေးခဲ့တဲ့ တစ်နာရီအချိန်ကို ကွက်တိပြနေခဲ့သည်မို့ ..

"သူတို့လာကြိုမှာမဟုတ်ဘူး၊ ဘယ်ဆိုင်သွားမယ်လို့ မမှာခဲ့တော့လေ .."

"ဩော် ... ဟုတ်လား၊ စောပါသေးတယ်၊ တက္ကစီတွေလည်း ရှိဦးမှာပါ .."

ဝေး အပြင်ကိုထွက်လိုက်သည်နှင့် မိုးစက်တချို့နှင့် လေအေးတို့က ခြေသလုံးသားတို့ကို ဦးစွာ မိတ်ဆက်၏။ သူများတွေ ကားရပ်ထားသည့်ရှေ့မှာ တစ်ခါရပ်ပြီး အန်တီခင် ဘယ်ဘက်ထွက်သွားတာလဲ မသိမသာကြည့်မိ၏။

သူမ မိုးရေထဲမှာ ထွက်လာခဲ့စဉ် ဒေါ်မူမူခင်က ဖုန်းလှမ်းဆက်သည်။ အရေးတကြီးတွေ့စရာ အကြောင်းရှိသောကြောင့် ဝေး ဘယ်မှာလဲလို့မေးခြင်းဖြစ်သည်။ ထိုအချိန်မှာ သူမ တစ်ကိုယ်လုံး နာကျင်နေခဲ့လျက် အတွင်းဒဏ်ရာ၊ အပြင်ဒဏ်ရာများစွာဖြင့် လမ်းပေါ်မှာပဲ ရှိနေရာ ..

"အန်တီခင် .. ဝေး အိမ်ကို လာခဲ့လို့ရမလားဟင် .."

"အို ..မဖြစ်ဘူး၊ လုံးဝမဖြစ်ဘူး ဝေး၊ သမီးအဖေပြဿနာကြောင့် အစ်ကိုသောင်းကိုပါ အန္တရာယ်ပြုလာကြပြီ၊ ဒါတွေ ကိုသောင်းက သမီးကို မပြောစေချင်ပါဘူး၊ ဒါပေမယ့် ကိုယ်ရင်ဆိုင်နေရတာ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



အနွေရာယ်မျိုးလဲဆိုတာတော့ သိထားသင့်တယ်မို့လား ..”

“သူတို့က ဒီအိတ်ကြီး ဖေဖေ့မှာမရှိဘူးဆိုတာ ဘာဖြစ်လို့ မယုံကြတာလဲ အန်တီ၊ ဘယ်လောက်တောင် သံသယဖြစ်ဖွယ်ရှိနေလို့လဲ၊ ဝေး .. ဖေဖေနဲ့တွေ့ချင်တယ်”

“ကြံစည်နေတာတောင် လွှန်လှပြီ သမီး၊ အစ်ကိုစိန်ဝင်းလည်း ထောင်ကျသွားလို့ သက်သာနေတာ၊ မဟုတ်ရင် မလွယ်ဘူး၊ ဒီအိတ်ကို သူတို့ဘာသာပြန်တွေ့ပါစေလို့ပဲ ဆုတောင်းရမှာပဲ၊ မဟုတ်ရင် သမီးအဖေ ဘယ်လိုမှ အေးအေးချမ်းချမ်း နေရမှာမဟုတ်ဘူး”

အန်တီခင်ပြောတာတွေကိုကြားကာ ဝေး ကိုယ့်ဒုက္ခကိုမပြောဖို့ ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် ကိုယ့်ဘာသာဆုံးဖြတ်ပြီး လိုတာတွေ ဝယ်ခြမ်းကာ ‘အမရာ’ အလှပြင်ဆိုင်ထဲ ဝင်ခဲ့၏။

ပြီးတော့မှ အန်တီခင့်ကို ဆိုင်ကိုလာဖို့ ဖုန်းဆက်ချိန်းလိုက်တာဖြစ်သည်။ ဒီရောက်မှ ခေတ်ဆန်ဆန်မိန်းကလေးပုံစံ ပြန်ပြောင်းနေရသည့်အဖြစ်ကြောင့် ပြောပြသင့်တာကို ပြောပြလိုက်ရကာ ..

“ယောကျ်ားလေးပုံစံကို သူတို့သိသွားပြီထင်လို့ စိတ်မလုံတော့လို့ပါ၊ ဝေး ကို သူတို့က မြန်မာဆန်ဆန် ဆံပင်အရှည်ကြီးနဲ့လို့ ထင်ထားကြတာလေ ..”

ပြောနေရင်း ချိန် ချက်ချင်းကြီးသတင်းရပြီး ချက်ချင်းထမေးလာတဲ့အဖြစ်ကို တွေးလိုက်မိသည်။ သူမ ပုံစံကို တစ်ယောက်ယောက်သိသွားကာ ဓာတ်ပုံပို့ပေးလိုက်တာဖြစ်နိုင်၏။

အတူတူနေထိုင်သွားလာနေကြပေမယ့် သူမ ကို ချိန် လုံးဝသတိမထားမိခဲ့ဘူးဆိုတာ ဒီနေ့မှပဲ ပြက်ပြက်ထင်ထင် သိခဲ့ရသည်။ ပြီးတော့ ကိုယ့်လမ်းထဲမှာ ကားရပ်ပြီး ကိုယ့်အိမ်ကိုတောင် သူတို့စောင့်ကြည့်ခဲ့သေးသည်။ ထိုအချိန်က သူ့ဘေးမှာ သူမ ရှိနေခဲ့ပေမယ့် တစ်ယောက်ကိုတစ်ယောက် မသိခဲ့ကြတာ ပဋ္ဌလက်ဆန်လွန်းသည်လို့ပဲ ပြောရမလား။

သူ့ကိုလည်း လူလည်တစ်ယောက်လို့ထင်ပြီး သံသယတွေနဲ့ ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေမိခဲ့သလို ကိုယ့်ကိုယ်ကိုယ်လည်း ဒီလောက်ထိတုံးလိမ့်မယ်လို့ မထင်ခဲ့မိပေ။ သူ ဖုန်းပြောတိုင်း မရှိးသားတာတွေ ကြားနေရပါလျက်နှင့် 'ဒီလူ ငါ့ကိုအန္တရာယ်ပေးမယ့်အုပ်စုထဲက တစ်ယောက်များလား' လို့ အနည်းငယ်မှ မတွေးမိခဲ့။

ခုကျတော့ သူကပဲ အညာခံခဲ့ရလေခြင်းဆိုပြီး ရင်ဘတ်ထု အော်နေသေးသည်။ သူမ အဖြစ်ကရော .. ဘာများထူးလို့လဲ။

ကျားကြောက်လို့ပြေးကာမှ ကျားခံတွင်းထဲ ခုန်ချမိခဲ့တဲ့အဖြစ်။

"တစ်နာရီမပြည့်မချင်း မင်းပြေးနိုင်သလောက် ပြေး' တဲ့။

နေရာတကာမှ သူ့လူတွေ ဖြန့်ကျက်ထားမှတော့ ဧး ဘယ်လောက်ပြေးပြေး လည်ပင်းမှ ခလောက်ဆွဲထားတဲ့နွားတစ်ကောင်လိုပဲ ရှိနေမှာပါ။

ဒါပေမယ့် သူမ လက်လျှော့လို့မဖြစ်ပါ။ ကိုယ့်မှာ ထုတ်ပေးစရာ တကယ်ရှိနေလျှင် အသက်နဲ့လဲနိုင်လောက်အောင် မက်မောစရာဖြစ်နေပါစေ ..၊ သေဘေးကြုံလာရင်တော့ ထုတ်ပေးကြမှာပဲဖြစ်သည်။

ရှိမှမရှိတာကို လူကို နှပ်နှပ်စင်းပစ်တော့မယ်ဆိုလျှင်လည်း လည်စင်းခံရုံအပြင် ဘာမှမတတ်နိုင်။

"တောက် .. နာတယ်ကွာ၊ သတင်းသေချာရထားတာကို .."

ဆံပင်ဆိုင်ရှေ့မှ ခွာခဲ့မိကာမှ မလှမ်းမကမ်းက လူနှစ်ယောက်ရဲ့ စကားသံကို ကြားလိုက်ရ၏။ မိုးက မသည်းတော့ဘဲ စဲလည်း မစဲပေ။ ညကလည်း နပျိုနေဆဲမို့ ကားတွေနဲ့ လူတွေ သွားလာစည်ကားနေကြတုန်းပဲဖြစ်သည်။

ဒါပေမယ့် ဒီလမ်းထဲမှာတော့ စက်ရုံလမ်းမို့ လူသိပ်မရှိပေ။ လူပိုရှင်းသည့်လမ်းထဲ ဦးတည်လိုက်ပြီးမှ ထိုလူနှစ်ယောက်ကို မျက်နှာမူသွားရမှာမို့ ဧး လမ်းဘက်ကို မျက်နှာမူပြီး ရပ်နေလိုက်သည်။

ထီးနဲ့ကွယ်လိုက်ပြီးမှ တမင်ကွယ်ထားတာကြီးကို ပေါ်သာသွားစေမှာမို့ ပုံမှန်ဆောင်းထားရင်း နားစွင့်ထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါထင်တယ်၊ ခုန ဘတ်စ်ကားပေါ်မှာ အဲဒီပုံစံမျိုးမြင်လိုက်တာ၊ အနေဝေး ပဲလို့ .."

"မင်းကလည်း .. ခေတ်ပုံထဲက ဆံပင်မျိုးနဲ့ ချာတိတ်လေးတွေ အများကြီးပဲကွာ .."

သွားပြီ ..။

ဒါ ငါ့နောက်လိုက်နေကြတဲ့လူတွေ ..။

ဘယ်လိုမှ ဟန်ဆောင်နေလို့မရတော့ဘဲ ထီးနဲ့မျက်နှာကို ကွယ်ပစ်လိုက်မိသည်။ ပြီးမှ စိတ်မလုံဘဲ ပြန်ဖယ်လိုက်မိပြန်သည်။ ရန်သူကို မမြင်ရတာထက် မြင်နေရတာက ပိုကောင်းသည်မို့ သူတို့ကို တချောင်း အနေအထားကနေ သတိထားကြည့်နေဖို့ ဆုံးဖြတ်၍ ..

"မင်းစောင့်ကြည့်နေ ..၊ ငါ ဖုန်းဆက်လိုက်ဦးမယ်"

"ဆက်ကွာ၊ တကယ်ပါပဲ၊ ဒီလမ်းထဲဝင်နေတာ သေချာလား၊ မသေချာလား သိချင်တယ်၊ ဒီမှာ စောင့်ကြည့်စရာလူမှမရှိတော့တာ.."

နှစ်ယောက်ပြောနေကြသည့်အသံကို နားစွင့်ထားရင်း ကားစောင့် မည့်သူတစ်ယောက်ယောက် လာပါစေလို့ ဝေး ဆုတောင်းနေမိသည်။ မိုးသံလေသံကြောင့်မဟုတ်ဘဲ ခြေဖျားလက်ဖျားတွေ အေးစက်လာခဲ့၏။ ဒီလူတွေကို ရေတက်ချိန် လွှတ်ထားတာပဲဖြစ်လိမ့်မည်။

တစ်နာရီကျော်တာနှင့် လိုက်ဖမ်းမည်ဟု သတိပေးလိုက်တာကို တွေးမိရင်း မတ်တတ်ရပ်နေတာတောင် မလုံခြုံသလို ခံစားမိလာ၏။ ပတ်ဝန်းကျင်မှာ ကိုယ့်ကိုစောင့်ကြည့်နေသည့်မျက်လုံးတွေ ရှိနေသလို လို၊ ကိုယ့်ကိုဖမ်းဖို့ ပြေးလွှားလာနေကြသလိုလို ..။

ပြီးတော့ ဝမ်းနည်းလာမိကာ မျက်ရည်စတွေနှင့် မျက်ဝန်းအိမ်က စိုစိုစွတ်စွတ် ဖြစ်လာ၏။ မိတ်ဆွေကနေ ရန်သူတွေဖြစ်သွားကြတာ ရှိပေမယ့် သူမ လောက်တော့ ဘယ်သူမှ အဖြစ်မဆိုးကြဘူးထင်သည်။

"ဖျက်စမ်း .. ဖျက်ချလိုက်စမ်း .."

"မင်းဘယ်သူလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"အနေဝေး .. မင်းက လိမ်တယ် ဟုတ်လား၊ ငါက ငတုံး .."

မိုးခြိမ်းသံလို သူ့ရဲ့အံကြိတ်သံကြီးကို ကြားယောင်လာမိသည်။

"မင်း စုချက်ချင်းထွက်သွား .."

"သွား ဆို သွား .."

သူ့မျက်နှာကြီး ကိုယ့်ရှေ့မှာပေါ်လာသလို ခံစားရကာ မျက်ရည်စက်တို့ ပြိုဆင်းသွား၏။ ဝေး အံကြိတ်၍ မျက်နှာလေးကို မော့ထားလိုက်သည်။

လူတစ်ယောက်ဟာ ဒီလောက်တောင် ပြောင်းလဲသွားနိုင်သလားလို့ သူမ မအံ့ဩတော့ပေ။ ကိုယ်တောင်မှ သုံးပန်လှမင်းသမီးဖြစ်နေခဲ့ပြီမို့ တခြားသူ ပြောင်းလဲတာကို ကြေကွဲနေဖို့လည်းမလို။ ဒါပေမယ့် ခုထိ နာကျင်နေဆဲ ဦးရေတွေကြောင့် ရင်ထဲထိ ထိုးထွင်းနာကျင်ခြင်းကို ဖျောက်လို့မရပေ။

"ဖျက်လိုက်စမ်း .."

"တောက် .."

ရေထဲ ဆွဲနှစ်ခံထားရသည့် ကြောက်လန့်မှုန်းကျပ်ခြင်းကို သူမ ဘယ်တော့မှ မေ့ဖျောက်နိုင်မည်မထင်။ မိန်းမတစ်ယောက်ကို ပါးရိုက်နားရိုက်လုပ်တာထက် ဆံပင်ဆွဲ၍ နှိပ်စက်ရက်သည့်ယောက်ျားမို့ မမေ့နိုင်။

"ဟိုတက္ကစီလား .."

"ဟုတ်တယ် .. မြင်လိုက်တယ်၊ လိုက် .. လိုက်"

ခဏတဖြုတ်မေ့လျော့သွားသည့်ကိုယ့်အဖြစ်ကို လူဆိုးတွေအသံကြားမှ ဒိန်းခနဲ ဖြစ်သွား၏။ အနားကကို ဖြတ်ပြေးသွားကြသဖြင့် အေးခနဲ ဖြစ်ကျန်ရစ်သည့် ထိတ်လန့်မှုကြောင့် ထီးကို ကျစ်နေအောင် ဖိဆုပ်ထားလိုက်မိသည်။

သူမ ပုံစံပြန်ပြောင်းလိုက်မိခြင်းအတွက် ဆံပင်တွေကိုင်ကြည့်ရင်း မျက်ရည်တွေကြားက ပြုံးလိုက်မိသည်။ ပြီးတော့ သူတို့ထွက်သွားသည့်ဘက်ကိုပဲ ရဲရဲတင်းတင်း ထွက်လာခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီမက အချိန်မရဘူးဆိုတော့ တစ်ရက်လောက်ပဲခံမှာ .."

"တစ်ရက်ဆိုတာ ဘယ်နှစ်နာရီလောက်လဲဟင် .."

"ခေါင်းလျှော်မချဘဲနဲ့တော့ လုံးလုံးစန့်မသွားပါဘူး၊ သေချာလုပ်ပေးလိုက်ပါ့မယ် .."

"ဒါဆို မိုးစိုသွားရင်ရော .."

"ညီမရယ်၊ နည်းနည်းတော့ ဂရုစိုက်ပေါ့၊ မတော်တဆ မိုးပေါက်မှန်တာလောက်က ကိစ္စမရှိပါဘူး"

ဆံပင်ကိုင်ကြည့်ရင်း ကိုယ့်ကို တကာယ်မကာကွယ်နိုင်မှန်းသိတော့ စိုးရိမ်လာမိသည်။ ဒီဆံပင် မိုးစိုသွားလို့မဖြစ်။ မနက်ဖြန်အတွက်ဘယ်လိုရင်ဆိုင်မလဲဆိုတာက ..။

"အ .."

လမ်းမီးတွေနှင့်ဝေးသွားသည့် ပလက်ဖောင်းအုတ်ကျိုးတွေမှာခလုတ်တိုက်မိကာ ဒူးထောက်လျက်လဲသွား၏။

"အား .. သေပါပြီ .."

ဒူးနှစ်ဖက်စလုံးကို အထိနာသွားသဖြင့် မတ်တတ်ပြန်ရပ်လိုက်တာတောင် လူက ယိုင်ခနဲ ဖြစ်သွားသေးသည်။ ကိုယ့်ဒဏ်ရာကြောင့်ပတ်ဝန်းကျင်ကို ခဏမေ့သွားစဉ် ဖြတ်သွားသည့်ကားတစ်စီးကအတော်လှမ်းကွာနေမှ တုံ့ခနဲ ထိုးရပ်သွား၏။

မျက်ဝန်းထောင့်က မြင်လိုက်တာလား၊ စိတ်က ခံစားချက်လားမသိလိုက်ခင် ဝေး ထိုကားကို လှမ်းကြည့်လိုက်မိ၏။

ဟင် ...

သူမ ခေါင်းကြီး နှစ်ဆလောက် ပြန့်ကားထွက်သွားသလားမသိ။ ကားထဲကခေါင်းနှစ်လုံး ရှေ့နောက်ပြူထွက်လာကာ သူမ ရှိရာကို လှမ်းကြည့်နေကြ၏။ ပြီးတော့ ပြန်ဝင်သွားကြသည်။

သူတို့ သိသွားကြတာလား၊ သံသယဖြစ်သွားရုံပဲလား ..။

သူမ ဒီအတိုင်း ဟန်မပျက်နေရမည်လား၊ ထွက်ပြေးရမလား။

www.burmeseclassic.com



ရှေ့ကိုကြည့်လိုက်တော့ လမ်းမကြီးကိုထွက်မည့် လမ်းသွယ်ကွေ့ချိုးလေးက သူမနဲ့ နီးနေပြီဖြစ်၏။ စဉ်းစားနေဆဲမှာ ကားက ဘက်ခ်ပြန်ဆုတ်လာလျှင် ..

"ပြေးပြီ .. ကားရပ်လိုက်စမ်း .."

"ကားနဲ့လိုက်မှ အုပ်မိမှာပေါ့ကွ"

"လမ်းကွေ့ထဲဝင်သွားရင် နောက်ထပ်ချောင်ကြိုချောင်ကြားတွေ ရှိသေးတယ်ဟ .."

ကားက ထိုးရပ်သွားသည်။ ပြီးတော့ ကားထဲက လူသုံးယောက် ဒရောသောပါး ပြေးထွက်လာကြ၏။ ဝေး ခြေထောက်တစ်ဖက် ထော့နေလျက်နှင့် အတင်းစွတ်ပြေးသည်။

ဒီနေရာမှာ မှောင်မိုက်နေခြင်းက သူမကို အကာအကွယ်ကောင်းကောင်းဖြစ်စေကာ ကွေ့ကွေ့ချင်းမှာမြင်လိုက်သည့် ညောင်ပင်နှင့် သောက်ရေအိုးစင်ကြားထဲ အတင်းတိုးဝင်နေလိုက်၏။

ဆက်ပြေးနေလျှင် ဘယ်လိုမှ မလွတ်နိုင်တော့သဖြင့် ကံကိုအားကိုးပြီး ဆူးခြုံနှင်းလိုက်ရခြင်းဖြစ်သည်။ သူမ တကယ်ပဲ ကံကောင်းသွားခဲ့သည်။

ရေအိုးစင်နဲ့ ညောင်ပင်ကြားထဲမှာ မိန်းကလေးကိုယ်တစ်ကိုယ် ဝင်ဆံ့နိုင်သည့်အဖြစ်ကို ယောကျ်ားတွေက မတွေးမိကြဘဲ ရှေ့ကနေ ပြေးလွှားဖြတ်ကျော်သွားကြ၏။

ဒီလူတွေ ခုနကလူတွေပဲဖြစ်မှန်း သိလိုက်ကာ ကားထဲမှာလည်း လူတွေထပ်ကျန်နေနိုင်သည်မို့ ကပ်သီးကပ်သပ်ဝင်ပုန်းနေရင်း သူမ ဘာဆက်လုပ်ရမှန်းမသိဖြစ်နေခဲ့၏။

ဒါပေမယ့် ရုတ်တရက်မထွက်ရဲဘဲ အချိန်အတော်ကြာအောင် စောင့်နေလိုက်ရကာ လူဆိုးတွေရဲ့ကား ဒီတက်ပြန်ထွက်သွားတာမြင်မှ ထွက်လာရဲ၏။ ပြီးတော့ ဘောင်းဘီကိုဆွဲချ၊ အင်္ကျီကိုဆွဲချနှင့် ဖိုက်ပေါ်ခါးပေါ်ဖြစ်နေတာကို ကမန်းကတန်း ဖုံးဖိရသည်။ ဒီလိုဝတ်စုံမျိုး သူမ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မဝတ်ခဲ့ဖူးပေ။

ဘောင်းဘီခါးစပ်နှင့် အင်္ကျီခါးစပ်က ထိရုံပဲရှိကာ လည်ပင်းက ဟိုက်သေးသည်။ ချိုင်းပြတ်လေးမို့ ပခုံးစွန်းတွေပါ ထွက်နေတာက တိုနံ့နံ့အင်္ကျီလေး စွပ်ချထားသလိုဖြစ်နေ၏။

ကျောလယ်လောက်ချန်ထားခဲ့သည့်ဆံပင်တွေကို တွန့်လိပ်ထားတော့ ပခုံးသာသာထိ တက်သွားခဲ့၏။ ခုချိန်မှာ မဟာဆံနွယ်ရှည်ကြီး တနွဲ့နွဲ့နှင့် မြန်မာဝတ်စုံတွေကိုသာ စွဲမြဲစွာဝတ်တတ်သော အနေဆေး ဆိုသည့်မိန်းကလေးမှန်း တော်ရုံလူသိဖို့ မလွယ်တော့ပေ။

ပြီးတော့ သုံးလက်မဒေါက်ကို စီးထားရသည်။ ဒီလောက်က စီးနေကျပေမယ့် ပြေးလွှားနေရတော့ ခြေထောက်တွေနာလာခြင်းက ဒုက္ခပေး၏။

"နာလည်းမတတ်နိုင်ဘူး၊ ပြေးရဦးမှာ .."

ကိုယ့်ဘာသာအားပေးရင်း ရေအိုးစင်နောက်ကိုဝင်ကတည်းက ချွတ်ပြီးကိုင်ထားရသည့်ဖိနပ်ကို ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်ရင်း မြန်မြန်ဆန်ဆန် စီးချလိုက်သည်။

ပြီးတော့ လမ်းကြားကလွတ်အောင် အပြေးတစ်ပိုင်း ထွက်လာခဲ့မိ၏။ ခုနက ကားထွက်သွားတာမြင်ပေမယ့် လမ်းမပေါ်ကို ဘယ်ဘက်ကကွေ့တက်တာလား၊ ညာဘက်အတိုင်းသွားတာလားလည်းမသိ။

သူမ တွေဝေစဉ်းစားနေချိန်မရပေ။ မှောင်နဲ့မည်းမည်း လမ်းသွယ်ထဲမှာ နောက်ထပ် အရက်သမား ဘိန်းစားတွေရဲ့အန္တရာယ်ကလည်း ရှိသေးသည်မို့ ဖြစ်ချင်ရာဖြစ်၊ လမ်းမကြီးပေါ်ကိုသာ တက်လာခဲ့ရသည်။ လမ်းမပေါ်မှာ ဂျူတွေကားတွေ စည်ကားနေသေးရာ သူမအတွက် တက္ကစီတစ်စီးရဖို့ မခဲယဉ်းပေ။

"ဖြောက် .. ဖြောက် .."

လမ်းမအလယ်က လာနေသည့်တက္ကစီကို လက်ခုပ်သံမြွက်ပေမယ့် လက်ခုပ်လည်း တီးမိသည်။ လက်ယပ်ပြီးတော့လည်း ခေါ်မိကာ..

"အဲဒီအတိုင်း ဆက်မောင်းပေး .."

www.burmeseclassic.com

www.burmeseclassic.com



အနားမှာရပ်လိုက်တာနှင့် ချက်ချင်းတံခါးဖွင့်တက်လိုက်၏။ သို့သော် ကားတံခါးပိတ်ပြီး ဒီဘက်လှည့်လိုက်တာနှင့် ဝေး မျက်လုံးပြူးသွား၏။

တစ်ဖက်မှာထိုင်နေတာ ရေတက်ချိန် ..။

အဖြူရောင်ခေါင်းစွပ်ဆွယ်တာ၏ လည်ပင်းကိုပဲမြင်ရကာ ဂျာကင်အနက်၊ ဘောင်းဘီအနက်နှင့် ကားထဲမှာ တစ်ကိုယ်လုံးပျောက်နေ၏။

ထို့ပြင် ကားထဲမှာ ပစ်စလက်ခတ်ထိုင်ပြီး စီးကရက်လက်ကြားညှပ်လိုက်သေးသည်။ မြင်လိုက်မှပဲ ကားထဲမှာ စီးကရက်မီးခိုးနံ့တွေလှိုင်နေတာကို သတိထားမိ၏။

ဒီလောက်တောင်တုံးတာ .. လဲသေလိုက်တော့ အနေဝေး ..။

"မင်းကို ဒီအချိန်လောက်နဲ့ ပြန်ဖမ်းနိုင်လိမ့်မယ်လို့ မထင်ခဲ့ဘူး"

"ကားမထွက်နဲ့ဦး .."

ဝေး အံကြိတ်ပစ်လိုက်ပြီး တံခါးလှည့်ဖွင့်သည်။

"နောက်မှာ ဟိုကောင်တွေ လိုက်လာကြပြီ၊ ဆင်းမလို့လား"

ဝေး နောက်ကိုလှည့်ကြည့်မိမလိုဖြစ်သွားရင်း တွေဝေသွား၏။ ပြီးမှ တကယ်လှည့်ကြည့်လိုက်ကာ ..

"လာကြပေ့စေ .. ရှင်ကရော ဘာမို့လို့လဲ .."

"မင်း သေအောင်လုနေလည်း စိတ်မဝင်စားတဲ့ကောင်ပဲ၊ မင်းခုဆင်းသွားရင်တော့ လိုရင်းကိုမရောက်ခင် တစ်စစီဖြစ်သွားမှာ၊ မယုံမရှိနဲ့ .."

ကားလည်း မရပ်ပေ။ ဝေး လည်း ဆင်းဖို့မကြိုးစားတော့ဘဲ တောင့်တောင့်လေးထိုင်နေရင်း နှုတ်ခမ်းသားတို့ကို ဖိကိုက်ထားလိုက်မိသည်။

အသက်သေရမှာထက် အရှက်သိက္ခာကို စော်ကားဖျက်ဆီးခံရခြင်းကို ရင်မဆိုင်ရဲ။ အပြင်မှာ မိုးစက်မိုးပေါက်တို့ကျပါးသွားပြီဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမ ကတော့ ရန်သူ့လက်တွင်းမှာ ဒူးထောက်လည်စင်းလျက် နောက်ထပ်တစ်ကြိမ် ကျရှုံးခဲ့ရပြီး ..

"ရှင်နဲ့ သူတို့က တစ်ဖွဲ့စီလား .."

"အတူတူပဲ .."

မျက်နှာလွှဲထားရာကနေ ဝေး ဆတ်ခနဲ လှည့်ကြည့်သည်။ သူက ဝေး ကိုမကြည့်။

"ဒါပေမယ့် ငါ မင်းကို လိုရင်းအရောက် တန်းပို့ပေးမှာ၊ သူတို့ ကတော့ အဲလိုမဟုတ်လောက်ဘူး၊ မင်းဝတ်စားဆောင်းပုံနဲ့ မင်းရဲ့အလှအပ တွေက သူတို့ရည်ရွယ်ချက်တွေကို ပြောင်းသွားစေနိုင်တယ်"

"ဖေဖေနဲ့ကျွန်မက ကိုယ့်ပညာနဲ့ကိုယ်ရပ်တည်ပြီး ကြိုးစားရှာဖွေ စားကြတဲ့လူတွေပါ၊ ရှင်တို့ ထင်ရာတွေစွပ်စွဲပြီး ဒီလောက် သည်းကြီး မည်းကြီးလိုက်နေတာ ဘာအကြောင်းနဲ့မှန်း ဘယ်လိုမှကို နားမလည် နိုင်ဘူး"

"ဟွန်း .."

စီးကရက်ကို နှုတ်ခမ်းမှာတပ်၍ ဖွာရှိုက်ပြီး မဲ့လိုက်သံက တော် တော်မြင်ပြင်းကပ်နေသည့်နှယ် ..။ ပြီးတော့ မှန်ချပ်၍ စီးကရက်ကို အပြင် ကိုတောက်ထုတ်လိုက်ကာ ..

"မင်း ဒီလောက်ထိ ပြေးနေနိုင်တာလည်း သူတို့နားလည်ရခက် နိုင်တာပဲ"

"ဖေဖေ့ကို သတ်မယ် ဖြတ်မယ်စကားတွေ ကပ်ပြောပြီး ခြိမ်း ခြောက်နေတာ .. ဘယ်သူက မကြောက်ဘဲနေမှာလဲ၊ ဖေဖေ့ချမှာ လူဆိုး တစ်ယောက် ဆေးခန်းထဲ ဝင်လာသွားတာနဲ့ပဲ စွပ်စွဲခံရပြီး ထောင်ကျ ခဲ့တဲ့အထိ .."

"မင်းအဖေ ဘာမှမသိဘူးလို့ အခုထိထင်နေတာလား"

"ထင်နေတာမဟုတ်ဘူး၊ ဖေဖေ့ကို ဝေး ယုံတယ်၊ ဖေဖေ အဲဒီလို စွပ်စွဲချက်တွေအပေါ် မတော်လောဘ ဘယ်တော့မှဖြစ်မှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မင်းပါးစပ်ကိုပိတ်ပြီး အေးဆေးမလိုက်ခဲ့ရင် ငါ ပိတ်ပေးရလိမ့်မယ် .."

"ကျွန်မ .."

သူမ စကားထပ်စလိုက်တာနဲ့ ချိန် က ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ဝေး အသံဆက်ထွက်မလာတော့ပေ။

"နောက်က နီညိုရောင်ဖစ်(ထ်) လိုက်လာပြီ ဗလာ ..၊ ဘယ်ဘက်ကြောထဲ ပြန်ဝင်ပြီးပြန်ခေါက် .."

"ရှေ့မှာကွေ့ပြီး ဖျောက်လိုက်မယ်လေ .."

"မင်းကွေ့လိုက်ရင် ဖျောက်လို့ရမှာမဟုတ်ဘူး၊ ရှေ့က ခရောင်း(န်)ကိုကျော်တက်ပြီး ဝိုက်လိုက်တော့ .."

မောင်းသည့်လူကလည်း နောက်ကညွှန်ကြားသည့်အတိုင်း ကျော်တက်ဖြတ်ဝင်တွေ လုပ်ပစ်ကာ စည်းကမ်းကလနားလည်း ဂရုမစိုက်။ ကားတွေကို လွတ်ရုံလေး ပွတ်ကပ်တက်ရင်း ဟိုဘက်ကြောထဲ ရောက်သွားလျှင် ..

"ဟာ .. ဟိုကောင်မလေးတက္ကစီ .. ဟိုဘက်ရောက်သွားပြီ .."

"သွားပြီ .. ဟိုဘက်မှာရှင်းနေတာပဲ"

"ဒါ မဟုတ်တော့ဘူး"

"ဘာမဟုတ်တာလဲ လေပြင်း .."

"တက္ကစီတစ်စီးက ဒီလောက်ထိစွန့်စားပြီး ထွက်ပြေးမှာမဟုတ်ဘူး၊ ကားထဲမှာ စွမ်းလေးရှိတယ် .."

"ဟာ .. ဒရိုင်ဘာကို ငါ သေချာမြင်လိုက်ပါတယ်၊ မဟုတ်ပါဘူး"

"ဟုတ်တယ်၊ စွမ်းလေးမပါရင်လည်း အဲဒီကား စွမ်းလေးရဲ့ကား၊ သူ့ဒရိုင်ဘာပဲ"

"ရှုပ်ကုန်ပြီ"

"မင်းတို့တောင် ဒီကောင်မလေး လုံးလိုက်ပြားလိုက်လုပ်နေလို့ ချာလပတ်ရမ်းနေကြတာမို့လား၊ အမေးအမြန်းထူမနေနဲ့၊ သူ့လိုပဲ ပြန်ဝိုက်ပြီးလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"တောက် .. စွမ်းလေး ဆိုတဲ့ကောင်၊ ငါတို့ကိုများ ကြောင်နဲ့ကြွက် ကစားသလို အမြဲလုပ်လုပ်သွားတယ်၊ ခွေးလေးကြမ်းပိုးလေး .."

"ပြောလိုက်ရင်းဖြစ်အောင်လုပ်ပြတယ်၊ သောက်ရှိုးမပြေတဲ့ကောင် .."

အမျိုးမျိုးဆဲရေးပြီး ကားကို ဖြတ်ဝင်လိုက်လျှင် ဟိုဘက်လမ်းကြောထဲရောက်ကာမှ တည့်တည့်လာသည့်ကားနှင့် မလွတ်မလပ်ဖြစ်ကာ ..

"ဂျိမ်း .. .."

"ဂျိူး .. .."

"အောင်မလေးဟ .."

"တိုက်ကုန်ပြီ .."

ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံသွားသည်။ ထိုစဉ် လျှပ်စီးလက်သွားခြင်းနှင့်အတူ ကားထဲကလူတွေအကုန်လုံး မျက်လုံးတွေ မီးပွင့်ကုန်ကြပြီး ..

"ဘယ်သူမှတော့ မသေကြသေးဘူး၊ မြင်ရတာ သွေးသံရဲရဲပဲ"

"ဒီကောင်တွေ စည်းကမ်းမရှိ အတင်းဖြတ်ဝင်တာကွ .."

ပတ်ဝန်းကျင်တစ်ခုလုံး တစ်ယောက်စ နှစ်ယောက်စကနေ ဝိုင်းအုံဆူညံလာ၏။ ထိုအချိန်တွင် နောက်ခန်းထဲမှာ ခွေခေါက်နေသော တက်တူးက ဖုန်းထုတ်ပြီး မက်ဆေ့ချ်ပို့နေတာ တုန်တုန်ရင်ရင် ..။

"အနေဝေး ကို ဟိုကောင် တကယ်ရသွားတာ ..၊ သေချာမြင်လိုက်တယ် .."

နောက်ဆုံး ပို့ပြီးသည်နှင့် ဖုန်းကိုင်လျက် သတိလစ်မေ့မျောသွားလေသည်။

သတင်းကတော့ ဟိုကို ပြည့်စုံစွာ ရောက်သွားခဲ့လျက် ..။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ကျုပ်တို့ ဘာတွေလုပ်နိုင်သေးတယ်ဆိုတာ ဒေါက်တာ မြင်ပါတယ်နော် .."

ဦးစိန်ဝင်းမျက်နှာက တည်ငြိမ်နေကာ ဒဏ်ရာဒဏ်ချက်တချို့ ရှိနေပေမယ့် ဘယ်တော့မှ ပြောင်းလဲမှာမဟုတ်သည့် ခိုင်မာမှုတွေ အထင်းသားရှိနေခဲ့၏။

"ဆိုတော့ .. ခင်ဗျားလုပ်သင့်ပြီဆိုတာ သဘောပေါက်ပြီထင်တယ်"

"အာစရိ .."

သူတို့အခန်းထဲကို ကျွန်းညို ဝင်လာကာ ..

"စွမ်းကြီးတို့ ညီအစ်ကိုတွေက အာစရိနဲ့ စွမ်းလေးကို လက်ဝါးရိုက်သွားတယ်ထင်ပြီး သစ္စာဖောက်ဖို့ ပြင်ဆင်နေကြပြီ"

"နေပေ့စေ .. ဒီကောင်တွေက ငါမွေးတဲ့မျောက်တွေပါ"

ကျွန်းညိုကတော့ ဦးကျောက်စိမ်းရဲ့ ဒီစကားကို သိပ်ဘဝင်မကျတော့ပါ။ သားလေးယောက်စလုံး မြန်မာပြည်ရောက်သွားကြတာ ဦးကျောက်စိမ်းသိတာလည်းရှိ၊ မသိတာလည်းရှိ။

ဒီကိစ္စ စီစဉ်လုပ်ခိုင်းထားတာတွေကိုလည်း လုပ်သလား၊ မလုပ်ဘူးလားမသိ။ ကိုယ်တိုင်လိုက်လာခဲ့ရတာတောင် သားတွေက တစ်နေ

www.burmeseclassic.com

www.burmeseclassic.com


ရာစီ တစ်ယောက်စီမှာ တစ်ဗိုလ်တစ်မင်းလုပ်နေပြီး တော်လှန်မယ်၊ ပုန်ကန်မယ်တကဲကဲ။

"အာစရိ .. နည်းနည်းတော့ ဂရုစိုက်ရတော့မယ်နော်"

မနေနိုင်တော့လည်း သတိပေးစကား ပြောဖို့ကြိုးစားရင်း ဒေါက်တာဦးစိန်ဝင်းကို စစ်မေးနေသည့်ကြားထဲထိ ဝင်လာခဲ့ရကာ ..

"တချို့အရာတွေက ကိုယ်ထင်သလိုဖြစ်လာပေမယ့် ဖြစ်မလာတာတွေကို မေ့လို့မဖြစ်ဘူး၊ အာစရိက စွမ်းလေးကိုဖြုတ်ဖို့ မည်းချေတင်နေတုန်း သူတို့တွေက အာစရိနဲ့ စွမ်းလေးကိုပဲ အထင်လွဲနာကြည်းနေကြတာ၊ သုံးယောက်နဲ့တစ်ယောက်ကို ရင်ဆိုင်ပေးမယ့်အစား စွမ်းသုံးကောင်နဲ့အရင် အာစရိ နားလည်မှုယူသင့်တယ်"

ဦးကျောက်စိမ်းမျက်နှာကြီးက တဖြည်းဖြည်းတင်းမာလာခဲ့ပြီး နေရာမှ ထရပ်၏။ ပြီးတော့ ကျွန်းညိုကို မျက်နှာချင်းဆိုင်ရပ်လိုက်ရင်း လက်နှစ်ဖက် နောက်ပစ်ဆုပ်ကာ ..

"မင်းက ငါ့ကို ကျားအိုကြီးဆိုပြီး အထင်သေးလာတာလား ကျွန်းညို"

"ဟာ .. မဟုတ်တာ အာစရိရာ၊ ကျွန်တော်က ရန်သူကို လျှော့တွက်မထားစေချင်တာပါ၊ ကိုယ်မွေးတဲ့မျောက်ကလည်း ကိုယ့်ကို ပြန်ခြောက်တတ်တာပဲ၊ ဝမ်းနဲ့မလွယ် သားမမည် ဆိုတဲ့စကားရှိတယ်မို့လား၊ သူတို့တွေ ဘာမှယဉ်ကျေးလိမ္မာမှု မရှိတော့ဘူးဆိုရင် အာစရိကို ကျုကျုနန ဒုက္ခပေးကြမှာပဲ"

"ငါသိတယ်လေ၊ ငါခေါ်တာ ရောက်မလာကတည်းက စွမ်းကြီးတို့သုံးယောက် ဘာလုပ်နေကြပြီလဲဆိုတာ ငါသိတယ်"

"ဟုတ်တယ်၊ သူတို့နည်း သူတို့ဟန်နဲ့ ဒီပစ္စည်းတွေနောက်ကို လိုက်နေကြတာပဲ၊ စွမ်းလေးက အားလုံးထက်တော်တယ်၊ ဒါကို အာစရိက ကူညီပံ့ပိုးပေးနေလို့ တော်တယ်ထင်နေကြတယ်၊ ဒီရောဂ်မှ အလွဲကြီးလွဲပြီး ထင်တိုင်းကြဲနေကြတယ်"

ကျွန်းညိုက အညိုအမည်းကွက်တွေနှင့် ရုပ်ဆိုးနေသည့် ဦးစိန်

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကို စူးစိုက်ကြည့်နေပြီးမှ မျက်နှာပြန်လှည့်၍ ...

"အခု စွမ်းလတ် စင်ကာပူပြန်ရောက်နေတဲ့ကိစ္စကိုလည်း ကျွန်တော် သိခဲ့ပြီ"

"ထိုင်းအဝယ်တော်တွေနဲ့ ပူးပေါင်းဖို့လေ၊ ငါ အားလုံးကြားပြီး ပါပြီ .."

"မဟုတ်ဘူး .."

ကျွန်းညိုက ဦးကျောက်စိမ်းကို အဓိပ္ပာယ်ပါပါစိုက်ကြည့်ပြီး ဘာမှမပြောဘဲနေ၏။ သူ မျက်နှာလွှဲသွားမှ ဦးကျောက်စိမ်း သဘော ပေါက်သွားကာ ..

"ဟား .. ဟား .. ဟား .. သင်းလို ကောင်ပေါက်စက ငါ့ကိုသတ် ချင်လို့တဲ့လား .."

"ငါးနှစ်သားလေး ဖြစ်နေပါစေ၊ သူကိုင်လာတဲ့လက်နက်ကိုပဲ အရင်ကြည့်ရမှာ အာစရိ၊ ကိုယ့်ကိုသေစေနိုင်တဲ့ လက်နက်ဆိုရင် လက် မြှောက်ပေးရမှာပဲ၊ ကျွန်တော် အာစရိကို အထင်သေးလို့မဟုတ်ပါဘူး၊ ကြံစည်နေတဲ့လူအတွက်က တစ်ဖက်လူမသိလိုက်ခင်မှာ အများကြီး ပြင်ဆင်လို့ရတယ်"

ဦးကျောက်စိမ်း မျက်နှာကြီး တည်တင်းလာသည်။

"ငါက မနေ့တစ်နေ့ကမှရောက်လာပြီး ဒီဆရာဝန်ကို ခေါ်ထုတ် လာနိုင်တယ်၊ သူတို့သုံးယောက် ဘာမှမလုပ်နိုင်သေးခင် စွမ်းလေးက မိန်းကလေးကို ရထားပြီးပြီ၊ ဒါကို ဘာအတွက် အထင်ကြီးကြောက်ရွံ့ နေရမှာလဲ၊ သူတို့က ဘာမို့လို့ ငါက စည်းရုံးနေရမှာလဲ .."

"ရှုံးမဲမဲမယ့်လူတွေမို့လို့ပါ .."

"ငါ ဂရုမစိုက်ဘူး.."

"ဒါဆိုလည်း ကျွန်တော်အကြံပေးချင်တာက အာစရိနဲ့စွမ်းလေး အမြန်ဆုံးဆက်သွယ်သင့်တယ်ထင်တယ် .."

"အဲဒီကောင်မှ ငါ့ကိုဒုက္ခပေးမယ့်ကောင်၊ ဘာကိုမှ မကြောက် ဘူး၊ ဘာမှလည်း မမက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com


ထိုစကားမှာ ဒေါက်တာဦးစိန်ဝင်းရဲ့မျက်လုံးတွေ ဦးကျော်စိမ်းထံ အနည်းငယ် ရွေ့လျားသွားခဲ့သည်။ သူတို့ကတော့ ကိုယ့်အာရုံနဲ့ကိုယ်မို့ မသိ။

"အဲဒီလိုကောင်ကို မော်အကြည့်ခံလို့မဖြစ်ဘူး၊ ဒီကောင်မလေးကို သူ ရထားတာ ဘယ်လောက်ကြာပြီလဲ၊ ဒါတောင် ငါ့ကို မဆက်သွယ်ဘူး၊ မေးတာတောင် မသိဘူး၊ မရှိဘူးပြောတာ၊ ငါရောက်နေတာလည်း လာမတွေ့၊ ဘယ်မှာနေမှန်းမသိ ...၊ ဟွန်း .."

ဦးကျော်စိမ်းရဲ့ဒေါသတွေက စကားသံတွေပါ မာကျောခက်ထန်လာခဲ့လျက် ..

"သူ ဘာဖြစ်ချင်တာလဲ၊ ငါ့ကို ဒီနည်းနဲ့ ကျော်လို့ရမယ်ထင်နေတာလား .."

ပစ္စည်းတွေကို အဓိကသိမ်းဂှက်ထားသူက ဦးစိန်ဝင်းဖြစ်သည်။ ဒါပေမယ့် ခေါင်းမာမာနဲ့ ပါးစပ်ပိတ်နေလို့ သမီးနဲ့ အညာကိုင်ဖို့ အရလိုက်နေရတာဖြစ်သည်။

ရေတက်ချိန် က မိန်းကလေးကို ရထားသည်။ ဒါပေမယ့် ဒေါက်တာဦးစိန်ဝင်းကိုလည်း တစ်ခေါက်မှ သွားမတွေ့ခဲ့သလို သူတို့ ဘယ်လိုညွှန်ကြားမလဲဆိုတာလည်း မမေးခဲ့ပေ။

"တောက် .. ခုထိ ဒီသတ္တဝါလေးက မဆက်သွယ်သေးဘူးလား"

"ကျွန်တော်ပို့နေတဲ့ မက်ဆေ့ချ်ကိုပဲ သူ့ဆီမရောက်တာ အာစရိ၊ ဖုန်းတွေ ဘယ်လိုချိန်းပြီးကိုင်နေသလဲမသိဘူး၊ ဒါမှမဟုတ် တမင်လုပ်ထားတာပဲလား၊ ကျွန်တော် စိတ်ပူတာက သူတို့ချင်း ချစ်ကြိုက်ပြီး.."

"ဟိတ်ကောင် .. တော်စမ်း .."

ဦးကျော်စိမ်းက ဒေါသတကြီးဖြစ်လာကာ ..

"ဒီကောင် စိတ်မဝင်စားတာတွေထဲမှာ အဲဒါလည်းပါတယ်၊ သူ့အရွယ်ရောက်ကတည်းက သိနေတာတစ်ခုပဲရှိတယ်၊ အဲဒါ ငါ့ဘာခိုင်းခိုင်း မလုပ်ချင်တာပဲ၊ ငါမွေးခဲ့တဲ့ကောင်တွေထဲမှာ ဒီကောင်က တစ်သွေးတစ်မွေး၊ သူ ပညာတွေ တော်လာတာကိုက ငါ့ကိုဒုက္ခပေးဖို့"

www.burmeseclassic.com

www.burmeseclassic.com



ပွင့်အံလာသည့် အတိတ်အကြောင်းတစ်ချို့ကြောင့် ဦးကျော်စိမ်း မျက်နှာကိုကြည့်၍ ကျွန်းညို တအံ့တသြကြီး ဖြစ်နေခဲ့၏။

"သူ အမြဲတွေးနေတာ ငါ့အရိပ်အောက်က ရုန်းထွက်ဖို့ပဲ"

"ဒီလိုကောင်ကို အာစရိက ဘာဖြစ်လို့ ဒီလောက်ထိတော်အောင် ပညာတွေသင်ပြီး ပြုစုပျိုးထောင်ခဲ့တာလဲ၊ အလကား အဆိပ်ပင်ရေလောင်းလို့ အာစရိရယ်၊ ဒါဖြင့် သေချာတာပေါ့၊ ခုလောက်ဆို ပစ္စည်းတွေနဲ့ ကောင်မလေးနဲ့ သူက ငြိမ့်နေလောက်ပြီ .."

ပြောပြီး ဒေါက်ဘာစိန်ဝင်းကို လှမ်းကြည့်သည်။ ဦးစိန်ဝင်းကလည်း မျက်နှာကြီးတင်းနေကာ သူတို့ကိုမကြည့်ပေမယ့် ဒါတွေကို ကြားပြီး သည်းမခံနိုင်အောင်ဖြစ်နေတာမျိုး။

ဦးကျော်စိမ်းကလည်း ကျွန်းညို လိုပဲ ဦးစိန်ဝင်း ကိုလှည့်ကြည့်၏။ ပြီးတော့ နှုတ်ခမ်းမဲ့၍ ...

"ငါ့ကို ဂရုမစိုက်တဲ့အတွက် သင်းတို့ ဘယ်လိုခံစားရမယ်ဆိုတာ ခုပဲ သိသွားစေရမယ်"

"အာစရိနဲ့ စွမ်းလေး ခုလိုဖြစ်နေတာကို စွမ်းကြီးတို့မသိခင် ကျွန်တော်တို့ စွမ်းလေးနဲ့ အလုပ်ဖြစ်လို့လိုတယ် အာစရိ၊ သူတို့က စွမ်းလေးကိုရှိန်ပြီး .."

"ငါ့ကိုတော့ ဂရုမစိုက်ဘူးလို့ မင်းကပြောချင်တာလား ကျွန်းညို၊ မင်းပြောသမျှ စကားတွေက ငါက ဘာမှမဟုတ်တော့ဘူးဆိုတာတွေပဲ ဖြစ်နေပါလား .."

"အာစရိက ပွင့်ပွင့်လင်းလင်းပြောလာလို့ ကျွန်တော်က ပြောပြတာပါ၊ စွမ်းလေး ဘယ်လိုသတ္တဝါလေးလဲဆိုတာ တစ်ဖွဲ့လုံး သိနေကြတာပဲ၊ သူတို့က အာစရိတို့ဖြစ်နေကြတာနဲ့ ဆန့်ကျင်ဘက်တွေတွေးပြီး အထင်လွဲနေကြတာလေ၊ ဒီလိုမှမလုပ်ရင်လည်း စွမ်းလေးကို စိတ်မျက်နှာတစ်ဖက်ထားလိုက်ပြီး ကျွန်တော်တို့ စွမ်းကြီးတို့နဲ့ ခိုက်ရမယ်၊ ဖြစ်နေတဲ့အတိုင်းပြောပြ .."

"သူတို့ယုံမှာမဟုတ်ဘူးကွ၊ ငါ မင်းထက်ပိုသိတယ်၊ တစ်သက်

www.burmeseclassic.com

www.burmeseclassic.com


လုံး ကြိတ်ပုန်းတွေးလာခဲ့တဲ့ သံသယကို မင်း ဒီလောက်လေးပြောလိုက်တာနဲ့ ယုံသွားမယ်မှတ်နေသလား"

"ကျွန်တော် စွမ်းလေးနဲ့ ဆက်သွယ်လို့ရနိုင်မယ့်ကောင်တွေကို သိတယ် အာစရိ၊ ကောင်မလေး စွမ်းလေးဆီမှာ ရှိနေတာ သေချာနေမှတော့ စွမ်းကြီးတို့နဲ့လည်း အာစရိက မလုပ်ချင်ဘူးဆိုရင် .."

သူ ဆက်မပြောဘဲ ဦးကျောက်စိမ်းရဲ့မျက်နှာကို အကဲခတ်သည်။ ဦးကျောက်စိမ်းက ဘာမှမပြောဘဲနေမှ ..

"ဖုန်းလိုင်းတွေ သူ တစ်ခုခုလုပ်ထားတာ သေချာနေပြီ၊ လူချင်းတွေ့ဖို့ပဲ ကြိုးစားရတော့မှာ၊ ဒီကြားထဲမှာ အာစရိ ဘာစကားမှ မပိုနဲ့ဦး၊ ကျွန်တော် စွမ်းလေးကို အချိုကျွေးကြည့်မယ်"

ကျွန်းညို ပြန်ထွက်သွားသည်နှင့် ဦးကျောက်စိမ်းက ဦးစိန်ဝင်းရှေ့ကို ပြန်လျှောက်သွားသည်။

"ဒေါက်တာကြီး ကြားပါတယ်နော် .."

ဦးစိန်ဝင်းက မျက်နှာလွှဲပစ်၏။ ဦးကျောက်စိမ်း မျက်လုံးတွေ ရှုးရဲသွားကာ ..

"ခင်ဗျားတို့သားအဖနှစ်ယောက်စလုံး ကျုပ်တို့လက်ထဲရောက်နေပြီ၊ ခင်ဗျား ကျုပ်တို့ပစ္စည်းကို မက်မောပြီး ဝှက်ထားတာဆိုရင်လည်း ခင်ဗျားသမီးစားဖို့အတွက်ပဲမဟုတ်လား၊ အခု သူ့ကို ခင်ဗျားဘယ်လိုကာကွယ်မလဲ၊ သူပါမရှိတော့ဘူးဆိုရင် ခင်ဗျား ထောင်ကျခံ၊ အသေခံပြီးဝှက်ထားတဲ့ ဒီပစ္စည်းတွေကို ဘယ်သူစားမှာလဲ .."

"ကျုပ်ကို ဒီစကားတွေပဲ ထပ်ထပ်ပြောမနေနဲ့၊ အပိုပဲ၊ ကျုပ်ဘာပစ္စည်းမှ ဝှက်မထားဘူး၊ ခင်ဗျားတို့ဘယ်လောက်ကြိုးစားနေနေ ဘာမှထူးခြားမှာမဟုတ်ဘူး"

ဦးကျောက်စိမ်း၏ ကြွက်မက်ဖွယ်နီရဲတင်းမာနေသည့်မျက်နှာကြီးကို ဦးစိန်ဝင်းက တံညွှတ်ညွှတ်ကြည့်ကာ ..

"ခင်ဗျားတော်တော်ဖခေါင်းမာပါလား ဒေါက်တာ၊ ကျုပ်ကလည်း အုန်းသီးစားချင်ရင် ခါးရှိရှိ မရှိရှိ၊ ကျောက်ခဲနဲ့ထုရထုရ၊ တူနဲ့ဖြစ်ဖြစ်၊

www.burmeseclassic.com



တုတ်နဲ့ဖြစ်ဖြစ် လက်သီးနဲ့ထိုးခွဲဆို ခွဲဦးမှာ၊ အဲလောက်ထိ ရယူချင်တဲ့ အတွက်ရှိတယ်ဆိုတော့ ..."

ဦးစိန်ဝင်း မျက်နှာ စိတ်ဆင်းရဲခြင်းတွေ ဖြစ်သွားပေမယ့် နောက်ထပ် ဘာစကားမှ မဆိုပေ။ သူ စိုးရိမ်နေတာက သမီးလေး အနေအေး အတွက် ...။

ဒီလူဆိုးတွေရဲ့ လက်တံဘယ်လောက်ရှည်သလဲဆိုတာ သူ့ကို ထောင်ချခဲ့ခြင်း၊ ပြန်ထုတ်လာနိုင်ခြင်းက သက်သေပဲဖြစ်သည်။ ပစ္စည်းကိုမေးလို့မရတော့ ကိုယ့်ရဲ့လူနာကို ဆေးထိုးသတ်ပစ်သည်။ ပြီးတော့ လူနာရှင်တွေက ဆရာဝန်ကို တရားစွဲအောင် ဖန်တီးခဲ့သည်။

ဒီကြားထဲမှာပဲ ထောင်ကျမခံချင်ရင် ပစ္စည်းထုတ်ပေးဖို့ မေးကြတာလည်း နည်းမျိုးစုံနှင့် ...။ ပြီးတော့ ထောင်ကျတဲ့အထိ သူတို့ပဲ တတ်နိုင်လွန်းသည်။ လူကောင်းတွေထက် လူဆိုးက အမြဲတမ်း ခြေတစ်လှမ်းသာနေသည် ဆိုသည့်စကားကို ဦးစိန်ဝင်း လက်ခံသွားခဲ့သည်။

ဒီလူတွေကတော့ ခြေတစ်လှမ်းမက သာသည့်လူတွေပါ။ သူတို့လက်ထဲမှာ အရုပ်ထဲက သာမန်ဝန်ထမ်းတစ်ယောက်ရဲ့ဘဝက စကောထဲက ဆီးဖြူသီးကဲ့သို့ ...။

"ရတယ် ...၊ ခင်ဗျားကို မမေးတော့ဘူး၊ မကြာခင် ခင်ဗျားသမီး ရောက်လာလိမ့်မယ်၊ ကျုပ်ရဲ့သားတွေ တပည့်တွေအားလုံး ခင်ဗျားသမီး ရဲ့အလှအပတွေအားလုံး အသုံးတော်ခံမယ်၊ ခင်ဗျားရှေ့မှာပဲ ..."

"ဒီမှာ ..."

ဦးစိန်ဝင်း မျက်နှာကြီး ရဲတက်လာတာကို ဦးကျော်စိမ်းက ကျေနပ်အားရစွာကြည့်၍ ..

"ပြော ..."

"ခင်ဗျား ဒီလောက်ထိလုပ်လာတာ ကိုယ့်ကိုယ်ကိုယ် ရေလိုက်လွဲနေပြီလားလို့ နည်းနည်းလေးမှ မတွေးမိဘူးလား"

"ဘာလို့တွေးရမှာလဲ၊ ဒီပစ္စည်း ခင်ဗျားဖွက်ထားတယ်ဆိုတာ သေချာသိနေသားနဲ့၊ ထောင်ကျခံသွားတာလေးတစ်ခုနဲ့ လက်လျှော့ရင် ကျော်စိမ်းရဲ့ရာဇဝင် ပျက်သွားမှာပေါ့"

www.burmeseclassic.com


"ကျုပ် မင်းတို့ပစ္စည်းကို ဘာမှန်းတောင်မသိဘူး"

"ဘယ်သိမလဲ၊ ဒီသေတ္တာကို ခင်ဗျားမှမဖွင့်နိုင်ဘဲ၊ ဒါပေမယ့် မကြာခင်သိလာတော့မှာပါ၊ ကျုပ်တို့ ဒီပစ္စည်းနောက်ကို လိုက်နေရတဲ့ အတွက် နစ်နာခဲ့ရတာတွေကို ခင်ဗျားတို့သားအဖနှစ်ယောက်စလုံး သေပေးရင်တောင် ကျေနပ်လို့မရနိုင်ဘူး"

ဦးကျောက်စိမ်းက ရှေ့တိုးလာပြီး ဦးစိန်ဝင်းရဲ့မေးရိုးကို လက်သီးဆုပ်နဲ့ ကပ်တွန်းပစ်လိုက်ကာ ..

"ပစ္စည်းတွေ ပြန်အပ်မယ်ဆိုရင် ခင်ဗျားတို့ သိက္ခာရှိရှိ သေရမယ်၊ ပစ္စည်းတွေ မအပ်လို့ကတော့ ကျန်တာ ကျုပ်တို့ဘာသာ ဆက်လုပ်ရှာမယ်၊ ခင်ဗျားသမီးနဲ့ ခင်ဗျားရဲ့ဘဝ ဟောဒီအခန်းထဲမှာပဲ ဘယ်လောက်ထိ စုတ်ပြတ်သတ်ပြီးမှ သေရမလဲဆိုတာ စောင့်ကြည့်လိုက် .."

ဦးစိန်ဝင်း မျက်နှာကြီး ငုံ့ကျသွား၏။ ရိုက်နှက်နှိပ်စက်ခံထားရသဖြင့် ယိုစိမ့်ထွက်နေဆဲ သွားကြားက သွေးတို့၏ ငန်ကျိကျိအထိ အတွေ့ကိုလည်း သိနေခဲ့လျက် ...။

ဖေဖေ့ကိုခွင့်လွှတ်ပါ သမီးလေးရယ် ..။ ဖေဖေ့အပြစ်တွေပါ။ ဖေဖေက ဂုဏ်သိက္ခာနဲ့ ငွေကြေးစည်းစိမ်ကို အဓိကနဲ့သာမည မခွဲခြားနိုင်တဲ့အဖေမျိုးပါ။

ခုတော့ ဖေဖေ့ညံ့ဖျင်းမှုကြောင့် သမီးလေး ဒီလူယုတ်မာတွေလက်ထဲမှာ ဘဝပျက်ရတော့မယ် ..။

ခေါင်းငိုက်စိုက်ကျနေခဲ့ပေမယ့် မျက်ဝန်းတို့မှာ ခိုတွဲလာသည့် မျက်ရည်တွေက အဆက်မပြတ် ကျဆင်းနေခဲ့လျက် အငိုလွယ် ဆရှိုက်ခက်ရခြင်း၏ နာကျင်မှုတို့သည် ...။

■

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၁)

"ရှင် ကျွန်မကို ကြိုးတုပ်ထားဖို့မလိုပါဘူး၊ ဒီနေရာထိ ကြိုးတုပ်ခေါ်လာတာလည်းမဟုတ်ဘူး"

"ဒါပေမယ့် မင်း ကားပေါ်က ပြန်ခုန်ချမလို့ပဲလေ၊ ငါ့အလုပ်အစအဆုံးမပြီးမချင်း ဘာကြောင့်မှ ထပ်ပြီးအလုပ်ရှုပ်မခံနိုင်ဘူး၊ ငြိမ်ငြိမ်နေလိုက် .."

ဝေး ကို ခြေနှစ်ဖက် လက်နှစ်ဖက် ပူး၍ ကြိုးတုပ်လိုက်သည်။ ပြီးမှ ဆွေ့ခနဲ ပွေ့၍ ဆိုဖာပေါ်မှာ သွားချထားလိုက်ကာ ...

"မင်းကို ငါ ပြောစရာရှိတယ်"

"ကျွန်မမှာ ပြောစရာမရှိဘူး"

"မင်းကို မပြောခိုင်းဘူး၊ ငါပြောတာ နားထောင် .."

"ရှင်ပြောတာကို နားထောင်ဖို့လည်း ကျွန်မ စိတ်ပါမှဖြစ်တာပဲ၊ ဒီမှာ ရေတာက်ချိန် ..၊ ကျွန်မ ဖေဖေနဲ့ စကားပြောပါရစေ၊ တွေ့ခွင့်မရရင်တောင် ဖုန်းပြောဖို့လေးတော့ .."

"အဲဒါကို မင်း ငါ့လက်ထဲမှာ ပြန်မိကာမှ ကြိုးစားတာ မှားတာပဲ၊ ရန်ကုန်ကို မင်းနဲ့ငါ အတူတူပြန်ရောက်တာ .."

ချိန် က ဘေးကကုလားထိုင်ကို နှစ်ပတ် သုံးပတ် လှဲရမ်းသွား

www.burmeseclassic.com

www.burmeseclassic.com



အောင် ဆွဲယူလိုက်ပြီး နောက်ပြန်ခွထိုင်လိုက်သည်။ ပြီးမှ ..

"မင်းအတွက် အရေးကြီးနေတာက မင်းကိုရှာနေတဲ့လူတွေ မမြင်အောင်ပုန်းဖို့ပဲ၊ ထောင်ကျနေတဲ့ ဖအေနဲ့တွေ့ဖို့မပါဘူး"

"ကျွန်မ ဒီလောက်ထိ ကြိုးစားနေခဲ့တာဘောင် ရှင့်လိုလူလက်ထဲမှာ အဖမ်းခံခဲ့ရတာပဲလေ .."

"ငါ နားလည်ချင်တာက မင်းတို့ ဘာဖြစ်လို့ ဒီလောက်ထိ ပုန်းကွယ်ဖို့ ကြိုးစားနေသလဲဆိုတာပဲ .."

"ရှင်လည်း ကျွန်မတို့ကို ဟိုပစ္စည်းဝှက်ထားတယ်လို့ ထင်နေတာပဲမို့လား"

"ဟား .. ဟား . ဟား ..."

ထိုင်လျက်ကနေ မျက်နှာမော့ရယ်လိုက်ပုံက တစ်ဖက်လူကို သေးကျုံ့သွားအောင် နှိမ်ချလှောင်ရယ်နေပုံမျိုးဖြစ်ကာ ...

"ထင်နေတာက မသေချာဘူး၊ ငါသေချာသိနေတာ၊ မင်းအဖေဒါတွေကိုမက်ပြီး ဝှက်ထားတယ်၊ မင်းကို လုံအောင်ပုန်းခိုင်းပြီး အားလုံးလက်လျှော့သွားတဲ့တစ်နေ့မှာ .."

"ရှင် လျှောက်ပြောမနေနဲ့ .."

"မပြောချင်လို့ မင်းကို နားထောင်ခိုင်းနေတာပေါ့၊ ရောက်ကတည်းက မင်းကိုငါ နှင်လွှတ်လိုက်တဲ့အထိ မင်းအဖေနဲ့မင်း တွေ့ဖို့မကြိုးစားခဲ့ဘူး၊ ခု မလွှတ်နိုင်တော့မှန်းသိတော့ မင်းအဖေ ဘာတွေစီစဉ်ထားတာရှိသလဲဆိုတာ မင်းသိဖို့ လိုလာတယ်"

"အဲဒီလို လုံးဝမဟုတ်ဘူး"

ဝေး ရဲ့ငြင်းဆန်နေသည့်မျက်နှာလေးကို သူ စူးစိုက်ကြည့်မှုမိသည်။ ပြီးတော့ မဲ့လိုက်ပြီး ..

"ဘာမှမှလုပ်လို့မရတော့ အဲဒီလိုမဟုတ်တော့ဘူးပေါ့၊ မင်းကိုငါ နှစ်မျက်နှာ သုံးမျက်နှာရှိပြီး သရုပ်ဆောင်တတ်တဲ့မိန်းကလေးလို့ မထင်ခဲ့ဘူး"

www.burmeseclassic.com



"ကျွန်မ သရုပ်ဆောင်နေတာမဟုတ်ဘူး၊ ရှင်လည်း ကျွန်မနေရာမှာဆိုရင် .."

"ဘယ်တော့မှ ရှောင်ပုန်းမနေဘူး .."

သူ့မျက်နှာက စက်ဆုပ်ရွံရှာသလို နှာမေါင်းတွေပါ ခပ်တွန့်တွန့်နှင့်မဲ့လျက် ..

"အမှန်တရားမှာ အရောင်အဆင်းမရှိပေမယ့် ဘယ်တော့မှ ပျောက်ကွယ်မသွားတဲ့ ဂုဏ်သတ္တိရှိတယ်၊ ဒါပေမယ့် သူ့ကိုရှာဖွေဖို့က ကိုယ့်အလုပ်မဟုတ်ဘူး၊ အမှန်တရား ဘယ်ရောက်နေနေ၊ ကိုယ်မှန်နေရင် သတ္တိမကြောင်ဖို့ပဲ .."

"ရှင်ပြောတော့ ရှင့်စကားပဲလေ၊ ကိုယ်ထင်သလိုလုပ်ခွင့်ရှိနေတဲ့လူတွေ ဘာပြောပြောမှန်တာပဲ"

"ကိုယ်ထင်သလိုလုပ်ခွင့်ရှိနေတယ်ဆိုတာ မင်း ဘာကိုပြောတာလဲ အနေဝေး .."

သူ ထိုင်ရာမှထကာ ဆဝ ရှေ့ကိုရောက်လာသည်။

"ငါထင်သလို လုပ်ခွင့်ရှိနေတယ်လို့ မင်း ဘာကိုကြည့်ပြီးပြောတာလဲ၊ ငါ့တစ်သက်လုံး သူများမောင်းနှင်ခဲ့တဲ့အတိုင်း ခရီးသွားနေခဲ့ရတာ၊ ဒီနေ့ မင်းကိုဖမ်းထားခဲ့တဲ့အထိ ငါ့ဆန္ဒမပါသေးဘူး"

ပြောပြီး ခါးနှစ်ဖက်ထောက်၍ မျက်နှာရှေ့ငုံ့လိုက်ကာ ..

"နေ ဆိုတဲ့ကောင်ကို အစိပ်စိပ်အမွှာမွှာဖြစ်အောင် ဆုတ်ဖြဲပစ်ချင်ခဲ့တဲ့ ဒေါသကလွဲရင်ပေါ့"

"အဲဒါ ကျွန်မဘဝနဲ့ ကျွန်မအခြေအနေပါ၊ ရှင့်အတွက် ဒီလောက်တောင် ထိခိုက်သွားတာ အံ့သြစရာပဲ"

"ဟုတ်တယ်၊ တစ်လောကလုံးမှာ ငါ့လို လူဆိုးလူတေတွေပဲ မပါလားလို့ သိလိုက်ရတဲ့အတွက် ခံစားလိုက်ရတာ အဲဒီလောက်ထိပဲ၊ ငါ မင်းကို ဖြူစင်ရိုးသားတဲ့ကောင်လေးအဖြစ် ခင်မင်ခဲ့တာ၊ ငါ့လို ရှင်သန်ခဲ့တဲ့ဘဝမျိုးမဟုတ်ဘူးလို့ တန်ဖိုးထားလေးစားခဲ့တာ၊ တကယ်

www.burmeseclassic.com

www.burmeseclassic.com



တမ်းကျတော့ မင်းလည်း သူခိုးကြမ်းပိုး လူညစ်ပဲ"

နားထဲမှာ သံရည်ပူတွေ လောင်းချလိုက်သလို ဝေး ရှက်လည်း ရှက်၊ ဘယ်လိုမှလည်း သည်းမခံနိုင်။ သို့သော် သူမ က ဆိုဖာပေါ်မှာ ကြိုးတုပ်လျက် အပုံလိုက်လေး။

"ညစ်တတ်တာချင်းတူရင်တော့ မင်းကိုငါ လုံးဝလျှော့ပေးမှာ မဟုတ်ဘူး၊ အခု မင်းကို နောက်ဆုံးမေးမယ်၊ မင်းအဖေ မင်းကို တစ်ခုခု ပြောထားခဲ့တာ ရှိသလား"

"ဖေဖေနဲ့ကျွန်မ တစ်ခါမှ စကားမပြောရသေးဘူး"

"ဒေါက်တာဦးအေးသောင်းတို့ကနေတစ်ဆင့် ပို့နေတဲ့ ညွှန်ကြား ချက်တွေကရော .."

"သူတို့က ဖေဖေ့အဖြစ်ကိုစာနာပြီး စေတနာနဲ့ စောင့်ရှောက်နေ ကြတဲ့လူတွေပါ၊ သူတို့ကိုလည်း ရှင့်လူတွေ စောင့်ကြည့်နေကြလို့ ဆေး နဲ့ မဆက်သွယ်တာကြာပြီ"

"ဒီည အရေးတဲကြီးတွေ ကြတာကရော .."

ဝေး ရဲ့မျက်ဝန်းလေးတွေ သူ့မျက်နှာဆီ တန်းခနဲ ရောက်လာ သည်နှင့် ချိန် က ခါးမတ်မတ်ရပ်ပြီး ဘောင်းဘီအိတ်တွေထဲ လက် ထည့်လိုက်၏။

"မေးတာကိုပဲဖြေ ..၊ မင်း ငါ့ကို မေးခွန်းပြန်ဝ ဘ်ဖို့ မစဉ်းစားနဲ့"

"ဒါပေမယ့် မေးမှဖြစ်မယ်၊ ရှင် ကျွန်မကို တစ်နာရီပြေးခွင့်ပေး ခဲ့တယ်၊ မသိရင်တော့ တကယ့်ကို သမာဓိရှိတဲ့ ကြေးစားလူသတ်သမား ကြီးပေါ့၊ ဟွန်း .. ရှေ့ကပြေးခိုင်းပြီး နောက်ကလိုက်ချောင်းနေတာ ဘယ်သူမှမသိဘူး"

"ငါ မင်းကို လိုက်ကြည့်နေတာမဟုတ်ဘူး၊ ဦးအေးသောင်းတို့ အိမ်ပတ်ဝန်းကျင်မှာ ငါ့လူတွေရှိနေတာ၊ သူတို့ဝင်တာ ထွက်တာ နောက်ကိုလိုက်ရင်းနဲ့ မင်းဘယ်မှာလဲဆိုတာ တွေ့သာပဲ"

"ဟွန်း .."

www.burmeseclassic.com



"ငါမေးနေတာ မင်းမဖြေသေးဘူး .."

"ကျွန်မ ဘာမှမသိဘူး"

"ကောင်းပြီ၊ မင်းနဲ့ငါ ပတ်သက်ခဲ့တဲ့အတွက် သတိပေးလိုက်မယ်၊ ပစ္စည်းဥစ္စာဆိုတာ ဘဝတစ်ခုရဲ့တန်ဖိုးနဲ့စာရင် မပြောပလောက်ဘူး၊ သူတို့လိုချင်နေတာ ဒီပစ္စည်းတွေပဲ၊ မင်းတို့ ထုတ်မပေးဘူးဆိုရင်တော့ နောက်ထပ်အခွင့်အရေးထပ်ရှိလာဖို့ မခန့်မှန်းလင့်နဲ့ပေါ့ .."

"သူတို့လို့ ပြောနေရအောင် အဲဒါကို မက်မောနေတဲ့ထဲမှာ ရှင်မပါလို့လား"

"အဲဒါ မင်းအလုပ်မဟုတ်ဘူး"

သူမ မျက်နှာကို စေ့စေ့မကြည့်အောင် မျက်နှာလွှဲထားလိုက်မိသည်။ မိတ်ကပ်ပြေပြေ၊ နှုတ်ခမ်းနီကိုလက်လက်ကလေးနှင့် ဖြူနုဝင်းစက်နေသော မျက်နှာက အညိုရောင်သန်းနေသော ဆံပင်ခပ်အုပ်အုပ်နှင့် 'နေ' ဆိုသောကောင်လေးနဲ့ တခြားစီ ..။

ထိုမျက်နှာကို သေချာကြည့်မိတိုင်း ပြောလက်စ စကားတွေကိုမေ့ကာ 'တတ်လည်းတတ်နိုင်ပါ့' ဆိုသည့်အတွေးနှင့် ဒေါသက ဖိတ်ခေါ်ဖို့မလို။

လှည့်စားခံရခြင်းနှင့်ပတ်သက်၍ ရှက်နေသည့်စိတ်က သူမအပေါ် ဘယ်လိုမှ ခွင့်လွှတ်ချင်စိတ် မွေးလို့မရ။ ပြီးတော့ ပြောခဲ့သေးသည်။

"ဟုတ်တယ်၊ 'ငါ့ကို မိန်းကလေးမှန်းသိနေတာလား' လို့ အစကတထိတ်ထိတ်ဖြစ်နေခဲ့ရတာ၊ ရှင်က ငတုံးမှန်းသိလာတော့မှ စိတ်အေးသွားတယ်' တဲ့။

ဆူပွက်ချင်လာသည့်ဒေါသကိုဖြေရန် တခြားဘက် လှည့်ထွက်လာခဲ့သည်။ ခုချိန်ထိ သူမ ရဲ့အလှအပမျက်နှာကို ခံစားလို့မဖြစ်နေခဲ့သည်။ 'နေ' အဖြစ် သူ့ရှေ့မှာ လှုပ်ရှားပြောဆိုနေခဲ့သော ပုံရိပ်တွေကသာ အထင်ကရ စွဲကျန်ရစ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မြင်ယောင်မိတိုင်း လူကို လှောင်ရယ်နေကာ ခွင့်မလွှတ်နိုင်သည့် ဆုံးဖြတ်ချက်တွေပဲ အထပ်ထပ်ချဖြစ်နေသည်။ ထို့ကြောင့် အနေဆေး ကို သူမှုန်းနေခဲ့လျက် ..။

"ဗလာ .. ဟေ့ .."

"ဖျာ .. လာပြီ အစ်ကို"

ကားမောင်းပို့သည့်လူက အသားမည်းမည်း ခြေတံလက်တံ ပလွေ ရှိုးပုံနှင့် အထဲပြေးဝင်လာ၏။ ချိန် က တစ်စုံတစ်ခု လှမ်းပေး၍ ..

"ကားထဲက ကာဗာမရှိတဲ့ဖုန်းနှစ်လုံး သွားယူခဲ့၊ ပြီးရင် ကဒ်ထုတ် ပြီး ဒါတွေနဲ့ချိန်း .."

"ဟုတ် .."

ဝေး က ခါးထောက်ရပ်နေသည့် သူ့ကို လှမ်းကြည့်ရင်း ..

"ရေတက်ချိန် .."

သူ့ခေါင်း ဒီဘက်လှည့်တော့မလို လှုပ်ရှားသွားသည်။ ဒါပေမယ့် လှည့်မကြည့်ပေ။

"ကျွန်မ ဒါမျိုးတွေ တစ်ခါမှ ဝတ်ဖူးခဲ့ဘာမဟုတ်ဘူး၊ ရှင် ကျွန်မ ကို ကြိုးတုပ်ထားတဲ့ပုံနဲ့ ဒီအဝတ်အစားတွေနဲ့ ဘယ်လိုမှ အဆင်မပြေ လို့ပါ၊ ကျွန်မ .."

"မင်းအဆင်ပြေအောင် ထားပေးပါ့မယ်လို့ ငါပြောမိခဲ့လား"

မေးခွန်းနှင့်အတူ သူ့မျက်နှာ ဒီဘက်ပြန်လှည့်လာ၏။ ပြီးတော့ ဒူးကျဘောင်းဘီကျပ်ကျပ်လေးနှင့် ကိုယ်ကျပ်အင်္ကျီတိုတိုလေးဝတ် ထားသည့် သူမကို ခြေပြန်ခေါင်းပြန်ကြည့်သည်။

ဆိုဖာမှာ ဒီတိုင်းလေးကပ်နေမိသည့်ကိုယ်ကို ဝေး ဆတ်ခနဲ ခါး လေးကော့ထားလိုက်မိသည်။ အင်္ကျီက ရှေ့ကို ကုန်းလျှင် နောက်က ပေါ်သည်။ နောက်ကိုကော့လျှင် ရှေ့ကပေါ်၏။

ထို့ကြောင့် ခါးစပ်ဝှေ့မပေါ်ရအောင် ကိုယ်ကို ဟောင့်မတ်စွာ ပြန်ပြင်လိုက်ရကာ ..

www.burmeseclassic.com

www.burmeseclassic.com



"မပြောခဲ့ပါဘူး၊ ဟုတ်ပါတယ်၊ ရှင် ဝေး ကို ဘယ်ပဲပို့ပို့ ဒီပုံစံနဲ့တော့ မပို့ပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ်"

"ဒါ မင်းရဲ့ ဆယ့်နှစ်ကြိုးအတတ်တွေပဲ"

"ရှင် ဒါကိုပဲ မကျေနိုင် မချမ်းနိုင် ပြောမနေပါနဲ့"

"ဟုတ်တယ်၊ ငါမကျေနပ်တာ အဲဒါပဲ၊ ငါလိုချင်တာ ရိုးသားမှု၊ လောဘသက္ကာယတွေ နည်းပါးတဲ့ အေးချမ်းသာယာမှု၊ မင်းကတော့ မတော်လောဘတွေနဲ့ ငါ့ကို တစ်ပတ်ရိုက်တယ်၊ အဲဒီလိုလူကို ငါ့ဘက်က စာနာစိတ်ထားဖို့ ဘယ်တော့မှ မမျှော်လင့်နဲ့ .."

"ရှင် စွပ်စွဲနေတာကို မဟုတ်ပါဘူးလို့ ကျွန်မ ရှင်းနေပြတာပဲ၊ ဒီလို ဟန်ဆောင်ဖုံးကွယ်ရတာ ကျွန်မရဲ့လုံခြုံမှုအတွက်ပဲ၊ ကျန်တာ ကျွန်မ ဘာမှမသိဘူး၊ ဘယ်လိုပစ္စည်းကြောင့် ဘာပြဿနာတွေတက်နေမှန်းတောင်မသိဘဲနဲ့ ဘာကိုလောဘတက်ရမှာလဲ"

"ဘာမှမသိတာကစပြီး မင်းကိုမယုံဘူး"

"ဒါဆိုလည်း ရှင့်ကိုညာခဲ့တဲ့မိန်းမပဲ၊ ရှင့်ဒေါသပြေအောင် ထပ်ရိုက်လေ၊ ဆံပင်ဆွဲ ရေဖျဲနှစ်ရတာ အားရကျေနပ်မှုမရှိသေးရင် တစ်ခါတည်း တုံးခနဲ လဲသွားအောင် ရိုက်သတ်လိုက်စမ်းပါ"

ဝေး ရဲ့နာကျင်မှုတွေ ပွင့်အံထွက်လာခဲ့သည်။ မိဘကို စိုးရိမ်ပူပန်နေရခြင်း၊ ကိုယ့်အသက်နဲ့ အရှက်အတွက် ကာကွယ်ရင်း ပြေးလွှားနေရခြင်းတို့နှင့်ပတ်သက်၍ မိန်းမသားတစ်ယောက်ဘက်ကို နည်းနည်းပါးပါးမှ တွေးပေးဖို့ မစဉ်းစား။

ခုထိလည်း ကိုယ်က သူ့ရဲ့အကျဉ်းသားဖြစ်နေရတာတောင်မှ ..။

"မိန်းမသားတစ်ယောက်ကို ရှင် အမျိုးမျိုး ပြောဆိုဒဏ်ခတ်ခဲ့ပြီးပြီ၊ အဲဒါ မကျေနပ်သေးဘူးဆိုရင် ထပ်စဉ်းစားပါဦး၊ စိတ်တိုင်းမိသလောက် ရှင်နှိပ်စက်ပါ၊ ခုထိ ကျွန်မက ရှင့်လက်ခုပ်ထဲမှာရှိနေရ .."

အော်ဟစ်ပြောနေမိတော့ ဒီမိန်းမ ဒေါသတွေပြီးနေတယ်လို့ ထင်လိမ့်မည်။ ဘာကယ်တမ်းကျတော့ သူ မြှောက်လိုမြှောက်၊ ပစ်ချပြီး

www.burmeseclassic.com

www.burmeseclassic.com



နင်းလိုနင်း ..။

သူ့အတွက် ကိုယ်က အဝတ်စုတ်ထုပ်သာ ..။

"ကျွန်မနေထိုင်ခဲ့တာ အပြစ်ဖြစ်သွားတယ်ဆိုရင်လည်း အဲဒါ ရှင့်အပေါ်မှာ ရည်ရွယ်ပြီး ကျူးလွန်တာမဟုတ်ဘူး၊ လူသတ်မိရင်တောင် ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်တာဆိုရင် ဥပဒေအရ လွတ်ငြိမ်းချမ်းသာခွင့်ရှိတယ်၊ ရှင်ကတော့ ဘယ်လောက်ပဲ တုံ့ပြန်နှိပ်စက်နေရပေ့စေ..၊ ကျေနပ်တယ်ဆိုတာမရှိဘူး .."

"မင်း တော်သင့်ပြီ"

"ရှင့်ကို ကျေနပ်ပေးဖို့ တောင်းဆိုနေတာမဟုတ်ဘူး ရေတက်ချိန်၊ ကျွန်မ အပေါ်ဟက်ပြီးအဝတ်လဲဖို့ .. ဒီကြိုးတွေကို ခဏ .."

"ဘာမှမရဘူး .."

သူ နေရာမှ ဖျတ်ခနဲ ထရပ်လိုက်ကာ ..

"ဗလာ .."

"ဗျာ .. ကိုချိန် .."

"ကား အဆင်သင့်လုပ်ထား .."

"လုပ်ပြီးပြီ .."

"ရှင် .. ဘာလုပ်တာလဲ"

"မင်း ပေါက်ပေါက်ဖောက်နေတာတွေ နားငြီးလို့ .."

ပြောပြီး သူမ ကို ဒီတိုင်းပွေ့ယူလိုက်သည်။ တောင်းပန်လည်း ဘာမှမထူးတော့မှာကို နားလည်လိုက်ကာ ဖေး နှုတ်ခမ်းလေးကိုက်ထားမိကာ ..

"လူဆိုးလူညစ် ..၊ အသည်းနှလုံးမရှိတဲ့လူ ..၊ ရှင့်ကို ကျွန်မမုန်းတယ်၊ အရမ်းမုန်းတယ် .. သိလား"

"ကောင်းတာပေါ့"

"အ .."

ဗလာ အဆင်သင့်ဖွင့်ပေးထားသည့် ကားအတွင်းထဲကို သူမ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



လေးကို မညင်သာစွာ ထည့်လိုက်ပြီးမှ ချိန် က ပြန်မသွက်ဘဲ သူ့မ
ဘေးမှာပဲ လက်ထောက်ငုံ့ကာ ..

"ဒီ့ထက် ပိုမုန်းစရာကောင်းအောင် လုပ်လို့ရသေးတယ် .."

သူ့စကားကြောင့် ဝေး အသံလေး တိခနဲတိခနဲ တိတ်ကျသွား၏၊

"ငါက နားမထောင်ချင်ဘူးဆိုရင် သက်ပြင်းချသံကိုတောင် မုန်း
တယ်၊ မင်းကို ကျေးဇူးတင်တဲ့အတွက် .."

"ဟင့်အင်း .. မလုပ်နဲ့၊ ရှင် .. ရှင် မယုတ်မာနဲ့နော် .."

"မင်း ဒါကြောင့် ဝမ်းနည်းမှောက်ခုံတွေ ဖြစ်နေတာမို့လား၊ ရှက်
ကြောပြတ်သွားအောင် လုပ်လိုက်ရင် ပြီးပြီ .."

"ဟင့်အင်း .. ဟင့်အင်း .. ချိန် မလုပ်နဲ့၊ ကျွန်မ တောင်းပန်ပါ
တယ်၊ ရှိခိုးပါတယ် .. ဟင့်အင်း .."

ကိုယ်ကျပ်အင်္ကျီခါးစပ်ကိုကိုင်၍ ခေါင်းကနေ လှန်ချွတ်ဖို့ ကြိုး
စားလာသဖြင့် ဝေး သေလုမျောပါး တောင်းပန်ရင်း ဆိုဖာကျဉ်းကျဉ်း
လေးပေါ်မှာ ပင္လာမြေလူး ရှောင်တိမ်းအော်ဟစ်နေ၏။

ချိန် က နှုတ်ခမ်းစေ့ထားလျက် ခပ်မဲ့မဲ့ပြုံးကာ မလွှတ်တမ်းကိုင်
ထားသည့် အင်္ကျီခါးစကို လွှတ်ပေးလိုက်သည်။

"အိုခေ .. ပါးစပ်ပိတ်ပြီး အေးဆေးလိုက်ခဲ့ .."

"ဂျိမ်း .."

သူ တံခါးပိတ်ပစ်လိုက်သည့်ခဏမှာ ဝေး ကိုယ်လေး အရုပ်ကြိုး
ပြတ်ခွေကျသွားကာ ..။

နောက်ထပ် ဒီလူမနှိပ်စက်ခင် ကျွန်မ သေသွားပါစေ ..။

■

www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၂၂)

"ပြော .. မျောက်လေး .."

"ဟား ဟား ဟား .. မျောက်လေးက မင်းအတွက် ပြေးလွှားလှုပ်ရှားရလွန်းလို့ ပင်ပန်းလို့တဲ့ကွာ၊ သူ့ကို ခဏသိပ်ထားလိုက်တယ်၊ ငါက ကျွန်းညို .."

"ကျွတ် .."

စိတ်က ထောင်းခနဲ ဖြစ်သွားသည့်အတိုင်း ..

"ကျို ..."

"အား .."

ကားကို လမ်းဘေးဆွဲချပြီး ထိုးရပ်ပစ်လိုက်၏။ ကားနောက်ထဲမှာ ကြိုးတုပ်ခံထားရသည့် ဝေး ကိုယ်လေး ခုံကြားထဲကို အပုံလိုက်ကျသွားတာ ဗလာလည်း ဖမ်းဆွဲချိန်မရလိုက်။

ချိန် က ကိုယ့်ဒေါသနဲ့ကိုယ် နောက်မှာလည်း အာရုံမရှိပေ။

"ဟား .. ဟား .. ဟား .. ဘာဖြစ်သွားတာလဲ စွမ်းလေး၊ မင်းက ဘားပေါ်မှာများလား .."

"ဘာအကြောင်းတွေရှိလို့ သူများဆီကဖုန်းကို လုယူရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ယူရတယ်ဆိုမှတော့ မပေးလို့ပေါ့ကွာ၊ မင်းက ဆရာဝန်ကြီး သမီးကို အပိုင်ရထားပြီး ကိုယ့်ကိုယ်ကိုယ် ကမ္ဘာကျော်ဘီလျံနာကြီး ဖြစ်သွားပြီထင်နေတာလား .."

ကျွန်းညို က ရယ်သံတွေ ထည့်စွက်ပြောနေပေမယ့် ဒေါသဖြစ် နေမှန်း သိသာစွာ သူချည်းပဲ ဆက်တိုက်ပြောနေ၏။

"ကောင်မလေးကို ရထားပြီဆိုကတည်းက ဖုန်းတွေခေါ်လို့မရ၊ လာတွေ့ပါဆိုလည်း မလာ၊ မင်းရဲ့ခြေလှမ်းတွေကို မင်းအဖေမသိဘူး ထင်နေလို့လား"

"မင်းအဖေကသိနေရင် အဖေနဲ့ပြောမယ်၊ ငါအခု အဖေ့ဆီ .."

"ဟိတ်ကောင် .. အဖေနဲ့ပြောမယ်ဆိုတာ မင်း ငါ့ကိုစော်ကား လိုက်တာလား၊ ငါက အာစရိရဲ့ လက်ရုံးတပည့်ကွ၊ ဘယ်လောက်ဘိ အားထားတဲ့လက်ရုံးလည်းဆိုရင် မင်းကို တွေ့တဲ့နေရာမှာ အဆုံးစီရင် ခဲ့ပါတယ်ဆိုရင်တောင် တော်လိုက်တဲ့ ငါ့တပည့်လို့ ပြောဦးမှာ .."

ပြောပြီး သူ့ဘာသာသူ သဘောကျရယ်နေသေးသည်။ ပြီးမှ ..

"မင်းနေချင်သလို နေခဲ့သမျှ ပြစ်ဒဏ်ပေါ့လျော့စေချင်ရင် ကောင် မလေးကို ခုချက်ချင်းလာအပ်လှည့် .."

"ကျွန်းညို .. မင်း ဘာတွေပြောနေသလဲ၊ မင်းကိုယ်မင်း သိရဲ့ လား .."

"သိပ်သိတာပေါ့၊ ငါပြောသမျှ မင်းအဖေပြောခိုင်းတာတွေချည်း ပဲ၊ မင်းတို့သားအဖချင်းတွေ့ရင် မေးလို့ရတာပဲဥစ္စာ ..၊ ငါက ကြွားစရာ လား .. ဟွန်း .."

"ဒါဆို ထပ်ပြော၊ အဖေက မင်းကို ဘာတွေခိုင်းလိုက်သေးလဲ၊ ငါ ဘာလုပ်ရမယ်ဆိုတာ တစ်ခုခု .."

"ဩော် .. ဩော် .. ခုတော့ နာခံရမှန်း သတိရသွားပြီပေါ့၊ ကိုယ့် ကံကြမ္မာကို သိသွားတဲ့သဘောပေါ့၊ ကောင်းတယ် ..၊ အခု မင်းလုပ်ရ မှာက ကောင်မလေးကို ခေါ်လာခဲ့ဖို့ နံပါတ်တစ်၊ နံပါတ်နှစ်က .."

www.burmeseclassic.com

www.burmeseclassic.com



"ခေါ်လာပေးတော့ ငါဘာရမှာလဲ .."

"ဟား ဟား ဟား ... ရယ်ရတယ်ကွာ၊ အေး .. အေး .. လိုချင်ရင် မင်းအဖေနဲ့တွေ့တော့ တောင်းပေါ့ကွာ၊ မင်းက သားတော်ရာဟုလာ မှမဟုတ်တာ ..၊ ခေါင်းတုံးပြီး သင်္ကန်းစည်းပေးတာတော့ ခံရမှာ မဟုတ်ပါဘူး၊ ဒါဆို မင်းလာခဲ့၊ နာရီဝက်အတွင်းအရောက် .."

ကျွန်းညို ကစပြီး ဖုန်းချသွားသည်။ သူ ဒီတိုင်းထိုင်နေရင်း ခပ်မဲ့မဲ့ ပြုံး၏။ မဟူရာ့ကိုခေါ်လိုက်ပြီး ..

"မင်း စွမ်းကြီးတို့ဆီ ငါပြောခိုင်းတဲ့အတိုင်း သတင်းရောက် အောင် ပို့ပေးလိုက် .."

"... ... ..."

"အေး .. ခုပဲ ငါသိလိုက်တာ၊ သူတို့ဘာသာ ကြေးစားတွေ ဘယ် လောက်ခေါ်လာလာ .. ငါဂရုမစိုက်ဘူး"

"... ... ..."

"မင်းပူမနေပါနဲ့ .."

"... .. .... ..."

"ဟုတ်တယ်၊ ခုသွားပို့မှာ ..၊ ဒါပေမယ့် ပူမနေပါနဲ့ မဟူရာ၊ အောင်မြင်မှုတိုင်းက အနိုင်တိုက်ယူတာတွေချည်းမဟုတ်ပါဘူး"

သူ ဖုန်းချပြီး ကားကို လမ်းပေါ် ပြန်ဆွဲတင်လိုက်သည်။ ဒါပေ မယ့် ခေါင်းထဲမှာ အစီအစဉ်တွေက ပြောင်းလဲသွားပြီဖြစ်၏။

သူ အဖေလို့ခေါ်လာခဲ့တဲ့ ဦးကျော်စိမ်း ..။

"စွမ်းလတ် ပြန်ရောက်လာပြီ ချိန်၊ ကြေးစားနှစ်ယောက်တောင် ခေါ်လာတယ်၊ အဲဒါ မင်းအတွက်လား၊ မင်းအဖေအတွက်လားတော့ မသိဘူး၊ တစ်ခုသေချာတာက ဦးကျော်စိမ်းက မင်းကိုသတ်ဖို့ထိ စီစဉ်ပြီးနေပြီ"

"မင်းတို့သားအဖ ဘယ်လိုဆက်သွယ်ချက်တွေ ရှိသလဲတော့ မသိဘူး၊ ငါရတဲ့သတင်းက လုံးဝသေချာတယ်နော် ချိန်၊ မင်း ကိုယ့်

www.burmeseclassic.com



အံမဖေဆိုပြီး သတိလက်လွတ်တော့မနေနဲ့.” တဲ့။

သူမသိဘဲ နေမလား ..။

ဒီလောက်မြန်လိမ့်မယ်လို့ မထင်ပေမယ့် ဒီလိုဖြစ်လာမယ်ဆိုတာ သိပြီးသား..။

“ကိုချိန် .. ဒီအစ်မ နဖူးပေါက်သွားတယ်ထင်တယ်၊ ဘာနဲ့ထိသွားလဲမသိဘူး”

သူ မှန်ထဲကနေ လှမ်းကြည့်လိုက်ပြီး အင်္ကျီအိတ်ထဲက ပလပ်စတာတစ်ခုယူပြီး နောက်ပြန်လှမ်းပေးလိုက်ကာ ..

“သိပ်မများဘူးမို့လား၊ ဒါနဲ့ ဆက်ဖိထားပေးလိုက် ..”

“မလိုပါဘူး၊ မြန်မြန်သေမယ့်ဒဏ်ရာရပါစေလို့ပဲ ဆုတောင်းဒပေး”

“အဲဒါကို ဆုတောင်းနေဖို့မလိုဘူး၊ မင်းကို ငါကိုယ်တိုင် အခုပဲအရောက်ပို့မှာ ..”

ပြောပြီး ပလပ်စတာကို ဗလာဆီရောက်အောင် ပစ်ပေါက်လိုက်သည်။ ပြီးမှ ကားလှည့်မောင်းလျှင် ..

“ကိုချိန် .. ကျွန်တော် မောင်းပေးမယ်လေ ..”

“ငါ မနိုင်းဘဲနဲ့ မရှည်နဲ့ ..”

ကားက ညဉ့်နက်နက်မှာ ဟူးဟူးရားရား ပြေးနေခဲ့လျက် ..။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"ဘယ်မှာလဲ ကောင်မလေး"

"မင်းတို့ ဘာတွေလာမေးနေတာလဲ .."

စွမ်းကြီးနဲ့ စွမ်းငယ်တို့က ရှေ့ဆုံးမှာ ကြွားရှားစွာရှိနေကြလျက် နောက်မှာ အနက်ရောင်ဝတ်စုံတွေနှင့် ဗလတောင့်တောင့်၊ မျက်နှာပုံ ကြမ်းကြမ်းနှင့် လူလေးယောက်က တန်းစီနေ၏။

အပြင်မှာလည်း ကိုယ့်လူမဟုတ်သောအရိပ်တွေကို မှန်ထဲကနေ မြင်နေရသဖြင့် ဦးကျောက်စိမ်း မျက်နှာပျက်သွားသည်။

သူ လှုပ်ရှားခဲ့တာ မြန်မာပြည်မှာမဟုတ်ပေ။ ထို့ကြောင့် သူ့အင်အားက ဒီမှာ ဘာမှမရှိ။

"မင်းက ဖအေကို ဘယ်လိုပုံစံနဲ့လာတွေ့တာလဲ စွမ်းကြီး"

"အဖေနဲ့ တစ်ထပ်တည်းတူတဲ့ ပုံစံနဲ့ပါပဲ၊ အဖေ့ကို ကျွန်တော်တို့ အမျိုးမျိုးစည်းရုံးကြည့်တာရမှမရဘဲ၊ အဖေက ဘယ်သားကိုရန်သူ၊ ဘယ်သားကို မိတ်ဆွေဆိုတာ ဘေးလူ ဘယ်လိုမှခန့်မှန်းမရအောင် ဟန်ဆောင်ကောင်းခဲ့တယ်"

"ငါ့ဘက်က ဟန်ဆောင်မှုဘာမှမရှိခဲ့ဘူး စွမ်းကြီး၊ မင်းတို့က လိမ္မာခဲ့တယ်၊ မလိမ္မာခဲ့တဲ့ကောင်ကို ပိုစိတ်ပူရတယ်၊ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အလှေ့ာအတင်းအမျိုးမျိုးလုပ်ပြီး ..”

“ပုံပြင်တွေနားထောင်ရတာ ငြီးငွေ့နေပြီ အဖေ၊ ကျွန်တော်တို့လည်း ဘာမှတော်ကြတာမဟုတ်တော့ အဖေလို့ခေါ်နေရတာ ဘာဖီလင်မှမပါဘူး၊ ခုဆို ပိုပြီးတော့ ခေါ်ဖို့မသင့်တော့ဘူးထင်တယ်၊ ကျွန်တော်တို့အားလုံး လမ်းခွဲတစ်ခုမှာ ရပ်နေကြတာလေ ..”

စွမ်းကြီးနဲ့အတူ စွမ်းငယ်ရဲ့မျက်နှာကတောင် တစ်ထပ်တည်းတည်ငြိမ်နေခဲ့၏။ စွမ်းလတ်က ဘယ်ရောက်နေသလဲ၊ ဒီကိုပါမလာဘဲ ဘယ်မှာကျန်ရစ်ခဲ့ပြီး ဘာတွေကြိတ်ပြင်ဆင်နေသလဲ။

“အဖေ .. စွမ်းလတ်ကို ရှာနေတာလား”

စွမ်းကြီးက ခနဲ့ပြုံးနဲ့မေးကာ ..

“အဲဒါက အဖေပြန်ဖြေမယ့် အဖြေပေါ်မှာ မူတည်ပါတယ်၊ ဒေါက်တာစိန်ဝင်းနဲ့ သူ့သမီး ဘယ်မှာလဲ”

“မင်းက ဘာကောင်မို့လို့ ငါ့ကို တရားခံစစ် လာစစ်နေတာလဲ”

“မေးခွန်းတစ်ခုကိုဖြေတာနဲ့ တရားခံဖြစ်မသွားပါဘူးဗျာ၊ ဒါပေမယ့် တရားခံအဖြေမှားရင် ရိုက်သတ်တဲ့ဥပဒေမရှိဘူး၊ ဦးကျော်စိမ်း အဖြေမှားရင်တော့ ... ဟွန်း .. အချိန်တွေ တန်ဖိုးရှိတာ ခင်ဗျားသိပါတယ်”

ဦးကျော်စိမ်း မျက်နှာတစ်ပြင်လုံး ညိုမှောင်လာသည်။ အနားမှာ ကျွန်းညိုနဲ့ စကြာတို့လည်းမရှိ။ ကိုယ်ကျင်လည်ရာ ပတ်ဝန်းကျင်မှာ မဟုတ်သည့်အပြင် ရှိခဲ့တဲ့လူတွေကလည်း တစ်နေရာစီရောက်နေကြသည်။ စွမ်းလေးနဲ့ ရအောင်ဆက်သွယ်မယ်ဆိုပြီး ထွက်သွားသည့် ကျွန်းညိုဘာကြောင့် အခြေအနေအကြောင်းမပြန်တာလဲ။

စိုးရိမ်စိတ်တွေဖြစ်လာပေမယ့် ခေါင်းဆောင်ဆိုသည့်မာန်မာနကလည်း မချနိုင်ဘဲရှိကာ ..

“ငါက စွမ်းလေးကို အစွယ်ချိုးဖို့အတွက် အများကြီးပြင်ဆင်ခဲ့တာ၊ မင်းတို့က ဘာမှနားမလည်ဘဲနဲ့ ..”

“ပုခက်ထဲက ကလေးကို သွားပြောစမ်းပါဗျာ၊ ဒီလိုထင်စရာတွေ

www.burmeseclassic.com

www.burmeseclassic.com


လုပ်လိုက်၊ ဟိုလိုဖြစ်လာလိုက်နဲ့ ခင်ဗျားဇာတ်ကလာခဲ့တာ အခု မိုးလင်းလို့ နောက်ပိုင်းခန်းကိုရောက်လာပြီ၊ ငိုချင်းချဖို့အသင့်ပြင်ထား ..”

“ဟိတ်ကောင် .. မင်း ငါ့ကို စကားပြောတဲ့ပုံစံပြင်လိုက်စမ်း”

“ကျွန်တော်တို့ကို ဘယ်လိုဆက်ဆံသင့်သလဲဆိုတာ ခင်ဗျားနားလည်အောင် ကြိုးစားစမ်းပါ၊ အခု ဆရာဝန်သားအဖကို ဘယ်မှာသွားဝှက်ထားလိုက်သလဲ”

“ကောင်မလေးက စွမ်းလေးဆိုမှာ၊ ဆရာဝန်ကလည်း ဘာမှထုတ်မပြောဘူး၊ မင်းတို့က ဒီကောင်မလေး ငါ့ဆီမှာလို့ ဘာဖြစ်လို့ တပ်အပ်စွပ်စွဲနေတာလဲ”

“အတိအကျသိနေလို့ပေါ့၊ စွမ်းလေး ခင်ဗျားဘီကို ပို့ပြီးသွားပြီဆိုတာ သတင်းအတိအကျရပြီးပြီ၊ ခင်ဗျားက စွမ်းလေးကို စက်ရုံက ဖက်စပ်လုပ်ငန်းမှာထည့်ထားသမျှ ရှယ်ယာတွေ အားလုံးကိုတစ်ဦးတည်းပိုင် လွှဲပေးပြီး ဒီကိစ္စကိုပြီးဆုံးအောင်လုပ်ပေးဖို့ အလဲအလှယ်လုပ်ခိုင်းထားတာ ..”

“ဟိတ်ကောင် .. ငါတောင်မသိတဲ့ကိစ္စတွေကို မင်းဘာတွေလာပြောနေတာလဲ”

“ဒီလိုဟန်ဆောင်ပြီး ထွက်ပေါက်ရှာဖို့ကြိုးစားလည်း အလကားပဲ၊ စွမ်းလေး ဘယ်လိုကောင်လဲဆိုတာ ကျုပ်တို့က သိပြီးသား၊ ဒီကောင်က စကားများများမပြောဘူး၊ သူ စိတ်မဝင်စားရင် စိန်တောင်ရွှေတောင်ဖြစ်ဖြစ် လှည့်ကြည့်မှာမဟုတ်ဘူး”

“ဒါကိုသိရင်လည်း မင်းတို့ ..”

“သိတယ်လေ၊ ဒါကြောင့် ဒီပစ္စည်းတွေ ဘယ်လောက်တန်ဖိုးရှိသလဲဆိုတာ စိတ်မဝင်စားလို့ ခင်ဗျားကျောသပ်ခိုင်းတိုင်း ရနေတာပေါ့”

“စွမ်းလေးဆိုတဲ့ကောင် မင်းတို့ထင်သလောက် မအဘူး၊ ပစ္စည်းမမက်ဘူးဆိုတာလည်း သူက ငါတို့လုပ်ငန်းစီးပွားတွေကို မတူမတန်သလိုစိတ်ထားနေလို့၊ ငါ သူ့ကို စင်ကာပူမှာ ရှယ်ယာအများဆုံးနဲ့ ဗန်း

www.burmeseclassic.com



တင်ပေးထားတာ အဲဒီလိုမမက်မောမှန်းသိလို့ ..."

"ဟွန်း .. ပြောပေါ့ ..၊ အကန်းရေတွင်းကျ စကား .."

"မင်းတို့မယုံရင်နေလေ၊ ဒီကောင့်ဆီကနေ ငွေကြေးဥစ္စာ ဘာဖြစ်ဖြစ် ငါ အလွယ်လေး ပြန်သိမ်းလို့ရတယ်၊ ဒါကြောင့် .."

"လိုရင်းကိုပြောစမ်းပါ ဦးကျောက်စိမ်းရာ၊ စွမ်းလေးက ခင်ဗျားအတွက် နိုင်းလို့ကောင်းရုံတင်မကဘူး၊ သူ့အရည်အချင်းကိုအားကိုးပြီး ကျုပ်တို့ကို မလိုတဲ့အချိန် အေးဆေးဖြတ်ချမလို့ပါ ဟုတ်တယ်မို့လား"

"အေး .. အဲဒီလိုစိတ်ကူးရှိထားရင်လည်း ငါ့အပေါ်သိတတ်ကြတဲ့ မင်းတို့ကိုတော့ မရည်ရွယ်ဘူး စွမ်းကြီး၊ ဘယ်တော့မှ ငါ့စကားနားမထောင်ခဲ့တဲ့ စွမ်းလေးကိုပဲ ငါလုပ်မှာ၊ တကယ်လည်း စီစဉ်ထားခဲ့ပြီးသား ..၊ ဒီတစ်ခေါက်အလုပ်ကိစ္စမှာ သူ့ကိုခိုင်းတာ နောက်ဆုံးပဲ"

"ဟား ဟား ဟား .. ဟား .."

ဦးကျောက်စိမ်း ဘယ်လိုပဲစည်းရုံးဖို့ကြိုးစားပေမယ့် အပြောနောက်ကျခဲ့သည့် သူ့ရဲ့အမှန်တရားတွေက စွမ်းကြီးတို့အတွက် ပြက်ရယ်ပြုဖွယ်တွေသာ ဖြစ်နေခဲ့လျက် ..

"နောက်ဆုံးဆိုရင်လည်း အခုတော့ ခင်ဗျားအတွက် သူလုပ်ပေးပြီးပြီမို့လား၊ နောက်ထပ်ခြေလှမ်းက ကျုပ်တို့ကို ဘယ်လိုရှင်းမလဲဆိုတာပေါ့၊ ဒါပေမယ့် ကျုပ်တို့က ခင်ဗျားလိုအဘိုးကြီးတစ်ယောက် လျှင်တာလောက်ကို မုန့်တိုင်းသတင်း ကြားရတာလောက်တောင် စိတ်မဝင်စားဘူးဗျ"

"ကိုကြီးစွမ်း .. ကျွန်တော်တို့ ဒီလောက်ထိပြောဖို့ အစီအစဉ်ထဲမှာမပါဘူးလေ"

စွမ်းငယ်က စိတ်မရှည်သလို သတိပေး၏။ ဦးကျောက်စိမ်း မျက်နှာပျက်သွားကာ ..

"နေဦး .. မင်းတို့မယုံရင် ကျွန်းညိုနဲ့ ဖုန်းပြောလိုက်၊ စွမ်းလေးဆိုတဲ့ကောင်နဲ့ ငါ အဆက်အသွယ်မရှိခဲ့တာကြာပြီ၊ ကျွန်းညိုကို အဲဒီ

www.burmeseclassic.com



ကိစ္စအတွက် ..."

"ဆရာကြီး ..."

နောက်ခန်းထဲကနေ လူတစ်ယောက် ဖုန်းကိုင်ပြီးထွက်လာခဲ့၏၊ စွမ်းကြီးတို့ရဲ့ ရှုးစိုက်မှုတွေ ထိုသူနဲ့ ဖုန်းထံ စုပြုသွားကြ၏။

ဦးကျောက်စိမ်းက ထိုလူရွယ်ကို မျက်မှောင်ကြုတ်ကြည့်ကာ–

"ဘာလဲ .. မင်းက .. ဘယ်သူလဲ"

"ဒီမှာ .. ကိုစွမ်း ဆီကဖုန်း .."

လူရွယ်က ဦးကျောက်စိမ်းရှေ့ကျမှ အသံကိုနှိမ့်သလို ကပ်ပြော သည်။ ဒါပေမယ့် စွမ်းကြီးက သေချာကြားလိုက်ကာ ...

"ဟော့ .. ဖုန်းပဲ့စမ်း .."

"ဟိတ်ကောင် .. မင်း .."

စွမ်းကြီးရဲ့ ညွှန်ကြားသံအဆုံးမှာ ဦးကျောက်စိမ်း ဒေါသထွက် သွား၏။ သို့သော် ဖုန်းလာပေးတာလည်း ကိုယ့်လူမဟုတ်သလို စွမ်းကြီး စော်ကားမော်ကား ဖုန်းလာလုမှာကိုလည်း မတားဆီးလိုက်နိုင်ဘဲ စိတ် ကယောက်ကယက်ဖြစ်နေတုန်း ဖုန်းက ပါသွားပြီဖြစ်သည်။

"ဟလို .. အဖေလား၊ ကျွန်တော့်ကို အဖေ တစ်ပတ်ရိုက်တာတော့ မဟုတ်ပါဘူးနော်၊ ကျွန်တော့်ကို အင်အားအလုံးအရင်းထည့်ပေးပြီး လွှတ်လိုက်တာ ဘာလုပ်တာလဲ၊ ဘယ်သူ့ကို အပြတ်ရှင်းခဲ့ရမှာလဲ၊ ဒီမှ စွမ်းကြီးတို့ တစ်ကောင်မှမရှိဘူး"

"ဟင် .."

စွမ်းကြီးက ဖုန်းရသည်နှင့် စပီကာဖွင့်ပစ်လိုက်သောကြောင့် ခို အသံက ဒေါသနှင့် ခပ်ဆောင့်ဆောင့်ထွက်လာတာ အကျယ်ကြီး။

ဦးကျောက်စိမ်း ခေါင်းနားပန်းကြီးသွားလေသည်။ အားလုံး စွမ်းလေး အကွက်ချလုပ်ကြဲလိုက်တာမှန်း သိလိုက်ပေမယ့် ..

"တောက် .."

ကြည့်လိုက်တော့ ဖုန်းလာပေးတဲ့ကောင်လည်း မရှိတော့ပေ။

www.burmeseclassic.com



"အဖေ .. ကျွန်တော့်ကို စကားပြန်ပြောဦးလေ၊ စွမ်းကြီးတို့ ဒီမှာ တစ်ယောက်မှမရှိဘူး၊ ဘာဆက်လုပ်ရမှာလဲ"

"ခွေးသူတောင်းစား .. မိမစစ် ဖမစစ်ကောင် .."

ဦးကျောက်စိမ်း ဒေါသထွက်လွန်းသဖြင့် ဖုန်းထဲက စွမ်းလေးရဲ့ စကားတွေကိုချေပဖို့ ကမူးရှူးထိုး ပြေးတက်သွားသည်။

စွမ်းကြီးက ဖအေကို ငယ်ကြောက်မို့ သူ့ဆီပြေးလာတော့ လန့်ဖျပ် သွားကာ အသင့်ကိုင်ထားသောဓားနဲ့ အားကုန်ထိုးပစ်လိုက်၏။ ထို့ပြင် ဓားက စွမ်းငယ် ကလည်း စွမ်းကြီးကို ဦးကျောက်စိမ်း ရန်ပြုဖို့ပြေး လာသည်ထင်ကာ အသံတိတ်ပစ္စတိုနှင့် အနီးကပ်ပစ်ထည့်လိုက်လေသည်။

"အား ...."

ဦးကျောက်စိမ်း နာကျင်စွာအော်ရင်း ဒဏ်ရာတွေကိုဖိနှိပ်၍ မျက်လုံး ကြီးပါ ပြူးထွက်လာ၏။ ပြီးတော့ ဒယိမ်းဒယိုင်နောက်ဆုတ်သွားခဲ့ပြီး ..

"ခွေး .. ခွေးမသားတွေ၊ မင်းတို့ကို ငါ .. ငါ ဘယ်တော့မှမကျေ ဘူးကွ၊ ငါ .. ငါ မင်းတို့ကို .. သတ် .. သတ် .."

ညစ်ညမ်းစွာ ဆဲရေးကျိန်ဆဲရင်း ဘုန်းခနဲ လဲကျသွား၏။

"ဟာ .. အာစရိ .."

"ဘာတွေလဲဟ .."

ကျွန်းညိုတို့အဖွဲ့တွေ ရောက်လာကြသည်။ စွမ်းကြီးတို့လူစုနှင့် ပဋိပက္ခတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ခဲ့ကြရင်း အခြေအနေတွေက ရှင်းမရအောင် ရှုပ်ထွေးကုန်လေသည်။

သံသယများစွာနှင့် အုံဖွဲ့ခဲ့သော ဆက်ဆံရေးတစ်ခု၏ နောက်ဆုံး ဇွက်အဖြေသည် နှစ်ဖက်စလုံး အတုံးအရုန်းသေကြေပျက်စီးရခြင်းသာ ဖြစ်ခဲ့လျက် ....။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"အေး .. သူ့မှာဒဏ်ရာတွေရှိနေရင် ဒီမှာပဲ ထားလိုက်တော့ .."

ဒေါက်တာဦးစိန်ဝင်းရဲ့အခြေအနေက မကောင်း။

မျက်နှာမှာ ပေါက်ပြဲဖူးရောင်နေတာတွေ ဒီအတိုင်းအရောင်မကျဲဘဲ အညိုအမည်းစွဲကာ တော်တော်ရုပ်ပျက်ဆင်းပျက်ဖြစ်နေခဲ့သည်။

ဗိုက်ကိုလည်း အထိမခံနိုင်ဘဲ လက်တကာကာရှိနေကာ ခြေသလုံးညို့သကျည်းတွေက ညိုမည်းနေ၏။ ဘောင်းဘီရှည်ပွပွကြီးကို အသာလိပ်တင်ပြီးကြည့်ကာ မဟူရာ နဲ့ ချိန် တို့ မျက်လုံးချင်းဆုံသွားကြသည်။

ချိန့်မျက်နှာမှာ မထင်မှတ်ခြင်း၊ တုန်လှုပ်ခြင်းတို့ ဖြစ်ပေါ်နေခဲ့လျက် မျက်နှာလွှဲပြီး အံကြိတ်တက်ခေါက်၏။

"ဒီခြေထောက်တွေလည်း ဘာမှလုပ်လို့ရမှာမဟုတ်တော့ဘူး"

"အေးလေကွာ၊ ဘယ်လိုသတ္တဝါတွေကများ ဒီလောက်တောင်ရက်စက်ရသလဲ၊ ထောင်ထဲမှာနေတာကမှ သက်သာဦးမယ်"

"ထားလိုက်တော့ မဟူရာ၊ ငါတို့လစ်မယ်"

ချိန် က မဟူရာကိုပြောလိုက်ပြီး အပြင်ကိုလှမ်းကြည့်၍ ..

"သာဓွေးတို့၊ ဗလာတို့ကို ဖုန်းခေါ်ကြည့်လိုက်ဦး၊ ခုလောက်ဆိုရောက်ရမှာ .."

"ကားမီးတွေ့ ..ယ် အစ်ကို၊ လာပြီထင်တယ်"

"ဟုတ်တယ်၊ ရန်သူဆိုရင် ကိုငယ်တို့ အမျက်ပြမှာ .."

www.burmeseclassic.com

www.burmeseclassic.com



ဗလာ လာပြီဆိုလျှင် ကားပေါ်မှာ ဝေး ပါလာမှာဖြစ်သည်။ ချိန်က ဦးစိန်ဝင်းရဲ့ ဘောင်းဘီအနားစကို ပြန်ဆွဲချပေးရင်း ..

"မင်း ဒီကားနဲ့ပဲ လိုက်လိုက်တော့၊ အနေဝေး ကိုပါ ဒီထဲထည့်လိုက်မယ်၊ သူတို့ကို ဘယ်သွားချင်လဲမေးပြီး အရောက်ပို့ပေးလိုက်ကွာ"

"ဟာ .. ချိန် အဲလိုလုပ်လို့မရဘူးလေ၊ ဟိုကောင်တွေ သတ်ပုတ်ကုန်ကြတာ ဘယ်သူတွေသေပြီး ဘယ်သူတွေရှင်ကျန်ခဲ့လဲမသိဘူး၊ အနည်းဆုံးတော့ စွမ်းကြီးတို့ညီအစ်ကိုတွေ ရှိနေမှာပဲ၊ သူတို့က ဆရာဝန်ကြီးသားအဖကို မြေလှန်ရှာမှာနော် .."

"အဲဒါမတတ်နိုင်ဘူး မဟူရာ၊ ဒီပစ္စည်းကိစ္စ သူတို့သားအဖနဲ့ တကယ်ဆိုင်သလား မဆိုင်ဘူးလားဆိုတာလည်း ငါမသိဘူး၊ ဆိုင်နေတယ်ဆိုရင် ဒါ သူတို့ရှင်းရမှာပဲ၊ မဆိုင်ဘဲနဲ့ သက်သက်ဒုက္ခရောက်ရတာဆိုရင်လည်း သူတို့ဝဋ်ကြွေး .."

"ဟုတ်ပါတယ်၊ မင်းလည်း အတိုက်အခံတွေလုပ်ပြီး ကယ်ထုတ်ပေးခဲ့ပြီးပြီဆိုတော့ .."

"ငါသွားမယ်၊ မင်းတို့ လွတ်လွတ်လပ်လပ်ကွက်လို့ရအောင် ငါ သူတို့ကို ပြန်ရှာမှဖြစ်မှာ .."

သူတို့ကမတွေ့ခင် သူတို့ကို ကိုယ်ကတွေ့မှဖြစ်လိမ့်မည်။ ထို့ကြောင့် သူ နေရာမှထလိုက်လျှင် သူ့လက်တစ်ဖက်ကို တစ်စုံတစ် ယောက်က ဆွဲထားလိုက်၏။ ပြန်ငုံ့ကြည့်လိုက်တော့ ဒေါက်တာဦးစိန်ဝင်း ဖြစ်နေကာ စကားပြောဖို့အတွက် အပန်းတကြီး ကြိုးစားနေသည့် မျက်လုံးတွေနှင့် နှုတ်ခမ်းအစုံကို ကားမီးရောင်အောက်မှာ စိတ်မသက်သာဖွယ် တွေ့လိုက်ရ၏။

မဟူရာကလည်း ထိုအရာကိုမြင်ကာ ...

"မင်းကို သူ တစ်ခုခုပြောချင်နေတာ .."

ချိန် က ခေါင်းညိတ်လိုက်ပြီး ဦးစိန်ဝင်းလက်ကို ပြန်ဖြုတ်ချလိုက်၏။ ပြီးမှ ..

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကိုမကြောက်ပါနဲ့၊ ဟိုပစ္စည်းသေတ္တာကိစ္စ အန်ကယ့်ကို ဘာမှမမေးဘူး၊ ဟိုလူတွေနဲ့ အတူတူပဲပေမယ့် .."

ဦးစိန်ဝင်းက သူ့လက်ကို ကတုန်ကရင် ပြန်ဆုပ်ကိုင်လိုက်ပြီး ခေါင်းခါပြ၏။ ပြီးတော့ တစ်ခုခုပြောနေတာမျိုးသိပေမယ့် သူတို့ ဘာမှမကြားရပေ။

"အန်ကယ့်သမီးရောက်နေပြီ၊ အန်ကယ်တို့သားအဖအတွက် လုံခြုံမယ်ထင်တဲ့နေရာကို အန်ကယ်တို့သိမှာပေါ့၊ သူတို့ကို ပို့နိုင်းလိုက်ပါ၊ ကျွန်တော့်မှာ စကားပြောနေဖို့အချိန်မရှိဘူး"

ပြောပြီး လက်ကိုဖြုတ်ချလိုက်တော့ ဦးစိန်ဝင်းက ခပ်ဖိဖိဆုပ်ထားတာကို သတိထားလိုက်မိသဖြင့် အံ့ဩသွား၏။

"ဖေဖေ .. ဖေဖေ .. ဘယ်လိုဖြစ်တာလဲဟင် .."

ထိုစဉ် နောက်တံခါးနှစ်ချပ်ပွင့်သွားကာ ဝေး ကားထဲဝင်လာ၏။

"ဖေဖေ .. .."

ဦးစိန်ဝင်း က သမီးကို တိုးလျှစွာခေါ်ရင်း လှည့်ကြည့်ပေမယ့် ချိန့်လက်ကိုလည်း မလွှတ်။

"မင်း ဒီကားနဲ့ လိုက်လိုက်ပါ ချိန်ရာ၊ မင်းကူညီခဲ့တာပဲ၊ အစအဆုံး မင်းပါတာပိုကောင်းပါတယ်၊ စွမ်းကြီးတို့လူစုကို ရင်ဆိုင်ဖို့ ငါ့မှာလည်း အင်အားရှိပါတယ်၊ ပြီးတော့ ဒီကောင်တွေလည်း အင်အားသိပ်ရှိတော့မှာမဟုတ်ပါဘူး၊ ရှိရင်တောင် ပြေးတိုက်ကြဖို့မှမဟုတ်တာ၊ မင်းတို့လမ်းကြောင်းပွင့်အောင် ငါ ရှေ့တတ်ပါတယ်"

သူ ဘာမှမပြောလိုက်ရသေးခင် မဟူရာ က ကားပေါ်ကဆင်းသွားပြီး ထရပ်ကားနဲ့နေခဲ့ဖို့လူ သူ့ပဲခွဲထားခဲ့ပြီး ချက်ချင်းထွက်သွား၏။ ထိုအချိန်မှာပဲ ကားက စတင်ရွေ့လျားလေသည်။ ချိန် က ဦးစိန်ဝင်းလက်ကိုဖယ်ချလိုက်ပြီး နေရာမှာ ပြန်ထိုင်လိုက်၏။ ပြီးတော့ ဖအေ့အတင်း ပွေ့ပိုက်ငိုနေသည့် ဝေး ကိုကြည့်၍ ..

"ဒဏ်ရာတွေမနည်းဘူး၊ မင်းလုပ်နေတာ မြန်မြန်အသက်ထွက်

www.burmeseclassic.com



အောင်လား”

ပြောလိုက်သည့်စကားလုံးက ခံနိုင်ဖွယ်မရှိ။ ဒါပေမယ့် ဝေး သူ့စကားကို အာရုံမစိုက်နိုင်ပေ။ ပွေ့ဖက်ထားသည့်လက်ကို ကမန်းကတန်း ဖြေလျှော့၍ ...

“ဖေဖေ့ကို ဆေးရုံပို့ပေးပါ၊ ဖေဖေ့ကိုကယ်ပေးပါ ချိန်ရယ် ..”

တောင်းပန်ရင်း ငိုရင်းနှင့် သူမ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေရှာ၏။ သို့သော် ဦးစိန်ဝင်းက သူမရဲ့လက်ဖဝါးလေးတစ်ဖက်ကို ဆုပ်ထားရုံနှင့် မျက်လုံးတွေက ချိန့်ဆီမှာပဲရှိကာ ..

“မင်း .. မင်းက စွမ်းလေး ..”

“ဟုတ်တယ် ..”

“ငါ မင်းကို ကျေးဇူး ..”

“မတင်ပါနဲ့၊ ကျွန်တော် တမင်လာကယ်တာမဟုတ်ဘူး၊ အဖွဲ့ထဲမှာ မညီမညွတ်တွေဖြစ်ပြီး အစီအစဉ်မရှိတာတွေဖြစ်ကုန်တာပါ”

သူ့စကားတွေကို ဦးစိန်ဝင်းက ညှိုးလျအားနည်းသောမျက်ဝန်းတွေဖြင့် မမှိတ်မသုန် ငေးမျှော်ကြည့်နေခဲ့၏။ ပြီးမှ ဝေး လက်ကလေးကို သူ့လက်နှစ်ဖက်နဲ့ ထပ်ဆုပ်ကိုင်ထားကာ သူ့ကိုပဲကြည့်၍ ..

“ငါ သူတို့ပြောနေတဲ့အကြောင်းတွေ ကြားပြီးပါပြီ၊ အား ..”

ကားက ဘယ်ဝိုက်ကွေ့သွားသဖြင့် ဦးစိန်ဝင်းကိုယ်ကို ဆွဲခါလိုက်သလိုဖြစ်သွားကာ နာကျင်စွာ ထအော်၏။ ရှုံ့မဲ့တိတ်ကျသွားသည့် အဖြစ်ကနေ တော်တော်နဲ့ လှုပ်ရှားမလာသဖြင့် ဝေး မျက်လုံးလေး ဝိုင်းသွားကာ ..

“ဖေဖေ ...ဖေဖေ ..”

“အ ..”

စကားပြောဖို့အားယူရင်း ပါးစပ်ထဲက သွေးစတွေ စီးထွက်ကျလာ၏။ ဟိုလူတွေလက်ထဲမှာ သူ့ရဲ့ခန္ဓာက ဖွဲအိတ်ကြီးတစ်အိတ်လို အားလုံးလက်တည့်စမ်း၊ လက်သီးသွေးကြတာ နေ့စဉ်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ သူသိတယ်၊ သူသိလို့ တမင်ဝှက်ထားတာ .."

ဒီစကားကိုပဲ တွင်တွင်ပြော၍ ဒေါ်သတွေ ကြိတ်မနိုင်ခဲမရဖြစ်လာတိုင်း လူတစ်ယောက်ကို တိရစ္ဆာန်တစ်ကောင်လောက်တောင် စာနာညှာတာရမှန်းမသိ။

သို့သော် .. ဒါတွေဖြစ်ခဲ့ရခြင်းသည် ..။

"ငါ .. ငါ မှားခဲ့ပါတယ်"

စကားသံသဲ့သဲ့လေး ထွက်လာသည်။ နီးနီးကပ်ကပ်ကြီးထိုင်ပြီး မျက်နှာကိုကြည့်နေတာမို့ ပြောသမျှကို ချိန် ကြားနေရ၏။

"ကပြားကစ်ယောက် ငါ့ဆေးခန်းကိုရောက်လာတယ်၊ သူ့မှာ အနက်ရောင် .. အနက်ရောင်သေတ္တာ .."

"အဲဒါ ခင်ဗျားယူထားလိုက်တာလား"

"ငါ မရည်ရွယ်ပါဘူး၊ ဘာ .. ဘာပါမှန်းလည်းမသိခဲ့ဘူး"

"ခု သိပြီလား .."

ဦးစိန်ဝင်း မျက်လုံးတွေမှိတ်သွားကာ ခေါင်းခါပြ၏။ ပြီးတော့ မောဟိုက်သံနှင့် အသက်ရှူနေ၏။ သေးမှာရှိနေသော ဝေး ကတော့ ဦးခေါင်းထိပ်ကို မိုးကြိုးပစ်ခံလိုက်ရသည့်နှယ်။

ဖအေဖြစ်သူကို မျက်လုံးအဝိုင်းသားနှင့်ငေးကြည့်ရင်း ကြက်သေသေသွားခဲ့၏။ ဒီလိုဖြစ်မယ်ဆိုတာ ရေတက်ချိန် အသေအချာပြောခဲ့သေမယ့် သူမ အနိုင်အမာ ခုခံချေဖျက်ခဲ့သည်။

ကြည့်လိုက်တော့ ချိန် က သူမကိုမကြည့်ပေ။ ဦးစိန်ဝင်း ပြောသမျှကိုသာ အာရုံစိုက်နေလျက် ..

"ဒီပစ္စည်း ခင်ဗျားမှာရှိနေတဲ့အတွက် ခင်ဗျားတို့သားအဖ ဘယ်တော့မှ အေးချမ်းမှုရမှာမဟုတ်ဘူး၊ ဒါတွေက .."

"ငါ .. ငါ မနေရတော့ပါဘူး၊ မင်းက လူဆိုးတွေထဲကမယ့်သူတို့လိုမဟုတ်ဘူးလို့ .."

"ကျွန်တော့် တစ်ဘဝလုံး ဒီတိုင်းရှင်သန်လာခဲ့တာပဲ၊ အတူတူပဲ

www.burmeseclassic.com



အန်ကယ်လ်၊ ကျွန်တော် လူကောင်းဖြစ်နေရင်လည်း ဒီလိုကိစ္စအတွက် နာမည်ကောင်းယူဖို့ ခေါးခုတ်ရာ လက်မလျှိုဘူး .. အဲဒီတော့ ..”

“ငါ .. ငါတောင်းပန်ပါတယ်၊ အဲ .. အဲဒီကပြား ငါ့ဆေးခန်းမှာပဲ သူ့အိတ်ကိုဖွက်ထားခဲ့တာ ငါလုံးဝမသိခဲ့ဘူး .. တကယ်ပါ”

ဒဏ်ရာတွေအပြင်းအထန်နှင့် လူတစ်ယောက်ကို ကယ်ချင်ပေမယ့် သူ့ဒဏ်ရာတွေက မှုခင်းဆိုင်ရာကနေ ပြဿနာရှိလာနိုင်သဖြင့် ဆေးတော့ကုပေးခဲ့ပေမယ့် ချီတုံချတုံ။

ထိုအချိန်မှာပဲ လူနာအခြေအနေဆိုးလာသည်။ ခွဲစိတ်ကုသရမယ့် အခြေအနေဖြစ်မှန်းသိလိုက်သည်နှင့် နောက်ကြောင်းဘာပဲဖြစ်ဖြစ် ခွဲစိတ်ပေးဖို့ သူ ပြင်ဆင်ခဲ့၏။

လူနာကိုယ်တိုင်ကလည်း သူ့ကို ကယ်ပါ၊ ယူပါ တစာစာပြောနေသည့်ကြားက ခွဲစိတ်မှုမလုပ်ခင်မှာ ပျောက်သွားခဲ့တာဖြစ်သည်။

ကိုယ်ကုသပေးနေသည့်လူနာမို့ ခွဲစိတ်ဖို့ပြင်ဆင်နေကာမှ ပျောက်သွားတော့ သူနဲ့ သူနာပြုဆရာမနှစ်ယောက် အနီးအနားမှာ လိုက်ရှာခဲ့သေးသည်။

တကယ်တော့ ဆေးခန်းနဲ့ မနီးမဝေးမှာပဲ လူနာက အသက်ပျောက်နေခဲ့တာဖြစ်သည်။ လူစိမ်းတွေရောက်လာကြပြီး လူနာကိုမေးကြတော့ ‘ပြန်ထွက်သွားပြီ’ ဆိုသည့်စကားကလွဲပြီး ဘာမှမဖြေနိုင်ခဲ့ပေ။

နောက်တစ်ခေါက်ရောက်လာကြတော့ ဘာမှန်းမသိသည့်ပစ္စည်း ဒီထဲမှာရှိပါသည်ဆိုသော စွပ်စွဲချက်နှင့် ဒေါသတကြီး ကြိမ်းမောင်း ခြိမ်းခြောက်ကြ၏။

ထိုအချိန်ထိ ဦးစိန်ဝင်း ပစ္စည်းသေတ္တာ သူ့ဆေးခန်းထဲမှာရှိနေခဲ့မှန်း မသိခဲ့သေးတာအမှန်ပင်။

“ငါတို့ရဲ့ ဆေးရုံအဆောက်အဦ တိုးချဲ့ပြင်ဆင်ဖို့ ပစ္စည်းတွေ ပြောင်းကြရွှေ့ကြတော့မှ ငါ့ရဲ့သူနာပြုက ဒီအိတ်ကို ငါ့ပစ္စည်းထင်ပြီး ငါ့ .. ငါ့ကိုလာပေးခဲ့တာ ..”

www.burmeseclassic.com

www.burmeseclassic.com


ဦးစိန်ဝင်း စကားလုံးမစီနိုင်ပေမယ့် ဒါကိုရှင်းပြဖို့အတွက် အားစိုက်ကြိုးစား၍ ...

"အဲ .. အဲဒီအချိန်မှာ ငါ့ကို သူတို့ ထောင်ကျအောင်ကြံပြီး ခြိမ်းခြောက်နေကြတာ၊ တော် .. တော်တော်ခရီးရောက်နေကြပြီ၊ ငါ မှားပါတယ်၊ ငါ မာနတွေထားပြီး တုံ့ပြန်ချင်ခဲ့တယ်၊ သူတို့ ဒီလောက်မက်နေတာ မပေးဘဲထားလိုက်တော့မယ်ဆိုတဲ့စိတ်တွေ ဖြစ်ခဲ့တယ် .."

အနက်ရောင်အတက်ချီကော့စ်က ပြောင်လက်ထူခဲနေသည်။ သိပ်မလေးပေမယ့် လျှို့ဝှက်ကုဒ်နဲ့ စနစ်ကျသေသပ်စွာ ပိတ်ထားသောကြောင့် တန်ဖိုးကြီးပစ္စည်းတွေပါနေမှန်း သိသာ၏။ လူဆိုးတွေ သေလုမျောပါးလိုက်လာကြလေ၊ ဒီသေတ္တာထဲက ပစ္စည်းရဲ့တန်ဖိုးကို ဦးစိန်ဝင်း လန့်လာလေပင်။

လူတစ်ယောက်ဘဝပျက်အောင် ထောင်ချဖို့ကြိုးစားတာမှာ လူအား ငွေအားတွေနဲ့ ဘယ်လောက်ထိ ဖိနှိပ်ပိတ်ဆို့ထားခဲ့တယ်ဆိုတာ တွေးကြည့်ဖို့တောင်မလိုပေ။

ဒီသေတ္တာကိုမြင်လိုက်ကတည်းက ဂုဏ်သိက္ခာကြောင့် ဆောက်တည်ရာမဲ့ သွေးပျက်ခဲ့သမျှ မာန်မာနတွေအဖြစ် သွေးက အေးခဲစပြုခဲ့သည်။ ဒီထဲမှာ ဥပဒေနဲ့မလွတ်ကင်းတဲ့ ပစ္စည်းတစ်ခုခုပါနေသည်ပဲ ထင်နေခဲ့ပြီးမှ ကျောက်သံပတ္တမြားတွေလားလို့ တွေးမိပြန်သည်။

သူ့ဘက်က အရှင်းဆုံးဝန်ခံရပါလျှင် ဒီသေတ္တာကို မက်မောခြင်းက ဒုတိယစိတ်ဖြစ်သည်။ စိတ်ဝင်စားခြင်းကသာ ပထမဖြစ်နေကာ ထောင်ကျတော့မည်ဆိုမှ ဝန်ခံပြီးထုတ်ပေးလည်း ဘာမှမထူး။

ထို့ကြောင့် မျက်လုံးစုံမှိတ်၍ မိုက်ခဲ့သည်။ လောဘကြောင့် အဆုံးထိ သေရဲမိုက်ရဲကြသည့် အမှောင်လောကသားတွေနဲ့မှ မိုက်တချင်းပြိုင်ခဲ့မိ၏။

တကယ်တမ်းကျတော့ ဆူးခြုံတောမှန်းသိလျက်နှင့် ဖိနပ်မပါဘဲ နင်းဖြတ်ခဲ့တာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီပစ္စည်းကိုထားတဲ့နေရာ သမီးကို ကျုပ်ပြောလိုက်ပါပြီ"

"ဟင် ..."

ဝေး အံ့ဩသွား၏။ ဦးစိန်ဝင်း က ဒါကိုသိထားသလို ဝေး ရဲ့ လက်ဖဝါးလေးကို ခပ်ဖိဖိညှစ်၍ ...

"ကိုအေးသောင်းကနေ ဖေဖေပေးခိုင်းလိုက်တယ်"

ဝေး အပြေးအလွှားတွေးကြည့်တော့ အန်ကယ်သောင်းနဲ့မဟုတ်ပါ။ အန်တီခင်နဲ့သူမ ဆံပင်ဆိုင်ထဲမှာ နောက်ဆုံးတွေ့ခဲ့သည်။

ထိုစဉ်က ပေးသွားတာ ရောင်စုံခေါင်းစည်းကွင်းလေးတွေ အထုပ်လိုက်။

"သမီး .. မိန်းကလေးလိုပြန်နေရင် လိုလာမှာပေါ့၊ ဆံပင်ကိုချိန်းလိုက်တာနဲ့ အန်တီစိတ်ကူးရတာလေး ဝယ်လာတာ" တဲ့။

ဒါဆို အန်တီခင် ဘာမှမပြောဘဲ တမင်ပေးထားခဲ့တာပေါ့။ အထုပ်ထည့်ထားသည့် စလင်းဘက်စ်တောင်မှ ချိန် ရဲ့အိမ်မှာ ကျန်ခဲ့ပါပြီ။

"အခု .. အခု ဖေဖေနဲ့သမီးတွေ့ပြီဆိုတော့ ဖေဖေ ထပ်ပြောမယ်၊ သမီးအိပ်ခန်းထဲက .."

"ဝေါ .. ဖျော .. ဖျော .."

ကားက ဘယ်ဘက်ကိုပဲ ထပ်ပြီး ဝိုက်ကွေ့ကာ ရေတွေထဲကို ဖြတ်မောင်းသည့်အသံတွေထွက်လာ၏။

ချိန် မျက်မှောင်ကုတ်သွား၏။ ဦးစိန်ဝင်းက အသက်ပြင်းပြင်းရှူနေရင်း သူ့လက်ကို ခပ်စမ်းစမ်းလာကိုင်ပြန်ကာ ..

"မင်း . .. မင်း ကြိုက်သလိုဆုံးဖြတ်ပါ၊ အဲဒီပြဿနာတွေနဲ့ ငါ့သမီး .. ငါ့သမီးလေးကွဲသွားအောင် ကူညီပေးပါ၊ အိတ်ထဲမှာ ဘာ .. ဘာပါပါ .. မင်းဘာလုပ်လုပ် .. အ .. ငါ့သမီးလေးကို ကယ်ပေးပါ .. ငါ မင်းကို .. .. .."

ဦးစိန်ဝင်းရဲ့လက်တွေ ဖိဆုပ်ထားလျက်ကကို ပျော့ကျသွား၏။ ပြီးတော့ မှေးစင်းစင်းမျက်တောင်ဖျားတို့က လှုပ်သည်းမလှုပ်၊ ဝိတ်

www.burmeseclassic.com

www.burmeseclassic.com


လည်းပိတ်ကျမသွားဘဲ ငြိမ်သက်သွားခဲ့လေသည်။

"ဖေဖေ .. ဖေဖေ .. ရေတက်ချိန် .. ချိန် .. ဖေဖေ့ကိုကယ်ပါဦး"

ချိန် နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။ သူ့ဒူးပေါ်ဖေးတင်နေသည့် ဦးစိန်ဝင်း၏လက်က ခုံတန်းလေးပေါ်ကနေ တွဲလွဲကျသွားခဲ့၏။

ရုတ်တရက်ကြီး ဘာဖြစ်သွားမှန်း ဝေး က မသိသော်လည်း နောက်က ကားမီးရောင် ဝင်းခနဲ ရောက်လာသည်နှင့် သူ သိလိုက်၏။

သူတို့ အလိမ်ခံရပြီ။

ကိုယ်စီးခဲ့တဲ့ကား ဘယ်ကောင်တက်မောင်းလာသလဲဆိုတာ မသိရလောက်အောင် အသုံးမကျခဲ့သည့် ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်ရင်း—

"တောက် .."

"ဘာဖြစ်လို့လဲဟင် .."

ဝေး ကို သူ လှည့်မဖြေဘဲ သံဇကာကွက်လေးတွေနဲ့ တစ်ဝက်လုပ်ထားသည့် နောက်တံခါး၏အပေါ်ပိုင်းကနေ အပြင်ကို ကြည့်လိုက်သည်။

နောက်ကားက ဒီကားနောက်ကို လိုက်လာတာဆိုရင် အကွာအဝေးက လိုသေးသည်။ တစ်လမ်းလုံး ဘယ်ချည်းပဲကွေ၍ ရေကျော်ကိုဖြတ်လိုက်ကတည်းက ထင့်ခနဲ ဖြစ်သွားမိသည့်စိတ်က လူနာ၏ နောက်ဆုံးအခြေအနေကြောင့် မစုစည်းနိုင်ခဲ့တာ သူ့အမှား။

မောင်းနေသည့်ကားထဲမှာ ခြေချုံ၍ ခေါင်းငုံ့ရပ်နေရင်း သူ့ကိုယ်က ရှိသမျှအိတ်တွေထဲမှာ အမြဲဆောင်ထားနေကျပစ္စည်းတွေကို ဟိုကဒီက နှိုက်ထုတ်ယူလိုက်ရင်း ..

"မင်းအဖေ အသက်မရှိတော့ဘူး"

"ဒါပေမယ့် ဖေဖေ့ကို ဆေးရုံမှာ သေချာစမ်းသပ် .."

"မင်း မသေချင်ရင် အဲဒီအလောင်းကိုထားပြီး အဆင်သင့်ပြင်ထား .."

ဟင် ...

မတ်တတ်ရပ်ပြီး နောက်ကိုမျှော်ကြည့်လိုက်၊ ဘာတွေငုံ့လုပ်နေမှန်း မသိ ငြိမ်သွားလိုက်နှင့် ချိန့်ကို ဝေး နားမလည်နိုင်စွာ ကြည့်နေမိသည်။

www.burmeseclassic.com



ပြီးတော့ ဖခင်ဖြစ်သူကို ပြန်ငုံ့ကြည့်ရင်း ခေါင်းတွင်တွင်ခါ၍ အတင်းပွေ့ပိုက်ထားမိသည်။

"ဖေဖေရယ် .. ဝေး ဖေဖေ့ကို အကြာကြီးခွဲခဲ့ရတာ ..၊ ပြန်တွေ့ရတော့လည်း .."

"လာ .. မြန်မြန် .."

"အ .."

ရုတ်တရက် လက်ကိုဆောင့်ဆွဲလိုက်သဖြင့် ဖက်ထားသည့်ဦးစိန်ဝင်းအလောင်းက ခုံတန်းလေးပေါ် ပြန်ပြုတ်ကျသွားကာ ဝေး ဖရိုဖရဲပါသွား၏။

"ဟင့်အင်း ... လွှတ် .. ဖေဖေ့ကို .."

"မအော်နဲ့ .."

ဝေး ကို သူလက်တစ်ဖက်နဲ့ ချုပ်ဖက်ထားလိုက်ပြီး နောက်တံခါးနှစ်ချပ်နားမှာ ထိန်းရပ်လိုက်သည်။ ရှေ့ခန်းမှာ သူတို့လူတွေ ဘယ်နှစ်ယောက်ပါလာသည်မသိ။

ညဉ့်နက်သန်းခေါင်ကျော်မို့ ပါလာသည့်လူတွေမသိနိုင်ဘူးထင်ပြီး ဒီတိုင်း ဆက်မောင်းနေတာလား။ ကားမောင်းနေတုန်း ဆင်းလို့မရနိုင်ဘူးထင်ပြီး တစ်သမတ်တည်း သွားနေတာလား။

ချိန် က နောက်တံခါးဖွင့်ဖို့ ပြင်ထားပြီဖြစ်၏။

"ရှင် .. ဘာလုပ်မလို့လဲ"

"ခုန်ချရတော့မှာ .."

"ဘာဖြစ် .."

"ငါတို့ အလိမ်ခံရတာ .."

ဟင် ..။

ဝေး ခုမှသဘောပေါက်သွားသည်။ မျက်ဝန်းလေးဝေ့ ချာချာလည်သွားကာ ဖေဖေ့ကို စိုးရိမ်တကြီးပြန်ကြည့်မိလျှင် ချိန် က သူမ မျက်နှာကို ရှေ့ပြန်ရောက်အောင် လက်ခုံနဲ့ ခပ်ဆတ်ဆတ် ပွတ်ချနဲ့လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com


"သေနေပြီ၊ မင်းပါ လိုက်သေချင်လို့လား"

"ရှင် .. အဲလိုတော့ .."

"မီးရောင်လွဲသွားတာနဲ့ ခုန်ချမယ်၊ ငါ့လည်ပင်းကိုဖက်ထား၊ ခါးကိုဖက်ရင် မင်းလက်ကျိုးမှာ .."

"ခုန်ချမယ် .."

"မျက်လုံးမှိတ်ထား .."

သူ တံခါးဖွင့်ဖို့ လက်တင်လိုက်တာနှင့် ဝေး လုပ်ခနဲ ရင်တုန်သွားသည်။

"ကားမောင်းနေတာကို ဒီတိုင်း .."

"ဒါဆို မင်း သွားရပ်ခိုင်းလေ .."

"ချိန် .. ဟင့်အင်း .."

ကားနှစ်စီး ထောင့်မှန်ကျပုံစံ လမ်းပြောင်းသွားတာနှင့် တံခါးကိုဖွင့်၍ ခြေနင်းခုံပေါ် ဆင်းလိုက်သည်။

"ချိန် .. ကျွန်မကြောက်တယ်"

ဝေး မျက်လုံးတွေမှိတ်ချလိုက်ပြီးမှ သူ့ရင်ဘတ်မှာ မျက်နှာအပ်ပြီး ခေါင်းတွင်တွင်ခါနေ၏။ ကားမောင်းနေသည်မို့ ဓလေ့က တဟူးဟူးတိုက်ခတ်နေ၏။

ချိန် က ကားချိုင့်ကျသည့်အရှိန်ကို ငမိအရစောင့်၍ ...

"အား ..."

"အင့် .."

ချိုင့်ကျသည့်အရှိန်နှင့် နွံ့ဖွက်ရှိသောလမ်းပေါ်မှာ စပါးခွံတွေ ခင်းထားတာမို့ ကံကောင်းသွားပေမယ့် ..

"အား .. ဒုတ် .."

ကားမီးရောင်တည့်တည့်ပြန်ရောက်မလာခင် လမ်းဘေးခြုံတော ထဲရောက်အောင် ဆက်လှိမ့်ပစ်လိုက်ရ၏။ ဆိုးရွားသောလမ်းက လူကို ကယ်လိုက်သော်လည်း ကျောက်ခဲသလဲ ဆူးညှောင့်ခလုတ်တို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး သေလုမျောပါး ခံလိုက်ရကာ ဒီတိုင်း အကြာကြီး ငြိမ်သက်နေခဲ့ရ၏။

"ဒုန်း ..."

"ဒုန်း .."

နောက်ကလိုက်လာသည့်ကား ဖြတ်သွားကာမှ ဝေး ကိုကျစ်နေအောင်ဖက်ထားသည့် သူ့လက်တွေကို ဖြည်လွှတ်ပေးလိုက်သည်။ ထို့နောက် လူးလူးလွန့်လွန့်နှင့် ငုတ်တုတ်ထိုင်နိုင်အောင်ကြိုးစား၍ ဖုန်းထုတ်ယူလိုက်သည်။ မဟူရာ တို့ကို မက်ဆေ့ချ်ပို့လိုက်ပြီး လက်ကနာရီကို ပင့်ကြည့်၏။

ပြီးတော့ ကျိုခနဲ အံကြိတ်လိုက်ရင်း မဲ့ပစ်လိုက်မိသည်။

ဒီလိုအကွက်တွေရွှေ့လိုက်တာနဲ့ ရေဝတက်ချိန် ဆိုတဲ့သတ္တဝါ ငုတ်တုတ်မေ့သွားမှာပဲလို့ ထင်နေတာလား။

ကောင်းကင်ယံကိုမော့ကြည့်တော့ မိုးသားတို့နှင့် မှောင်နဲ့မည်းမည်း။ သူ ထရပ်ဖို့ကြိုးစားကြည့်တော့လည်း ရုတ်တရက်အခြေအနေကမဟန်။ သန်းခေါင်ကျော် မိုးလင်းလုပြီပေမယ့် စောင့်မျှော်နေရသည့် အရုဏ်ဦးအလင်းရောင်က ပေါ်မလာနိုင်ပါလား။

အချိန်တချို့ ရွှေ့လျားကုန်ဆုံးသွားခဲ့ပြီး သိပ်မကြာလိုက်မီ ..

"ဟွန်း .."

အဝေးဆီမှ အလင်းရောင်တစ်ချက် ရဲခနဲ တောက်ပသွားသည်နှင့် ပြုံးနေရင်း ချိန် အသံထွက်ရယ်မိကာ ..

ဘာဖြစ်လဲ ...။

မိုးသောက်အရုဏ်မလာသေးတော့ ကိုယ့်ဘာသာမိုးသောက်လိုက်ရုံ။

■

www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၂၅)

"ပြောရရင်တော့ ဝမ်းသာစရာသတင်းပဲ၊ ဟန်ဆောင်ပန်ဆောင် တွေလုပ်ရရင်တော့ စိတ်မကောင်းစရာပေါ့ကွာ၊ သူတို့တွေ မျိုးတုံးသွား ကြပြီ .."

"သေကုန်ပြီလို့ ပြောလိုက်စမ်းပါကွာ"

"အေးလေ .. မျိုးတုံးတယ်ဆိုတာ တုံးချင်တဲ့နေရာတုံးလို့ရသော တာကို .."

မဟူရာနဲ့ သူ့ကောင်လေးတွေ ပြောနေကြတာနားထောင်ပြီး ချို က ပြုံးသည်။ သူ့ရဲ့လက်ခုံတစ်ဖက်မှာ ပတ်တီးစည်းထားရသေမယ့် တခြားဘာဒဏ်ရာမှ ကြီးကြီးမားမား မဖြစ်ခဲ့ပေ။ သို့သော် ...

"မင်းရဲ့ခါး ဘယ်လိုလဲ .."

"ဆေးစည်းထားရတယ် .."

"သိတယ်လေ၊ အဒါ ဘယ်လိုလဲလို့ .."

"မသေသေးဘူး"

"မြင်သားပဲ"

"မြင်ရင် အပိုတွေမမေးနဲ့ .."

"မမေးလို့ ရမလားကွ၊ မင်းမှာ မိန်းမဆို ဆီးပြုတ်တောင်မစားခဲ့ နဲ့ ခါးနာရတယ်လို့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲ"

"ခုလည်း မိန်းမရတော့မှာ ..၊ တကယ့်အချိန်ကျမှ .."

"ဟော့ကောင် .."

ချိန် သဘောပေါက်သွားတော့ မျက်နှာနီသွားသည်။ မဟူရာ က ရှေ့ကို မျက်နှာတိုး၍ ...

"ငါသေချာကြားထားပြီးပြီ၊ ဒေါက်တာဦးအေးသောင်းတို့ လင်မယားကလည်း မင်းနဲ့ပဲ အတူတူရှိနေခဲ့တဲ့အနေအထားကို .."

"သူတို့နဲ့ ဘာဆိုင်လို့လဲ"

"အနေဝေး က ပြောပြထားတာ နေမှာပေါ့၊ မင်း သူတို့ကို တောက်လျှောက် ဘယ်ပေးခဲ့တာ မဟုတ်ဘူးလား၊ ခုလည်း ကိုယ့်ဘာသာဆို အေးအေးပဲ၊ သူ့အတွက်နဲ့ မင်းကံကောင်းလို့မသေတာ .."

"ဟုတ်တယ်၊ ဒီနေရာမှာ ကိုချိန်မို့လို့၊ တခြားလူဆို သေပြီ"

သူ့ဝတ်သမျှ ဂျာကင်တွေမှာ ဆီလီကွန်တွေပါသည်။ လိုအပ်လျှင် ခေါင်းကိုပါစွပ်ပြီး ကာကွယ်ထားလို့ရ၏။ ကျင်လည်လာခဲ့ရသည့် ပတ်ဝန်းကျင်ကိုက ဒီလိုနေရာတွေမှာ ကျွမ်းကျင်ဖျတ်လတ်နေအောင် အထူးလေ့ကျင့်ထားခဲ့သလို ဖြစ်ခဲ့ရတာမို့ ..။

"စွမ်းငယ်တော့ လွတ်သွားတယ်မို့လား"

"အေး .. စွမ်းတစ်စွမ်းတော့ လွတ်သွားတယ်တဲ့၊ အဲဒါ စွမ်းငယ်ဆိုရင် ပြဿနာမရှိပါဘူး၊ သူက အစကတည်းက ခပ်အေးအေးလူမို့လား"

ချိန် က မရယ်ချင်ဘဲ ခပ်မဲ့မဲ့ရယ်လိုက်ပြီး ..

"ဘယ်စွမ်းတစ်ကောင်မှမသေလည်း ဂရုမစိုက်ဘူး၊ ငါစိတ်ပူတာ အနေဝေး အတွက်ပဲ"

"ခုတော့ ပူသွားပြီလား"

သူနဲ့ အနေဝေး ပြဿနာတက်နေခဲ့တာကို အနည်းအပါး သိထားပေမယ့် မဟူရာ မျက်နှာက ပြုံးချင်ချင် ..။ ချိန်ကတော့ မျက်မှောင်ကုတ်နေလျက် ..

www.burmeseclassic.com

www.burmeseclassic.com



"သူ့ဘိုးတော်ကြီးကလည်း မင်းလက်ထဲကို ဝကွက်အပ်ခဲ့တယ်မို့လား၊ ဒီဆရာဝန်ကြီး သနားပါတယ်ကွာ၊ ရိုးသားတဲ့လူတွေ မရိုးမသားလုပ်လာရင် သိပ်သိသာတာ၊ ခုလိုမျိုး အကျမကောင်းဘဲ အလောင်းမလှဖြစ်သွားတာတွေပေါ့"

"မင်း ဖောက်ခွဲပစ်လိုက်တာ ကွက်တိပဲနော်၊ ရှေ့ကားနဲ့ နောက်ကားကပ်မိပြီး သူတို့တွေ မင်းတို့ကို အားရဝမ်းသာတက်ရှာတုန်း ကိစ္စတုံးသွားတာ .."

"သူတို့လာတဲ့လမ်းကြောင်းကို သိလိုက်ကတည်းက ဘယ်မှာ ဆုံကြမယ်ဆိုတာ ငါတွက်မိတယ်၊ သူတို့ရဲ့လမ်းကြောင်းတွေရော၊ ရန်ကုန်မြေကိုရော .. ငါ့လောက် သူတို့မသိပါဘူး"

"ခုတော့ ကားချင်းကိုက်မိ[illegible] ပြာ ဖြစ် သွားတာပေါ့"

ဝေး ကတော့ သူ့အဖေအလောင်း [illegible] ပ်ပျက်ဆင်းပျက် ပြန်ရခဲ့တဲ့အတွက် ငိုပွဲဆင်လို့မဆုံးပေ။ [illegible]ပြင် ခြေထောက်တစ်ဖက် ထိခိုက်မိကာ လမ်းကောင်းကောင်းပြန်လျှောက်နိုင်ဖို့ တော်တော်လေ့ကျင့်ရဦးမှာဖြစ်သည်။

ညဦးပိုင်းမှာ ဒေါ်မူမူခင်တို့ ရောက်လာကြကာ ..

"သမီး ခုလိုနေနေတာ သိပ်တော့မသင့်တော်ဘူးနော်၊ အန်တီတို့ကို အားနာတာဆိုရင် .."

"အားနာရုံပဲမဟုတ်ဘူး အန်တီ၊ အဲဒီလူတွေ နိုင်ငံခြားပြန်ပြေးသွားကြတာပဲ ရှိသေးတယ်၊ ဖေဖေမရှိတော့ဘူးဆိုပေမယ့် နောက်ထပ်တရားခံထပ်မရှာဘူးလို့ မပြောနိုင်ဘူး၊ အဲဒီတရားခံက အန်တီတို့ဖြစ်လာမှာစိုးတယ်"

ဒေါ်မူမူခင်က မသက်မသာ ခေါင်းညိတ်၏။ ဒီကာလမှာတောင် ဒေါက်တာဦးအေးသောင်း မကြာခဏ ခရီးထွက်ပြီး ဈေးဝင်ထွက်နေခဲ့ရသည်။ ထောင်ဝင်စာသွားတွေ့ခဲ့တုန်းကလည်း ဒေါ်မူမူခင်ပဲ တခြားဆရာဝန်တွေနဲ့အတူ မိတ်ဆွေဝတ္တရားနဲ့ သွားတွေ့တာမျိုး တစ်ခါနှစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲ ရောက်ခဲ့သည်။

ဒီအခြေအနေတွေ ပြီးဆုံးသွားတာလား ...။ တစ်ခန်းရပ်သွားတာလား သေချာမသိသော်လည်း ကိုယ့်ကို ထိခိုက်လာမှာတော့ ကြောက်နေတုန်းပဲဖြစ်သည်။

ထို့ကြောင့် ဝေး ကို ဒီ့ထက်ပို၍ စောင့်ရှောက်ပေးသင့်မှန်း သိနေသည့်တိုင် ...

"အန်တီ စိတ်မကောင်းမဖြစ်ပါနဲ့၊ ဝေး ဒီမှာတစ်ယောက်တည်းနေဖို့ အစကတည်းက တိုက်ခန်းငှားပြီး စီစဉ်ထားခဲ့တာပါ၊ ခုလည်း ဒီအတိုင်းနေလိုက်ရုံပဲဟာ .."

"သမီးရယ် ...၊ အန်တီတော့ သမီးကို အိမ်ထောင်ရက်သားကျသွားမှပဲ စိတ်အေးနိုင်မှာပါ"

ပြောပြီး ချိန့်ကို လှမ်းကြည့်သည်။ ဝေး က ခုတင်စွန်းမှာ ထိုင်နေတာဖြစ်ကာ ချိန် က ခေါင်းရင်းဘက်မှာ လက်ပိုက်ရပ်ကြည့်နေတာဖြစ်သည်။

တိတ်ဆိတ်စွာကြည့်နေခဲ့သည့် ဦးအေးသောင်းက သက်ပြင်းရှိုက်လိုက်ရင်း ..

"ပြောရရင်တော့ ကံစီမံရာပေါ့ကွာ၊ သမီးနဲ့ ဒီကတူတော်မောင်က တစ်မိုးအောက်တည်းမှာ အတူတူနေဖြစ်ကြတယ်၊ အသက်အန္တရာယ်ကြုံလာတဲ့အထိ အနစ်နာခံပေးဆပ်ကြတယ်ဆိုတာလည်း တော်ရုံစေတနာ မေတ္တာမျိုးနဲ့ မဖြစ်နိုင်ပါဘူး၊ အန်ကယ်ပြောချင်တာက သမီးလည်း ဒီတိုင်းပဲ နေသွားမယ်ဆိုတော့ .."

သူလည်း ချိန့်ကိုပဲ လှမ်းကြည့်ကာ ..

"လူလေးတို့ နီးနီးရှိနေကြစဉ်မှာ သမီးလေးကို ခုလိုပဲ ဆက်လက်စောင့်ရှောက်ပေးပါလို့ သူ့မိဘကိုယ်စား အန်ကယ်တို့က မေတ္တာရပ်ပါတယ်"

ဝေး မျက်လွှာချထားရင်း ဖေဖေ မှာသွားတာတွေကို ပြန်တွေးနေမိသည်။ ဦးအေးသောင်းတို့ကတော့ ချိန့်ကို စွမ်းအားစုထဲက စွမ်းလေး

www.burmeseclassic.com



ဆိုတာလည်းမသိ။ ဝေး ကို သူ့ရဲ့သားကောင်အဖြစ်ကနေ ပြန်လည် ကယ်တင်ခဲ့တဲ့ မုဆိုးတစ်ယောက်ဆိုတာကိုလည်း မသိခဲ့ကြပေ။

ဘာပဲဖြစ်ဖြစ် မသိကြလေ ပိုကောင်းလေပါ။ ဝေး သူ့ကို ကျေးဇူး တင်သင့်ပေမယ့် ကျေးဇူးတင်မိသည့်စိတ် အနည်းငယ်မျှမဖြစ်တာ ကျေးဇူးကန်းရာရောက်သွားရင်လည်း မတတ်နိုင်။

သေလုမျောပါး ဆော့ကစားပြီးတော့မှ စိတ်ဝင်စားစရာမရှိလို့ ပြန်လှည့်မကြည့်တော့တာကို ကျေးဇူးတင်ထိုက်သည်လား။

ဖေဖေ့မှာ အပြစ်ရှိခဲ့သည်ဆိုရင်တောင် ဝေး ဘာမှသိခဲ့တာမဟုတ် ပေ။ သူကတော့ ဂျင်ခြေလှည့်နေသော လူဆိုးလူမိုက်ရာဇဝင်နှင့် တစ် ဖက်ကမ်းခတ် တော်နေတဲ့လူ ..။

ရှေးရေစက်ရှိခဲ့ရင်လည်း ဒီဘဝ .. ဒီမျှနဲ့ပဲ ဖြစ်ပါရစေ .. .. ။

■

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၆)

"လေယာဉ်လက်မှတ်တွေ လာပို့သွားတာလား .."

"ဟုတ်တယ် ..၊ မဟူရာ တို့ .."

သူ အပေါ်တက်လာတာကို ဝေး က တုတ်ကောက်လေးနဲ့ ထောက်ရပ်နေရင်း စူးစိုက်ကြည့်နေကာ ..

"လက်မှတ်က ဘာဖြစ်လို့ နှစ်စောင်လဲ"

"မင်းနဲ့ ငါ့အတွက်ပေါ့ .."

"ဘယ်သူက ရှင်နဲ့လိုက်မှာမို့လို့လဲ .."

သူမ ရှိသည့်နေရာအထိ လျှောက်လာပြီး စားပွဲပေါ်က လေယာဉ် လက်မှတ်တွေကို ငုံ့ကြည့်လိုက်ကာ ..

"နောက်နှစ်နာရီလောက်ဆို လေဆိပ်ဆင်းရတော့မယ်၊ ဘာလို့ အပိုတွေမေးနေတာလဲ"

"ရှင် ရူးနေလား ရေတက်ချိန် .."

"ငါက မရူးဘူး၊ မင်းရူးနေတာ ..၊ ယောက်ျားဖြစ်လိုက်၊ မိန်းမ ဖြစ်လိုက်၊ တငိုငို တရှိုက်ရှိုက်နေလိုက်နေ၊ ဒေါသမာန်မာနတွေနဲ့ ဟိုလူး သရဲစီးသလို ဖြစ်လိုက်ဖြစ် .."

"ဩော် .. ဩော် .. ကျွန်မက အမျိုးမျိုးဖြစ်နေတာပေါ့"

ပခုံးလောက် ဆံနွယ်လေးတွေဖြန့်ချလိုက်ပြီး ကြေးဥစိမ်းရောင်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာဝတ်စုံလေးနှင့် ဝေး က နေ ဆိုသည့်ကောင်လေးပုံစံနှင့် နည်းနည်းလေးတောင်မတူ ..။

တတ်လည်းတတ်နိုင်ပါ့။

သူမကို သေချာကြည့်လိုက်မိတိုင်း 'ဒီလောက်လှနေတဲ့ မိန်းမတစ်ယောက်က ယောကျ်ားလို ဝတ်ထွက်လာတိုင်း ယောကျ်ားလို့ ထင်မိတဲ့ ငါ ..' လို့ အတွေးဝင်လာတိုင်း ..

ချိန် ကလည်း ခပ်ချဉ်ချဉ်အကြည့်တွေနဲ့ ဖြစ်သွားတတ်ကာ ..

"မင်းကိုယ်မင်း ပြန်ကြည့်ပါလား၊ အမျိုးစုံ ကြိုးခုန်နေတာ .."

"ဘာ .."

"ငါက လှည့်စားတာကိုမုန်းတာ .."

"ကျွန်မကတော့ ကြိုက်တယ် .."

ဝေး က ရွဲ့ပြောလိုက်ပြီး နှုတ်ခမ်းလေးကိုက်၍ ..

"ကျွန်မလုပ်ခဲ့တာ ရှင့်ကိုလိမ်ညာဖို့ ရည်ရွယ်ပြီးတော့မဟုတ်ဘူး၊ အဲဒါကိုလည်း ရှင်းပြပြီးပြီ၊ ရှင်ကတော့ မင်းသားခေါင်းဆောင်းပြီး ကျွန်မနဲ့ ပတ်ဝန်းကျင်တစ်ခုလုံးကို လိမ်ညာလှည့်စားခဲ့တာလေ"

"အဲဒါလည်း ငါ့အကြောင်းနဲ့ငါပဲ"

"သူများကို ရှင် အဲလိုစာနာကြည့်ပါလား၊ ရှင်တို့ကြောင့် ကျွန်မအဖေ ..."

"မင်းအဖေ ဘာလုပ်ခဲ့သလဲ သိသားနဲ့ ဒရာမာတွေ ခင်းမနေပါနဲ့"

"ဖေဖေ့ကို ရှင်မစော်ကားပါနဲ့၊ ဒီလိုဖြစ်ခဲ့ရတာတွေကို ဖေဖေ ပြောပြပြီးသား .."

"ငါလက်ခံခဲ့တယ်လေ၊ ဒါကြောင့် မင်းကို ငါ့အသက်နဲ့ထပ်တူ ချွတ်မြောက်အောင် ဆွဲခေါ်လာခဲ့တာပေါ့၊ နောက်ထပ်လက်ခံခဲ့တာက မင်းကို လက်ထပ်ယူဖို့ .."

"ကျွန်မ အဲဒီလို ဘယ်တုန်းကမှ စိတ်မကူးဘူး .."

"မကူးဘူးလား .."

ပြောပြီး ပခုံးတစ်ဖက် တွန့်ရယ်သည်။ ပြီးတော့ ဂျာကင်အတွင်းအိတ်ထဲက စာချုပ်နှစ်စောင်ကို ဆွဲထုတ်ယူလိုက်ပြီး စားပွဲပေါ်တင်လိုက်၍ ..

www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ တစ်ခါတည်း စီစဉ်ခဲ့တယ်၊ အရေးပေါ်လက်ထပ်ရတာဆိုတော့ စာချုပ်က အဖြစ်သဘောပဲ၊ စင်ကာပူကျမှ .."

"လက်မထပ်ဘူးလို့ ရှင့်ကိုပြောနေတာ ရှင် နားမကောင်းဘူးလား"

"လောလောဆယ် ဒုက္ခတစ်ဖြစ်နေတာက မင်း .."

ဝေး ရဲ့မျက်နှာနား ပိုနီးအောင်တိုးလိုက်ပြီးမှ ဘောင်းဘီခါးစပ်မှာ လက်မချိတ်ထားရင်း ..

"မင်းမှာလည်း မိဘအုပ်ထိန်းသူ မရှိတော့ဘူး၊ ငါကလည်း တစ်ကောင်ကြွက်၊ ဘာပကာသနတွေ လိုသေးလို့လဲ .."

ပြောရက်လိုက်တဲ့လူ ..။

မနေ့တစ်နေ့အချိန်လေးကမှ လူကို ဆွဲလွဲနှိပ်စက်ထားခဲ့သည်။ ဒီနေ့ထိ တစ်ယောက်နဲ့တစ်ယောက် မကျေနပ်ချက်တွေနဲ့ မျက်လုံးချင်းဆုံမိတိုင်း မီးပွင့်နေတုန်း။

ပိုဆိုးတာက အကြင်လင်မယားဘဝရောက်ဖို့ကို မဆန်းပြား မခမ်းနားတဲ့အပြင် အချစ်မပါ စာနာခြင်းကင်းစွာ ဘယ်လိုပုံစံနဲ့လဲ။

"အခု လက်ထပ်မယ်၊ ပြီးရင် လေဆိပ်ဆင်းမယ် .."

"ပြီးရင်ရော .."

"မင်း ဘာဖြစ်ချင်သလဲ .."

"ရှင့်ကိုသတ်ချင်တယ် .."

"အဲဒါလည်း ဟိုရောက်မှ ရှင်းလို့ရတာပဲ"

ကြည့်စမ်း ..။

"လက်ထပ်မယ်ပြောလိုက်တာနဲ့ အကြင်နာတွေ မေတ္တာတွေ ပြေးတွေးလိုက်ပုံပဲ၊ ငါ မင်းကို ဒီမှာတစ်ယောက်တည်း ဖြစ်ကျန်ခဲ့မှာစိုးလို့၊ ငါ့မှာလည်း စင်ကာပူနဲ့ ဂျပန်မှာ ကုမ္ပဏီကိစ္စတွေတန်းလန်းနဲ့ .."

ပြောမေ့လိုက်တာ .. အထာကျနေသည့်လင်မယားတွေ နယ်ချဲ့ဖြလုနေသည့်အတိုင်း။

"အဲဒီတော့ မင်းတွေးထားတာတွေ နည်းနည်းလျှော့ပြီး မဖြစ်မနေလုပ်သင့်နေတာကိုပဲတွေးပါ"

"ကျွန်မ ဘာတွေတွေးနေနေ ..၊ ရှင်ခွဲတမ်းချပေးဖို့ မလိုပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတစ်ယောက်တည်းဖြစ်လည်း သေနေ့စေ့ရင် သေမှာပဲ၊ ဘာလဲ.. စွမ်းတစ်စွမ်း စင်ကာပူပြန်ပြေးသွားတယ်ဆိုလို့ ကျွန်မနဲ့ အလဲအလှယ် လုပ်ဖို့များ ကြံစည်နေတာလား"

ချိန် က သူမကိုစိုက်ကြည့်ပြီး ခဏကြာမှ မဲ့သည်။ မျက်တောင်ကော့ကော့၊ မျက်ဝန်းပြာပြာလေးတွေနှင့် နှုတ်ခမ်းလေးလှသလောက် ရန်တွေ့တာလည်း ကောင်းပါပေသည်။

သူမ ဘာကိုမကျေမနပ်ဖြစ်နေမှန်းသိပေမယ့် ကိုယ်ကလည်း အညာခံထားရတာ တစ်တစ်ခွခွကြီးကို ချက်ချင်းတော့ မကျေအေးချင်။

ဒီမိန်းမ ပြောပြလည်း နှုတ်ခမ်းမဲ့ ကဲ့ရဲ့ဦးမှာ သိနေသောကြောင့်..

"အလဲအလှယ်လုပ်မှာမဟုတ်ဘူးလို့ အာမခံတယ်၊ ဒီမှာ လက်မှတ်ထိုး .."

တမင်ပြောပစ်လိုက်ပြီး စာချုပ်တွေကို သူမရှေ့ ထိုးပေးလိုက်သည်။ ဝေး က အံလေးကြိတ်ထားလိုက်ကာ ဘာမှလည်းမပြောတော့ဘဲ သူ့ကို ရှောင်ထွက်သွား၏။

"ဘာလုပ်တာလဲ .. ဟေ့ .."

"ရှင် .. ကျွန်မရှေ့ကဖယ်နော် .."

"မင်းနဲ့ငါ ထုပ်ဆီးတိုးတမ်းကစားနေတာမဟုတ်ဘူး ဝေး၊ တစ်ဘဝလုံး လက်ထပ်ပေါင်းသင်းကြဖို့အတွက် ပြောနေတာ .."

"ရှင့်လိုလူနဲ့ ဘယ်တော့မှ လက်မထပ်ဘူး"

"ငါကလည်း မင်းနဲ့ လက်ထပ်ချင်လွန်းလို့ စိတ်ကူးနဲ့ ရူးနေတဲ့ကောင်မဟုတ်ဘူး"

"ဒါဆိုပြီးတာပဲ .. ဖယ်ပေး .."

"မဖယ်နိုင်ဘူး"

"ရေတက်ချိန် .. ရှင် ကျွန်မဆီမှာ ဟိုပစ္စည်းရှိမှန်းသိလို့ .."

"ဟော့ .."

ချိန့်မျက်နှာ ရဲခနဲ ဖြစ်သွားကာ ဝေး ရဲ့လက်မောင်းလေးတစ်ဖက်ကို ဆွဲခါပစ်လိုက်၏။

"အား .."

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် .."

ဝေး ကိုင်ထားသည့်တုတ်ကောက်က လွှတ်ကျသွားကာ ယိုင်သွားသည့်ကိုယ်က ချိန့်ရင်ခွင်ထဲကို စိုက်ခနဲ ..။

"ရှင် .. ရှင် အဲဒီလိုကြမ်းတမ်းတာတွေကိုမုန်းတယ် ..သိလား"

ဝေး သူ့ရင်ဘတ်ကို ထုပစ်လိုက်သည်။ ချိန် က သူမလက်မောင်းလေးနှစ်ဖက်စလုံးကို ဆုပ်ကိုင်ပြီး မျက်နှာချင်းဆိုင်ကြည့်၍ ..

"ငါ့စိတ်ကို သိရဲ့သားနဲ့ စကားအနိုင်ရဖို့အတွက်နဲ့ ဒီအကြောင်းတွေကို လက်လွှတ်စပယ် မပြောနဲ့ အနေဝေး၊ ဒါ နောက်ဆုံးဖြစ်ပေစေ"

"ကျွန်မ အဲဒါတွေကို .."

"မင်းကြိုက်သလို စီရင်လိုက်၊ အဲဒီပစ္စည်းတွေရဲ့အနာဂတ်ကို ငါ စိတ်မဝင်စားဘူး၊ ငါ စိတ်ဝင်စားတာ မင်းပဲ"

ဝေး သူ့မျက်နှာကို စူးစူးရဲရဲ စိုက်ကြည့်မိ၏။ သူကပဲ ကိုယ့်ကို အမျိုးစုံ ကြိုးခုန်နေသည် တဲ့။ သူကတော့ မျက်နှာနှစ်ဖက်နှင့် မယုံနိုင်လောက်အောင် ပြောင်းလဲခဲ့တဲ့လူ ..။

နေ ဆိုတဲ့ကောင်အဖြစ်နဲ့ ဆက်ဆံကြတုန်းက သည်းခံသဘောကောင်းလိုက်တာ သူ့အပြင်မရှိ။ အနေဝေး ဖြစ်သွားကာမှ ထဖြစ်သွားတဲ့မျက်နှာက အာဏာဝကထက် ဆယ်ဆ။

"ရှင့်လို တစ်ကိုယ်လုံး ဒေါသသွေးတွေနဲ့ ပွက်ပွက်ဆူပြီး ရက်စက်ခက်ထန်တဲ့ယောကျ်ားကို ကျွန်မ တစ်သက်လုံး မစဉ်းစားဘူး ရေတက်ချိန်၊ အဲဒါ နောက်ဆုံးစကားပဲ"

"နောက်ဆုံးဖြစ်ရအောင် မင်းအသက်နဲ့ အဝေးကြီးရှိပါသေးတယ်"

ရွဲ့တာလိုလို၊ အတည်လိုလိုနှင့် မျက်နှာကတော့ အေးစက်စက်အကြည့် တို့နှင့်ဖြစ်ကာ ..

"မင်း ငါ့အကြောင်းစဉ်းစားဖို့လည်း မလိုသေးဘူး၊ အခု လိုတာက လက်ထပ်ကြရုံပဲ"

"ရှင် ..."

"လက်ထပ်ရအောင်၊ ဟိုရောက်ရင် တခမ်းတနားထပ်ပြီး .."

"ဟင့်အင်း .. လွှတ် .."

www.burmeseclassic.com

www.burmeseclassic.com



ဝေး က ဆောင့်အောင့်ရှုန်းပစ်ကာ စားပွဲစွန်းကို လက်ပြန်ကိုင်လိုက်ပြီး နောက်ဆုတ်ရပ်၏။ သူမ ဆုတ်သွားသလို ချိန် က လိုက်တိုးတော့ ဖျတ်ခနဲ ကျောခိုင်းပစ်ကာ ..

"ရှင် လေယာဥ်မမီဘဲနေလိမ့်မယ်၊ သွားတော့ .."

"ဒါဆို ပြီးတာပဲ၊ သွားမယ် .."

"အို .. ဘာလုပ်တာလဲ"

"မင်းမပါဘဲ မသွားဘူးလို့ ဆုံးဖြတ်ပြီးသား .."

ချိန် က ဝေး ရဲ့လက်ကောက်ဝတ်လေးတစ်ဖက်ကို မလွှတ်တမ်း ဆုပ်ထားကာ ..

"မင်း ငါ့ကိုသတ်ချင်တာတွေ ထိန်းမရအောင်ဖြစ်နေရင်လည်း ဟိုရောက်မှပဲ သေနတ်နှစ်လက်အလယ်မှာချပြီး အရင်ပစ်နိုင်တဲ့လူက အနိုင်သတ်မှတ်ကြတာပေါ့"

ဝေး ဘာမှပြန်ပြောချင်စိတ်မဖြစ်ဘဲ လက်ကိုပဲ အတင်းရုန်းနေမိသည်။ သို့သော် မလွှတ်မြောက်သည့်အပြင် သူက ဝေး ရဲ့နောက်ကျောမှာ မထိတထိကပ်လာပြီး ရပ်ကာ ..

"မင်းကို ငါ ဒါသထွက်ခဲ့တာ ငါလွန်ပါတယ်၊ ဒါပေမယ့် မင်းမျက်လုံးတွေထဲမှာ တွေးနေသလိုတော့ ငါက ရက်စက်ခက်ထန်တဲ့လူမဟုတ်ဘူး"

သူ့စကားသံတိတ်သွားပြီးမှ သူကိုင်ထားသည့် ဝေး လက်ထဲကို တစ်စုံတစ်ခု ထည့်ပေးပြီး ...

"ဒီလက်ကိုင်ပဝါကိုတော့ မင်းမှတ်မိမှာပါ"

ဝေး ကိုယ့်လက်ထဲရောက်လာသည့် ပဝါကိုငုံ့ကြည့်ပြီး တအံ့တသြ ဖြစ်သွားသည်။

အဖြူရောင်လက်ကိုင်ပဝါလေးတွေ ...။

သူမ လက်ကိုင်ပဝါတွေနဲ့ ခေါင်းစည်းရတာကိုကြိုက်သည်။ ထို့ကြောင့် လက်ကိုင်ပဝါအဖြူလေးတွေ ကိုယ့်ဘာသာဖြတ်ကာ အနားသားလေးတွေကို လှအောင် ကိုယ်တိုင်ချုပ်လုပ်ဖန်တီးခဲ့၏။

ထို့ကြောင့် အဖြူရောင်လက်ကိုင်ပဝါတွေအများကြီးရှိပေမယ့် အနေဝေး ရဲ့လက်ကိုင်ပဝါကို ဘယ်မှာတွေ့တွေ့ သူမနဲ့ရင်းနှီးတဲ့လူ

www.burmeseclassic.com

www.burmeseclassic.com



တိုင်း သိကြသည်။

ကိုယ့်ပစ္စည်းကို မမှတ်မိဘဲနေမလား ..။ ထို့ပြင် ..

"ဒီပဝါက စကီဘပ္ပူမှာတုန်းက .."

ကိုယ့်ဘာသာပြောပြီး တွေးမိသွား၏။ သူမ စကီဘပ္ပူကိုသွားတာ ပေမယ့် ဂျပန်မှာလည်း နေဖြစ်သည်။ ကုမ္ပဏီဌာနခွဲတွေရှိသမျှ ဝေး မသွားရတဲ့နေရာဆိုတာမရှိ။

ဒီပဝါကို မှတ်မိနေတာက သူမျှားနိုင်ငံမှာ အလုပ်တစ်ဖက်နဲ့ မအားလပ် အောင်ဖြစ်နေရင်း လက်ကိုင်ပဝါလုပ်ရတာမို့ သေသပ်လှပခြင်းမရှိစွာ..။

"ဟုတ်တယ်၊ မင်းနေတဲ့တိုက်ခန်းကို ဝင်ရှာကြတာ ငါပါတယ်၊ ပြတင်းပေါက်နားမှာ ဒီပဝါကို တွေ့တော့ တံခါးတစ်ဖက်မှာ မင်းရှိနေမှန်းသိတယ်"

ဝေး တအံ့တသြ မျက်ဝန်းတို့နှင့် သူ့မျက်နှာကို လည်ပင်းလေး လိမ်အောင် မော့ကြည့်သည်။ သူက စားပွဲစွန်းမှာ လက်ထောက်ပြီး ငုံ့လိုက် သဖြင့် မျက်နှာချင်းထိမလိုဖြစ်သွားကာ ကမန်းကတန်း ပြန်လွှဲမိရင်း ..

"ရှင် .. ရှင်က အဲဒီမှာကတည်းက ကျွန်မကို လိုက်ဖမ်းနေတာပေါ့"

"ဟုတ်တယ်၊ ငါ မင်းကို တမင်လွှတ်ထားပေးခဲ့တာ၊ မဟုတ်ရင် မြန်မာပြည်ကို မင်းပြန်မရောက်ပါဘူး"

သူက ဟွန့်ခနဲ မဲ့ပစ်လိုက်ပြီး ဝေး နဲ့ မျက်နှာချင်းဆိုင်ဖြစ်အောင် စားပွဲမှာနောက်ပြန်မှီလိုက်ပြီး လက်ပိုက်၍ ...

"အဲဒီတုန်းကလည်း မင်းကိုငါ သေချာမသိခဲ့ဘူး၊ နေ ဆိုတဲ့ သတ္တဝါ လေးဖြစ်လာတော့လည်း မင်းဘာကောင်ဖြစ်ဖြစ် ငါသည်းခံခဲ့တာပဲ"

"ဟုတ်တယ်၊ ရှင်အပြောင်းအလဲမြန်လွန်းလို့ မျက်စိတောင်လည် ရပါတယ်၊ မျက်နှာစာနှစ်ဖက်နဲ့ ထင်သလိုသောင်းကျန်းနေတာ .."

"ငါပြောချင်တာ အဲဒါမဟုတ်ဘူး"

"ကျွန်မပြောချင်တာက ပြီးပြီ .."

"ဒါဆို လိုက်တော့မလား .."

ဝေး က စိတ်မရှည်သလိုကြည့်သည်။ ဒီတစ်ခါတော့ ရှိန့်မျက်နှာ နူးညံ့သည့်အပြုံးတွေနဲ့ဖြစ်ကာ ..

www.burmeseclassic.com

www.burmeseclassic.com



"ငါက လူဆိုးဖြစ်ပေမယ့် လူဆိုးမို့လို့လည်း မိန်းမတွေကို စိတ်ဝင်စားချိန် တောင် မရှိခဲ့ဘူး၊ ဘယ်သူ့ကို ဘယ်လိုဖြတ်မယ်၊ စားမယ်၊ မလွယ်ရင်ပြေးမယ်၊ လစ်ရင်တုံ့ပြန်မယ်၊ အဲဒါတွေနဲ့ တစ်ဘဝလုံးလုံး လည်ချာလည်လိုက်နေခဲ့တာ .."

ပြီးတော့ ဝေး လိုပဲ စားပွဲမှာလက်ထောက်၍ ပခုံးချင်းယှဉ်ရပ် လိုက်ကာ ..

"ငါ့ကိုယ်မှာ ငါသုံးစွဲသင့်တဲ့ လက်နက်အတိုအထွာ၊ အသုံးအဆောင်၊ အဆိပ်အတောက်တွေ ဆောင်ထားတာ အများကြီးပဲ၊ အမြဲတမ်းသွေးနဲ့ ချွေးနဲ့ ရင်းတဲ့ အခြေအနေတွေပဲ ရင်ဆိုင်နေရလို့ လက်ကိုင်ပဝါတွေလည်းရှိတယ် .."

ထို့ကြောင့် ဝေး မှန်ကွဲတွေထိတော့ လက်ကိုင်ပဝါတွေ သူ့အကျီထဲက ဆွဲထုတ်နေတာ၊ ဓားတွေလည်း ဘယ်လိုထွက်လာမှန်းတောင် မသိလိုက်ပေ။

ဝေး ရဲ့စိတ်ဝင်စားခြင်းက သူ့မျက်နှာကို ငေးကြည့်နေမိတဲ့အထိပင်။

"အဲဒါ ငါ့ဘဝပဲ၊ မင်းကိုပြောပြနေရတာ လောလောဆယ် နားလည်မှုတွေနဲ့ လက်ထပ်ထားလို့ရအောင်ပါ"

လာပြန်ပြီ ..။

ဝေး မျက်နှာလေး ဖျတ်ခနဲ ပြောင်းသွားကာ ခြေမခိုင်တာကို မေ့လျော့လျက် သူ့ရှေ့ကထွက်သွားဖို့ ခြေလှမ်းပြင်လိုက်မိပြန်၏။

"အ ..."

သူမ ကိုယ်လေး ယိုင်သွားသည်နှင့် ချိန် က အသာလေးဆွဲဖက်ထား လိုက်ကာ ...

"ဟင့်အင်း .. ရှင် ဘာလုပ်တာလဲ .. လွှတ် .."

အမှတ်တမဲ့ အငိုက်မိသွားကာ သူ့အနမ်းတွေကြောင့် အသက်ရှူမှား ကုန်လေသည်။ ဘာမှလည်းမဟုတ်ကြဘဲ သူဘယ်လိုနမ်းလိုက်မှန်း မသိ သော်လည်း ဝေး ရက်လွန်းသဖြင့် မျက်ရည်ကြည်လေးတွေ စီးကျလာ၏။

"ရှင် .. ရှင့်ကိုမုန်းတယ် သိလား .. ဖယ် .. လူဆိုး .."

သူက ရယ်ကာ အတင်းဖက်ထားပြီး မျက်နှာနားကပ်၍ ..

www.burmeseclassic.com

www.burmeseclassic.com



"မနမ်းဖူးလို့ နမ်းကြည့်တာ .."

ဟင် ...

ဝေး ကိုယ်လေး တောင့်မတ်သွားသည်။ သို့သော် သူက ဝေး နဲ့ နဖူးချင်းတိုက်ပစ်လိုက်ပြီး ..

"မင်းနဲ့ငါ ရင်ခုန်ကြဖို့အတွက် နောက်မှပဲကြိုးစားကြတာပေါ့"

"ရှင် ဘယ်လိုပြောလိုက်တယ် .."

"ဟုတ်တယ်၊ ကိုယ်က မင်းကို နေ့ ဆိုတဲ့ကောင့်လေးတုန်းက ချစ်ခင်စိတ်ဝင်ခဲ့သလို ပြန်ချစ်မိအောင် .."

"တော်တော်ကြိုးစားရဦးမှာကိုး၊ ဒါများ အပင်ပန်းခံမနေပါနဲ့၊ ရှင် လိုချင်နေတာ မိန်းမမဟုတ်ဘူး .."

"ဟား .. ဟား .. ဟား .. ဟား .."

"အို .. ဘာလုပ်တာလဲ၊ ချိန် .. ရှင်နော် .. ခုချပေး .."

ရုတ်တရက် ဆွဲခနဲ ပွေ့ပစ်လိုက်သဖြင့် ဝေး သူ့အင်္ကျီရင်ဘတ်စကို လန့်ဖျပ်ဆွဲထားလိုက်မိကာ ..

"ရေတက်ချိန် .. ရှင့်ကိုပြောနေတာနော် .. လွှတ် .."

"မင်းက ကိုယ့်ကို ဧးလို့ထင်နေတာကိုး၊ မဟုတ်ဘူးဆိုတာ သက်သေပြရမှာပေါ့ .."

"ဟင့်အင်း .. ဟင့်အင်း .. မလုပ်နဲ့၊ ချိန် .. ရှင်နော် .."

ဝေး သူ့ရင်ခွင်ထဲမှာ ဘယ်လိုလူးလိမ့်ရုန်းကန်နေပေမယ့် လွတ်မြောက်ခြင်းကိုမရှိ၊ ပြုတ်လည်းမကျနိုင်ခဲ့ဘဲ ...။

အဲဒီလို သက်သေပြကြည့်လေ၊ ရှင်နဲ့ကျွန်မ သတ်ပွဲပဲ ...။

အားမတန်မာန်လျှော့ရတာဖြစ်ဖြစ် ခွင့်မလွှတ်နိုင် ...။

ချိန် နဲ့ အနေဝေး ရဲ့ နှစ်ဖက်လုစာမျက်နှာမှာ ဘယ်လိုအစွန်းအထင်းမှမရှိခဲ့ပေမယ့် မုန်းပြီးရင်း မုန်းကြဖို့လည်း ရှိနေသေးရာ ...။

လရောင်ကျူးရင့်

www.burmeseclassic.com